# အရိယသစ္စကထာ

ဓမ္မဝိဟာရီ ရှင်ဉာဏ

၁၃၆၇ခုနှစ်တော်သလင်းလဆန်း ၁ ရက်
၂၀၀၅ခုနှစ် စက်တင်ဘာလ ၃ ရက်

# အရိယသစ္စကထာ

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | မာတိကာ | |
| | **နိဒါန်း** | |
| ၁။ | ဥပါဒါနက္ခန္ဓာသိသွားပြီ | ၁၀ |
| ၂။ | သာသနာ့ဝန်ကို ဝတ်ကျေဝတ်ကုံထမ်းတယ်ဆိုတာ | ၁၂ |
| ၃။ | အရိယသစ္စကထာ၏ အစ | ၁၉ |
| | **အခန်း(၁)** | |
| | **အရိယသစ္စာ၏စကားနက်** | |
| ၄။ | အရိယသစ္စာလေးမျိုး | ၂၃ |
| ၅။ | နောင်မရှုပ်ဘို့ ခုကထည်းက ရှုပ်ထားရမယ် | ၂၄ |
| ၆။ | စိတ်ထိန်းတဲ့လုပ်ငန်းက အလုပ်လုပ်ဖို့ ထိခိုက်စေတယ် | ၂၆ |
| ၇။ | ဖြစ်ပျက်နဲ့စိတ်ထိန်းတာ လူ့အပြင်ဘက်ရောက်စေတယ် | ၂၈ |
| ၈။ | ဘုရားစကားနားမလည်တာ အရိယသစ္စာအသိ ကွယ်စေတယ် | ၃၁ |
| ၉။ | ဒုက္ခအရိယသစ္စာသိတယ်ဆိုတာ | ၃၂ |
| ၁၀။ | ပညတ်ဟာ အရှိတရားပဲ | ၃၄ |
| ၁၁။ | ဒုက္ခတရားဆိုတာ လူတွေလား?အနတ္တလား? | ၃၇ |
| ၁၂။ | ပေါ်တာရှုဆိုရင် ဘုရားပွင့်ဖို့တောင် မလို | ၃၇ |
| ၁၃။ | အပြစ်ရှိတာကိုပဲ ရှုရမယ် | ၄၀ |
| ၁၄။ | သဘာဝကိုဆန့်ကျင်တာ ဒုက္ခပဲ | ၄၂ |
| ၁၅။ | ရှုရှိုက်ဖြစ်ပျက်ဆုံးတာ နိဗ္ဗာန်မဟုတ် | ၄၄ |
| ၁၆။ | သမုဒယမပယ်နိုင်တာဟာ ဒုက္ခကို တကယ်မသိလို့ | ၄၇ |

မာတိကာ(အဆက်)


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇။ | တရားမှန်သိဖို့ စကားလုံးမှာမဆုံးစေနဲ့ စကားနက်ကို သိရမယ် | ၄၈ |
| ၁၈။ | စကားနက်မှန်ဆိုတာ ကိုယ်တိုင်သိနဲ့ လောကအမှန် မလွန်ရဘူး | ၅၂ |
| ၁၉။ | စကားနက်နားမလည်တာဟာ သံသရာ့သစ်ငုတ် အလကား အဖြစ်ပဲ | ၅၄ |
| ၂၀။ | သင်္ကေတအမှတ်အသားတွေကို အသိလွဲရင်လည်း အလကားအဖြစ်ပဲ | ၅၆ |


အခန်း(၂)

အရိယာ၏သာသနာ


| | | |
|---|---|---|
| ၂၁။ | အရိယာကွယ်တာ သာသနာကွယ်တာပဲ | ၅၉ |
| ၂၂။ | ပါပဟာ အကုသိုလ်လို့ အရကောက်တာ မှန်ရဲ့လား စိစစ်သင့် | ၆၁ |
| ၂၃။ | အရိယာကွယ်ရခြင်း အကြောင်းရင်း | ၆၃ |
| ၂၄။ | အနရိယတွေဟာ အဘိဓာန်နဲ့သဒ္ဒါအသိပဲ ရှိတယ် | ၆၅ |
| ၂၅။ | အရိယာရဲ့စာနဲ့စကားကို အရိယာပဲ အနက်သိမယ် | ၆၇ |
| ၂၆။ | အရိယနဲ့အနရိယ ခြားနားမှုအစ | ၇၀ |
| ၂၇။ | အနရိယတွေက သာသနာကို ကြီးစိုးနေကြတယ် | ၇၃ |
| ၂၈။ | အရိယဓမ္မတွေကို အနရိယတွေက ပရမတ္ထဓမ္မအဖြစ် ပုံပြောင်းလိုက်ကြတယ် | ၇၆ |
| ၂၉။ | အရိယာဖြစ်စေတဲ့ သီးခြားအမှန်လေးပါး | ၇၉ |
| ၃၀။ | အနရိယသစ္စာလေးပါးနှင့် မဂ္ဂင်ပွားပုံ | ၈၁ |
| ၃၁။ | သည်နေ့အနရိယတွေပြတဲ့ အရိယကိုပဲ သိနေရတယ် | ၈၄ |

မာတိကာ(အဆက်)

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၂။ | အနရိယဖွင့်အနက်နှင့် အရိယတ္ထအနက် | ၈၆ |
| ၃၃။ | အရိယသစ္စာတရားရအောင် ဘယ်လိုလုပ်ကြရမလဲ | ၉၁ |
| ၃၄။ | အကုသိုလ်-ကုသိုလ်တို့ရဲ့ အနက်အတ္ထနှင့်အကျိုး | ၉၄ |
| ၃၅။ | အပါယ်လူနတ်ဗြဟ္မာ သတ္တဝါအဖြစ်တွေဟာ လူ့ သဘာဝကနေဖောက်ပြန်တဲ့ နာနာဘာဝအဖြစ်တွေ | ၉၇ |
| ၃၆။ | ခံစားချက်နောက်လိုက်နေတာ လောကီသား | ၁၀၁ |
| ၃၇။ | လောကီသားဆိုတာ ဒုက္ခများအောင်လုပ်နေသူ | ၁၀၅ |
| ၃၈။ | ဒုက္ခဆိုတာ သဘာဝအာရုံတွေကို ပစ်တာနှစ်တာ လုပ်လို့ ရှုံးသွတ်ရတဲ့အဖြစ်တွေ | ၁၀၇ |
| ၃၉။ | အရှုံးအမြင်ကလွတ်အောင် မဂ်ပွားနည်း | ၁၁၀ |
| ၄၀။ | ရုပ်ကို မစွဲငြိအောင်ချဉ်းကပ်နည်း | ၁၁၅ |
| ၄၁။ | ရူပကံအပြစ်များ | ၁၁၆ |
| ၄၂။ | အရူပကံအပြစ်များ | ၁၁၈ |
| ၄၃။ | ဘုရားတရားအစစ်အမှန်ဟာ အဋ္ဌကထာ,ဋီကာ,ဂဏ္ဌိ စတာတွေနဲ့ လက်ရှိပါဠိတော်ကိုပင် ကျော်တယ် | ၁၂၀ |

အခန်း(၃)

အရိယသာသနာစီးဆင်းလာပုံသမိုင်း

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၄။ | ပါဠိတော်တိုင်း ဘုရားတရားအစစ်အမှန် ဟုတ်မဟုတ် စစ်ဆေးနည်း | ၁၂၄ |
| ၄၅။ | ယနေ့သာသနာတော်ရဲ့ ဟာကွက်တရပ် | ၁၂၈ |
| ၄၆။ | ဓမ္မဝိနယဟာ ဖောင်ကို သွားလေရာရွက်သွားဖို့မဟုတ် | ၁၃၁ |
| ၄၇။ | စာသင်တယ်ဆိုတာ လုပ်ငန်းရဲ့အနက်ကို သိနားလည်ဖို့ပဲ ဖြစ်တယ် | ၁၃၃ |

## မာတိကာ(အဆက်)


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၈။ | ဓမ္မစကြာရဲ့အနက် ဓမ္မပမာဏဟာ မြတ်စွာဘုရားပဲ | ၁၃၅ |
| ၄၉။ | အရိယသစ္စာတရားရဖို့ နည်းလမ်းများ | ၁၃၇ |
| ၅၀။ | အမြင့်ဆုံးလူ့ဂုဏ်ရည်သိက္ခာရှိသူ ဆရာကို ဆည်းကပ်ရမယ် | ၁၄၁ |
| ၅၁။ | အမြင့်ဆုံးလူ့ဂုဏ်ရည်သိက္ခာရှိသူ ဟုတ်-မဟုတ် စူးစမ်းနည်း | ၁၄၄ |
| ၅၂။ | ဘုရာ့စကားနားထောင်ကြတာ မဟုတ်ဘူး | ၁၄၈ |
| ၅၃။ | ပြောသူနဲ့နာသူတို့သာ အလျင်ကတည်းက သိနေတဲ့ စကား ကိုယ်ကအဆက်အစပ်မသိလျှင် ပြောသူ့စကား ကိုယ်အနက်မထင်နိုင်ဘူး | ၁၅၃ |
| ၅၄။ | သင်္ဂါယနာတင်ရခြင်းများရဲ့ ရည်ရွယ်ချက် | ၁၅၇ |


### အခန်း(၄)

### အရိယာတို့ လျှောက်ကြရမည့်လမ်း


| | | |
|---|---|---|
| ၅၅။ | ဘုရာ့တပည့်သာဝကတွေ လုပ်ရမယ့်လုပ်ငန်း | ၁၆၂ |
| ၅၆။ | အတည့်လမ်း လျှောက်လှမ်းနည်း | ၁၆၃ |
| ၅၇။ | မဂ်လမ်းနှင့် အရိယသစ္စာစက်လေးပါး တပြိုင်နက် လည်ပုံ | ၁၆၆ |
| ၅၈။ | သောတာပန် | ၁၆၉ |
| ၅၉။ | သောတာပန်ဖြစ်အောင် ဘာကိုအားထုတ်ရသလဲ | ၁၇၁ |
| ၆၀။ | သောတာပန်ရဲ့ ဖိုလ်ဝင်စားမှု | ၁၇၂ |
| ၆၁။ | သောတာပတ္တိမဂ်ပုဂ္ဂိုလ်ရဲ့ ဝင်စားမှု | |
| | (က) သောတာပတ္တိမဂ်ပုဂ္ဂိုလ်ဟာ တရားသိသူကို ချဉ်းကပ်မှုကစပြီး ဝင်စားမှုစရတယ် | ၁၇၄ |

## မာတိကာ




(ခ) တရားကိုကိုယ်တိုင်သိသူ ဟောတဲ့တရား(သဒ္ဓမ္မ) ကို နာကြားရမယ် ၁၇၆

(ဂ) နာကြားထားတဲ့ တရားအနက်ကို ဓမ္မပုံပေါ်အောင် ဆရာ့အပေါ်ယုံကြည်ပြီး ဆင်ခြင်နှလုံးသွင်းရမယ် ၁၇၉

(ဃ) ဓမ္မပုံပေါ်လျှင် ဆရာ့နမူနာယူပြီး အဲသည်ဓမ္မကို ကိုယ့်အဖြစ်ရောက်အောင် လုပ်ရမယ် ၁၈၂

၆၂။ သောတာပန်ဆိုတာ ယောဂအစွန်းကနေ မရွှီမဆီ အလှည့်အပြောင်း(ပဋိပဒါ)လုပ်လို့ အရိယသစ္စာ လေးပါးဆိုက်သူပဲ ၁၈၄

၆၃။ ဘုံသုံးပါးကံဟာ လူ့လွတ်မြောက်မှု မပေးနိုင်လို့ အစွန်းလမ်းဖြစ် ၁၈၇

၆၄။ ဇရာမရဏနိပ်စက်လျှင် အာသဝယိုစီးတတ်လို့ ဘုံသုံးပါကံ လူ့ပန်းတိုင်ကို မရောက်စေနိုင် ၁၈၉

၆၅။ မရွှီမပဋိပဒါဟာ ကိလေသာသတ်တဲ့ကံ ဖြစ်တယ် ၁၉၂

၆၆။ ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာ မရှိပေမယ့် ဖြစ်နေသေးတဲ့ ကံသင်္ခါရများ ၁၉၄

၆၇။ ကံသင်္ခါရအမျိုးမျိုး ၁၉၇

၆၈။ သကဒါဂါမိကံ (ဝါ) အကုသိုလ်ကံသင်္ခါရ ငြိမ်းသတ်နည်း ၂၀၁

၆၉။ လောကုတ္တရာရဲ့အာရုံသည် လောကီကံဖြစ်သည် ၂၀၅

၇၀။ ကံသံသရာလည်ရင် လူဟာ စရိုက်တွေဝင်ပြီး လူ့ဇာတ်ပျောက်သွားတယ် ၂၀၉

၇၁။ သကဒါဂါမ်အရိယာ၏ အရိယသစ္စာလေးပါး ၂၁၂

၇၂။ အနာဂါမ်အရိယာဖြစ်ဖို့ ကာမအမြင်ကလွတ်တဲ့ လောကုတ္တရ ပုညကြိယာပွားရမယ် ၂၁၅

၇၃။ အနာဂါမ်အရိယာ၏ အရိယသစ္စာလေးပါး ၂၂၁

၇၄။ သဘာဝ၊ နာနာဘာဝ၊ ဝိနာဘာဝ ၂၂၃

၇၅။ အရဟံအရိယာ၏ ဒုက္ခနိရောဓဂါမိနီပဋိပဒါ ၂၂၆
အရိယသစ္စာ(ဝါ) မဂ္ဂအရိယသစ္စာ

၇၆။ ရူပက ကာမသညာကို အသိမဲ့နဲ့ဖျက်တယ် အရူပက ၂၃၁
ကာမနဲ့ရူပသညာကို အရှိမဲ့နဲ့ ဖျောက်တယ်

၇၇။ အရဟံအရိယာ၏ အရဟတ္တမဂ်အင်္ဂါများ ၂၃၄

၇၈။ အရဟံအရိယာ ပေါက်မြောက်သော အဘိညာဉ်များ ၂၃၈

၇၉။ အရဟံအရိယာ၏ ဒုက္ခအရိယသစ္စာ ၂၃၉

၈၀။ ရူပ၊အရူပကုသိုလ်ကံနှင့် ပြဟ္မာ၏ နာနာဘာဝအဖြစ် ၂၄၁

၈၂။ ကိလေသာဆိုတာ သူများဆီကကူးတာ ၂၅၀

၈၃။ အရဟံအရိယာ၏ ဒုက္ခနိရောဓအရိယသစ္စာ ၂၅၂

အခန်း(၅)

အရိယသစ္စကထာ နိဂုံး ၂၅၆

## အရိယသစ္စကထာ၏ မိတ်ဆက်နိဒါန်း

အကျွန်ုပ်သည် နေ့စဉ်နှင့်အမျှ အချိန်တိုင်းလိုလို လူမှုရေး၊ စီးပွားရေး၊ကြီးပွားရေး၊ပညာရေး၊ကျန်းမာရေး...အစရှိသည့် စိန်ခေါ်မှုတွေ၊ ခြိမ်းခြောက်မှုတွေ ရာထောင်သိန်းသန်းမက အလွန်များပြားလှတဲ့ လူ့ဘောင်လူ့လောကကြီးထဲမှာ 'အမှန်တရားဆိုတာ ဘာပါလိမ့်? ဘယ်လိုဟာ အမှန်တရားဖြစ်ပါလိမ့်? အမှန်တရားကိုရဖို့ ဘယ်လို ကျင့်ကြံရမှာပါလိမ့်?'နဲ့ လိမ့်နေအောင်ခံပြီး ကြိုးစားရှာဖွေခဲ့ပါတယ်။ တရား ဟော တရားပြနေကြတယ်ဆိုတဲ့ ဆရာတော်တွေထံမှာလည်း ချဉ်းကပ် ပြီးတော့ ရှာဖွေခဲ့ပါတယ်။ ထိုဆရာတော်တွေ သင်ကြား ပြောပြသည့် နည်းအတိုင်းလည်း အားထုတ်ကျင့်ကြံခဲ့ပါတယ်။ အကျွန်ုပ်ကိုယ်တိုင် လည်း စာပေပရိယတ္တိတွေကို ထင်ရှားကျော်ကြား တဲ့ ဓမ္မာစရိယဘွဲ့တွေ ရရှိပြီးဆုံး၊တတ်မြောက်သည်အထိ လေ့လာ သင်ယူပြီး ဉာဏ်မီသလောက် ဉာဏ်အကုန်ဖွင့်လှစ်ပြီး ရှာဖွေလေ့လာခဲ့ ပါတယ်။

အဲသည်လောက်ထိ ရှာဖွေလေ့လာခဲ့သော်လည်း တဦးတယောက်ကများ 'အရှင်ဘုရား....လောကရဲ့အမှန်တရားကို သိပါပြီလား?' လို့ မေးခဲ့လျှင်၊ 'သိပါပြီ' လို့ ဝန်မခံရဲဘူးဗျာ။ ဘာပြုလို့ဝန်မခံရဲတာလဲဆိုယင် ကျွန်ုပ်သိထားတဲ့တရားဟာ လောကရဲ့ အမှန်တရား မဟုတ်လို့ပါပဲ။ မှန်ပါတယ်။ '**တရားကိုမြင်လျှင် ဘုရားကိုမြင်တယ်၊ တရားကိုသိလျှင် ဘုရားကိုသိတယ်**' လို့ ဗုဒ္ဓမိန့်ကြားထားခဲ့ချက် ရှိပါတယ်။ အခု ကျွန်ုပ် ဘုရားကို မမြင်ဘူး၊ ဘုရားကို မသိဘူးဆိုတော့ ကျွန်ုပ် ရထားတဲ့၊ သိထားတဲ့တရားဟာ လောကရဲ့ အမှန်တရား မဟုတ်လို့ဘဲ ဆိုတာ နားလည်သဘောပေါက်ပါတယ်။

ကျွန်ုပ် တရားကို သိထားပြီဆိုလျှင် စိန်ခေါ်ခံရမှု၊ ခြိမ်းခြောက်ခံရမှုတွေမှ လွတ်မြောက်နေရမယ်။ အခု ကျွန်ုပ်မှာ နေ့စဉ်ပဲစိန်ခေါ်ခံနေရ၊ ခြိမ်းခြောက်ခံနေရသေးတယ်ဆိုတော့ ကျွန်ုပ်သိထားတဲ့တရားဟာ လောကရဲ့အမှန်တရား မဟုတ်သေးဘူးပဲ ဆိုတာလောက်တော့ သိတယ်။ လောကရဲ့အမှန်တရားကို ဘယ်လိုရှာရမယ် ဆိုတာတောင် မသိသေးဘူး။

လွန်ခဲ့တဲ့ ၂၀၀၀ပြည့်နှစ်လောက်က ကျွန်ုပ် ရ,ထားလို့သိထားတဲ့တရားကို ရန်ကုန်မှ ဓမ္မနာယကကြီးတဦးက ဟောပြပါဦးလို့ လျှောက်ထားတောင်းပန်လို့ ဟောပြခဲ့ဖူးတယ်။ အဲသည်ဓမ္မနာယကကြီးက ဘာပြောတယ်မှတ်လဲ။ 'ဟင်း....အရှင်ဘုရားရဲ့

တရားက အရူပနိဗ္ဗာန်ဆီကို အရောက်ပို့နေတဲ့ တရားပဲ'လို့ ပြောတာ ခံခဲ့ရတယ်။ ဘယ်နိဗ္ဗာန်ကို ပို့မယ်ဆိုတာတော့ ကျွန်ုပ်လည်း မသိဘူးဗျာ။ ကျွန်ုပ် သိထားတဲ့ တရားကတော့ အဲဒါပါပဲလို့ ပြောလိုက်တာ မှတ်မိပါတယ်။ အဲသည်တုန်းက အရူပတရားလို့ပြောတာ ခံခဲ့ရပေမယ့် လည်း ကျွန်ုပ်ရထားတဲ့ တရားဟာ တရားအမှန်ပါပဲလို့တောင် မှတ်ထင်ပါသေးတယ်။ 'တရားအစစ် တရားအမှန်ကို ဘာပေတံနှင့် တိုင်းထွာ စစ်ဆေးမှာလဲ?'လို့ လွန်ခဲ့တဲ့ ၂၀၀၀ပြည့်နှစ်ကပဲ ဓမ္မဝိဟာရီဆရာတော် ထောက်ပြတာလည်း ခံခဲ့ရတယ်။ ၂၀၀၃ခုနှစ် မှာ **'နိဗ္ဗာန်နှင့် ယနေ့ ဗုဒ္ဓဘာသာ'** မိတ္တူမူကြမ်းနှင့် **'သဒ္ဓမ္မသုံးဖြာ ဒို့သာသနာ'**စာမူကြမ်းကို ဖတ်ရှုရပြန် ပါတယ်။ အဲသည်အချိန်ထိ အောင်ပဲ ကျွန်ုပ်ရထားလို့ သိထားတဲ့ တရားဟာ တရားအစစ်အမှန်ပဲလို့ လက်ခံယုံကြည်ထားပါသေးတယ်။ ၂၀၀၅ ခုနှစ်မှာမှ တရားအစစ် တရားအမှန်ဆိုတာကို တရားဂုဏ်ရည်တွေဖြစ်တဲ့ 'သွာက္ခာတ၊ သန္ဒိဋ္ဌိက၊ အကာလိက၊ ဧဟိပဿိက၊ ဩပနေယျိက၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ'ဆိုတဲ့ ဂုဏ်ရည်တွေနဲ့ စစ်ဆေးကြည့်ရမယ် ဆိုတာလို့ နားလည်သဘောပေါက်လာလို့ စစ်ဆေးကြည့်တယ်။

'ရှေးဘဝတွေက ကောင်း၊မကောင်းကံတွေကြောင့် ယခုဘဝ သတ္တဝါလူသူတွေဖြစ်ပြီး ကောင်းကျိုးဆိုးပြစ်တွေကို ခံစားရတာ ဖြစ်တယ်။ ယခုဘဝ ထပ်ပြုတဲ့ ကောင်း၊မကောင်းကံတွေကြောင့် သေပြီး နောင်ဘဝတွေမှာ သတ္တဝါလူသူတွေဖြစ်ပြီး ကောင်းကျိုး

ဆိုးပြစ်တွေ ခံစားရဦးမှာ ဖြစ်တယ်’-ဆိုတဲ့ တရားကို တရားဂုဏ်ရည် ခြောက်ချက်နှင့် ညီ,မညီ စစ်ဆေးကြည့်တဲ့အခါ လုံးဝ မညီနေတာတွေ ကို သိလိုက်ရတယ်။

တရားဂုဏ်ရည်ခြောက်ချက်နှင့်တိုင်းတာ စစ်ဆေးကြည့် လို့ မညီနေမှတော့ သည်တရားဟာ ဗုဒ္ဓရဲ့တရားမဟုတ်တာ သေချာပြီ။ ဒါဆို သည်တရားကို ဘယ်သူဟောပြောတာပါလိမ့်လို့ ရှာဖွေကြည့်ရှုတဲ့ အခါ မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသပါဠိတော်၊ ဒေဝဒဟသုတ်နှင့် မဇ္ဈိမနိကာယ်၊ မဇ္ဈိမပဏ္ဏာသ ပါဠိတော်၊ စူဠဒုက္ခက္ခန္ဓသုတ်မှာ နိဂဏ္ဌ နာဋပုတ္တ ဒိဋ္ဌိဆရာကြီးက ဟောပြောတယ်ဆိုတာ သိလိုက်ရတယ်။ ဒါဆို ကျွန်ုပ် ကိုးကွယ်ဆည်းကပ်နေတဲ့ ဗုဒ္ဓကတော့ ကံတရားတွေနဲ့ ပတ်သက်လို့ ဘယ်လို ယူဆဟောပြောပါသလဲဆိုတာကို သပ္ပုရိသ ဓမ္မဝိဟာရီ ဆရာတော်ကို အမှီရလို့ ဗုဒ္ဓဟောပြောတဲ့ ကံတရားတွေကို နားလည်သဘော ပေါက်ရပါတယ်။

ကံတရားတွေရယ်၊ အဲသည် ကံတရားတွေရဲ့ အကျိုး တရားတွေရယ်၊ အဲသည်ကံတရားတွေရဲ့ အကြောင်းတရားတွေဟာ စင်စစ်မှာတော့...

-ကမ္မဝဋ်ကြောင့် ဝိပါကဝဋ် ဖြစ်ရတယ်။
-ဝိပါကဝဋ်ကြောင့် ကိလေသဝဋ်ဖြစ်ရတယ်။
-ကိလေသဝဋ်ကြောင့် တဖန် ကမ္မဝဋ် ဖြစ်ရပြန်တယ်။

အဲသည်လို တခုကိုတခုထောက်၍ စက်ဖြစ်ပြီး လည်ပတ်ဖြစ်ပွားလာတော့ သံသာရ ဖြစ်ရတယ်။ သံသာရ လည်ပတ်ဖြစ်ပွားလာတော့ သတ္တဝါ,လောက ဖြစ်ရတယ်။ အဲသည် သတ္တဝါ,လောက ကိုပဲ တခုကိုတခု စွဲမှီဖြစ်လို့ ဥပါဒါနက္ခန္ဓာလို့ ခေါ်ရတယ်။ အဲသည် ဥပါဒါနက္ခန္ဓာ သတ္တဝါလောကမှာပဲ ပျက်စီးကျဆုံးတဲ့ အမှတ်အသား၊ မကောင်းဆိုးဝါးတဲ့ အမှတ်အသား၊ အကျိုးနည်းတဲ့ အမှတ်အသားတွေ ဖြစ်တဲ့ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာတွေ ဖြစ်ပေါ်လာတာ ထင်ရှားတယ်။

အဲသည်လက္ခဏာတွေကို သိတတ်တာက မဂ္ဂအရိယသစ္စာ ဖြစ်တယ်။ အသိခံဥပါဒါနက္ခန္ဓာ သတ္တဝါလောကတွေက ဒုက္ခအရိယသစ္စာ ဖြစ်တယ်။ အသိခံ ဥပါဒါနက္ခန္ဓာ သတ္တဝါလောကတွေကို သိတော့ အဲသည် အသိခံဥပါဒါနက္ခန္ဓာသတ္တဝါ လောကတွေရဲ့ အကြောင်း ကိလေသာတွေကို ပယ်တာက သမုဒယအရိယသစ္စာ ဖြစ် တယ်။ ပယ်လိုက်တော့ အသိခံ ဥပါဒါနက္ခန္ဓာ,သတ္တဝါ,လောက တရား တွေ ငြိမ်းအေးရာဆီ ဆိုက်ရောက်တာ နိရောဓအရိယသစ္စာ ဖြစ်တယ် ဆိုတာကို နားလည်သဘောပေါက်ရပါတယ်။

အဲသည်လို နားလည်သဘောပေါက်လိုက်တော့ ကျွန်ုပ်မှာ စိန်ခေါ်ခံရမှုတွေ၊ ခြိမ်းခြောက်ခံရမှုတွေက လွတ်မြောက်သွားပြီ ဆိုတာကို သိရပါတယ်။ ထိုအချိန်ကား ၂၀၀၅ခုနှစ်၊ ဇွန်လ (၁၉) ရက်နေ့ပဲလို့ မှတ်သားမိလိုက်ပါတယ်။ တဆက်တည်းမှာပဲ အကျွန်ုပ်

နှင့် ဘဝတူ လွတ်မြောက်ငြိမ်းချမ်းရေးတရားကို ရှာဖွေနေကြသူတွေကိုလည်း သိနား လည်သဘောပေါက်စေချင်တဲ့ စိတ်ဆန္ဒတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ဖြစ် ပေါ်ခဲ့လို့ **"အရိယသစ္စာ ဘာဝနာပွားနည်း"** ကျမ်းစာတစ်စောင် ရေးသားချီးမြှင့်ပေးဖို့ ဓမ္မဝိဟာရီ ဆရာတော်ထံ ပူဇာလိုက်တော့တာပါပဲ။

**'အရိယသစ္စာဘာဝနာပွားနည်း ခေါ် အရိယသစ္စကထာ ကျမ်းစာ'** ကို ဖတ်ကြား၊နာယူ၊ဆည်းပူး၊ပွားများ၊ အားထုတ်ကြမယ် ဆိုလျှင် စိန်ခေါ်ခံရမှုမျိုးစုံ၊ ခြိမ်းခြောက်ခံရမှုမျိုးစုံမှ လွတ်မြောက်ပြီး ငြိမ်းချမ်း သာယာ ပျော်ရွှင်နေနိုင်ကြမယ်ဆိုတာ မမိုတ်မသုံ ယုံကြည်ပါကြောင်း မင်္ဂလာသတင်းကောင်း ပါးလိုက်ပါတယ်။

အရိယသစ္စာသာသနာ ရောင်ဝါနေသို့ ထွန်းပါစေ

ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ
ငါးဘွဲ့ရဓမ္မာစရိယ၊ ဝိသိဋ္ဌပါကဋ၊ မဟာဂန္ထဝါဆာပဏ္ဍိတ
ကျောင်းအုပ်ဆရာတော်၊ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း
မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်

၁၃၆၈ခုနှစ်၊ တော်သလင်းလဆန်း (၁၃)ရက်
(၄-၉-၂၀၀၆)

# အရိယသစ္စကထာ

## နိဒါန်း

## အရိယသစ္စကထာ

## နိဒါန်း

### ၁။ ဥပါဒါနက္ခန္ဓာသိသွားပြီ

'ဆရာတော်ကျန်းမာပါရဲ့လား ဘုရား'

'နေကောင်းပါတယ် ဒကာကြီး'

'ဆရာတော်ကို သည်နှစ် ၁၃၆၇ခုနှစ်ရဲ့နှစ်ဦးမှာ မင်္ဂလာသတင်းကလေးတစ်ခု လျှောက်ထားချင်ပါတယ် ဘုရား'

'ပြောပါ ဒကာကြီး'

'လွန်ခဲ့တဲ့ နှစ်အတန်ကြာက ဥပါဒါနက္ခန္ဓာ အရကောက်ကို ဆရာတော်ရဲ့ဝေဖန်ချက်ပေးတာ ခံရသူဟာ အခု သဘောပေါက်သွားပြီလို့ တပည့်တော်ဆီ အကြောင်းကြားတယ် ဘုရား'

'သြော်...'

'အခု သူသိပ်ဝမ်းသာနေတယ် ဘုရား'

'ဟုတ်မှာပဲ'

'ဘုရားပွင့်ပြီလို့အထိ သူမြင်နေသတဲ့ဘုရား'

'တရားသိသူဟာ ဘုရားသိတာပဲ မဟုတ်လား'

'သူ့ရဲ့ ကျန်တဲ့အသက်မှာ သည်တရားတာဝန်ပဲ ထမ်းဆောင်တော့မယ်လည်း ဆောက်တည်သတဲ့ဘုရား'

'သာဓုဗျာ'

'အဝေးကြီးကနေပြီး အကြာကြီး စကားပြောနိုင်တဲ့အချိန်တောင်း တယ်ဘုရား'

'အင်း...'

'တပည့်တော်ကို အဝေးကလှမ်းပြီး နာရီတွေအများကြီး စကားပြောတယ် ဘုရား'

'သူ သိပ်ကြီးဝမ်းသာနေတာပဲ'

'တပည့်တော်က သူ့လိုဘဝတူဆီ လှမ်းဆက်ဖို့ပြောတော့ သူ-အခုပြီးယင် အဲသည်ကိုခေါ်ကြည့်မယ် ပြန်ပြောပါတယ်ဘုရား'

'ဟုတ်လား...'

'မကြာခင်ပဲ တပည့်တော် ပြောလိုက်သူ့ဆီက တပည့်တော်ကို ခေါ်ပြန်တယ်'

'ဟုတ်ပြီ'

'အခုပဲ ဒကာကြီးပြောလိုက်သူနဲ့ စကားပြောရတယ်လို့ ပြောတာပဲ ဘုရား'

'သူတို့ချင်း သီတင်းသုံးဖော်ဖြစ်ကြတာ အကျိုးများစရာရှိတာပဲ'

'အမိန့်ရှိပါဦးဘုရား'

**'သူတို့ဟာ သာသနာ့ဝန်ထမ်းမည်ကာမျှ သာသနာ့ ဝန်ထမ်းတွေ မဟုတ်ကြဘူး'**

'ဘယ်လိုလဲဘုရား'

'သာသနာ့ဝန်ကို ရှေ့တန်းက လက်တွေ့ထမ်းနေကြသူတွေလည်း ဖြစ်တယ်'

'ဟုတ်ပါ့ဘုရား'

'သူတို့ပခုံးပေါ်မှာ သာသနာဟာ တည်နေတယ်'

'ဟုတ်တာပေါ့ ဘုရား'

'သူတို့ဟာ သူတို့ပခုံးပေါ်ထမ်းထားတဲ့ သာသနာကို ဝတ်ကျေဝတ်ကုံလောက် ထမ်းမယ့်သူအဖြစ်ကို ကျော်လွန်အောင် ဝန်ထမ်းကြတော့မှာပဲ'

'ဒါကို သည့်ထက်ရှင်းအောင် မိန့်ပါဦးဘုရား'

## ၂။ သာသနာ့ဝန်ကို ဝတ်ကျေဝတ်ကုံထမ်းတယ်ဆိုတာ

'သာသနာ့ဝန်ကို ထမ်းသူတွေဟာ သူတို့ပခုံးပေါ်ရောက်နေတဲ့ သာသနာကို ဝတ်ကျေဝတ်ကုံလောက်ပဲ ထမ်းနေကြတယ်'

'ဘယ်လို ဝတ်ကျေဝတ်ကုံလောက် ထမ်းကြလို့လဲ ဘုရား'

'သာသနာ့ဝန်ထမ်းတွေဟာ ဝိနည်းနဲ့ညီအောင်နေပြီး၊ စာသင်အရွယ်မှာ စာတတ်အောင်သင်၊ စာချနိုင်က စာကောင်းကောင်းချပြီး သာသနာကြည်ညိုသူတွေကို ထိန်းကျောင်းနေကြတာမျိုးပေါ့'

‘သာသနာ့တာဝန်ဟာ ဒါတွေပဲမဟုတ်ဘူးလား ဘုရား’

‘မဟုတ်ဘူး၊ မဟုတ်ပါဘူး’

‘သည့်တာဝန်တွေ ကျေလို့ကုံလို့ ဝတ်ကျေဝတ်ကုံလို့ ပြောတာလား ဘုရား’

‘ဘယ်လိုထင်လို့လဲ ဒကာကြီး’

‘ဝတ်ကျေဝတ်ကုံကို အရပ်ထဲမှာသုံးကြတာက သည်လို မဟုတ်လို့ပါ ဘုရား’

‘ဘယ်လိုလဲ’

‘စိတ်မပါလက်မပါလုပ်တဲ့ အလုပ်ကို ဝတ်ကျေဝတ်ကုံလို့ သုံးကြတာ ဖြစ်လို့ပါဘုရား’

‘စိတ်လက်မပါလည်း အလုပ်တော့ လုပ်နေတာပဲ မဟုတ်လား’

‘လုပ်ပါတယ် ဘုရား’

‘လုပ်ယင် လုပ်တာထဲမှာ စိတ်လက်မပါလို့ ဖြစ်ပါ့မလား’

‘စိတ်လက်တော့မပါဘူး မဟုတ်ဘူးပေါ့ ဘုရား’

‘ဘယ်လိုလဲဗျာ…’

‘လုပ်ငန်းကို ကောင်းစွာပြီးစီးအောင်မြင်ဖို့ ဆိုင်ရာ အသိအမြင် စေတနာမပါတာကို စိတ်လက်မပါဘူး ပြောရတာပါ ဘုရား’

‘ဟုတ်ပါ့ဗျာ…’

‘သာသနာ့တာဝန် ဝတ်ကျေဝတ်ကုံထမ်းတယ် ဆိုတာကိုကော အဲသည်လို ဆိုလိုပါသလား ဘုရား’

'အဲဒါစစ်ကြည့်ပေါ့'

'ဘယ်လိုစစ်လဲ ဘုရား'

'အဲသည်တာဝန်တွေကို မေးခွန်းထုတ်ကြည့်ပေါ့'

'ဘာ့ကြောင့် ဝိနည်းနဲ့ညီအောင် ကျင့်ရသလဲ၊ ဘာ့ကြောင့် စာသင်ရသလဲ၊ ဘာ့ကြောင့် စာချရသလဲ၊ ဘာ့ကြောင့် ကြည်ညိုသူတွေကို ထိန်းရသလဲလို့လား ဘုရား'

'ဒါပေါ့'

'ဒါတွေကို သာသနာ့ဝန်ထမ်းတွေမှာ လုပ်ရမယ့်တာဝန်ရှိလို့ လုပ်တာလို့ ပြောမလား ဘုရား'

'ဟုတ်ပါ့'

'သည်တာဝန်တွေသိပြီး ထမ်းတာ ဝတ်ကျေဝတ်ကုံထမ်းတယ် ဆိုတာက ကျော်ပြီလား ဘုရား'

'ဝတ်ကျေဝတ်ကုံပဲ ရှိပါသေးတယ်'

'ဘယ်လိုလဲ ဘုရား'

'သည်တာဝန်တွေဟာ အလုပ်တွေပဲ'

'ဟုတ်ပါတယ် ဘုရား'

'အလုပ်ဟာ ကိစ္စမပြီးယင် လုပ်တယ်-မပြောရတဲ့ အရာပဲ'

'ဟုတ်တာပေါ့ဘုရား'

'သည်အလုပ်တွေရဲ့ ကိစ္စတွေက ဘာတွေလဲ'

'အမိန့်ရှိပါဘုရား'

'သိ-ပယ်-ဆိုက်-ပွား စရာတွေကို သိ-ပယ်-ဆိုက်-ပွားတွေ လုပ်ဖို့ မဟုတ်လား'

'အရိယကိစ္စတွေလုပ်ဖို့လား ဘုရား'

'အရိယကိစ္စတွေ မလုပ်ဘဲ အရိယာဖြစ်နိုင်လို့လား'

'မလုပ်ဘဲ အရိယကိစ္စပြီးတယ်တော့ ဘယ်ရှိမှာလဲပေါ့ ဘုရား'

'သာသနာ့တာဝန်တွေဟာ အရိယကိစ္စပြီးဖို့ဆီ ရောက်ဖို့ပဲ မဟုတ်လား'

'ဟုတ်တာပေါ့ ဘုရား'

'အရိယကိစ္စတွေလုပ်ဖို့ စိတ်လက်မပါဘဲ သာသနာ့တာဝန်တွေ ဆောင်ရွက်တာကို စိတ်ပါလက်ပါဆောင်ရွက်တယ် ပြောနိုင်မလား'

'ဟုတ်ပါပြီ ဘုရား'

'ဘယ်လိုဟုတ်တာလဲ'

'အရိယကိစ္စတွေဆောင်ရွက်ဖို့ ရည်ရွယ်ရင်းမရှိဘဲ သာသနာ့တာဝန် ထမ်းရွက်နေကြတာဟာ ဝတ်ကျေဝတ်ကုံ လုပ်နေကြတာတွေ ဖြစ်တယ်လို့ပါပဲ ဘုရား'

'အဲဒါ တကယ်ဟုတ်လို့လား'

'ဝိနည်းမိုရ်နေတဲ့ သူကလည်း သူ့ကိုယ်ကို သူ တည်ဆောက်နေတာပါပဲ ဘုရား'

'ဟုတ်ပြီဗျာ'

'စာတွေများများတတ်အောင် သင်ယူ၊ချပို့နေကြသူတွေကလည်း သူတို့ကိုယ်တွေကို သူတို့ တည်ဆောက်နေကြတာတွေပဲ ဘုရား'

'အဲဗျာ...'

'သာသနာ့အရာ ကြီးကြီးက ဆောင်ရွက်နေသူကလည်း သူ့ကိုယ်သူ တည်ဆောက်နေတာပါပဲ ဘုရား'

'ကိုယ့်ကိုယ်တွေကို ဘယ်လို တည်ဆောက်နေကြတယ် ဆိုတာနဲ့ ဘယ်လို မကောင်းလို့လဲဆိုတာ အဲဒါ ရှင်းပါဦး'

'ကိုယ့်ကိုယ်ကို ဝိနည်းဆောင်မှုနဲ့ ဂုဏ်ထုတ်တာ၊ စာများ များတတ်မှု၊ စာကောင်းကောင်းချပို့နိုင်မှု ပြုစုနိုင်မှုနဲ့ ဂုဏ်ထုတ်တာ သာသ နာ့တာဝန်တွေ ဆောင်နိုင်မှုနဲ့ ဂုဏ်ထုတ်တာတွေ လုပ်ကြတယ် ဘုရား'

'ဂုဏ်ရှိလို့ ထုတ်တာပဲ မဟုတ်ဘူးလား'

'ရှိတာနဲ့ ထုတ်တာက မတူတတ်ပါဘူး ဘုရား'

'လုပ်စမ်းပါဦး'

'ပြဖို့ရည်ရွယ်ချက်နဲ့ ရှိအောင်လုပ်ပြီး၊ ရှိတဲ့အခါ ရှိတာကို ပြတာ ဂုဏ်ထုတ်တာပဲ ဘုရား'

'ရှိတာကို ပြတာပဲဗျာ...'

'ရှိအောင်လုပ်တာဟာ ပြဖို့မဟုတ်ရပါဘူး ဘုရား'

'ဘာလုပ်ဖို့ ရှိအောင်လုပ်ရတာလဲ'

'သိ-ပယ်-ဆိုက်-ပွားတွေ လုပ်အောင်နိုင်လို့ပါ ဘုရား'

'ဟင်...သည်လိုဖြစ်လျက်နဲ့ ဘာ့အတွက် ပြရတာလဲ'

'အဲသည်ရည်ရွယ်ချက် ပျောက်နေလို့ ကိုယ့်ကိုယ်ကို တည် ဆောက်ဖို့ ပြရတာပါ ဘုရား'

‘ဘယ်လိုဖြစ်အောင် တည်ဆောက်တာလဲ’

‘*၁ လာဘ်၊ဂုဏ်၊အကျော်အစောတွေဖြစ်အောင် တည်ဆောက်တာပါ ဘုရား’

‘အားလုံး သည်လိုချည်းပဲလား’

‘တချို့တလေကတော့ သည်လိုဟုတ်မှာ မဟုတ်ပါဘူး ဘုရား’

‘သူတို့က ဘယ်လိုတည်ဆောက်ကြသလဲ’

‘သူတို့ကိုယ်ကို နောင်ဘဝ ကောင်းကောင်းဖြစ်ဖို့၊ ဆိုဆိုးမဖြစ်ဘို့နဲ့ နှစ်မျိုးလုံးမဖြစ်ဘို့ တည်ဆောက်ကြပါတယ် ဘုရား’

‘ဝတ်ကျေဝတ်ကုံ သာသနာ့ဝန်ဆောင်ရွက်တာဟာ ထိတ်လန့်စရာကြီးပါလားဗျာ’

‘ဘယ်လိုလဲ ဘုရား’

‘ဝတ်ကျေဝတ်ကုံ သာသနာ့ဝန်ထမ်းဟာ သာသနာ့ဝန်ကို ထမ်းတာ မဟုတ်ဘဲ သူတို့ဝန်ကို သာသနာအား အထမ်းခိုင်းတာဖြစ်လို့ပေါ့’

‘အမိန့်ရှိပါဦး ဘုရား’

‘သာသနာ့ဝန်ကို သူတို့ထမ်းလေယောင်နဲ့ သူတို့ဝန်ကို သာသနာတော်အား အထမ်းခိုင်းတာပဲ မဟုတ်လား’

‘သည်လိုလည်း ဖြစ်ရမှာလား အောက်မေ့တာ ဘုရား’

‘အဲဒါမတော်ဘူး’

---

*၁ လာဘ=လာဘ်ပစ္စည်း၊ သက္ကာရ=ဂုဏ်၊ သိလောက=အကျော်အစော

'ဘယ်လိုလဲ ဘုရား'

'ကိုယ့်အတွက်ဆိုယင် ကိုယ့်စားဝတ်နေရေး ကျန်းမာရေးကို ကိုယ့်ဟာကိုယ် တာဝန်ယူရမှာပေါ့'

'သာသနာ့ဝန်ကို ဝတ်ကျေဝတ်ကုံလောက် ထမ်းတာထက် ကျော်လွန်အောင် ဘယ်လိုထမ်းရမှာလဲ ဘုရား'

'သာသနာ့အကျိုးစီးပွားတွေ လူတွေမှာဖြစ်ထွန်းဖို့ ထမ်းရမှာပေါ့'

'**ဗဟုဇနဟိတ ဗဟုဇနသုခ လောကာနုကမ္ပ**-ဆိုတာတွေ ဖြစ်ဖို့တွေလား ဘုရား'

'ဒါပေါ့'

'အဲသည်လိုဖြစ်တာနဲ့ သာသနာစည်ပင်ထွန်းပြောင်တာအတူပဲ မဟုတ်ဘူးလား ဘုရား'

'တူသလိုလို ထင်စရာပဲ ဖြစ်တယ်'

'ဘယ်လိုခြားလို့လဲ ဘုရား'

'သာသနာ စည်ပင်ထွန်းပြောင်တာက သာသနာ့ဝန်ထမ်းတွေ များများရှိပြီး အဲသည်သူတွေ တာဝန်တွေဆောင်ရွက်တာနဲ့ ဆောင်ရွက်နိုင်အောင် အစစပြည့်စုံတာရဲ့ နာမည်ပဲ'

'ဒါပဲဖြစ်ရမှာ မဟုတ်လား ဘုရား'

'သည်လိုတော့ ဘယ်ဟုတ်ပါ့မလဲ'

'ဘာဖြစ်လို့လဲ ဘုရား'

'အဲသည်သူတွေရဲ့ ဆောင်ရွက်ချက်က ဘာမှ အကျိုးမသက်ရောက်ဘူးဆိုယင် ဘယ်လိုလုပ်မလဲ'

'သည်လို ရှိနိုင်ပါ့မလား ဘုရား'

'သူတို့ပခုံးပေါ်က သာသနာက သူတို့ကိုတောင် မဆောင်နိုင်ယင် သူတို့က ဘာအကျိုးသက်ရောက်အောင် ဆောင်နိုင်ပါ့မလဲ'

'ကိုယ်မရှိယင်တော့ သူများအကျိုးဆောင်လည်း ဘာမှဖြစ်လာမှာ မဟုတ်တာတော့ သေချာပါတယ် ဘုရား'

'ကိုယ်ရှိပြီး ဆောင်ရွက်တာသာ ဝတ်ကျေဝတ်ကုံဆောင်ရွက်တာထက် ပိုတော့မှာပေါ့'

'သာသနာ့အကျိုးစီးပွားတွေ လောကမှာဖြစ်ထွန်းအောင်ဆောင်ရွက်လိမ့်မယ် ဆိုလိုတာလား ဘုရား'

'သာသနာကို လူတွေ ရကြတော့မယ်ပေါ့'

'ဆက်မိန့်ပါဦးဘုရား'

'သည်နေ့ မြန်မာပြည်မှာ အဓိက ဗုဒ္ဓသာသနာပြုခွင့် ရနေတာက ထေရဝါဒပဲ'

'ဟုတ်ပါတယ် ဘုရား'

'သူတို့ဟာ ထေရဝါဒထဲမှာ လေးစားလောက်တဲ့ ပညာရှင်အဖြစ် အသိအမှတ်ပြု ခံထားရသူတွေပဲ'

'သူတို့ကို အမြင်ငယ်ပြီး ကြည့်ဝံ့ကြမှာ မဟုတ်တာတော့အသေအချာပဲ ဘုရား'

'သူတို့ရဲ့ ထေရဝါဒဥခွံကို ဖောက်ထွက်ပြောဆိုတာတွေကိုဘယ်သူမှ ကန့်ကွက်ကြမှာမဟုတ် ဖြစ်လိမ့်မယ်'

'သာသနာအတွက် အားတက်ရပါတယ် ဘုရား'

'ဟုတ်ပါ့ဗျာ'

'တပည့်တော်တို့ကလည်း သူတို့ကို အားပေးရမှာပဲ ဘုရား'

'လိုတာပေါ့'

'အဲသည် လိုတာကိုတောင် တပည့်တော်က ဆရာတော်ကို လျှောက်ထားချင်ပါတယ် ဘုရား'

'ပြောပါဒကာကြီး'

'သဘောသက်ဝင်စ ဘုန်းကြီးကလေးကို သဘောသက်ဝင် တာကြာပြီဖြစ်တဲ့ ဘုန်းကြီးနဲ့ တပည့်တော် မိတ်ဆက်ပေးလို့ သူတို့ မိတ်ဖြစ်သွားကြပြီ ဘုရား'

'ကောင်းသားပဲ'

## ၃။ အရိယသစ္စကထာ၏ အစ

'အဲသည် သက်ဝင်စဘုန်းကြီးက အရိယသစ္စဘာဝနာကျမ်း တကျမ်း ပြုပေးဖို့ တောင်းပန်တယ်လို့ သိရတယ်ဘုရား'

'ဩော်...ကောင်းသားပဲ'

'အဲသည် အတောင်းခံရတဲ့ဘုန်းကြီးက တပည့်တော်ကို သည် တာဝန်လွှဲနေတယ် ဘုရား'

'ဟုတ်ပြီပေါ့'

'တပည့်တော်က ဆရာတော်ကို လျှောက်ထားချင်တယ် ဘုရား'

'ဘာလဲဗျာ'

'တပည့်တော်လုပ်တာထက် ဆရာတော်လုပ်တာက ပိုသင့်မြတ်မလားလို့ပါ ဘုရား'

'အဲဗျာ'

'မသင့်မြတ်ဘူးလား ဘုရား'

'မသင့်မြတ်ဘူးတော့ မရှိလောက်ပါဘူး'

'ဟုတ်ပါတယ် ဘုရား'

'ဒါပေမယ့်လည်း...'

'ဘယ်လိုလဲ ဘုရား'

'အဲဒါက ပြည့်ပြည့်စုံစုံပြောနိုင်မှ ကောင်းမှာဖြစ်တယ်'

'ပြောပေါ့ ဘုရား'

'အဲသည်လို ပြောနိုင်ပါ့မလားလို့ သံသယဖြစ်နေတယ်'

'မပြည့်စုံလည်း ကိုယ်ပေါ်တဲ့အပိုင်းကပဲ ပြောရမှာပေါ့ ဘုရား'

'အဲဒါ တော်ပါ့မလားလို့ပေါ့'

'ပြောသူမရှိတာထက်တော့ တော်မှာသေချာပါတယ် ဘုရား'

'သည်လိုတော့ ဟုတ်တာပဲ၊ ဘယ်လိုပုံစံနဲ့ ပြောရမယ်တောင် မသိဘူး'

'အခုပြောသလိုပဲ ပြောပေါ့ ဘုရား'

'သည်လိုဆိုလည်း ပြောကြည့်ရမှာပဲ'

'အမိန့်ရှိပါဘုရား'

'ပြောရမယ့်အကြောင်းအရာရဲ့ နာမည်က ဘာတဲ့လဲ'

'အရိယသစ္စာဘာဝနာ-ပေါ့ ဘုရား'

'အရိယသစ္စာပွားများနည်း ဖြစ်မယ်နော်'

'ဟုတ်ပါတယ် ဘုရား'

'အရိယသစ္စာဘာဝနာ မလုပ်ဘဲ '**အရိယသစ္စာကထာ**'လို့ လုပ်မယ်နော်'

'သဘောပါ ဘုရား'

# အခန်း(၁)

# အရိုယမသွားခေါ်လေလေးနှက်

# အခန်း(၁)
# အရိယသစ္စာ၏စကားနက်

## ၄။ အရိယသစ္စာလေးမျိုး

'အရိယသစ္စာက လေးမျိုးရှိတယ်ဗျ'

'ဒုက္ခ၊သမုဒယ၊နိရောဓ၊မဂ္ဂလား ဘုရား'

'မဟုတ်ဘူး'

'ဘယ်လိုလဲ ဘုရား'

'ဒုက္ခ၊သမုဒယ၊နိရောဓ၊မဂ္ဂက အရိယသစ္စာသရုပ်ပဲ'

'ဟုတ်ပါတယ် ဘုရား'

'သည်လို သရုပ်လေးပါးရှိတဲ့ အရိယသစ္စာရဲ့ အမျိုးအစားကို လေးမျိုးရှိတယ်ပြောတာ'

'အဲဒါ မသိအောင်ဘဲ ဘုရား'

'သိပါတယ်၊ မသုံးဘူးလို့ပါ'

'အဲဒါ မိန့်ပါဦးဘုရား'

'သောတာပန်သိတဲ့ အရိယသစ္စာ၊ သကဒါဂါမ်သိတဲ့ အရိယသစ္စာ၊ အနာဂါမ်နဲ့အရဟတ်တွေ အသီးသီးသိကြတဲ့ အရိယသစ္စာတွေ ရှယ်ပေါ့'

'ဒါတွေက အတူပဲ မဟုတ်ဘူးလား ဘုရား'

'ဘယ်လိုတူသလဲ'

'အရိယသစ္စာအဖြစ်ချင်း တူတာပေါ့ ဘုရား'

'ဒါတော့ဟုတ်တာပေါ့'

'ဘယ်လိုမဟုတ်သေးလို့လဲ ဘုရား'

'သောတာပန်အသိခံရတဲ့ ဒုက္ခအရိယသစ္စာနဲ့ ကျန်သူတွေ အသိခံရတဲ့ ဒုက္ခအရိယသစ္စာက တူကြမလား'

'သည်လိုတော့ မတူမှာပဲ ဘုရား'

'ပယ်၊ဆိုက်၊ပွားကိစ္စရှိတဲ့ အရိယသစ္စာတွေမှာကော သောတာပန်နှင့် ကျန်သူတွေ တူကြမလား'

'မတူရဘူးပေါ့ ဘုရား'

'ဒါကြောင့် အရိယသစ္စာလေးမျိုး ပြောရတာပေါ့'

## ၅။ နောင်မရှုပ်ဘို့ ခုကထည်းက ရှုပ်ထားရမယ်

'အရိယသစ္စာလေးပါးက လေးမျိုး ပြားလိုက်တော့ ရှုပ်သွားသလိုပဲ ဘုရား'

'ရှုပ်ပါစေဗျာ'

'ရှုပ်တာ ကောင်းပါ့မလား ဘုရား'

'ကောင်းမှာပါ'

'ဘယ်လိုလဲ ဘုရား'

'ဗမာမှာ စကားပုံတခုရှိတာပဲ'

'ဘာတဲ့လဲ ဘုရား'

'ခုရှုပ်မှ နောင်ရှင်းမယ်-ဆို မဟုတ်လား'

'ဟုတ်ပါတယ် ဘုရား'

'အရိယသစ္စာကို ပွားများကြမယ်ဆိုတော့ အရိယသစ္စာက အပွားများခံ တရားပဲ'

'ဟုတ်ပါတယ် ဘုရား'

'သည်တရားက အဲသည်လောက်များနေတာ မသိယင် ပွားဖို့ခက်မှာပေါ့'

'မသိဘဲပွားယင်တော့ ရှုပ်မှာအမှန်ပါပဲ ဘုရား'

'နောင်မရှုပ်အောင် အခုက ရှုပ်ထားရတာပဲ'

'အဲသည်လိုက ကျမ်းစာထဲရှိလို့လား ဘုရား'

'မရှိတာ ဒကာကြီးသိပြီးသားပဲ'

'မရှိတာ ပြောလို့ တော်ပါ့မလား ဘုရား'

'ရှိတာပဲပြောတော့ တော်လို့လား ဒကာကြီး'

'ဘုရား...'

'ရှိတာက သိကြပြီးသားပဲ'

'မရှိတာပြောလို့ လက်ခံကြပါ့မလား ဘုရား'

'မရှိပေမယ့် ဟုတ်တာကို ခေါင်းရှိသူတွေက လက်ခံကြမှာပါ'

'ဟုတ်ပါပြီ ဘုရား'

'သောတာပန်ရဲ့ အရိယသစ္စာလေးပါးအရနဲ့ သကဒါဂါမ်၊ အနာဂါမ်၊အရဟတ်တို့ရဲ့ အရိယသစ္စာလေးပါးအရတွေ တူကြမလား'

'မတူနိုင်ပါဘူး ဘုရား'

'သကဒါဂါမ်ရဲ့ အရိယသစ္စာလေးပါးအရနဲ့ သောတာပန်, အနာဂါမ်,အရဟတ်တို့ရဲ့ အရိယသစ္စာလေးပါးအရကော တူကြမလား'

'မတူပါဘူး ဘုရား'

'အနာဂါမ်နဲ့အရဟတ်တို့ အသီးသီးရထားကြတဲ့ အရိယသစ္စာလေးပါး အရတွေနဲ့ အနာဂါမ်မဟုတ်တဲ့ အရိယာ၊ အရဟတ် မဟုတ်တဲ့ အရိယာတွေ ရထားကြတဲ့ အရိယသစ္စာလေးပါး အရတွေကော အရိယသစ္စာအချင်းချင်း တူကြသလား

'မတူဘူးပေါ့ ဘုရား'

## ၆။ စိတ်ထိန်းတဲ့လုပ်နန်းက အလုပ်လုပ်ဖို့ ထိခိုက်စေတယ်

'အရိယသစ္စာလေးပါးကို နာမည်လောက်ပဲ သိထားရုံနဲ့ ဘယ်လို ပွားများမှာလဲ၊ များလာအောင် ဘယ်လိုလုပ်မလဲပေါ့'

'နာမည်လောက်တောင် အပြည့်အစုံမသိဘဲနဲ့ ပွားနေကြသေးတာ ဘုရား'

'မသိဘဲ ဘာပွားကြတာတဲ့လဲ'

'ပြပေးသူရဲ့ ပြပေးတာကို ပွားတာပေါ့ဘုရား'

'ပြပေးသူက ဘာတွေပြပေးတာတဲ့လဲ'

'စိတ်ထိန်းပုံနဲ့ ဖြစ်ပျက်ကြည့်ပုံတွေပေါ့ ဘုရား'

'ပြပေးသူက သူပြတဲ့အတိုင်း ပွားပြီးပြီတဲ့လား'

'ပြီးလောက်ပါတယ် ဘုရား'

'ပြပေးသူက စိတ်ငြိမ်နေပြီလား'

'ငြိမ်ချင်ယင် ထိန်းလို့ရမှာပေါ့ ဘုရား'

'ဖြစ်ပျက်မြင်တာလည်း ဖြစ်ပြီလား'

'ဖြစ်လောက်ပါတယ် ဘုရား'

'ဖြစ်ပျက်မြင်ယင် ဖြစ်ပျက်ဆုံးပြီပေါ့'

'ဆုံးအောင် လုပ်နိုင်လောက်ပါတယ် ဘုရား'

'ဒါတွေကို ဘာရည်ရွယ်ပြီး ပြနေ၊ပွားနေတာတဲ့လဲ'

'စိတ်ထိန်းတာက စိတ်ငြိမ်ဖို့နဲ့ ဖြစ်ပျက်ရှုတာက ဖြစ်ပျက်ငြိမ်းဖို့ပေါ့ ဘုရား'

'လူမှာ စိတ်ငြိမ်တတ်တာနဲ့ စိတ်ကူးတတ်တာ ဘယ်ဟာက ကောင်းမလဲ'

'အဲဒါက ပြောဖို့မလွယ်ဘူး ဘုရား'

'ဘာဖြစ်လို့လဲ'

'စိတ်ရှုပ်နေတဲ့အခါ စိတ်ငြိမ်တတ်တာဟာ ကောင်းတာပဲ၊ အလုပ်လုပ်တဲ့အခါ စိတ်ကူးတတ်တာက ကောင်းလို့ပဲ'

'ဟုတ်ပါ့...ဟုတ်ပါ့...'

'မမှန်လို့လား ဘုရား'

‘ဒါက သန္နိဋ္ဌာနအဖြစ်ပဲ၊ မမှန်ဘဲ ရှိပါ့မလားပေါ့’

‘သည်လိုဆိုတော့ဘုရား…’

‘ဘယ်လိုလဲ’

‘စိတ်ထိန်းတဲ့လုပ်ငန်းက အလုပ်လုပ်ဖို့များ ထိခိုက်နေမလား ဘုရား’

‘စိတ်ထိန်းတဲ့လုပ်ငန်းက စိတ်အားလုံးထိန်းတာလား၊ ရှုပ်တဲ့ စိတ်ကိုပဲ ထိန်းတာလား’

‘အားလုံးထိန်းတာပဲ ဘုရား’

‘ဒါဆိုယင် ထိခိုက်မှာပေါ့’

‘ဘယ်လိုထိခိုက်မလဲ ဘုရား’

‘ပတ်ဝန်းကျင်နဲ့ အဆက်ပြတ်မှာပေါ့’

‘ဘာဖြစ်လို့လဲ ဘုရား’

‘စိတ်ထိန်းထားလို့ပဲ’

‘ကိုယ်တို့ နှုတ်တို့ ရှိသေးတာပဲ၊ အဲဒါတွေနဲ့ ဆက်ဆံလို့ မရဘူးလား ဘုရား’

‘ရပါတယ်’

‘သည်လိုဆိုတော့ ဘယ်လိုအဆက်ပြတ်မလဲ ဘုရား’

‘အရုပ်နဲ့ဆက်ဆံရသလို ဖြစ်လို့ပေါ့’

‘ဟုတ်ပြီဘုရား’

‘မသိဘဲပွားကြတာရဲ့ ဆိုးပြစ်ဟာ ဒါပဲ’

‘နားလည်ရပါပြီ ဘုရား’

## ၇။ ဖြစ်ပျက်နဲ့စိတ်ထိန်းတာ လူ့အပြင်ဘက်ရောက်စေတယ်

'ဖြစ်ပျက်ငြိမ်းတာကကော ကောင်းသလား'

'စိတ်ပျက်စရာဖြစ်တဲ့ ဖြစ်ပျက်တွေငြိမ်းတာဆိုယင်တော့ ကောင်း တယ်မဟုတ်လား ဘုရား'

'ဟုတ်ပါတယ်၊ ဒါပေမယ့်...'

'အမိန့်ရှိပါဦး ဘုရား'

'ဖြစ်ပျက်ငြိမ်းတာဆိုတာ ဖြစ်ပျက်တာတွေအားလုံး ငြိမ်းတာ မဟုတ်လား'

'ဟုတ်တာပေါ့ ဘုရား'

'စိတ်ပျက်စရာကောင်းတာ မဟုတ်တဲ့ ဖြစ်ပျက်တွေပါ ငြိမ်း ကုန်ကြမလား'

'ငြိမ်းမှာပဲ ဘုရား'

'ဘာအဖြစ်အပျက်မှ မရှိယင် အဓိပ္ပါယ်က ဘာရှိသေး လို့လဲ'

'ဘာဖြစ်လို့လဲ ဘုရား'

'အဓိပ္ပါယ်ဆိုတာ အဖြစ်အပျက်တွေရဲ့ လိုအပ်ချက်ကို ပြော ရတဲ့စကား ဖြစ်လို့ပဲ'

'အဓိပ္ပါယ်ရှိတယ်လို့ ပြောပါတယ် ဘုရား'

'ဘယ်လိုတဲ့တဲ'

'ဘာမှမရှိတာ ရှိလို့'-အဓိပ္ပါယ်ရှိတယ် ပြောရတာထက် ပိုပြီး အဓိပ္ပါယ်ရှိလို့ပေါ့ ဘုရား'

'ဘာမှမရှိတဲ့ အဓိပ္ပါယ်ရှိကို ဘယ်မှာ ဘယ်လိုအသုံးကျလို့လဲ'

'လူမှုဝန်းကျင်ကပေးတဲ့ ပြဿနာမဖြေရှင်းနိုင်သူတွေ မျက်မှောက်ပြုရာမှာ အာရုံတခုအဖြစ် အသုံးမကျဘူးလား ဘုရား'

'ဟုတ်ပါ့'

'မကောင်းဘူးလား ဘုရား'

'ဘယ်ကောင်းမလဲ'

'ဘယ်လိုလဲ ဘုရား'

'အဲဒါအသုံးချတော့ လူမှုပြဿနာတွေက ပြေသွားရောလား'

'ဒါတော့ မပြေဘူးပေါ့ ဘုရား'

'လူမှုပြဿနာနဲ့လူဟာ လူရာဝင်ပါ့မလား'

'မဝင်ပါဘူး ဘုရား'

'လူရာမဝင်သူဟာ လူရာမဝင်ဘူး-လို့ သိနေတာနဲ့ မသိနေတာဟာ ဘယ်ဟာက ကောင်းသလဲ'

'သိနေတာလည်း-ကောင်း၊ မသိနေတာလည်း-ကောင်းတယ် ပြောရမလား ဘုရား'

'သိနေတာက ကောင်းရယင် မသိနေတာကတော့ ကောင်းပါ့မလား'

'မသိနေတော့ စိတ်ဖိစီးခံရ သက်သာမလားလို့ပါ ဘုရား'

'သက်သာမှာပါ'

'သည့်လိုဆိုယင် မသိနေတာလည်း ကောင်းတာပေါ့ ဘုရား'

'ဘယ်ဟုတ်မလဲ'

'ဘယ်လိုလဲ ဘုရား'

'လူရာမဝင်မှန်း မသိသူဟာ လူရာမဝင်တဲ့အဖြစ်ကို ရှက်တာ ကြောက်တာ ဖြစ်ပါဦးမလား'

'မဖြစ်ဘူးပေါ့ ဘုရား'

'မရှက်ကြောက်ယင် လူထဲ ဝင်မကြည့်ပေဘူးလား'

'ဝင်မှာပဲ ဘုရား'

'ဝင်ယင် လူတွေရဲ့ ရှုံ့ရှာမုန်းတီးတာ မခံရပေဘူးလား'

'သူဟာ လူ့ရန်သူအဖြစ် ခံရမှာပါ ဘုရား'

'ဖြစ်ပျက်ရှုတာဟာ လူကို လူ့အပြင်ဘက် ထုတ်ပစ်တာပဲ'

## ၈။ ဘုရားစကားနားမလည်တာ အရိယသစ္စာအသိ ကွယ်စေတယ်

'တပည့်တော်တို့ မြတ်စွာဘုရားကလည်း ဖြစ်ပျက်ရှုတာတို့ စိတ်ထိန်းတာတို့ အလုပ်ခိုင်းတာပဲ မဟုတ်ဘူးလား ဘုရား'

'ခိုင်းပါတယ်'

'အဲဒါတွေက ဘာထူးလို့လဲ ဘုရား'

'စကားကတူနေတော့ ခက်တာပဲ'

'စကားတူယင် တူတာပဲ မဟုတ်ဘူးလား ဘုရား'

'မဟုတ်ဘူး'

'ဘယ်လိုလဲ ဘုရား'

'ဖြစ်ပျက်နဲ့ စိတ်ထိန်းတာက နှစ်မျိုးရှိတယ်'

'ဘယ်လို ဖြစ်ပျက်တာတွေလဲ ဘုရား'

'အာရုံတွေရဲ့ အဖြစ်အပျက်တွေလည်း ဖြစ်ပျက်လို့ ပြောရသလို၊ အဲသည်အာရုံကို တုံ့ပြန်သူရဲ့ တုံ့ပြန်တဲ့ အဖြစ်အပျက်တွေလည်း ဖြစ်ပျက်တွေပဲ'

'စိတ်ထိန်းတာကကော ဘုရား'

'အာရုံတခုတည်းမှာ စိတ်တည်နေအောင် ထိန်းတာလည်း စိတ်ထိန်းတာပဲ၊ စိတ်ကို သမ္မာမှုပြုမိနေအောင် ထိန်းတာလည်း စိတ်ထိန်းတာပဲ'

'အဲဒါတွေက ဘာတွေထူးလို့လဲ ဘုရား'

'တခုနဲ့တခု တူကြလို့လား'

'မတူတော့ မတူဘူးပေါ့ဘုရား'

'အဲဒါ ထူးတာပဲ'

'ကိုယ့်အမူရဲ့ အဖြစ်အပျက်ကြည့်ပြီး ကိုယ့်အမူတွေ သမ္မာမှုပြုမိအောင် စိတ်ထိန်းတာနဲ့ ကိုယ့်ဝန်းကျင်အာရုံတွေရဲ့ အဖြစ်အပျက်တွေ ကြည့်ပြီး အဲဒါတွေဆီ စိတ်မရောက်အောင်ထိန်းတာ စိတ်ထိန်းတာပဲ ဘုရား'

'ဟုတ်တယ်'

'တခုနဲ့တခု တူလို့မရအောင် ကွဲကြတာပဲ ဘုရား'

'မြတ်စွာဘုရားက ဘယ်လိုဖြစ်ပျက်ရှုဖို့၊ စိတ်ထိန်းဖို့ ပြောသလဲ၊ လောကက ဘယ်လိုဖြစ်ပျက်ရှုပြီး စိတ်ထိန်းနေကြသလဲ'

'ဘုရားတပည့်သား လုပ်နေပေမယ့် ဘုရားစကား နားမလည်ကြတာ ထင်ရှားရပါပြီ ဘုရား'

'**ဘုရားစကား နားမလည်တော့** ဘုရားစကားက တရားတွေ ဆိုတော့ **တရားလည်းနားမလည်** ဖြစ်တော့တာပေါ့'

'ဟုတ်ပါ့ဘုရား'

'တရားနားမလည်တော့ တရားက အရိယသစ္စာတရား ဆိုတော့ **အရိယသစ္စာအသိ ကွယ်**ကြတော့တာပေါ့'

## ၉။ ဒုက္ခအရိယသစ္စာသိတယ်ဆိုတာ

'အရိယသစ္စာအသိ ကွယ်တယ်သာပြောရမယ် သူတို့က ဒုက္ခ အရိယသစ္စာ ရှုနေကြတယ် ပြောကြတာဘုရား'

'သူတို့ရှုတဲ့ ဒုက္ခအရိယသစ္စာက ဘာတွေတဲ့လဲ'

'လူဆိုတဲ့အကောင်ပလောင်ကြီးပုံ ဖော်တဲ့ အစိတ်အပိုင်း သဘာဝတရားတွေဟာ ဒုက္ခအရိယသစ္စာတွေတဲ့ ဘုရား'

'ဒုက္ခအရိယသစ္စာ သိတယ်ဆိုတာ သည်သဘာဝတွေကို သဘာဝတွေအတိုင်း သိလို့ရတာမှ မဟုတ်တာပဲ'

'ဘယ်လိုသိရမှာလဲ ဘုရား'

'သည်သဘာဝတွေဟာ အနတ္တာဖြစ်တယ်လို့သိမှ ဒုက္ခ အရိယသစ္စာသိတာ ဖြစ်တာပဲ'

'သူတို့လည်း အဲသည်လို သိကြမှာပါပဲ ဘုရား'

'မသိကြဘူး'

'ဒါတော့ သူတို့သိကြတယ် ထင်ပါတယ် ဘုရား'

'မထင်ပါနဲ့ဗျာ...'

'ဘာဖြစ်လို့လဲ ဘုရား'

'သူတို့ကြည့်တာက လူပဲ'

'မဟုတ်ပါဘူး ဘုရား'

'လူရဲ့အစိတ်အပိုင်း ဟုတ်တယ် မဟုတ်လား'

'ဟုတ်ပါတယ် ဘုရား'

'လူ့ရဲ့အစိတ်အပိုင်းမပါဘဲ လူလို့ ရှိသေးလို့လား'

'ဘယ်ရှိပါ့မလဲပေါ့ ဘုရား'

'လူဆိုတာလည်း တကယ်ရှိတယ် မဟုတ်လား'

'အဲဒါ မရှိဘူးတောင် ပြောချင်တာ ဘုရား'

'မရှိဘူးပြောချင်ယင် ပြောချင်သူလည်း မရှိဘူး ဖြစ်လိမ့်မယ်'

'ပြောတော့ ပြောနေတာပဲ ဘုရား'

'ပြောနေမှတော့ ပြောသူရှိလို့ပေါ့'

'ပြောချင်သူကို စမ်းနမ်းလို့မရဘဲ ရှိတယ်လို့ ဘယ်လိုလုပ်ပြီး ပြောရမလဲ ဘုရား'

'လူက မျက်စိ၊နား၊နှာ၊လျှာ၊ကိုယ် အာရုံခံအင်္ဂါတွေရဲ့ အာရုံမဟုတ်လို့ စမ်းနမ်းလို့ မရတာပဲ။ လူက မနအာရုံခံအင်္ဂါရဲ့အာရုံ ဖြစ်လို့ မနနဲ့ လူအရှိကို သိနေတာပေါ့'

## ၁၀။ ပညတ်ဟာ အရှိတရားပဲ

'လူဟာ ပညတ်မဟုတ်ဘူးလား ဘုရား'

'ဟုတ်ပါတယ်'

'ပညတ်ဟာ အရှိမဟုတ်တာမဟုတ်ဘူးလား ဘုရား'

'ပညတ်ဟာ အရှိမဟုတ်တာ ဘယ်ဟုတ်မလဲ'

'အရှိလား ဘုရား'

'ဒါပေါ့'

'ပညတ်ကို အရှိလို့ပြောတာ ဆရာတော်ဆီကပဲ ကြားဖူးပါတယ် ဘုရား'

'ဝမ်းနည်းစရာပဲ'

'ဘာဖြစ်လို့လဲ ဘုရား'

'လောကကြီး အသိအမြင် ခေါင်းပါးနေတာ သိရလို့ပဲ'

'ဘယ်လိုလဲ ဘုရား'

'လူတွေက ပတ်ဝန်းကျင်လူတွေမှီပြီး ဆင်းရဲချမ်းသာတွေ တုန်တုန်လှုပ်လှုပ် ခံစား၊ရင်ဆိုင်၊တွန်းလှန်၊ဆွဲဆောင်တွေ လုပ်နေကြရတယ်'

'ဟုတ်ပါတယ် ဘုရား'

'အဲဒါတောင် လူကို အရှိလို့ မမြင်မသိကြဘူး မဟုတ်လား'

'သိတော့ သိတာပေါ့ ဘုရား'

'အဲသည်သိတာက သိသူမှာ အာရုံခံအင်္ဂါနဲ့ သိတာလား၊ အာရုံခံအင်္ဂါ မပါဘဲနဲ့ သိတာလား'

'အာရုံခံအင်္ဂါနဲ့ သိတာပေါ့ ဘုရား'

'အဲသည်သိတဲ့ အာရုံခံအင်္ဂါကကော အာရုံမရှိတာ သိတာလား၊ အာရုံရှိတာကို သိတာလား'

'အာရုံရှိတာ သိတာပေါ့ ဘုရား'

'ဟုတ်တာပေါ့'

'ဒါပေမယ့် ဘုရား...'

'ပြောပါ'

'ပညတ်သိတာဟာ အမှန်သိတာမဟုတ်ဘူးဆို မဟုတ်လား ဘုရား'

'ဘယ်လိုသိတာတဲ့လဲ'

'ဖောက်ပြန်ပြီးသိတာဆို မဟုတ်လားဘုရား'

'မဟုတ်တာမရှိတာကို ဟုတ်တယ်ရှိတယ်လို့သိတာ ဖောက်ပြန်သိတယ်လို့ ပြောရတာ မဟုတ်လား'

'ဟုတ်ပါတယ် ဘုရား'

'ပညတ်က မဟုတ်တာမရှိတာ ဖြစ်နေလို့လား'

'ဟုတ်မှာပေါ့ ဘုရား'

'သည်လိုဆို ပညတ်သိသူတိုင်း အသိဖောက်ပြန်သူတွေချည်းပေါ့'

'ဒါပေါ့ ဘုရား'

'သည်လိုဆိုတော့ ဖောက်ပြန်သူတွေက အားလုံးပဲ'

'ဘာဖြစ်လို့လဲ ဘုရား'

'ဘုရား၊အရိယာမကျန် လူတိုင်းပဲ ပညတ်သိနေကြလို့ပေါ့'

'အဲသည်လိုတော့ ဖြစ်နေတာပဲ ဘုရား'

'သည်လိုဖြစ်လို့ တော်ပါ့မလား'

'မိန့်ပါဦး ဘုရား'

'ဘုရား၊အရိယာနဲ့ လွန်ကျူးမှုမရှိကြသူတွေဟာ ဝိပ္ပလ္လာသလို့ ဆိုရတဲ့ ဖောက်ပြန်မှု မရှိသူတွေပဲ'

'ဟုတ်ပါ့ ဘုရား'

'လူမရှိမှပဲ ဖောက်ပြန်မှု ကင်းရမယ့်ပုံပဲ'

'ဖောက်ပြန်မယ့်သူ လူမရှိလို့ ဖောက်ပြန်မှုမရှိဖြစ်တယ်ဆိုတာတော့ စကားတောင် မဟုတ်တော့ပါဘူး ဘုရား'

'သည်လိုဆိုယင်...'

'အမိန့်ရှိပါ ဘုရား'

'ပညတ်သိဟာ အရှိအဟုတ် မဟုတ်တဲ့အသိလို့ ပြောတာလည်း သိပြီးပြောတဲ့စကား မဟုတ်တာထဲ ပါမသွားပေဘူးလား'

'ဟုတ်ပါတယ် ဘုရား'

'တကယ်တော့ အများအားဖြင့် လူတွေသိကြတာတွေဟာ အရှိတွေကို သိကြတာတွေပါ၊ ခြွင်းချက်တော့ ရှိတာပေါ့'

'အမိန့်ရှိပါ ဘုရား'

'အာရုံခံအင်္ဂါက ဖောက်ပြန်သွားသူတချို့ရဲ့ အသိတွေလောက်ပဲ အရှိမဟုတ်တဲ့ ဖောက်ပြန်တဲ့အသိတွေ ဖြစ်ကြတာပါ။ ဒါ ခြွင်းချက်ပဲ'

## ၁၁။ ဒုက္ခတရားဆိုတာ လူတွေလား၊ အနတ္တလား

'ဖောက်ပြန်တဲ့ အာရုံခံအင်္ဂါက မွေးရာပါပစ္စည်းလား ဘုရား'

'ဘယ်ဟုတ်ပါ့မလဲ'

'ရောဂါကြောင့် ဖြစ်တာလား ဘုရား'

'မဟုတ်ပါဘူး'

'ဘယ်လိုကြောင့် အာရုံခံအင်္ဂါက ဖောက်ပြန်ရတာလဲ ဘုရား'

'မှားပြတာတွေ ကြည့်ရ၊ မှားပြောတာတွေ နားထောင်ရ၊ မှားတွေ့တာတွေ တွေ့ရ၊ ဒါတွေအမှန်တွေလို့သိပြီး တုံ့ပြန်ရာကနေ ဖောက်ပြန်တဲ့အာရုံခံအင်္ဂါ ဖြစ်တာပဲ'

'ဖောက်ပြန်တဲ့ အာရုံခံအင်္ဂါနဲ့ အာရုံတွေကိုယူတော့ အဲသည် အာရုံတွေက အမှန်တွေ ဖြစ်ပါ့မလား ဘုရား'

'ဘယ်ကလာပေါ့'

'သည်လိုဆိုတော့ သည်သူ ဒုက္ခပေါ့ ဘုရား'

'ဘာက ဒုက္ခလဲ'

'မမှန်တာတွေကပေါ့ ဘုရား'

'မမှန်တာယူတဲ့ အာရုံခံအင်္ဂါကကော လူ့အရှိ အာရုံခံအင်္ဂါ လား၊ မမှန်တာလား'

'ဒါလည်း မမှန်ဘူးပေါ့ ဘုရား'

'ဒါကကော ဒုက္ခမဟုတ်ဘူးလား'

'ဟုတ်တာပေါ့ ဘုရား'

'အဲသည်ဒုက္ခတရားတွေဟာ လူတွေလား၊ လူပေါ်တက်နေတဲ့ မမှန်တာတွေလား'

'လူမဟုတ်ပါဘူး၊ လူပေါ်တက်နေတာတွေပါ ဘုရား'

'အနတ္တ-ဆိုတာရဲ့အဓိပ္ပါယ်ဟာ ဒါပဲလို့ ဘုရားဟောတာ'

'လူအစိတ်အပိုင်းရှုပြီး အနတ္တဖြစ်အောင်လုပ်လို့ မရဘူးဆိုတာ နားလည်ရပါပြီ ဘုရား'

'လူ့အစိတ်အပိုင်းကို လူမဟုတ်အောင်ရှုယင် လူမဟုတ်တာတော့ ဖြစ်မလာဘဲ ဘာမှမရှိတာပဲ ဖြစ်မယ်'

'လူနဲ့ လူ့အစိတ်အပိုင်းတွေကို လူမဟုတ်အောင် တရားရှုရတယ် ထင်ကြတာ မှားပါတယ် ဘုရား'

## ၁၂။ ပေါ်တာရှုဆိုရင် ဘုရားပွင့်ဖို့တောင် မလို

'တရားရှုတာဟာ သည်လို လွယ်လွယ်ဖမ်းရှုရမှာ မဟုတ်ဘူးပဲ'

'ပေါ်တာရှုရမှာပဲ မဟုတ်ဘူးလား ဘုရား'

'အဲဒါ ခက်တာပဲ'

'ဘယ်လိုလဲ ဘုရား'

'ပေါ်တာရှုလို့ တရားရယင် ဘုရားပွင့်ဖို့တောင် မလိုသလို ဖြစ်မှာပေါ့'

'ဘယ်လို ဆိုင်လို့လဲ ဘုရား'

'ဘုရားဆိုတာက အရိယသစ္စာကို ဖော်ထုတ်နိုင်သူပဲ'

'ဟုတ်ပါတယ် ဘုရား'

'ဘုရားချဉ်းကပ်တာက အရိယသစ္စာတရား သိရဖို့ မဟုတ်ဘူးလား'

'ဟုတ်တာပေါ့ ဘုရား'

'အရိယသစ္စာတရားက ဘာအတွက်သိရတာလဲ'

'တရားရဖို့ပေါ့ ဘုရား'

'ပေါ်တာရှုလို့ တရားရယင် အရိယသစ္စာအသိဟာ ဘာအသုံးကျသေးလို့လဲ'

'သည်လိုတော့ ပြောစရာဖြစ်ပြီပေါ့ ဘုရား'

'ဘာအတွက် အရိယသစ္စာသိဖို့ လိုတာလဲ'

'အမိန့်ရှိပါဦး ဘုရား'

'တရားရှုစရာဟာ ဘာဖြစ်တယ်ဆိုတာ သိဖို့ပေါ့'

'တရားရှုစရာက သည်လောက် အသိခက်လို့လား ဘုရား'

'သည့်ထက်တောင် ခက်သေးတယ် ပြောသင့်တယ်'

'ဘာ့ကြောင့်လဲ ဘုရား'

'အရိယသစ္စာမပေါ်ယင် ဘယ်သူမှ ရှုစရာအမှန်ကို ရှုနိုင်သူမရှိသလောက် ဖြစ်လို့ပဲ'

'တရားရှုစရာက အဲသည်လောက် အသိခက်လို့လား ဘုရား'

'ပြောခဲ့တဲ့အတိုင်းပဲ'

## ၁၃။ အပြစ်ရှိတာကိုပဲ ရှုရမယ်

'တပည့်တော်တို့ အခုခေတ်သာသနာမှာဖြင့် သည်လိုမဟုတ်ပေါင်ပါ ဘုရား'

'ဘယ်လိုလဲ'

'တရားလိုချင်စိတ်ရှိသူဟာ ကိုယ့်ဟာကိုယ်ဖြစ်ဖြစ်၊ စာဖတ်ပြီးဖြစ်ဖြစ်၊ တရားစခန်းဝင်ပြီးဖြစ်ဖြစ် ရှုလိုက်တာပါပဲ'

'သူတို့ ဘာကိုရှုကြတာလဲ'

'အသက်ရှူတာရှိုက်တာတို့၊ ခံစားတာတို့၊ စိတ်ကူးတာတို့ အစစတွေကိုပေါ့ ဘုရား'

'အဲဒါတွေက ဘာအပြစ်တွေ ရှိလို့လဲ'

'အပြစ်ရှိတာမှ ရှုရမှာလား ဘုရား'

'ဒါပေါ့'

'ဘာဖြစ်လို့ အပြစ်ရှိတာမှ ရှုရတာလဲ ဘုရား'

'အပြစ်ရှိတာရှုမှ အပြစ်သိမှာ မဟုတ်လား'

'အပြစ်သိတော့ ဘာလုပ်ဖို့လဲ ဘုရား'

'အပြစ်ကိုငြီးငွေ့ပြီး အပြစ်ငြိမ်းတာဖြစ်ဖို့ပေါ့'

'အသက်ရှူရှိုက် အစစတွေမှာလည်း အပြစ်ရှိမှာပါ ဘုရား'

'ဘယ်လိုအပြစ်တွေ ရှိတာလဲ'

'အဖြစ်အပျက်တွေဟာ အပြစ်တွေပေါ့ ဘုရား'

'ရှူရှိုက်အစရှိတာတွေရဲ့ အဖြစ်အပျက်က ဘယ်လိုအပြစ်တွေ ဖြစ်ကြတာလဲ'

'ရှုရိုက်အဖြစ်အပျက်တွေ မစဲအောင်ဖြစ်နေတဲ့အပြစ် ဖြစ်မှာပါ ဘုရား'

'အဲဒါ အပြစ်ထင်ယင် အဲသည်အပြစ်သိတော့ ဘာဖြစ်မှာလဲ'

'သိတော့ ငြီးငွေ့ပြီး မဖြစ်ရာရောက်မှာပေါ့ ဘုရား'

'မဖြစ်ရာရောက်သွားယင် အသက်ရှုရိုက်မရှိတော့ဘူး ဖြစ်မှာပေါ့'

'ဒါပေါ့ ဘုရား'

'အဲဒါ ကောင်းသလား'

'အဲဒါ နိဗ္ဗာန်မဟုတ်ဘူးလား ဘုရား'

'အဲဒါ နိဗ္ဗာန်ဆိုယင် နိဗ္ဗာန်ရဖို့က လွယ်သလိုပဲ'

'ဘယ်လိုလဲ ဘုရား'

'သေလိုက်ယင် ရမှာပဲ မဟုတ်လား'

'သေယင် နောင်ဘဝ ဆက်ဖြစ်နေဦးမှာပေါ့ ဘုရား'

'အသက်ရှုရိုက်ရဲ့ အဖြစ်အပျက်ရှုပြီး ငြီးငွေ့ကာ အဖြစ်အပျက် ငြိမ်းယင်တော့ နောင်ဘဝမကူးတော့ဘူးလား'

'နိဗ္ဗာန်ရောက်ပြီဖြစ်လို့ မကူးတော့ဘူးပေါ့ ဘုရား'

'ဟုတ်ပြီ'

'မကောင်းဘူးလား ဘုရား'

'ဘယ်လိုကောင်းမှာလဲ'

'ဘာဖြစ်လို့လဲ ဘုရား'

'မဖြစ်မပျက်တာကို ကြိုက်နေလို့ပဲ'
'သည်တော့ ဘာဖြစ်လို့လဲ ဘုရား'
'ဥစ္ဆေဒမိစ္ဆာပေါ့'
'သည်လိုမဖြစ်အောင် ဖြစ်ပျက်တာ ကြိုက်ရမှာလားဘုရား'
'မဟုတ်ပါဘူး'

## ၁၄။ သဘာဝကိုဆန့်ကျင်တာ ဒုက္ခပဲ

'ဘယ်လိုလဲ ဘုရား'

'မဖြစ်မပျက်တာ မကြိုက်တာနဲ့ ဖြစ်ပျက်တာ ကြိုက်ရမှာမို့လား'

'သည်လိုဖြစ်မှာ မဟုတ်ဘူးလား ဘုရား'

'အသက်ရှုရှိုက် အစစတွေက သဘာဝရဲ့ အဖြစ်အပျက်တွေပဲ'

'ဟုတ်ပါတယ် ဘုရား'

'ဒါကို ကြိုက်-မကြိုက်လုပ်ယင် ဒုက္ခဖြစ်မှာပေါ့'

'ဘာဖြစ်လို့ ဒုက္ခဖြစ်မှာလဲ ဘုရား'

'ကြိုက်-မကြိုက်ကြောင့် အဲသည်သဘာဝက အပိုအလို မပြောင်းလဲမှာမို့ပေါ့'

'မပြောင်းလဲတော့ ဘယ်လို ဒုက္ခဖြစ်မှာလဲ ဘုရား

'ကြိုက်-မကြိုက်အစွဲ အဝင်ခံရတာ ဖြစ်လို့ပေါ့'

'အဲဒါ အစွဲလား ဘုရား'

'ဟုတ်တယ်'

'ဘယ်လိုအစွဲလဲ ဘုရား'

'သဿတမိစ္ဆာနဲ့ ဥစ္ဆေဒမိစ္ဆာအစွဲပဲ'

'သည်အစွဲက ဘာဖြစ်လို့ ဒုက္ခရောက်စေတာလဲ ဘုရား'

'သဘာဝကို မဖြစ်အောင်နဲ့ ပိုဖြစ်အောင်လုပ်ရလို့ပဲ'

'အဲဒါ ဒုက္ခလား ဘုရား'

'ဟုတ်တယ်'

'ဘယ်လို ဒုက္ခဖြစ်တာလဲ ဘုရား'

'သဘာဝကို မဖြစ်အောင်နဲ့ပိုဖြစ်အောင် လုပ်လို့မရတာကို လုပ်ရလို့ ဒုက္ခဖြစ်တာပဲ'

'ဒုက္ခငြိမ်းအောင်လုပ်တာကလည်း ဒုက္ခဖြစ်တာပဲလား ဘုရား'

'မသိဘဲလုပ်တော့ ဒုက္ခပဲပေါ့'

'ဘာမသိဘဲ လုပ်လို့လဲ ဘုရား'

'အရိယသစ္စာပေါ့'

'ကိုယ့်ဟာကိုယ်လုပ်တယ် ဆိုတာတော့ ထားပါတော့ ဘုရား'

'ဟုတ်ပြီ'

'စာဖတ်ပြီးအားထုတ်တာနဲ့ စခန်းတွေမှာ အားထုတ်တာတွေ လည်း ဘုရား....'

'ဘာဖြစ်သလဲ'

'အရိယသစ္စာကျတွေ့ပဲဖြစ်မယ် မဟုတ်ဘူးလားဘုရား'

'ထင်နိုင်ပါတယ်'

'မဟုတ်လို့လား ဘုရား'

'ထင်ရုံနဲ့ပြီးတာမှ မဟုတ်တာဘဲ'

'ဘာလိုလို့လဲ ဘုရား'

'အရိယသစ္စာကျ ညွှန်ပြတယ်ထင်ယင် အဲသည်ထင်သူတွေက အရိယသစ္စာ သိကြလို့လား'

'သိမှာပါဘုရား'

## ၁၅။ ရှုရှိုက်ဖြစ်ပျက်ဆုံးတာ နိဗ္ဗာန်မဟုတ်

'သူတို့သိတာ ပြောပြပါလား'

'ရှုရှိုက်ဖြစ်ပျက်က ဒုက္ခသစ္စာ၊ ရှုရှိုက်ဖြစ်ပျက်ကို လိုလားတာက သမုဒယသစ္စာ၊ အဲဒါတွေကိုသိတာက မဂ္ဂသစ္စာ၊ အဲဒါတွေသိလို့ မလိုမလားဖြစ်ပြီး အဲဒါတွေငြိမ်းတာက နိရောဓသစ္စာပေါ့ ဘုရား'

'ရှုရှိုက်ဖြစ်ပျက်ရှုတော့ ရှုရှိုက်ဖြစ်ပျက်မြင်ပြီး ရှုရှိုက်ဖြစ်ပျက် မုန်းခါ ရှုရှိုက်ဖြစ်ပျက်ဆုံးတယ်ဆိုတဲ့ အချက်လေးချက်ပေါ့'

'ဟုတ်ပါ့ ဘုရား'

'ရှုသူက ဆုံးရမှာပေါ့နော်'

'ဟုတ်တာပေါ့ ဘုရား'

'ဆုံးကောဆုံးကြရဲ့လား'

'ဆုံးရမှာပေါ့ ဘုရား'

'ဆုံးယင် ဆုံးသူမှာ ရှုရှိုက်ဖြစ်ပျက် မရှိရမှာနော်'

'အဲသည်လိုတော့ မဖြစ်ဘူးထင်ပါတယ် ဘုရား'

'ဘယ်လိုလဲ....'

'ဆုံးတယ်ဆိုတာ မရှိသွားတာမဟုတ်ဘဲ ဆုံးတာကိုမြင်တာပဲ ဖြစ်မလားလို့ပါ ဘုရား'

'ဆုံးတယ်ဆိုတာ ဆုံးတာကိုသိတာလောက်ရဲ့နာမည်လို့ ဆိုလိုတာလား'

'အဲသည်လိုလားလို့ပါ ဘုရား'

'ဟုတ်ပြီ'

'ဒါတွေ ဟုတ်တယ်မဟုတ်လား ဘုရား'

'ဟုတ်တော့ ဘယ်ဟုတ်မလဲပေါ့'

'ဒါတွေက ဘယ်လိုမဟုတ်တာလဲ ဘုရား'

'ရှုရှိုက်ဖြစ်ပျက်ဆုံးတယ် ဆိုတာကို နိရောဓအရိယသစ္စာလို့ ပြောမှာနော်'

'ဟုတ်ပါတယ် ဘုရား'

'နိရောဓအရိယသစ္စာမှာ ဘာကိစ္စရှိပါလိမ့်'

'သစ္ဆိကာတဗ္ဗကိစ္စပေါ့ ဘုရား'

'သည်ကိစ္စဟာ သိဖို့လို့-အဓိပ္ပါယ်ရသလား၊ ဆိုက်ဖို့လို့-အဓိပ္ပါယ်ရသလား'

'ဆိုက်ဖို့လို့ ရပါတယ်ဘုရား'

'ဆိုက်တယ်ဆိုတာ ရှုရှိုက်ဖြစ်ပျက်ငြိမ်းတာကို သိတာလား၊ ရှုရှိုက်ဖြစ်ပျက်ငြိမ်းတာကို ရောက်တာလား'

'ဆိုက်တယ်ဆိုတာ သိတာလောက်တော့ မဟုတ်ရဘူးပေါ့ဘုရား'

'ဒါပေါ့'

'ဆိုက်တယ်ဆိုတာ ရှုရှိုက်ဖြစ်ပျက်ငြိမ်းရာရောက်တယ်ဆိုယင် သေမှာပဲ ဘုရား'

'ဟုတ်တာပေါ့'

'ဖြစ်ပျက်ရှုသူဟာ မသေတော့၊ နိရောဓအရိယသစ္စာ မဖြစ်ဘူး ပြောရမှာပေါ့ ဘုရား'

'ဒါပေါ့'

'ဘာဖြစ်လို့ နိရောဓအရိယသစ္စာ မဖြစ်တာလဲ ဘုရား'

'သမုဒယအရိယသစ္စာတွေ ဖြစ်နေတာ မပယ်နိုင်လို့ပေါ့'

'သမုဒယက ဘယ်လိုဖြစ်လို့လဲ ဘုရား'

'မပယ်လို့ပေါ့'

'သမုဒယကို ပယ်ပါတယ်ဘုရား'

'ဘယ်လိုပယ်လို့လဲ'

'ရှုရှိုက်ဖြစ်ပျက် ဖြစ်ချင်တာ ပယ်တာပဲဘုရား'

'ဖြစ်ချင်တာသာ ပယ်တာပဲ'

'အဲဒါ သမုဒယမဟုတ်ဘူးလား ဘုရား'

'အဲဒါလောက်ပဲ သမုဒယရှိတာမှ မဟုတ်တာပဲ'

'ဘာရှိသေးလို့လဲ ဘုရား'

'ရှုရှိုက်ဖြစ်ပျက် မဖြစ်ချင်တာလဲ သမုဒယပဲ'

'အဲဒါက ဘာသမုဒယလဲ ဘုရား'

'ဥစ္ဆေဒမိစ္ဆာဒိဋ္ဌိရှိတဲ့ တဏှာသမုဒယပေါ့'

'ဟုတ်ပြီဘုရား'

'ဘာဟုတ်တာလဲ'

'သမုဒယပယ်တာ မဟုတ်ဘဲ၊ သမုဒယပုခုံးပြောင်းတာကို သမုဒယပယ်တယ် မှတ်သိလို့ပေါ့ ဘုရား'

'ဘယ်လို ပုခုံးပြောင်းတာလဲ'

'သဿတမိစ္ဆာဒိဋ္ဌိရှိတဲ့ သမုဒယကနေပြီး ဥစ္ဆေဒမိစ္ဆာဒိဋ္ဌိရှိတဲ့ တဏှာသမုဒယကို ပြောင်းတာပေါ့ဘုရား'

'အစစ်ပဲ'

## ၁၆။ သမုဒယမပယ်နိုင်တာဟာ ဒုက္ခကို တကယ်မသိလို့

'သမုဒယကို ဘာဖြစ်လို့ မပယ်နိုင်ရတာလဲ ဘုရား'

'ဒုက္ခမသိလို့ပေါ့'

'ရှုရှိုက်ဖြစ်ပျက်ဟာ ဒုက္ခပဲမဟုတ်ဘူးလား ဘုရား'

'ဒါပြောပြီးပြီပဲ'

'အဲဒါသိတာကို သမ္မာဒိဋ္ဌိအစရှိတဲ့ မဂ္ဂင်တွေထင်တာလည်း မှားပြီပေါ့ ဘုရား'

'အရိယသစ္စာအဖြစ် အပြခံရတာတွေဟာ အရိယသစ္စာတွေ မဟုတ်ကြတာ ထင်ရှားပြီလား'

'မဟုတ်တာတော့ ထင်ရှားပါပြီဘုရား'

'ဟုတ်ပြီပေါ့'

'မဟုတ်သေးပါဘူးဘုရား'

'ဘာဖြစ်လို့လဲ'

'အလုပ်တွေပျောက်ကုန်တာတွေ ဖြစ်ရပြီပေါ့ ဘုရား'

'နမျောလို့လား'

'ပျောက်တာကို မနမျောပါဘူးဘုရား'

'ပြီးတာပဲ မဟုတ်လား'

'ဘယ်ပြီးမှာလဲ ဘုရား'

'ဘာလို့လဲ ....'

'မှန်ကန်တဲ့လုပ်စရာ လုပ်ဖို့လိုတာပေါ့ ဘုရား'

'ဟုတ်တာပေါ့'

'အဲဒါလည်း လုပ်ပါဦးဘုရား'

'တရား မှန်မှန်ကန်ကန်လုပ်ချင်ယင် ကိုယ့်ဟာကိုယ် ရှောက်လုပ်လို့ မရဘူး'

'ဒါတော့ သိရပြီးပါပြီ ဘုရား'

'ပြီးတော့လည်း ရှိသေးတယ်'

'အမိန့်ရှိပါဦး ဘုရား'

'တရားပဲနာနာ၊ တရားစာပဲဖတ်ဖတ်၊ ဟောပြောရေးချွတ်ထားတဲ့စကားလုံးမှာ ဆုံးမနေအောင် နာတာ၊ဖတ်တာဖြစ်ဖို့ ကြိုးစားရမယ်'

'ဘယ်လို စကားလုံးမှာမဆုံးအောင်လဲ ဘုရား'

'စာနဲ့စကားက သယ်ဆောင်ထားတဲ့အနက် မြင်ရမှာပေါ့'

'စာပဲဖတ်ဖတ်၊ စကားပဲနာနာ စာနဲ့စကားနက်တော့ မြင်ပြီး သားပဲ မဟုတ်ဘူးလား ဘုရား'

'ထင်တာပါပဲ'

'မမှန်ဘူးလား ဘုရား'

'ဟုတ်တယ်'

'ဘယ်စကားနဲ့ ဘယ်စာတွေမှာ အနက်မထင်ဘူးပြောစရာ ရှိလို့လဲ ဘုရား'

'ဘာသာရေးဆိုင်ရာစကားနဲ့ စာတိုင်းလိုလိုမှာပဲပေါ့'

'မဟုတ်နိုင်တာပဲ ဘုရား'

'စစ်ကြည့်လေ'

'ဘာကို စပြီး စစ်ရမှာလဲ ဘုရား'

'အစဆုံး ဘာသာရေးစကားလုံးတွေ စစစ်ပေါ့'

'သြကာသဟာ အစဆုံးပါပဲ ဘုရား'

'အဲဒါ အနက်ကို ဘာလို့-သိသလဲ'

'ပါဠိစကားကြီးပဲ ဘုရား'

'ဘာစကားဖြစ်ဖြစ်ပဲ'

'ရှေ့ပြောပါဦး ဘုရား'

'ကာယကံ၊ဝစီကံ၊မနောကံဆိုတာ ဘာတွေကိုရမလဲ'

'သိတော့ သိပြီးသားလိုလိုပဲ ဘုရား'

'ပြစ်မှားမိသောအပြစ်တို့-ဆိုတာ ဘာတဲ့လဲ'

'နက်နက်နဲနဲတော့ မသိဘူးပေါ့ ဘုရား'

'နက်တာတိမ်တာထားပြီး ရှိတာအတိုင်း သိဖို့ပါပဲ'

'ဟုတ်ပါ့ဘုရား'

'ဘုရားတွေ တရားတွေ သံဃာတွေ ကန်တော့တယ်ဆိုတာ ဘာတွေလဲ'

'အကုန်လုံး-အကုန်လုံးကိုပဲ မသိတာလား ဘုရား'

'အဟံ ဘန္တေ တိသရဏေန သဟ....သွားဦးမလား'

'အဲဒါက ပါဠိတွေပဲ ဘုရား'

'မတတ်ယင် မပြောဘဲနေပါ့လား'

'ဒါတော့ ဘုရား....'

'ယမဟံ ဝဒါမိ တံဝဒေထ....လို့ သီလပေးသူကဆိုတော့ သိသလိုလိုနဲ့ ပြန်ပြီးတော့တောင် ပြောသေးတယ်'

'ဘာပြောလို့လဲ ဘုရား'

'အာမ ဘန္တေ-တဲ့လေ'

'သင်ထားတဲ့ထုံးစံ ရွတ်တာပေါ့ ဘုရား'

'ကြက်တူရွေး လူစကားပြောတာနဲ့ မတူဘူးလား'

'သည်လောက်တော့ မဟုတ်ဘူးထင်ပါတယ် ဘုရား'

'ကိုယ်ပြောတဲ့စကားကို မသိဘဲ အချက်ကျကျပြောနိုင်တာချင်းမှာ တထပ်ထည်း ဖြစ်မနေဘူးလား'

'ဒါတွေက ဘာသာတရား သင်ဦးစကဟာတွေမို့များလား ဘုရား'

'အစမကောင်းတော့ အနှောင်းမသေချာဆိုတာ မြန်မာစကားမှာ စကားရှိတာ သိမှာပါ'

'သိပါတယ် ဘုရား'

'သည်စကားအရ နောက်နှောင်းဆိုယင် သည့်ထက်ဆိုးပြီပေါ့'

'အနှောင်းမှာ မသေချာတဲ့ပုံစံ ထုတ်လို့ရမလား ဘုရား'

'မကုန်နိုင်အောင်ပေါ့'

'နည်းနည်း ထုတ်ပါဦး ဘုရား'

'သံသရာတို့၊ အာသဝတို့၊ နိဗ္ဗာန်တို့၊ မင်္ဂဖိုလ်တို့ အားလုံးပါပဲ။ ဒါတွေဟာ စကားလုံးထက်ကျော်ပြီး စကားနက်သိတဲ့အဖြစ် မရောက်ကြဘူး'

'သည် ဘာသာမွေစကားနဲ့စာတွေမှာ စကားလုံးမှာပဲ ဆုံးနေကြတာလား ဘုရား'

'အဲသည်လိုဖြစ်သူတွေကိုခေါ်တဲ့ စကားလုံးရှိပြီးသားပဲ'

'ဘယ်လိုလဲ ဘုရား'

'အားနားစရာကောင်းတာ ပြောရမလိုရှိတယ်'

'မိန့်ပါဦးဘုရား'

'ပဒ ပရမ-ဆိုတာ ကြားဖူးမလားပဲ'

'ဗမာပြည်မှာ စာတတ်ပေတတ် အကျော်အမော် စာသင်တိုက်ကြီးရဲ့ဆရာတော်တပါး အမိန့်ရှိတဲ့စကားထဲပါလို့ ကြားဖူးပါတယ် ဘုရား'

'ဘယ်လိုပြောတာပါလိမ့်'

'ဆိုးဆိုးရွားရွားအဓိပ္ပါယ် မပေါ်ပါဘူး ဘုရား'

'ဟုတ်လား...'

'ဦးဇင်းတို့...ပဒပရမဖြစ်အောင် အားထုတ်ကြ။ ဒါမှ သေယင် နတ်ပြည်ဖြစ်မယ်-လို့ပဲ'

'ကြားရတာ သဲပါတဲ့အစာ စားရသလိုပဲ'

'ဘယ်လိုလဲ ဘုရား'

'သာသနာနဲ့စပ်တာ ကြားရတာမဟုတ်လို့ လို့ပဲ ပြောပါရစေတော့'

'ကြက်တူရွေးဟာ လူစကားပြောတတ်ပေမယ့် သူပြောတဲ့စကားရဲ့အနက် မသိတော့ စကားလုံးမှာဆုံးနေတာ ဖြစ်ပြီး အကျိုးမရသလိုပါပဲလား ဘုရား'

'ဒါပဲ'

'အရိယာတွေဆီက အရိယဖြစ်ကြောင်းတရား ကြားရတဲ့အခါ အရိယစကားရဲ့ စကားနက်သိဖို့ကတော့ မလွဲမသွေလိုမှာ ထင်ရှားပါပြီ ဘုရား'

'ဒါကြောင့် တရားလိုချင်ရုံနဲ့ အားမထုတ်လိုက်နဲ့ ပြောရတာပေါ့'

'အရိယတရားတွေ နာကြားဖတ်ရှုလို့ သိရတဲ့ စကားနက်တွေကို နားလည်အောင် အားထုတ်ရမယ်ပေါ့ ဘုရား'

'ဟုတ်တယ်'

'နားမလည်ပေမယ့် နားလည်ပြီထင်နေယင်ကော ဘုရား'

'အဲသည်လိုတွေ ဖြစ်နေကြတာပေါ့'

## ၁၈။ စကားနက်မှန်ဆိုတာ ကိုယ်တိုင်သိနဲ့ လောကအမှန် မလွန်ရဘူး

'အဲသည်လိုဖြစ်တော့ ဘယ်လိုလုပ်ရမလဲ ဘုရား'

**'ကိုယ်နားလည်တဲ့ စကားနက်ဟာ ကိုယ်တိုင်သိနဲ့ လောကအမှန် သည်နှစ်တန်ကို မလွန်ဘဲရှိရဲ့လား ဆင်ခြင်ဖို့လိုတယ်'**

'အဲဒါ နည်းနည်း ပြန်ပြောပါဦး ဘုရား'

'ကိုယ်နားလည်ထားတဲ့ စကားနက်ဟာ ကိုယ်တိုင်သိနိုင်တဲ့ အနက် ဟုတ်ရဲ့လားနဲ့ ဟုတ်ပြီ-ဆိုသော်မှ အဲသည်စကားနက်ကို လူတိုင်းက အမှန်-လို့ လက်ခံနိုင်တာဟုတ်ရဲ့လား ဆင်ခြင်ဖို့ပါ'

'ရှေးကမရှိတဲ့ စကားနက်ဆိုယင် လူတိုင်းလက်ခံနိုင်ကြပါ့ မလား ဘုရား'

'စကားဆိုတာ စကားနက်ရဲ့ အမှတ်အသားပဲ'

'ဟုတ်ပါတယ် ဘုရား'

'အဲသည်စကားနက်ကို ပြလိုက်ယင် အဲသည်အနက်ရဲ့ အခေါ်စကားဟာ သည်လိုဆိုတာ သိကြရမှာပေါ့'

'သိသူကပဲ လက်ခံမှာပေါ့ ဘုရား'

'မသိသူကလည်း ဒါကို ဘယ်လိုငြင်းဆန်မလဲ'

'မငြင်းဆန်တာ လက်ခံတယ် ပြောနိုင်ပါတယ် ဘုရား'

'ကမ္ဘာလုံးကြီး-ဆိုတဲ့ စကားဟာ ရှေးကမရှိခဲ့တဲ့ စကားပဲ'

'ဟုတ်ပါတယ် ဘုရား'

'လေယာဉ်ပျံ-ဆိုတာ ရှေးကမရှိခဲ့တဲ့ စကားနက်ပဲ'

'ဟုတ်ပါတယ် ဘုရား'

'ဒါတွေကို ဘယ်သူက ငြင်းချက်ထုတ်နိုင်ကြသလဲ'

'လက်ခံကြတာချည်းပါပဲ ဘုရား'

'စကားနက်ဟာ လူတိုင်းလက်ခံရမှာပေါ့'

'အခုတော့ ကိုယ်သိတဲ့စကားနက်ဟာ ကိုယ်နဲ့ကိုယ့်အသိုင်းအဝိုင်းလူလောက် လက်ခံတာ ဖြစ်နေမလား ဘုရား'

'ကိုယ်က ဗုဒ္ဓဘာသာဖြစ်ယင် ဗုဒ္ဓဘာသာအားလုံးကပဲ လက်ခံတဲ့စကားဟာ လူတိုင်းလက်ခံတဲ့စကား မဟုတ်ဘူး'

'ခရစ်ယာန်၊မူဆလင်၊ဟိန္ဒူနဲ့ ဘာသာမဲ့တွေလည်း ကိုယ့်အသိုင်းအဝိုင်းတွေကသာ လက်ခံပြီး ကျန်တဲ့အသိုင်းအဝိုင်းက လက်မခံနိုင်တဲ့ စကားဆိုယင် အဲဒါ စကားနက်အမှန်မဟုတ်ဘူးလား ဘုရား'

'ဒါပေါ့'

### ၁၉။ စကားနက်နားမလည်တာဟာ သံသရာ့သစ်ငုတ် အလကား အဖြစ်ပဲ

'ကိုယ်သိတဲ့စကားနက်ကို သူတို့အသိုင်းအဝိုင်းက မသိလို့ လက်မခံတာဆိုယင်ကော ဘုရား'

'ဒါက လက်မခံတာ မဟုတ်ပါဘူး'

'ဘယ်လိုလဲ ဘုရား'

'မသိတာပါပဲ'

'လက်မခံတာကို ပီပီသိချင်ပါတယ် ဘုရား'

'ကိုယ်ပြောတာကို သူသိအောင်ရှင်းပြလို့ ဆိုလိုချက် သိသွားပြီးလျက် အဲသည် ဆိုလိုတဲ့အနက်ဖြစ်တဲ့ သူသိရတာကို လက်မခံတာဟာ လက်မခံတာပါပဲ'

'ပုံစံနည်းနည်း ထုတ်လို့ရမလား ဘုရား'

'ရပါတယ်'

'အဲဒါ နည်းနည်း ထုတ်ပါဦး ဘုရား'

'ဗုဒ္ဓဘာသာမှာ ရှေးကပြောခဲ့ကြတဲ့ နိဗ္ဗာန်-ဆိုတာ သေပြီး ဘာမှမဖြစ်တာ ဆိုပါတော့....'

'အဲဒါကို ခရစ်ယာန်တွေ မူဆလင်တွေက လက်မခံဘူးလား ဘုရား'

'ဒါပေါ့'

'ဘယ်လိုကြောင့်တဲ့လဲ ဘုရား'

'ဘာမှမဖြစ်ရတာဟာ သူတို့အသိမှာ အဆိုးဆုံးဖြစ်နေလို့ပေါ့'

'ဘယ်လိုလဲ ဘုရား'

'ခေါင်းကိုက်ပျောက်အောင် ခေါင်းဖြတ်ပစ်တာမျိုးပဲ-လို့ သူတို့ သိကြတယ်'

'ဟုတ်တာပဲ ဘုရား'

'နိဗ္ဗာန်ဆိုတဲ့ စကားလုံးရဲ့အနက်ဟာ လောကအမှန်ကို မလွန်ဆန်ဘဲ ရှိသေးရဲ့လား'

'ကိုယ်ကလက်ခံနိုင်ပေမဲ့ လူတွေကငြင်းဆန်ကြတာ ခံရမှာပဲ ဘုရား'

## ၂၀။ သင်္ကေတအမှတ်အသားတွေကို အသိလွဲရင်လည်း အလကား အဖြစ်ပဲ

'လောကရဲ့အငြင်းဆန်ခံရတဲ့ စကားနက်ဟာ တကယ့်စကားနက်လား? စိတ္တဇစကားနက်လား?'

'တကယ့်စကားနက် မဟုတ်ပါဘူး ဘုရား'

'တကယ့်စကားနက်မဟုတ်ယင် အဲသည်ကို လူဆိုက်လို့ရပါ့မလား'

'ဆိုက်တော့ နေကြတာပဲ ဘုရား'

'သည်လူတွေ လွတ်မြောက်နေကြရော့လား'

'ဘာက လွတ်မြောက်ရမှာလဲ ဘုရား'

'ဘဝတွေကပေါ့'

'ဘဝကို သူတို့ သိတောင်မသိလောက်ပါဘူး ဘုရား'

'သည်တော့ ဘာဖြစ်ကြသလဲ'

'အားလုံးကို အဓိပ္ပါယ်မဖော်တတ်တဲ့ အားလုံးကိုသိသူလို့ အထင်ရောက်သူတွေ ဖြစ်ကြပါတယ် ဘုရား'

'ပဏ္ဍိတမာနီ-ဆိုတာ လောကရဲ့အမိုက်သရိုက်ပဲ'

'သံသာရခါဏု ဖြစ်လို့လား ဘုရား'

'ဒါပေါ့'

'စကားလုံးမှာဆုံးတာဟာ သည်လောက် အပြစ်ကြီးတာလား ဘုရား'

'စကားနက်ကိုဖော်ဖို့ အမှတ်သင်္ကေတအဖြစ် စကားလုံးကို လုပ်ခဲ့တာပဲ။ ဒါဖော်မရဘဲ စကားလုံးပဲ ကိုးကွယ်လို့တော့ မြေပုံလွဲကြီး ကြည့်ပြီး လမ်းသွားသူလို လိုရာခရီးရောက်ဖို့နဲ့ ဝေးတော့တာပေါ့'

'တခြား အမှတ်သင်္ကေတတွေလည်း သည်လိုနေမှာပဲလား ဘုရား'

'တခြားသင်္ကေတက ဘာတွေလဲ'

'အထိမ်းအမှတ်သင်္ကေတတွေပေါ့ ဘုရား'

'ရုပ်တုတွေ၊ ကျောက်တိုင်တွေလား'

'ဒါတွေလည်း ပါတာပေါ့ ဘုရား'

'အတူပဲပေါ့၊ ဆိုလိုချက်မသိတော့ယင် အလကားပေါ့'

'ဓာတုတွေ၊ ဓမ္မတွေ၊ ဥဒ္ဒိသတွေနဲ့ ပရိဘောဂတွေ ဆိုယင်ကော ဘုရား'

'ဒါတွေရဲ့ရည်ရွယ်ချက်မှန် မဖော်နိုင်တော့ဘဲ ပြလိုချက်အနက်နဲ့လွဲယင် အလကားပဲပေါ့'

'စိန်တွေစီ၊ ရွှေတွေကွပ်၊ ကျောက်သံပတ္တမြားတွေနဲ့ မွမ်းမံကြတာ ဒါတွေရဲ့ပြလိုချက် သိလို့လား၊မသိဘဲလုပ်တာလား ဘုရား'

'ဒါတွေက စိန်ရွှေ ကျောက်သံပတ္တမြားနဲ့ ဘာမှဆိုင်တာမှ မဟုတ်တာပဲ'

'အဲဒါတွေက မြင့်မြတ်တော့ လောကမှာ မြတ်တာတွေနဲ့ မွမ်းမံရတယ် ဆိုယင်ကော ဘုရား'

'တခြားစီပဲ'

'ဘယ်လိုခြားတာလဲ ဘုရား'

'အဲဒါတွေရဲ့ မွှေ့လျော်ဖွယ်ဖြစ်လို့ မြတ်တာနဲ့၊ စိန်ရွှေရတနာတွေရဲ့ မွှေ့လျော်ဖွယ်ဖြစ်လို့ မြတ်တာက မွှေ့လျော်ခြင်းသာတူတာ မွှေ့လျော်ခြင်းက မတူကြတာပဲ'

'မွှေ့လျော်ပုံခြင်းက ဘယ်လိုမတူကြတာလဲ ဘုရား'

'တပ်စွန်းမှုနဲ့ ငြိမ်းအေးမှုဆိုတော့ အထက်အောက်ဖြစ်အောင် မတူတာပဲ'

'ဒါတွေကို ဆွမ်း၊ပန်း၊ရေချမ်းတွေနဲ့ ပူဇော်တာကော ဘုရား'

'ပြလိုချက်အနက်နဲ့ လွဲသိပြီးလုပ်ယင်တော့ အလကား ဖြစ်မှာချည်းပဲ'

'လောကမှာ သင်္ကေတတွေရဲ့ပြဆိုလိုချက် အနက်သိဖို့ဟာ တကယ်လိုတာ ထင်ရှားရပါပြီ ဘုရား'

# အခန်း(၂)

# အရိယာဝါသာသနှာ

## အခန်း(၂)
## အရိယာ၏သာသနာ

### ၂၁။ အရိယာကွယ်တာ သာသနာကွယ်တာပဲ

'သည်နေ့သာသနာဟာ ထွန်းကားနေတယ်သာ ပြောရတယ် အရိယာအဖြစ် ပွင့်ပွင့်လင်းလင်း ဝန်ခံ၊ရပ်တည်သူ မရှိသလောက် ရှားတယ်'

'ရှိတယ်ဆိုယင် ပလ္လင်ပေါ်တင်ပြီး ကိုးကွယ်ကြဖို့ပဲ ဘုရား'

'အရိယာက အဲသည်လိုလုပ်ရမယ့်ဟာ မဟုတ်ဘူး'

'အရိယာကို ဘယ်လိုလုပ်ရမယ်တောင် မသိတော့ပါဘူး ဘုရား'

'အရိယာကွယ်တာ သာသနာကွယ်တာပဲ'

'သည်လိုတော့ ဟုတ်မယ်မထင်ပါဘူး ဘုရား'

'ဘယ်လိုထင်လို့လဲ'

'ဘုရားဟော ဓမ္မစာပေတွေနဲ့ အဲဒါတွေလိုက်စားနေကြတဲ့ ရဟန်းသံဃာတွေ ရှိနေတာပဲ မဟုတ်ဘူးလား ဘုရား'

'ဟုတ်ပါ့...ဟုတ်ပါ့...'

'အဲဒါတွေဟာ သာသနာတွေပဲ မဟုတ်ဘူးလား ဘုရား'

'အဲသည်လို ပြောချင်စရာပဲ'

'မဟုတ်လို့လား ဘုရား'

'သာသနာကို ဘုရားက ဘယ်လိုဟောခဲ့သလဲ'

'အမိန့်ရှိပါဦး ဘုရား'

'ဩဝါဒပါတိမောက်မှာလာတဲ့ သာသနာအဖွင့်ကို သိမှာပါ'

'*[၁] သဗ္ဗပါပဿ အကရဏံ၊........။လ။........ ဧတံ ဗုဒ္ဓါနသာသနံ၊ မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ စင်အောင်စိတ်ထားပါ၊ ဒါလား ဘုရား'

'အဲဒါ သာသနာရဲ့ အနက်ပြစကားပဲ'

'ဒါ ပရိယတ်သာသနာပဲ မဟုတ်လား ဘုရား'

'ပြောစရာပဲ'

'မကောင်းမှုရှောင်...စတာတွေ ကျင့်နေကြတာ ပဋိပတ္တိသာသနာပေါ့ ဘုရား'

'လုပ်ပါဦး'

'ကျင့်ပြီးသွားတာက ပဋိဝေဓသာသနာ မဟုတ်ဘူးလား ဘုရား'

'ကျင့်နေသူနဲ့ ကျင့်ပြီးသူက ရှိလို့လား'

---

*[၁]သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ။
သစိတ္တ ပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။

'ပြီးသူတော့ မကြားဖူးပါဘူး၊ ကျင့်နေသူတွေတော့ ရှိတာပေါ့ ဘုရား'

'ဟုတ်ရဲ့လား…'

'မကောင်းမှုအကုသိုလ်တွေ မလုပ်ကြဘဲ ကောင်းမှုကုသိုလ်ပွားနေသူတွေ အများအပြားပါပဲ ဘုရား'

## ၂၂။ ပါပဟာ အကုသိုလ်လို့ အရကောက်တာ မှန်ရဲ့လား စိစစ်သင့်

'မကောင်းမှုရှောင်သူဟာ ဘာတွေရှောင်တာလဲ'

'သတ်ခြင်း၊ခိုးခြင်း၊…အစစတွေပေါ့ ဘုရား'

'မကောင်းမှုက အဲဒါတွေပဲလား'

'ကုသိုလ်ကြီးယာမဟုတ်တဲ့ ပြုလုပ်မှုတွေပဲပေါ့ ဘုရား'

'ကုသိုလ်ပြုသူတွေဟာ ဒုက္ခမဖြစ်ဘူး၊ နိဗ္ဗာန်ဖြစ်တယ်လို့ ဘုရား ဟောသလား'

'ကုသိုလ်ဟာ နိဗ္ဗာန်ဖြစ်တယ်တော့ ဘယ်ဟောမှာလဲ ဘုရား'

'ဘယ်လိုဟောလဲ'

'ကောင်းရာသုဂတိဖြစ်တယ်ပဲ ဟောတာပေါ့ ဘုရား'

'အဲသည် ကောင်းရာသုဂတိက နိဗ္ဗာန်လား'

'နိဗ္ဗာန်မဟုတ်ပါဘူး ဘုရား'

'မဟုတ်ယင် ဘာလဲ'

'ဘုံသုံးပါးထဲကဆိုတော့ ဒုက္ခတော့ ဒုက္ခပေါ့ ဘုရား'

'အဲသည့်ကုသိုလ်ဟာ ဒုက္ခဟုတ်တယ်နော်'

'ဟုတ်ပါတယ် ဘုရား'

'ဒုက္ခဟာ ကောင်းသလား မကောင်းဘူးလား'

'ဘယ်ကောင်းပါ့မလဲပေါ့ ဘုရား'

'မကောင်းတာကို ကုသိုလ်ပြောမလား၊ အကုသိုလ်လို့ ပြောမလား'

'အကုသိုလ်လို့တော့ ပြောရမှာပေါ့ ဘုရား'

'အကုသိုလ်ဟာ ခိုးဆိုး၊သတ်ဖြတ်...စတာလောက်သိတာ မှန်ပါ့မလား'

'ဟုတ်ပါ့ ဘုရား'

'သည့်တော့...'

'အမိန့်ရှိပါ ဘုရား'

'ပါပ-ကို အကုသိုလ်လို့ သင်ကြားခံရတော့ သည် သင်ကြားခံရတာဟာ ပရိယတ္တိသာသနာ ဖြစ်ပါ့မလား'

'သည်လိုလွဲချော်သိတာ ပရိယတ္တိသာသနာ ပျက်တာလား ဘုရား'

'ဒါပေါ့'

'ဘာဖြစ်လို့လဲ ဘုရား'

'သည်လို လွဲချော်သင်ကြားခံရမှုက ပဋိပတ်မှန်ကျင့်လို့ ရပါ့မလား'

'ပဋိပတ်မဖြစ်စေနိုင်တဲ့ သင်ကြားခံရမှုဖြစ်လို့ ပရိယတ် မဖြစ်တာပေါ့ ဘုရားနော်'

'ဒါပဲ'

'လွဲချော်ကျင့်တာလည်း ပဋိပတ်မဟုတ်ဘူးပေါ့ ဘုရား'

'ဒါပေါ့'

'ကျင့်တော့ ကျင့်တာပဲ မဟုတ်ဘူးလား ဘုရား'

'မမှန်တာကျင့်တာကို ကျင့်တယ်မပြောရဘူး'

'ဘာဖြစ်လို့လဲ ဘုရား'

'မမှန်တဲ့အကျင့်က ဘာအမှန်အသိမှ မဖြစ်စေလို့ပဲ'

'အသိမှန်မရောက်စေတဲ့ အကျင့်ကို ပဋိပတ်လို့မခေါ်ရဘူး ပေါ့ ဘုရား'

'အမှန်ပဲ'

## ၂၃။ အရိယာကွယ်ရခြင်း အကြောင်းရင်း

'သည်လိုဆိုတော့ သာသနာကကွယ်နေပြီလား ဘုရား'

'သိခဲ့ရတဲ့အတိုင်းပဲပေါ့'

'အခုထွန်းတောက်နေတဲ့ သာသနာက သာသနာမဟုတ်ဘူး လား ဘုရား'

'မဟုတ်ဘူးပြောလို့တော့ ဘယ်ဖြစ်မလဲ'

'ဘယ်လိုကြောင့်လဲ ဘုရား'

'ဘုရားထားခဲ့တဲ့ စည်းကမ်းကို သူတို့စည်းကမ်းလို့ သိမ်း ပိုက်နေကြသေးလို့ပေါ့'

'သည်တော့ ဒါကို ဘယ်လိုခေါ်ရမလဲ ဘုရား'

'သဏ္ဍာန်ပဲ မပျက်ရှိတာ တွေ့နေရတယ်မဟုတ်လား'

'ဟုတ်ပါတယ်ဘုရား၊ ဒါနဲ့တော့ ဘာအသုံးကျမှာလဲ ဘုရား'

'အသုံးကျတယ်ထင်လို့ သုံးနေကြမှပဲ'

'သည်လိုဖြစ်ရတာရဲ့ အကြောင်းရင်းက ဘာလဲဘုရား'

'အရိယာကွယ်လို့ပဲ'

'ဘာဖြစ်လို့ အရိယာကွယ်တာလဲ ဘုရား'

'အရိယာတို့သိရမယ့် ပဋိဝေဓတရား မသိကြတော့လို့ပေါ့'

'ဘာ့ကြောင့် မသိတာလဲ ဘုရား'

'အရိယာတို့ကျင့်ရမယ့် ပဋိပတ်မကျင့်ဘဲ မကျင့်ပွားရမှာတွေ ကျင့်ပွားကြလို့ အရိယာအသိ မသိတာပဲ'

'မကျင့်ရမှာကျင့်ပြီး ကျင့်ရမှာကို ဘာ့ကြောင့်မကျင့်ကြတာလဲ ဘုရား'

'မကျင့်ရမှာကို ကျင့်စရာလို့မြင်အောင် အသင်ကြားခံရလို့ပဲ'

'အဲသည်လို သင်ကြားပေးသူက ဘာ့ကြောင့် အဲသည်လို သင်ကြားပေးရတာလဲ ဘုရား'

'အဲသည်သူက တရားမသိတဲ့အနရိယ ဖြစ်လို့ပေါ့'

'အနရိယဖြစ်ဦးတော့တောင်မှ သူသင်ကြားပေးမှာက ဘုရားရဲ့ သင်ကြားပေးချက်တွေကို မှတ်တမ်းပြုထားတဲ့စာတွေပဲ ဖြစ်မှာမဟုတ်ဘူးလား ဘုရား'

'ဟုတ်ပါတယ်'

## ၂၄။ အနရိယတွေဟာ အဘိဓာန်နဲ့သဒ္ဒါအသိပဲ ရှိတယ်

'သည်လိုဖြစ်လျက်နဲ့ ဘယ့်ကြောင့်လွဲရတာလဲ ဘုရား'

'စာတွေ စကားတွေဆိုတာ အမှတ်သင်္ကေတတွေလို့ သိခဲ့ပြီ မဟုတ်လား'

'သိခဲ့ပါပြီ ဘုရား'

'သည်သင်္ကေတဖြစ်တဲ့ စာတွေစကားတွေကို အနက်ဖော်သူတွေဟာ သင်္ကေတတွေထားပြီး ရေးသားဟောပြောသူနဲ့ အသိညီတဲ့သူတွေချည်း ဖြစ်မလား၊ မညီသူကလည်း မဖော်နိုင်ဘူးလား'

'အရိယာဖြစ်ဖို့ ပြောဆိုရေးသားချက်ကို အရိယာတွေလည်း အနက်ဖော်ကြသလို အနရိယတွေလည်း ဖော်ကြမှာပါပဲ ဘုရား'

'ပြောလိုရေးလိုချက်ကို နှစ်ဦးလုံး အတူပဲသိမလား၊ ကွဲပြား သိမလား'

'ကွဲသိနိုင်တာပေါ့ ဘုရား'

'ဘာ့ကြောင့်လဲ ...'

'အနက်ဖော်ပြတဲ့ပုဂ္ဂိုလ်ချင်း မတူကွဲပြား ခြားနားကြလို့ပါ ဘုရား'

'ဒါဆိုယင် အနရိယဖော်တဲ့ စကားနက်တွေဟာ အရိယာ မဖြစ်စေနိုင်တာ ထင်ရှားပြီပေါ့

'အနရိယတွေဟာ သူတို့လည်း အရိယမဖြစ်ဘဲနဲ့ ဘယ့်ကြောင့် အရိယဒေသနာတွေကို အနက်ဖွင့်ကြတာလဲ ဘုရား'

'အနရိယတွေက အရိယသာမဖြစ်တာပဲ၊ ဘာအသိဉာဏ်မှ မရှိတာ မဟုတ်ဘူး'

'သူတို့က ဘာအသိတွေရှိကြလို့လဲ ဘုရား'

'သဒ္ဒါကျမ်းအသိ၊ အဘိဓာန်ကျမ်းအသိ...အစစတွေ ရှိကြတယ်'

'အဲဒါတွေက ဘာတွေလဲ ဘုရား'

'စကားနဲ့စာတွေကပြောမယ့် သင်္ကေတဖြစ်တဲ့ အနက်တွေကို ဖော်ပြဖို့ လက်နက်ကိရိယာတွေပဲ'

'သည်တော့ ဘုရားဟောခဲ့တဲ့ စကားနဲ့စာတွေကို အနက်ဖော်တာကို သူတို့ လုပ်တတ်ကြမှာပေါ့ ဘုရား'

'အဲသည်လို သူတို့ကိုယ်သူတို့ ထင်ကြတယ်'

'အဲဒါ မမှန်ဘူးလား ဘုရား'

'မှန်သလောက်တော့ မှန်တာပေါ့'

'အလုံးစုံတော့ မမှန်ဘူး ဆိုလိုတာလား ဘုရား'

'ဟုတ်တာပေါ့'

'စာတို့စကားတို့ရဲ့ အနက်သိတဲ့ အဘိဓာန်အသိနဲ့ အဲသည်စာတွေ စကားတွေရဲ့ နေရာအလိုက်ဖြစ်ပွားတဲ့ သတ္တိတွေသိတဲ့ သဒ္ဒါအသိတွေ ရှိနေမှပဲ အဲသည်စာနဲ့စကားတွေရဲ့ သင်္ကေတဖြစ်တဲ့ အနက်တွေ သိမှာပဲ မဟုတ်ဘူးလား ဘုရား'

'အဲသည်လိုထင်နိုင်တာပဲ'

'မဟုတ်လို့လား ဘုရား'

'ဟုတ်တော့ ဘယ်ဟုတ်ပါ့မလဲ'

'မဟုတ်ပုံနားလည်အောင် မိန့်ပါဦးဘုရား'

'စကား၊စာတခုခုက သင်္ကေတအပြုခံရတဲ့ အနက်အဓိပ္ပါယ်ဟာ အဲသည် အဘိဓာန်တတ်၊သဒ္ဒါတတ်သူရဲ့ အသိထဲမှာ အသိမခံရဘူးဆိုယင် ဘယ်လိုလုပ်မလဲ'

## ၂၅။ အရိယာရဲ့ စာနဲ့စကားကို အရိယာပဲ အနက်သိမယ်

'အနက်အသိကို လူ့အသိနဲ့ သိပြီးသားရှိနေမှ စကားနဲ့စာက ဆောင်ထားတဲ့ သင်္ကေတရဲ့အနက်သိမယ် ဆိုလိုတာပေါ့ ဘုရား'

'ဒါပေါ့'

'မသိဖူးတဲ့အနက်ဆိုယင် စာနဲ့စကားတွေရဲ့ သင်္ကေတတွေက ဘယ်လောက်ပြပြ မမြင်ဘူးပေါ့ ဘုရား'

'မသိဘူးတဲ့အနက်ကို စာနဲ့စကားက ဘယ်လိုပြပေမယ့် ဘယ်သိပါ့မလဲ'

'သိပြီးသားအနက်ကိုသာ စာနဲ့စကားမှာ သင်္ကေတပြုထားတာကို အနက်ဖော်နိုင်မှာပေါ့ ဘုရား'

'ဟုတ်တယ်'

'သည်တော့ အရိယ စာနဲ့စကားကို အရိယာပဲ အနက်သိမယ်လို့ အဓိပ္ပါယ်ရောက်တာပေါ့ ဘုရား'

'ဟုတ်ပါတယ်'

'သည်လိုဆိုယင် ဘုရား...'

'ပြောပါ'

'အရိယာပြောတဲ့ စကားနက်ကို အနရိယတွေ နားမလည်နိုင်ဘူးဆိုတဲ့ အဓိပ္ပါယ် ရောက်မနေဘူးလား ဘုရား'

'သည်လိုပြောခွင့် ရှိပါတယ်'

'မဟုတ်ဘူးလား ဘုရား'

'ဟုတ်တယ်ဆိုယင် လောကမှာ အရိယာဆိုတာ ဘယ်ရှိတော့မလဲပေါ့'

'အဲဒါမှ ခက်တော့တာပေါ့ ဘုရား'

'တွေးကြည့်စရာတခု ပြောပါ့မယ်'

'အမိန့်ရှိပါဘုရား'

'ကလေးတွေဟာ သူတို့မိခင်ရင်ခွင်က မထွက်သေးတော့ သူတို့ ဘာမှ သိပ်သိကြမယ် မဟုတ်ကြဘူး'

'ဒါပေါ့ ဘုရား'

'သူတို့မသိဖူးသေးတဲ့ အရာတွေကို သင်ပေးကြရတယ် မဟုတ်လား'

'ဟုတ်တာပေါ့ ဘုရား'

'ကျွန်း-ကို ကလေးကို သင်ပေးမယ်ဆိုယင် မသင်ခင်က က လေးအသိထဲမှာ ကျွန်းဆိုတဲ့အနက်ကို သိပြီးသားမရှိသေးဘူး'

'ဟုတ်ပါ့ ဘုရား'

'ကျွန်းကို အနက်ဖော်ပေးတာ လုပ်ရမယ်'

'ဘယ်လိုလဲ ဘုရား'

'ရေပတ်လည်ဝိုင်းတဲ့အရပ်ကို ကျွန်းလို့ခေါ်တယ်-လို့ပေါ့'

'ကြားဖူးပါတယ် ဘုရား'

'ကလေးက ရေကိုသိတယ် မဟုတ်လား'

'သိတာပေါ့ ဘုရား၊ ရေကန်၊ရေအိုင်တွေလည်း သိတာပေါ့ ဘုရား'

'ရေဝိုင်းနေတဲ့မြေကိုတော့ မြင်ဘူးကောင်းမှ မြင်ဘူးမယ်'

'သူ့စိတ်ထဲမှာ သူမြင်ဘူးတဲ့မြေကို သူမြင်ဘူးတဲ့ရေနဲ့ အဝိုင်းခိုင်းပြီး အလယ်မှာရှိတဲ့မြေကို နာမည်မှည့်ပေးတာလား ဘုရား'

'ဒါပေါ့'

'ကလေးက ကျွန်းမမြင်ဘူးပေမယ့် စိတ်မြင်ထဲမှာ ကျွန်းကို မြင်နိုင်တော့တာပေါ့ ဘုရား'

'အနရိယဟာ အရိယာတို့သိတဲ့ ဒုက္ခရဲ့ ဒုက္ခလက္ခဏာကို အရိယာတို့ပြချက်အရ မသိနိုင်ပေဘူးလား'

'တကယ်မမြင်ဘူးပေမယ့် စိတ်မြင်မှာ မြင်သိဖူးနိုင်တာ ပေါ့ ဘုရား'

'ဒါ အရိယစကားသိလို့ သိတာလား၊ အရိယာရဲ့ရှင်းပြချက် အရ သိတာလား'

'ပြလို့သိတာပေါ့ ဘုရား၊ ဒါပေမယ့်…'

'ဘာလဲ'

'အနရိယက ရှင်းပြလို့ကော မသိနိုင်ဘူးလား ဘုရား'

'အနရိယက အဲသည်အနက်မသိတော့ ရှင်းမပြနိုင်ဘူးပဲ။ ရှင်းပြနိုင်ယင်လည်း အနရိယမဟုတ်တော့ဘဲ အရိယာပဲ ဖြစ်မှာပဲ'

'အနရိယက ဒုက္ခကို သည်လိုမသိနိုင်ယင် ဘယ်လိုသိမှာ

မို့လဲ ဘုရား'

'ခံစားချက်ဆိုးတာလို့ လွဲသိမှာပေါ့'

'အဲသည်လို လွဲမသိဘဲ အမှန်အတိုင်းသိတယ်ဆိုယင်ကော ဘုရား'

'အဲဒါ အနရိယမဟုတ်တော့ဘဲ အရိယာဖြစ်မှာပဲ'

'သည်လိုဆိုတော့ ဟုတ်တာပေါ့ ဘုရား'

'ဘယ်လိုလဲ'

'အရိယာစကားနက်သိသူဟာ အရိယာဆိုတော့ အရိယ စကားကို အရိယာမှပဲ သိနိုင်မယ်ဆိုတာ ရှင်းသွားတာပေါ့ ဘုရား'

'ဟုတ်တယ်၊ အနရိယဟာ အရိယာစကားနက် မသိသူ ဖြစ်လို့ အရိယစကားကို အနရိယက ရှင်းလို့မရတာဘဲ'

'အရိယာကွယ်တော့ အရိယစကားတွေရှိပေမယ့် အဲသည် စကားတွေရဲ့ အနက်တွေ မဖော်နိုင်တာဘဲပေါ့ ဘုရား'

'ဒါကြောင့် သဏ္ဌာန်ပဲကျန်တဲ့သာသနာ ဖြစ်တာပဲ'

## ၂၆။ အရိယနဲ့အနရိယ ခြားနားမှုအစ

'သည်လို အရိယာကွယ်တာ သဘာဝမှကျရဲ့လား ဘုရား'

'ဘာ့ကြောင့်လဲ'

'အနရိယတွေက အရိယဝေါဟာရတွေ အနက်ဖော်မှားကြ ယင် အရိယတွေကသိပြီး ပြင်တာကို သူတို့ခံရစရာ မရှိဘူးလား ဘုရား'

‘သည်လိုတွေးချင်စရာပါပဲ’

‘ဘာကြောင့် သည်လိုမဖြစ်တာလဲ ဘုရား’

‘အနရိယတွေကလည်း သူ့ပညာနဲ့သူ့မာန်တွေ ဝင်နေကြမှာပဲ၊ ပြီးတော့ အရိယနဲ့ ဂိုဏ်းချင်းကလည်း ကွဲနေကြယင် ပြင်ခွင့်ရမှာ မဟုတ်ဘူးပဲ’

‘အနရိယတွေထဲမှာ သဒ္ဒါအထက်၊ စာအတော်တွေကလည်း ရှိနိုင်မလား ဘုရား’

‘အဲသည်လိုတော်လို့ပဲ အတတ်ကျူးပြီး ဘီလူးဖြစ်နေကြလို့ အရိယာ မဖြစ်ကြတာပဲ’

‘အရိယနဲ့ အနရိယတွေ ဂိုဏ်းချင်းကွဲတယ်ဆိုပေမယ့် သံဃာချင်းအဖြစ် သိမ်တခုထဲမှာ စည်းဝေးတာမျိုးတော့ ဖြစ်မှာပဲ မဟုတ်ဘူးလား ဘုရား’

‘အဲသည်လိုဖြစ်သေးယင် သံဃာကွဲတယ် မပြောရဘူးပဲ’

‘သည်လိုဆိုလဲ ဘုရား...’

‘ပြောပါ’

‘သည်နေ့မှာ အရိယလည်းရှိ၊ အနရိယလည်းရှိ ဖြစ်မနေဘဲ ဘယ့်ကြောင့် အနရိယတွေချည်း ရှိနေရတာလဲ ဘုရား’

‘ဒါက တွေးကြည့်ရမှာပဲ’

‘ပညာရှိအတွေး ပြေးကြည့်တာထက် မှန်လို့လား ဘုရား’

‘မဟုတ်ပါဘူး’

‘ဘာဖြစ်လို့လဲ ဘုရား’

'ခိုင်မာတဲ့အထောက်အထား ရတဲ့အထိ လိုက်နိုင်စရာ မမြင်လို့ဘဲ'

'တွေးပြတာ နာပါရစေ ဘုရား'

'အရိယာတွေဟာ လူတွေ အရိယတရားနားလည်ကြဖို့ပဲ ကြိုးစားနေကြစရာ မရှိဘူးလား'

'မလွဲမသွေပေါ့ ဘုရား'

'ပြီးတော့လည်း ရှိသေးတယ်'

'အမိန့်ရှိပါဘုရား'

'အရိယာတရား လူတွေသိဖို့က လွယ်တာမဟုတ်ဘူး'

'အမှန်ပဲပေါ့ ဘုရား'

'သည်တော့ အရိယာတွေဟာ စာအကြောင်းပေအကြောင်းက လိုက်စားဖို့နဲ့ ကွာနေစရာ မရှိနိုင်ဘူးလား'

'ဖြစ်စရာပေါ့ ဘုရား'

'အနရိယတွေက သည်လိုနဲ့ ပြောင်းပြန်ဖြစ်ကြလိမ့်မယ်'

'ဘယ်လိုလဲ ဘုရား'

'လူတွေကို အရိယတရား သိစေဖို့လည်း ကြောင့်ကြမဲ့ရှိကြလိမ့်မယ်'

'ဘာဖြစ်လို့လဲ ဘုရား'

'သူတို့မှ အရိယတရား မသိကြတာဘဲ'

'ကိုယ်မလွတ်လပ်တော့ သူများကိုလည်း မလွတ်လပ်စေချင်တာမျိုး မပေါ်နိုင်ဘူး ဆိုတာမျိုးလား ဘုရား'

'ဒါပေါ့'

'လူတွေ အရိယတရားသိကြဖို့ထက် ကိုယ် အရိယတရား သိဖို့ပဲ သူတို့ ကြောင့်ကြဖြစ်ကြမလား ဘုရား'

'အဲသည်လိုဖြစ်ပြီး ဘုရားဟောခဲ့သမျှတရားတွေကို စွမ်းနိုင် သလောက် သူတို့ဆောင်သွားကြမှာပဲ'

'လုပ်စရာပဲ ဘုရား'

'သည်မှာကြည့်နော်၊ အရိယနဲ့အနရိယတို့ နှစ်ဦးဟာ လုပ်ရပ်နှစ်ခု ခြားမလာဘူးလား'

'ဘယ်လိုလဲ ဘုရား၊ ပြန်မိန့်ပါဦး ဘုရား'

'အရိယာ့လုပ်ရပ်က လူတွေ အရိယာဖြစ်ကြဖို့၊ အနရိယ လုပ်ရပ်က သူအရိယာဖြစ်ရေး အထောက်အကူအတွက် စာတွေ များ များ ဆောင်ဖို့ပေါ့'

'အရိယနဲ့အနရိယ ခြားနားမှုအစ သိရပါပြီဘုရား'

## ၂၇။ အနရိယတွေက သာသနာကို ကြီးစိုးနေကြတယ်

'သည်ခြားနားချက်က နောင် ဘာတွေဖြစ်ရမှာ ဆက်တွေး ပါဦး'

'ဘုရားဟောစာတွေကို အဘိဓာန်အနက်တွေ ဖွင့်ရမယ်၊ သဒ္ဒါတန်ဖိုးတွေ သင့်ပေးရမယ်၊ ဒါတွေကို မှတ်တမ်းမှတ်ရာအဖြစ် စာတွေ ရေးသားပြုစုရမှာတွေပေါ့ ဘုရား'

'ဟုတ်တာပေါ့'

'ပြီးတော့လည်း စာဆောင်အားၤရေးအားတွေ သန်လာတော့ တခြားစာတွေလည်း လေ့လာၤရေးသားတာတွေဘက်လည်း လုပ်မိရမှာပဲပေါ့ ဘုရား'

'လုပ်စရာ ရှိတာပေါ့'

'အဲသည်လိုတွေဖြစ်လာယင် ဘုရား...'

'ပြောပါ'

'အဲသည်အနရိယဟာ လူသိထင်ရှား ကျော်ကြားတဲ့ပုဂ္ဂိုလ်ကြီး ဖြစ်ပြီး လာဘ်ၤဂုဏ်ၤအကျော်အစောတွေ များသူလည်း ဖြစ်မှာပဲ ဘုရား'

'အဲသည်လည်း ရောက်မှာပဲ'

'သည်တော့ ဘုရားလက်ထက်က ဆဗ္ဗဂ္ဂီတွေ ကျောင်းထိုင်ကြတဲ့ရွာက ဒကာၤဒကာမတွေလို ဖော်ရွေမှုမရှိတဲ့ဘုန်းကြီးဆိုယင် ဘုန်းကြီး မမှတ်တော့ဘဲ ဆဗ္ဗဂ္ဂီပဲ ဘုန်းကြီးမှတ်သလိုမျိုး အနရိယတွေလည်း အဖြစ်ခံကြရဖို့ဟာ မလွဲဘူးဘုရား'

'လောကကို အနရိယတွေ ကြီးစိုးလာမယ် ဆိုလိုတာပေါ့'

'ဒါပေါ့ ဘုရား'

'အဲသည်တွေးချက် မှန်မမှန်တော့ မပြောတတ်ပေမယ့် ပြောတတ်တာတခုတော့ ရှိတာပဲ'

'ဘာလဲ ဘုရား'

**'သည်သာသနာကို အနရိယတွေ ကြီးစိုးနေတာပေါ့'**

'ဆင်ကောင်တွေ့နေလို့ ဆင်ခြေရာ အရှာမခက်သလိုလား ဘုရား'

'ဟုတ်ပြီ'

'သည်သာသနာကို အနရိယကြီးစိုးပုံ နည်းနည်းမိန့်ပါဦး ဘုရား'

'သည်သာသနာမှာ ဆရာရယ် ဒကာရယ်လို့ နှစ်ဖြာပဲရှိတာ မဟုတ်ဘူးလား'

'ဓမ္မပေးသူနဲ့ အာမိသပေးသူ အပြန်အလှန်ပေးပြီး ရပ်တည်သူ၊ သည်နှစ်ဦးပဲရှိတာပါ ဘုရား'

'ဆရာက အရိယမဖြစ်ဘဲ အနရိယပဲဖြစ်တော့ ဒကာလည်း အရိယမဖြစ်ဘဲ အနရိယပဲ ဖြစ်နေတာပဲ'

'တကယ်လို့ ဒကာက အရိယာဖြစ်ယင် ဆရာလည်း အရိယာဖြစ်မှာလား ဘုရား'

'ဖြစ်မှာပေါ့'

'ဘယ်လိုဖြစ်မှာလဲ ဘုရား'

'ဒကာက အာမိသဒါနရှင်ဆိုတော့ သူ့ဒါနဟာ 'အာသဝက္ခယံ ဝဟံ'-လို့ ရည်ရွယ်ချက်ထားပြီး ပေးမှာကြောင့်ပဲ'

'အနရိယဒကာတွေလည်း သူတို့ဒါနကို သည်လိုပဲ ရည်ရွယ်ချက်ထားမှာပါ ဘုရား'

'ကြက်တူရွေးပြောတဲ့ လူစကားလို၊ ရွတ်ဆိုပြီး ထားကြမှာပါ'

'ဟုတ်ပါ့မလား ဘုရား'

'သက်သေကြည့်ချင်လို့လား'

'ကြည့်ရတော့ ပိုလင်းတာပေါ့ ဘုရား'

'အာသွက္ခယံ ဝဟံ-မလုပ်ဘဲ **'အာသွက္ခယာ အာရာ'**-လုပ်နေသူတွေ အာမိသဒါနတွေ လုပ်နေကြတာ ဒုနဲ့ဒေး မတွေ့နိုင်ဘူးလား'

'အာသွက္ခယာ အာရာ' အနက်ဖွင့်ပါဦး ဘုရား'

'အာသဝေါကုန်ဖို့က ဝေးတဲ့သူပေါ့'

'ဒါကြောင့် ကြက်တူရွေးလို ပြောပြီး အာမိသဒါနလုပ်သူ ပြောတာပေါ့ ဘုရား'

'ဒါပေါ့'

'အရိယာဒကာဆိုယင် အာသွက္ခယံ ဝဟံ-ဖြစ်မှပဲ ပေးမှာလား ဘုရား'

'မဖြစ်တာပေးယင် သူတို့ပစ္စည်း အလကားဆုံးရှုံးတာ ဖြစ်မှာကို အရိယာဒကာက ဘယ်လုပ်မှာလဲ'

'သည်သာသနာကို အနရိယတွေ မကြီးစိုးအောင် ဒကာတွေလည်း လုပ်လို့ရတယ်ပေါ့ ဘုရား'

'ဟုတ်တယ်'

'အခုတော့ ဆရာ၊ဒကာ နှစ်ဖြာလုံးက အနရိယ ဖြစ်နေကြတော့ တောင်မင်းမြောက်မင်း မကယ်နိုင် ဖြစ်နေတာလား ဘုရား'

'အေး....သည်တော့လည်း သည်သာသနာ အနရိယ ကြီးစိုးတော့တာပေါ့'

## ၂၈။ အရိယဓမ္မတွေကို အနရိယတွေက ပရမတ္ထဓမ္မအဖြစ် ပုံပြောင်းလိုက်ကြတယ်

'သည်လို ကြီးစိုးတဲ့ကာလ ကြာလာတော့ အရိယဓမ္မတွေ တောင် ပုံတွေ မပြောင်းကြဘူးလား ဘုရား'

'ဒါက သည်နေ့တော့ သည်သာသနာကို အနရိယတွေ ကြီးစိုးရခြင်းရဲ့ ပင်မထဲက အကြောင်းပဲ'

'အဲဒါလည်း နည်းနည်းသိခွင့်ပေးပါဦး ဘုရား'

'ဘုရားဟောထားတဲ့အတိုင်း ဆောင်ထားချက်တွေတော့ တမျိုးတဖုံပြောင်းပစ်တဲ့ လုပ်ငန်းကို စိတ်ရှိလက်ရှိ လုပ်ပစ်ကြတဲ့ပုံတော့ မတွေ့ရဘူး'

'တော်သေးတာပေါ့ ဘုရား'

'သည်လိုအောက်မေ့ရတာပဲ၊ ဒါပေမယ့်...'

'အမိန့်ရှိပါ ဘုရား'

'နောက်ရေးကျမ်းတွေ အရိယဓမ္မထဲ သွင်းလာကြတယ်'

'တိုးတက်လာတာလား ဘုရား'

'အရိယဓမ္မ အမှန်ပြချက်တွေ ဆိုယင်တော့ ဟုတ်တာပေါ့'

'**နောက်တိုးဓမ္မ**တွေက ဘာတွေပြတာတွေလဲ ဘုရား'

'**ပရမတ္ထဓမ္မ**တွေပေါ့'

'အရိယဓမ္မနဲ့ တူလို့လား ဘုရား'

'ဘယ်ကလာ...'

'**ပရမတ္ထဓမ္မက အနရိယဓမ္မ**လား ဘုရား'

'ဒါပေါ့'

'ပရမတ္ထဓမ္မပြချက်တွေမှာ အရိယသစ္စာလေးပါးတော့ ပါတယ်မဟုတ်လား ဘုရား'

'သစ္စာလေးပါးလို့ပဲ ပါတယ်'

'အရိယသစ္စာလေးပါးနဲ့ သစ္စာလေးပါးက ထူးသေးလို့လား ဘုရား'

'အရိယသစ္စာလေးပါးမှာ **အရိယ**-ဆိုတဲ့စကားက အပိုပဲလို့ ထင်လို့လား'

'ထင်ရာတော့ ကျသွားတာပေါ့ ဘုရား'

'ဘယ်လိုလဲ'

'ထင်ရကောင်းမှန်းတောင် မသိခဲ့ပါဘူး ဘုရား'

'ဟုတ်မှာပဲ'

'အရိယသစ္စာလေးပါးမှာ အရိယ-ဆိုတဲ့စကားက ဘယ်လောက်အဓိပ္ပါယ်ရှိတာလဲ ဘုရား'

'အရိယာမပါတဲ့ သစ္စာလေးပါးဆိုတာရဲ့ စကားနက်ဟာ အမှန်လေးပါးလို့ပဲ ရမယ်'

'အဲဒါက ဘာဖြစ်လို့လဲ ဘုရား'

'အမှန်က ဘာရဲ့အမှန်တဲ့လဲ'

'အားလုံးရဲ့အမှန် ဖြစ်မှာပေါ့ ဘုရား'

'အဲသည်အမှန်က ဘယ်သူသိဖို့တဲ့လဲ'

'အမှန်သိနိုင်သူ သိဖို့ပေါ့ ဘုရား'

'အဲသည်အမှန်သိတော့ ဘာဖြစ်မှာတဲ့လဲ'

'အရိယာပေါ့ ဘုရား'

**'အရိယာဆိုတာ ရိုးသားဖြူစင်သူ**-လို့ အဓိပ္ပါယ်ရှိတယ်ဆိုတာ သိသလား'

'သိပါတယ် ဘုရား'

## ၂၉။ အရိယာဖြစ်စေတဲ့ သီးခြားအမှန်လေးပါး

'ရိုးသားဖြူစင်သူအရိယာ ဖြစ်ဖို့ကလည်း မလွယ်ဘူးလား'

'ဘာဖြစ်လို့လဲ ဘုရား'

'အမှန်အားလုံးသိမှ ဖြစ်မှာကြောင့်ပေါ့'

'ဟုတ်ပါ့ဘုရား'

'ဘုရားဟာ အဲသည်လောက်မလွယ်တာကို ညွှန်ပြသူလား'

'မဟုတ်တန်ရာပါဘူး ဘုရား'

'ဘယ့်ကြောင့်လဲ'

'သူ တရားညွှန်ပြတာခံရသူတွေ အရိယာဖြစ်သွားတာကြောင့်ပါပဲ ဘုရား'

'ဒါ အမှန်ပဲ'

'အရိယာဖြစ်ဖို့ အမှန်အားလုံးသိဖို့ မလိုဘူးပေါ့ ဘုရား'

'အဲဒါသိတာနဲ့ အရိယာဖြစ်တာ ဘာမှမဆိုင်ပါဘူး'

'အရိယာဖြစ်တာနဲ့ဆိုင်တဲ့ အမှန်ဆိုတာ သီးခြားအမှန်အဖြစ် ရှိသလား ဘုရား'

'ဒါမေးရမှာပဲ'

'အဲသည်အဖြေ သိပါရစေ ဘုရား'

'ရိုးသားသူဖြစ်ဖို့အမှန်ဟာ အချက်လေးချက် ရှိတယ်'

'အဲဒါ အမိန့်ရှိပါဦး ဘုရား'

**'ပဌမအချက်အဖြစ် မရိုးသားမှုအမှန်ကို ပိုင်းခြားသိတာပဲ'**

'ဒုတိယအချက်ကကော ဘုရား'

**'မရိုးသားကြောင်းအမှန်ကို ပယ်ရှားခြင်းပဲ'**

'တတိယအချက်ကကော ဘုရား'

**'မရိုးသားခပ်သိမ်း ချုပ်ငြိမ်းရာရောက်ခြင်းပဲ'**

'နောက်ဆုံးကကော ဘုရား'

**'မရိုးသားမှုရဲ့အပြစ်များ သိမြင်တွေးခေါ်ပြီး လွန်မြောက်အောင် ပြော-ပြု-နေ၊ ကြိုးစား-နိုးကြား-စိတ်ထားများဖြစ်အောင် ပွားများခြင်းပဲ'**

'ရိုးသားသူအရိယာဖြစ်ဖို့က မရိုးသားမှုအမှန်သိပြီး မရိုးသားကြောင်း အမှန်ပယ်၊ မရိုးသားငြိမ်းရာအမှန်ဆိုက်ဖို့ ရိုးသားမှုအမှန် ပွားရမှာပေါ့ ဘုရား'

'ဒါပေါ့'

'သည်တော့ဘုရား...'

'ဆက်ပြောပါ'

'ဒုက္ခအရိယသစ္စာလို့မပြောဘဲ ဒုက္ခသစ္စာလို့ပြောတော့ အရိယာတို့သိရမယ့် ဒုက္ခသာမက ဒုက္ခမှန်သမျှထဲပါတဲ့ အနရိယဒုက္ခတွေလည်း ရနေတော့မှာပေါ့ ဘုရား'

'ဟုတ်တယ်'

'သမုဒယအရိယသစ္စာကိုလည်း သမုဒယသစ္စာလို့ ပြောတော့ အရိယာပယ်ရမယ့် ဒုက္ခဖြစ်ကြောင်းလောက် မကဘဲ အနရိယဒုက္ခဖြစ်ကြောင်းတွေပါ ပယ်ရမှာ ဖြစ်တော့တာပေါ့ ဘုရား'

'အမှန်ပဲ'

'ဒုက္ခနိရောဓအရိယသစ္စာကျတော့လည်း နိရောဓသစ္စာလို့ပဲပြောတော့ အရိယာတွေရောက်ရမယ့် ဒုက္ခငြိမ်းရာသာမကဘဲ အနရိယတွေ ရောက်တဲ့ ဒုက္ခငြိမ်းရာရောက်ရမှာ ဖြစ်တာပေါ့ ဘုရား'

'ဒုက္ခနိရောဓဂါမိနီပဋိပဒါအရိယသစ္စာ ကျတော့ကော'

'အဲဒါကို မဂ္ဂသစ္စာလို့ သုံးလိုက်တော့ အဲဒါပွားတဲ့အခါ မဂ်ထိုက်တဲ့တရား အကုန်ဖြစ်တဲ့ ကံတွေအားလုံး ပွားရမလို ဖြစ်တာပေါ့ ဘုရား'

'အရိယမဂ်နဲ့ အနရိယမဂ်ကို သူတို့ ခွဲမသိကြဘူး'

'အရိယနိရောဓနဲ့ အနရိယနိရောဓလည်း မသိကြပါဘူး ဘုရား'

'အရိယသမုဒယနဲ့ အနရိယသမုဒယလည်း ကွဲတယ် ထင်ကြလို့လား'

'အရိယဒုက္ခနဲ့ အနရိယဒုက္ခ ခွဲမသိမှတော့ သူတို့ အရိယသစ္စာတွေ မသိကြပါဘူး ဘုရား'

'ဒါကြောင့် သည်လိုမဖြစ်ရလေအောင် အရိယသစ္စာလေးပါးတရားကို သစ္စာလေးပါးတရားလို့ မြတ်စွာဘုရား မဟောခဲ့ပါဘူး'

'ဟုတ်ပါ့ဘုရား''

## ၃၀။ အနုရိယသစ္စာလေးပါးနှင့် မဂ္ဂင်ပွားပုံ

'ဒုက္ခအရိယသစ္စာ၊ ဒုက္ခသမုဒယအရိယသစ္စာ၊ ဒုက္ခနိရောဓအရိယသစ္စာ၊ ဒုက္ခနိရောဓဂါမိနီပဋိပဒါ မဂ္ဂအရိယသစ္စာလို့ ဟောခဲ့တာမဟုတ်လား'

'အရိယ ဒုက္ခ၊သမုဒယ၊နိရောဓ၊မဂ္ဂတွေ သိပါပြီဘုရား၊ အနုရိယ ဒုက္ခ...စတာတွေက ဘယ်လိုတွေလဲ ဘုရား'

'**အနုရိယဒုက္ခ**က အရိယဒုက္ခမဟုတ်တဲ့ ဒုက္ခလို့ ပြောရတာတွေပေါ့'

'အဲဒါတွေက ဘာတွေလဲ ဘုရား'

'အိုတာ၊နာတာ၊သေတာ၊မွေးတာနဲ့ ပျက်ပျက်နေသမျှ....အစစတွေပေါ့'

'**ခံစားချက်ဆိုး အမျိုးမျိုးတွေ**လား ဘုရား'

'ဟုတ်တယ်'

'ဒါတွေဟာ ဒုက္ခဟုတ်ပေမယ့် အရိယဒုက္ခမဟုတ်တာတွေ မဟုတ်လား'

'တင်ပါ့၊ **အနုရိယဒုက္ခသမုဒယ**ကကော ဘုရား'

'ခံစားချက်ဆိုးတွေ ဖြစ်ကြောင်းပေါ့'

'အဲဒါတွေက ဘာတွေလဲ ဘုရား'

'**အတိတ်ကံတွေ** ပြောမှာပေါ့'

'မမွေးခင်ကဆီ ရောက်သွားသလား ဘုရား'

'မသိတော့ ထင်ရာပြောတာပေါ့'

'**အနရိယဒုက္ခနိရောဓ**က ဘာတွေလဲ ဘုရား'

'**အနရိယဒုက္ခတွေ ဇာတ်သိမ်း**တာပေါ့'

'အဲဒါက သေပြီးမှသိမ်းမှာပဲ ဘုရား'

'ရှိးသားမှုနဲ့ သေပြီးနောင် မပတ်သက်တာ အနရိယက မသိဘူးပဲ'

'**အနရိယ ဒုက္ခနိရောဓဂါမိနီပဋိပဒါမဂ္ဂသစ္စာ**က ဘယ်လိုလဲ ဘုရား'

'သူတို့ကလည်း မဂ္ဂင်ရှစ်ချက်ပဲ ပြောပါတယ်၊ ဒါပေမယ့်... **ပွားတဲ့အခါမှာ မဂ္ဂင်ငါးချက်နဲ့ ပွားရမယ်**ပြောတယ်၊ သီလမဂ္ဂင် သုံးချက်က သူ့ဖာသာလာမယ်ပေါ့'

'သမ္မာဝါယာမကို ဘယ်လိုပွားသလဲဘုရား'

'သတိထားတာ မလွတ်အောင် ကြိုးစားတာနဲ့ ပွားတာပဲ'

'သမ္မာသတိကိုကော ဘုရား'

'ရုပ်နာမ်ဖြစ်ပျက်ကို အမြဲသိနေဖို့ပဲ'

'သမ္မာသမာဓိကျတော့ကော ဘုရား'

'အဲသည်မှာ စိတ်တည်နေအောင်ထားတာမှာပဲ'

'သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပ ဘယ်လိုပွားသလဲဘုရား'

'ရုပ်နာမ်ဖြစ်ပျက်ကို မြင်-မှန်း-ဆုံးတဲ့ အမြင်နဲ့အတွေးပေါ့'

'သီလမဂ္ဂင်တွေက ဘယ်လိုပေါ်မှာတဲ့လဲ ဘုရား'

'သည်လို သမာဓိနဲ့ပညာမဂ္ဂင်တွေက သက်ဝင်တော့ ပြောပြုနေ အမှားတွေ အလိုအလျောက် လုပ်လို့မရတော့တာပဲပေါ့'

'အနရိယမဂ္ဂင်တွေက ရောဂါမသိဘဲပေးတဲ့ ဆေးလိုပဲ ဘုရား'

'ဘယ်လိုဖြစ်လို့လဲ'

'မရိုးသားတဲ့ ကိုယ်နှုတ်နှလုံး မသိလို့ပေါ့ ဘုရား'

'အနရိယတွေက အဲဒါတွေငြိမ်းစေချင်တာမှ မဟုတ်တာပဲ'

'သူတို့က ဘာကိုငြိမ်းစေချင်ကြတာလဲ ဘုရား'

**'လူသူသတ္တဝါအဖြစ်က ငြိမ်းစေချင်ကြတာပဲ'**

'ဒါကြောင့်လား ဘုရား...'

'ဘယ်လိုလဲ'

'ဒုက္ခအရိယသစ္စာ၊ သမုဒယအရိယသစ္စာ၊ နိရောဓအရိယသစ္စာ၊ မဂ္ဂအရိယသစ္စာလို့ ဘုရားကဟောခဲ့တာကို ဒုက္ခသစ္စာ၊သမုဒယသစ္စာ၊ နိရောဓသစ္စာ၊မဂ္ဂသစ္စာလို့ သူတို့ပြောကြတာလား ဘုရား'

'အရိယာဖြစ်ဖို့ သည်သစ္စာတွေ ကျင့်ကြတာမှ မဟုတ်တာဘဲ'

'ဘာဖြစ်လို့ သည်သစ္စာတွေ သူတို့ကျင့်ကြတာလဲ ဘုရား'

**'လူသူသတ္တဝါခပ်သိမ်း မဖြစ်ဘို့** ကျင့်ကြတာပဲ'

'ဒါကြောင့် **အရိယသစ္စာကို အရိယဖြစ်ပြီး သစ္စာလို့ပဲ** လုပ်ကြတာလား ဘုရား'

'မပြေးသော်-ကန်ရာရှိ'-ဆိုတာလိုပေါ့'

## ၃၁။ သည်နေ့ အနရိယတွေပြတဲ့ အရိယကိုပဲ သိနေရတယ်

'အရိယဆိုတာကို သူတို့စိတ်ထဲမှာ မရှိတာများလား ဘုရား'

'ပြောလောက်ပါတယ်'

'ဘယ်လိုလဲ ဘုရား'

'ဂါထာတပုဒ် ရှိတယ်'

'အရိယဂါထာလား၊ **အနရိယဂါထာ**လား ဘုရား'

'အနရိယတွေရေးတဲ့ ဂါထာပေါ့'

'အဲသည်ဂါထာက ဘာပြောလို့လဲ ဘုရား'

'**သစ္စာနှစ်ပါးပဲရှိတယ်**-လို့ပဲ'

'ဘာတွေတဲ့လဲ ဘုရား'

'**သမုတိသစ္စာနဲ့ ပရမတ္ထသစ္စာ**ပေါ့'

'အရိယသစ္စာက မရှိတော့ဘူးတဲ့လား ဘုရား'

'**သုံးခုမြောက်သစ္စာကို မရအပ်ဘူး**-လို့အထိ ပြောတာပဲ'

'ဂါထာကို မှတ်ပါရစေဘုရား'

'**ဒုဝေသစ္စာနိ အက္ခာသိ၊ သမ္ဗုဒ္ဓေါ ဝဒတံ ဝရော။**
**သမုတိံ ပရမတ္ထဉ္စ၊ တတိယံ နုပလဗ္ဘတိ။**'

'သည်ဂါထာရေးတဲ့သူဟာ အရိယသစ္စာကို နကန်းတလုံးမှ မသိတဲ့သူဆိုတာ ထင်ရှားတာပေါ့ ဘုရား'

'အဲသည်လိုသာ ဖြစ်ယင်ဖြစ်ရမယ်'

'အမိန့်ရှိပါဦး ဘုရား'

'မြတ်စွာဘုရားဟောခဲ့တဲ့ အရိယဓမ္မတွေအားလုံးဟာ သူ့အိပ်ထောင်ထဲမှာပဲ ရှိတယ်'

'အနရိယက အရိယဓမ္မတွေ သိမ်းပိုက်ထားသလား ဘုရား'

'သည်နေ့ဗုဒ္ဓဘာသာတွေဟာ သူပြတဲ့ အရိယဓမ္မလောက်ပဲ သိကြရတော့တာပဲ'

'မြတ်စွာဘုရားဟောခဲ့တဲ့ သုတ္တတွေ၊ ဂေယျတွေ၊ ဂါထာတွေ၊ ဝေယျာကရဏတွေ၊ ဣတိဝုတ္တကတွေ၊ ဇာတကတွေ....အစစဓမ္မတွေ ရှိတာပဲ မဟုတ်ဘူးလား ဘုရား'

'ဟုတ်ပါတယ်'

'အဲဒါတွေ မရှိတော့ဘူးလား ဘုရား'

'ရှိပါတယ်'

'အဲဒါတွေ လွတ်လွတ်လပ်လပ်ရှိယင် ပြီးတာပဲ မဟုတ်ဘူးလား ဘုရား'

'လွတ်လပ်ယင်တော့ ပြီးတာပါပဲ'

'အဲဒါတွေက ဘယ်လိုမလွတ်လပ်လို့လဲ ဘုရား'

'အဲသည်ဓမ္မကိုဖော်ပြတဲ့ စကားတလုံးတိုင်းကို သူ့အနက်ဖော်မခံရတာ မရှိအောင် အနက်ဖော်ပေးခဲ့တယ်'

'စကားတွေ အနက်ဖော်ပေးတာ ကျေးဇူးတောင်တင်စရာ မဟုတ်ဘူးလား ဘုရား'

'အဲသည်လိုမြင်ကြဖို့ ခက်တာပဲ'

'သူ အနက်မဖွင့်ယင် မပွင့်တော့ ပိုမခက်ဘူးလား ဘုရား'

'အဲသည်အမြင်က ပိုခက်တော့တာပဲ'

'ဘယ်လိုလဲ ဘုရား'

'သတင်းဆောင်နိုင်စွမ်း မရှိသူကို သတင်းအဆောင်ခိုင်းယင် ဘယ်လိုဖြစ်မလဲ'

'သတင်းမရတာ ဖြစ်မှာပေါ့ ဘုရား'

'မရတာလောက်ဆိုယင် တော်သေးတာပဲ'

'ဘာဖြစ်မှာမို့လဲ ဘုရား'

'သတင်းအမှားကို ဆောင်မလာပေဘူးလား'

'ဆောင်နိုင်တာပဲ ဘုရား'

'သတင်းမှားဆောင်တာ သတင်းမဆောင်တာထက် ပိုမဆိုးဘူးလား'

'ဆိုးပြီပေါ့ ဘုရား'

'သတင်းမှားဟာ လူကို ဒုက္ခလှလှပေးတာနော်'

'ထင်ရှားပါတယ် ဘုရား'

'အနရိယဟာ အရိယဓမ္မကိုဆောင်နိုင်သူ ဖြစ်ပါ့မလား'

'ဟုတ်ပါပြီ ဘုရား'

## ၃၂။ အနရိယဖွင့်အနက်နှင့် အရိယတ္တအနက်

'အနရိယဟာ အရိယဓမ္မရဲ့ အနက်အဓိပ္ပါယ်တွေကိုဖော်ဖို့ အရိယဓမ္မအနက် အဓိပ္ပါယ်တွေကို သူသိမှာတဲ့လား'

'အဲဒါသိယင်လည်း သူက အနရိယမဟုတ်တော့သူပဲ ဖြစ်မှာပေါ့ ဘုရား'

'အနရိယဟာ အရိယဓမ္မအနက်ကို မသိဘဲဖော်တော့ အရိယဓမ္မနက် ဖြစ်မလား၊ အနရိယဓမ္မနက်ပဲ ဖြစ်မလား'

'အနရိယဓမ္မနက်ပဲဖြစ်မှာ ထင်ရှားပါပြီ ဘုရား'

'အရိယဓမ္မဖြစ်တဲ့ သုတ္တတွေ၊ဂေယျတွေ၊ဂါထာတွေ.... အစစ ရှိပေမယ့် အဲဒါတွေရဲ့ သိရမယ့်အနက်တွေက အနရိယအနက်တွေ ထွက်နေယင် အဲဒါတွေက လူတွေကို အရိယာအဖြစ် ကျေးဇူးပြု နိုင်သေးတော့ရဲ့လား'

'အရိယဓမ္မတခုလောက်က အနရိယအနက်ထွက်ပုံ နည်းနည်းလောက်ပြနိုင်မလား ဘုရား'

'အားလုံးကို ပြရမှာပဲ'

'အဲသည်လိုတော့ လုပ်လို့မကောင်းဘူး ထင်ပါတယ် ဘုရား'

'မတတ်နိုင်ဘူး'

'ဘာဖြစ်လို့လဲ ဘုရား'

'အရိယနက်ထွန်းပြရမယ့် ဓမ္မတ္ထတိုင်း အနရိယအနက် ထွန်းပြတာချည်း ဖြစ်လို့ပဲ'

'တခုချင်း ကောက်မေးကြည့်ပါရစေဘုရား'

'မေးနိုင်ပါတယ်'

'မင်္ဂလသုတ်မှာလာတဲ့ ဗာလ၊ပဏ္ဍိတ၊ပူဇနေယျပုဂ္ဂိုလ်တွေ အရမှာ ဘယ်လို အနရိယတ္တ ဖြစ်သလဲဘုရား'

'ဗာလ-အနက်ဟာ အကုသိုလ်မှုရှိသူလောက်၊ ပဏ္ဍိတ-အနက်ဟာ ကုသိုလ်မှုရှိသူလောက်၊ ပူဇနေယျ-အနက်ဟာ လောကီဂုဏ်ကြီးသူလောက် အရကောက်တာတွေဟာ အနရိယတ္တတွေပဲ'

'ဒါတွေရဲ့ အရိယတ္ထတွေ မိန့်ပါဦးဘုရား'

**'ဗာလ-အနက်က ပုထုဇဉ်၊ ပဏ္ဍိတ-အနက်က အရိယာ၊ ပူဇနေယျ-အနက်က လောကုတ္တရာဂုဏ်ရှိသူပေါ့'**

'**မင်္ဂလရဲ့အရိယအနက်**က ဘယ်လိုလဲ ဘုရား'

'**နိဗ္ဗာန်**ပေါ့'

'မြင်တာလေး မေးပါရစေဘုရား'

'မေးနိုင်ပါတယ်'

'ဒုက္ခရဲ့ အနရိယအနက်က ဘယ်လိုလဲ ဘုရား'

'ရုပ်နာမ်ဖြစ်ပျက်တွေပဲ'

'သမုဒယ အနရိယအနက်ကကော ဘုရား'

'မမွေးမီက ပြုခဲ့တယ်ဆိုတဲ့ ကံပေါ့'

'နိရောဓ အနရိယအနက် မိန့်ပါဦး ဘုရား'

'ရုပ်နာမ်ငြိမ်းလို့ သေပြီးမဖြစ်တော့တာပဲ'

'**မဂ္ဂရဲ့ အနရိယအနက်** မိန့်ပါဦးဘုရား'

'**ရုပ်နာမ်ဖြစ်ပျက်ကို သတိ၊ဝီရိယ၊သမာဓိတွေနဲ့ ရှုပွားပြီး မြင်လို့တွေးလို့ ကောင်း-မကောင်း ပြောပြနေလွန်ကျူးမှု မဖြစ်နေတာ** တွေပေါ့'

'**ဒုက္ခရဲ့အရိယအနက်** မိန့်ပါဦးဘုရား'

'**ကိလေသာ-ကံ-ဝိပါက်ခန္ဓာတွေရဲ့ဖြစ်ပျက်**ဟာ ဒုက္ခ အရိယအနက်ပဲ'

'**သမုဒယ အရိယအနက်**ကကော ဘုရား'

'**ကိလေသာ**ပေါ့'

'**နိရောဓအရိယအနက်** လုပ်ပါဦးဘုရား'

'အဲသည် **ဝဋ်သုံးပါးငြိမ်းတာ**ပဲ'

'**မဂ္ဂအရိယအနက်** အမိန့်ရှိပါဦးဘုရား'

'**တောဘူမက ကိုယ်နှုတ်နှလုံးတွေ မလွန်ကျူးအောင် ကျင့်တယ်၊ သတိ-ဝီရိယ-သမာဓိတွေနဲ့ ကျင့်တာအတိုင်း မြဲအောင်စောင့် ရှောက်တယ်၊ မကျူးလွန်ရမှာတွေရဲ့ အပြစ်တွေ မြင်နိုင်တွေးနိုင်**လာ တယ်၊ ဒါတွေပဲပေါ့'

'**တဏှာ**ဆိုတာရဲ့ အနရိယအနက်နဲ့ အရိယာနက်က ဘယ် လိုခြားတာလဲ ဘုရား'

'အာရုံငါးပါးဆာတာက တဏှာရဲ့ အနရိယနက်၊ **ကံလုပ် ချင်လာ၊ ဆာတာက** တဏှာရဲ့ အရိယနက်ပဲ'

'**ဇာတိ**ရဲ့ အနရိယနက်က ဘာလဲဘုရား'

'အမိဝမ်း ပဋိသန္ဓေနေတာပဲ'

'**အရိယနက်**ကကော ဘုရား'

'**လုပ်ခဲ့တဲ့ ကံအမူဇာတ် အဝင်ခံရတာ**ပေါ့'

'အဲဒါနားလည်အောင် မိန့်ပါဦးဘုရား'

'ခိုးတဲ့ကံလုပ်ပြီးသူဟာ သူခိုးဇာတ် ဖြစ်သွားတာပဲ'

'ကုလား လင်လုပ်တဲ့မိန်းမဟာ ကုလားဇာတ်ဝင်တယ်-ဆိုတာမျိုးလား ဘုရား'

'ဟုတ်တယ်၊ အဲသည် ကုလားဇာတ်ဝင်တာဟာ ကုလားမယူဘဲ သူ့ဟာသူဖြစ်တာ မဟုတ်ဘူးပဲ'

'**ဇရာ**လည်း အနရိယ၊ အရိယအနက် ဖွင့်ပါဦး ဘုရား'

'အသက်ကြီးပြီးအိုတာဟာ အနရိယ ဇရာအနက်ပဲ၊ သူခိုး **ဇာတ်ဝင်မှုယိုင်ချိန်ဟာ ဇရာရဲ့ အရိယနက်**ပဲ'

'**မရဏ**ကို အနရိယတ္ထ၊ အရိယတ္ထ ကွဲပါရစေဘုရား'

'လူသေတာဟာ မရဏလို့ အနရိယက ဖော်ပြမှာပဲ၊ သူခိုးဇာတ် မကွဲနိုင်တော့အောင် ဖြစ်ချိန်ဟာ **သူခိုး ယင်းထချိန်**ဖြစ်လို့ **အရိယ မရဏအနက်**ဟာ ဒါပါပဲ'

'မြတ်စွာဘုရား ဟောထားခဲ့တဲ့ အရိယတ္ထဓမ္မကို (သူတို့) ဖော်ပြချက်အားလုံးဟာ အနရိယတ္ထတွေချည်းပါလား ဘုရား'

'ဟုတ်တယ်'

'ဒါကြောင့် သည်ဗုဒ္ဓဘာသာကို သဏ္ဍာန်မျှရှိတော့တဲ့ဘာသာလို့ပြောတာ သိရပါပြီ ဘုရား'

'သည်လို ဘာ့ကြောင့်ဖြစ်ရတာလဲ ကောက်ချက်ချမိရဲ့လား'

'အရိယသာသနာ ပျောက်ချင်းလှလှ ပျောက်နေတာ သိရပြီး၊ ဘယ်လိုလုပ်ရပါ့မလဲ ဝမ်းနည်းနေရတာနဲ့ အဲဒါ မတွေးမိအောင်ပါပဲ ဘုရား'

'ဘယ့်ကြောင့် သည်လောက်ဖြစ်ရတာလဲ'

'အရိယသာသနာဟာ သည်လိုပျောက်နေတယ်လို့ အယင်က မသိခဲ့ဘူးတာပဲ ဘုရား'

'ကျော့ချမှ ဒါးပြမှန်းသိတယ်-ဆိုတာလိုလား'

'ကိုယ်က အရိယဓမ္မဆိုတာကို လုံးလုံးမသိတော့ဘဲ အနရိယဓမ္မကို အရိယဓမ္မထင်နေတော့ အားလုံးပဲမှန်ကြတယ်၊ ကိုယ်က ပါရမီနုသေးလို့ မသိတာလို့ မှတ်တာကိုး ဘုရား'

'လူတွေ သည်လိုတွေချည်းပါပဲ'

## ၃၃။ အရိယသစ္စာတရားရအောင် ဘယ်လိုလုပ်ကြရမလဲ

'လူတွေ သည်လိုဖြစ်နေတာတွေက ပျောက်စေချင်ပါ တယ်ဘုရား'

'ဟုတ်မှာပါပဲ'

'အဲဒါ လမ်းညွှန်ပေးပါ ဘုရား'

'စောစောကပြောခဲ့တဲ့ စကားကိုပဲ ပြန်ပြောရမှာ'

'အဲဒါ ပြန်အမိန့်ရှိပါဦး ဘုရား'

'အရိယတရားရချင်ယင် ကိုယ့်ဟာကိုယ် အရိယတရားရအောင် အားမထုတ်ရဘူး ဆိုတာပေါ့'

'အရိယတရားရချင်သူဟာ ကိုယ်ထင်ရာရမ်းပြီး အားမထုတ်ဘဲ တရားနာရမယ်ဆိုတာ သတိရပါပြီ ဘုရား' *၂

'တရားနာတဲ့အခါ ဟောပြောတဲ့တရားရဲ့ ဓမ္မပမာဏကို မိအောင် ဆင်ခြင်နာကြရမယ်' *၃

'သည်လိုချည်း နာကြမှာပဲ မဟုတ်ဘူးလား ဘုရား'

'အဲသည်လို ထင်ရတာပဲဖြစ်တယ်'

'ဘယ်လိုနာကြလို့လဲ ဘုရား'

'တချို့က တရားနာရာမှာ တရားဟောသူရဲ့ *၄ရူပပမာဏ၊ သဒ္ဒပမာဏ၊ လူခပမာဏတွေမိအောင် နာကြတာတွေ အများအပြားပဲ'

'အဲဒါက နာသူ့အပြစ်ချည်းတောင် ဟုတ်ချင်မှဟုတ်ပါမယ် ဘုရား'

'ဘယ်လိုလဲ'

'တရားဟောသူက တရားကို လူတွေရအောင်ပေးချင်တာ မဟုတ်ကြဘူးပဲ ဘုရား'

'တရားဟောတာ တရားပေးချင်လို့မဟုတ်ယင် ဘာအတွက် ဖြစ်မှာလဲ'

'တရားဟောသူအတွက်ပေါ့ ဘုရား'

---

*၂ သပ္ပုရိသသံသေဝနနှင့် ဓမ္မသဝန  *၃ ယောနိသော မနသိကာရ

*၄ ရူပပမာဏ=ရုပ်ရည်သွင်ပြင်၊ သဒ္ဒပမာဏ=နာယူသူအကြိုက် အသံဖြင့် ဆွဲငင်မှု၊ လူခပမာဏ=နာယူသူအထင်ကြီးအောင် ခေါင်းပါးအကျင့်ရှိမှု။

'တရားနာသူအတွက်ဟောတာ မဟုတ်ဘူးလား'

'တရားနာသူကိုပေးရအောင် တရားဟောသူ့ဆီမှာ ပေးစရာ တရား ရှိလို့လားဘုရား'

'သူဟောမယ့်တရားပေါ့'

'သူဟောမှာက တရားမှမဟုတ်တာပဲ ဘုရား'

'တရားမဟောယင် ဘာဟောမှာလဲ'

'ကွက်စိပ်စကား ပြောဟောမှာပေါ့ ဘုရား'

'အဲဒါကဘာလဲ'

'ရှေးက စကားတခုကို အကွက်စိပ်ပြီးပြောတဲ့စကားပေါ့ ဘုရား'

'ဒါကြောင့် ဟောသူဟာ အသံတွေ၊ဟန်တွေ ထုတ်ရတာကိုး'

'တကယ်ရစရာ မပေးနိုင်တော့ ယူချင်တာပေးကြတာပေါ့ ဘုရား'

'မြတ်စွာဘုရားရဲ့သာသနာဖြစ်တဲ့ အရိယဓမ္မ အဖတ်ဆယ်စရာ မရှိဘူးပေါ့'

'အဲဒါရဲ့ပြောင်းပြန်ပေါ့ ဘုရား'

'ဘယ်လို ပြောင်းပြန်ဖြစ်တာလဲ'

'ဘုရားရဲ့သာသနာဖြစ်တဲ့ အရိယဓမ္မက ပိုင်းခြားအသိခံရမယ့်တရားအဖြစ် မိန့်ကြားခဲ့ချက်တွေကို ပွားများနေကြတာတွေပေါ့ ဘုရား'

'ဘာတွေပွားကြလို့လဲ'

'**ကာမကုသိုလ်နဲ့ ရူပါရူပကုသိုလ်**တွေပေါ့ ဘုရား'

'ဒါတွေဟာ ဒုက္ခ(အရိယသစ္စာ)ထိုက်တဲ့ တရားတွေဆိုတာ မသိကြလို့လား'

'ဒုက္ခ(အရိယ)သစ္စာထိုက်တယ်ဆိုတာက ဆင်းရဲအစစ်အမှန် ဖြစ်တယ်လို့ ပြောတာလားဘုရား'

'ဒါပေါ့'

'ဒုက္ခ(အရိယ)သစ္စာထိုက်တဲ့ တရားလို့တော့ သိကြမှာပါပဲ ဘုရား'

'သည်လိုသိယင် ဘယ်ပွားဖို့ကောင်းမလဲ'

'ဒုက္ခ(အရိယ)သစ္စာထိုက်တယ်ဆိုတာ ဆင်းရဲအစစ်အမှန် ဖြစ်တာလို့ မသိကြဘူးနဲ့တူပါတယ် ဘုရား'

'ဘာဖြစ်လို့လဲ'

'သူတို့အပွားခိုင်းတာတွေက ကုသိုလ်တွေပဲ ဘုရား'

'အဲဒါ ဘာဖြစ်သလဲ'

'ကုသိုလ်ဆိုတာ ကောင်းတယ်လို့ အနက်ဖော်ပြရတဲ့အရာပဲ ဘုရား'

'ဟော…'

'ကုသလာ အနဝဇ္ဇ သုခဝိပါကလက္ခဏာ'-လို့ဆိုတယ် မဟုတ်ပါလား ဘုရား'

'အနက်ဖွင့်ဆရာက မသိဘဲဖွင့်ထားတာကြီးပဲ'

'ကုသိုလ်တွေက ဘယ်လိုအပြစ်တွေရှိပြီး ဘယ်လိုဆိုးကျိုးတွေ ဖြစ်စေလို့လဲ ဘုရား'

'ဒါကလေးတောင် မသိကြတော့ဘူးလား'

'ပြောလည်း ခံရမှာပဲပေါ့ ဘုရား'

## ၃၄။ အကုသိုလ်-ကုသိုလ်တို့ရဲ့ အနက်အတ္ထနှင့်အကျိုး

'လောကီကုသိုလ်တွေဆိုတာ အဘိသင်္ခါရထိုက်တဲ့ ဘဝတွေ မဟုတ်ကြဘူးလား'

'ဟုတ်ပါတယ် ဘုရား'

'အဲဒါတွေက ဇာတိတွေ၊ဇရာမရဏတွေ၊ သောက-ပရိဒေဝ-ဒုက္ခ-ဒေါမနဿတွေကို ဖြစ်စေတယ်လို့ဆိုတာ မပေါ်ကြတော့ဘူးလား'

'အဲဒါတွေက ကုသိုလ်ရဲ့အကျိုးတွေလား ဘုရား'

'ကုသိုလ်ထဲပါတဲ့ သင်္ခါရရဲ့ အကျိုးတွေပေါ့'

'သောကတွေ ဒုက္ခတွေ ဒေါမနဿတွေဟာ အနဝဇ္ဇတွေလား၊ သုခဝိပါကတွေလား ဘုရား'

'သူတို့ မသိကြဘူး'

'ဘာကိုမသိတာလဲ ဘုရား'

'ဓမ္မတ္ထဖြစ်တဲ့ ဓမ္မအနက်တွေကိုပေါ့'

'အဲဒါ နားလည်ပါရစေ ဘုရား'

'အကုသိုလ်မှုဖြစ်တဲ့ မကောင်းတဲ့ကံတွေကို မကောင်းပြော ရတာရဲ့ အနက်ကို နားလည်ပေးရမယ်'

'ဘယ်လို နားလည်ပေးရမလဲ ဘုရား'

'အဲသည် အကုသိုလ်မှုအပြုခံရသူမှာ မကောင်းလို့ မကောင်းမှုကံလို့ ပြောရတာပဲ'

'အကုသိုလ်မှုအပြုခံရသူ မကောင်းပုံ မိန့်ပါဦးဘုရား'

'အကုသိုလ်ကံဆိုတာ ဘယ်လိုဟာတွေလဲ'

'ခိုးမှု၊သတ်မှု၊အာရုံကြူးမှုနဲ့ လိမ်၊ဆဲ၊ဂုံး၊ဖျင်းပြောမှု၊ အချောင်၊အဖျက်၊အမှားမြင်တွေ ကျူးလွန်တာတွေပေါ့ ဘုရား'

'အဲဒါတွေက ခံရသူမှာ ကောင်းမလား'

'ဘယ်ကောင်းမှာလဲပေါ့ ဘုရား'

'အဲဒါကြောင့် အဲဒါတွေကို မကောင်းတဲ့ကံ အကုသိုလ်မှု လို့ ပြောရတာပဲ'

'အကုသိုလ်ကံလို့ပြောရတဲ့ တခြားအကြောင်း မရှိတော့ဘူး လား ဘုရား'

'ဘာပြောစရာရှိသေးတယ် ထင်လို့လဲ'

'သာဝဇ္ဇဖြစ်တာတို့၊ ဒုက္ခဝိပါကဖြစ်တာတို့ဆိုတဲ့ လက္ခဏာ တွေ ရှိတာတို့များ ပြောစရာ ရှိဦးမလားလို့ပါ ဘုရား'

'အဲဒါတွေ မရှိပါဘူး'

'သာဝဇ္ဇ ဒုက္ခဝိပါက မဖြစ်လို့လား ဘုရား'

'ဖြစ်ပါတယ်'

'အဲသည်တော့ အဲဒါတွေ ပြောလို့မရဘူးလား ဘုရား'

'အဲသည်လက္ခဏာတွေက အဲသည် မကောင်းမှုကံမှာမှ ဖြစ်တာ မဟုတ်တာဘဲ'

'ဘယ်မှာဖြစ်သေးလို့လဲ ဘုရား'

'အဘိသင်္ခါရကုသိုလ်ကံတွေမှာလည်း ဖြစ်တယ်'

'သည်လိုဆိုတော့ သည်လက္ခဏာတွေက အကုသိုလ်ကံတွေရဲ့ ဝိသေသကို ဖော်ပြနိုင်တဲ့လက္ခဏာ မဟုတ်ဘူးပေါ့ ဘုရား'

'ဒါပေါ့'

'ကောင်းမှုကံ ကုသိုလ်မှုဖြစ်တဲ့ အဘိသင်္ခါရရဲ့ ကောင်းတယ်...ပြောရတာကကော ဘယ်အဓိပ္ပါယ်နဲ့ ပြောရတာလဲ ဘုရား'

'ကောင်းမှုကံ ကုသိုလ်မှုအပြုခံရသူမှာ ကောင်းလို့ ကောင်းမှု ပြောရတာပဲ'

'အဲသည် ကောင်းမှုကံရဲ့ ကောင်းပုံ အမိန့်ရှိပါဦးဘုရား'

'ကောင်းမှုကံအပြုခံရသူဟာ ခိုးဆိုး၊သတ်ဖြတ်....အစရှိတဲ့ မကောင်းတဲ့အဖြစ်တွေ အဖြစ်မခံရဘူး မဟုတ်လား'

'ဟုတ်ပါတယ် ဘုရား'

'အဲဒါကြောင့် ကောင်းတယ် ပြောရတာပဲ'

'ကောင်းမှုကံရဲ့အနက်ဟာ တခြားမရှိတော့ဘူးလား ဘုရား'

'အနဝဇ္ဇတွေ သုခဝိပါကတွေ ဖြစ်ဦးမယ်ထင်လို့လား'

'အဲသည်လို မထင်ရတော့ဘူးလား ဘုရား'

'အပြစ်မရှိဘူးပြောရအောင် သူက သောက....အစရှိတာတွေ မဖြစ်စေတာမှ မဟုတ်တာဘဲ၊ ပြီးတော့လည်း ကောင်းကျိုးပေးတယ်လို့ ပြောရအောင် ဇာတိ၊ဇရာမရဏ မဖြစ်စေတာတွေမှ မဟုတ်တာဘဲ'

'ကောင်းမှုကံတွေလည်း ဒုက္ခတွေဖြစ်လို့ သုခအကျိုးမပေးဘူး ပြောတာလား ဘုရား'

'ဒါပေါ့'

## ၃၅။ အပါယ်လူနတ်ဗြဟ္မာ သတ္တဝါအဖြစ်တွေဟာ လူ့သဘာဝကနေ ဖောက်ပြန်တဲ့ နာနာဘာဝအဖြစ်တွေ

'သည်ကံတွေက လူနတ်ဗြဟ္မာ သတ္တဝါကိုဖြစ်စေတယ်ဆို မဟုတ်လား ဘုရား'

'ဟုတ်သားပဲ'

'အဲဒါတွေဟာ ကောင်းကျိုးတွေမဟုတ်ဘူးလား ဘုရား'

'အဲသည် သတ္တဝါအဖြစ်တွေကို ဘယ့်ကြောင့် ကောင်းကျိုးလို့ ပြောချင်တာလဲ'

'အပါယ်သတ္တဝါထက် ကောင်းတယ် မဟုတ်ဘူးလား ဘုရား'

'ဟုတ်တာပဲ'

'အဲဒါကြောင့်ဖြစ်မှာပေါ့ ဘုရား'

'အဲဒါ မှန်မှာမဟုတ်ဘူး'

'ဘယ်လိုလဲ ဘုရား'

'အဲသည် လူနတ်ဗြဟ္မာနဲ့ အပါယ်သတ္တဝါတွေဟာ တမျိုးတစားတည်းဖြစ်တဲ့ သတ္တဝါတွေပဲ'

'ဘယ်လို တမျိုးတစားတည်းလဲ ဘုရား'

'ဒုက္ခဖြစ်တာချင်း တမျိုးတစားထဲပေါ့'

'သည်လို တမျိုးတစားတည်းဖြစ်လျက် အပါယ်ရယ်၊ သုဂတိရယ် ဘယ့်ကြောင့် ကွဲနေရတာလဲ ဘုရား'

'ခံစားချက်အဆင့်ချင်း ကွဲလို့ပဲ'

'အပါယ်က ဘယ်လိုခံစားလို့လဲ ဘုရား'

'ဆိုးတယ်'

'လူနတ်ဗြဟ္မာ ခံစားချက်ကကော ဘုရား'

'ကောင်းတယ်'

'လူနတ်ဗြဟ္မာက ကောင်းတယ်ဆိုပြီး ဘယ်လိုဒုက္ခဖြစ်တာလဲ ဘုရား'

'အဲသည်လူနတ်ဗြဟ္မာဖြစ်ကိုက ဖောက်ပြန်တဲ့အဖြစ်တွေ*၅ ဖြစ်လို့ ဒုက္ခဖြစ်တာပဲ'

'ဘယ်လိုဖောက်ပြန်တာလဲ ဘုရား'

'သဘာဝမဟုတ်တဲ့ အမှုတွေကြောင့်ဖြစ်တဲ့ သတ္တဝါအဖြစ်တွေဖြစ်လို့ ဖောက်ပြန်တာပဲ'

---

*၅ ဝိပရိဏာမဓမ္မ၊ နာနာဘာဝ

'အဲသည် လူနတ်ဗြဟ္မာအဖြစ် သတ္တဝါတွေဟာ လူ့သဘာဝ တွေ မရှိတော့ဘူးလား ဘုရား'

'ဟုတ်တယ်'

'အဲဒါတွေက လူမှာဖြစ်နေတာတွေ မဟုတ်ဘူးလား ဘုရား'

'ဟုတ်သားပဲ'

'လူမှာဖြစ်နေပြီး လူ့သဘာဝမဟုတ်ဘူးဆိုတာ ဘယ်လို နားလည်ရမလဲ ဘုရား'

'ခွေးရူးပြန်သူ့အဖြစ်ဆိုတာ ကြားဘူးမှာပါ'

'ခွေးရူးလို ဒေါကန်ကိုက်ခဲတဲ့လူ ဆိုတာလား ဘုရား'

'ဟုတ်တယ်'

'အဲဒါ ဘာဖြစ်သလဲ ဘုရား'

'အဲဒါ လူမှာဖြစ်တာ မဟုတ်ဘူးလား'

'ဟုတ်ပါတယ် ဘုရား'

'အဲသည်သဘာဝဟာ လူ့သဘာဝဟုတ်သေးလို့လား'

'မဟုတ်တော့ပါဘူး ဘုရား'

'လူမှာဖြစ်ပေမယ့် လူ့သဘာဝမဟုတ်တာ ဖြစ်နေပြီဆိုယင် လူ့သဘာဝ ဖြစ်ခွင့်ရပါဦးမလား'

'မရတော့ဘူးပေါ့ ဘုရား'

'လူဖြစ်ပြီး လူ့သဘာဝမရှိတော့တာဟာ ကောင်းပါ့မလား'

'မကောင်းတော့ မကောင်းဘူးပေါ့ ဘုရား'

'ဘာပြောချင်သေးလို့လဲ'

'လူနတ်ဗြဟ္မာဟာ လူ့သဘာဝမဟုတ်ပေမယ့် ကောင်းတယ် မဟုတ်လား ဘုရား'

'ကောင်းတယ်ထင်စရာ ဖြစ်ပေမယ့် လူ့သဘာဝမဟုတ်ယင်တော့ ကောင်းလို့ ဘယ်ဖြစ်ပါ့မလဲ'

'လူ့သဘာဝ မဟုတ်တာနဲ့ မကောင်းတော့ရဘူးလား ဘုရား'

'ဒါပေါ့'

'ဘာ့ကြောင့်လဲ ဘုရား'

'လူ့သဘာဝမကျတဲ့လူဟာ လူစိတ်ရှိသူ ဟုတ်သေးတော့ရဲ့လား'

'မဟုတ်ဘူးလို့တော့ ပြောရမှာပေါ့ ဘုရား'

'လူ့သဘာဝအောက် လျော့နေယင်ဖြစ်ဖြစ် လွန်နေယင်ဖြစ်ဖြစ် စိတ္တဇဖြစ်နေတယ် ပြောရမှာ မဟုတ်လား'

'သဘာဝမဟုတ်တော့ စိတ္တဇပေါ့ ဘုရား'

'စိတ္တဇဖြစ်နေသူရဲ့ အဖြစ်ဟာ ကောင်းချင်ကောင်းနေမယ်၊ ဒါပေမယ့် အဲသည်အဖြစ်ရှိသူကို လူကောင်းလို့ ပြောကြမလား၊ လူရူးလို့ ပြောကြမလား'

'လူရူးလို့ပဲ ပြောကြမှာပါ ဘုရား'

'ကောင်းချင်ကောင်းမှာဖြစ်နေတဲ့ စိတ္တဇဖြစ်သူကို လူတွေက ကြောက်ရွံ့ကြမှာလား၊ မြတ်နိုးကြမှာလား'

'ကြောက်ရွံ့ကြမှာပါ ဘုရား'

'အဲသည်သူတွေကို မြတ်နိုးသူတွေ ရှိကောင်းရှိပါဦးမယ်'

'အဲဒါကဘယ်လိုလဲ ဘုရား'

'မြတ်နိုးသူတွေကိုယ်တိုင်က စိတ္တဇရှိနေသူတွေ ဖြစ်ကြလို့ပဲ'

'အဲသည်သူတွေကလည်း မြတ်နိုးချင်စရာတွေဖြစ်တယ် မဟုတ်ဘူးလား ဘုရား'

'ဘယ်လိုတွေ ဖြစ်လို့လဲ'

'လူတွေကို ကူညီမ,စ လမ်းညွှန်ပြကြတယ် မဟုတ်လား ဘုရား'

'ဟုတ်ပါ့....'

'အဲဒါတွေက မြတ်နိုးစရာတွေ မဟုတ်ဘူးလား ဘုရား'

'အကူအမအညွှန်ပြ ခံချင်သူအနေနဲ့ မြတ်နိုးစရာတွေပါပဲ'

'ဒါတော့ ဒါပေါ့ဘုရား'

'အဲဒါခံချင်သူက လူ့သဘာဝကျလို့လား'

'လူ့သဘာဝဆိုယင်တော့ လူဟာ သူ့တန်ဖိုးနဲ့သူတော့ ဖြစ်မှာပါ ဘုရား'

'သည်အတိုင်းဆိုယင် ကူညီမ,စသူဟာ မြတ်နိုးစရာ မဟုတ်ဘဲ ဖောက်ပြန်တဲ့ ကြောက်စရာလူ ဖြစ်မနေဘူးလား'

'အဘိသင်္ခါရကုသိုလ်ကံတွေဟာ ဒုက္ခသစ္စာထိုက်တယ် ဆိုတာ လောကုတ္တရာအရပဲ၊ လောကီလိုဆိုယင် ဒုက္ခမဟုတ်ဘဲ သုခတွေလို့ ထင်ပြီး အဲဒါတွေကို ပွားနေကြတာပဲ ဘုရား'

## ၃၆။ ခံစားချက်နောက်လိုက်နေတာ လောကီသား

'ဒုက္ခဖြစ်တာကိုပဲ လောကုတ်လိုဒုက္ခ၊ လောကီလိုဒုက္ခလို့ ခွဲနေ ရသေးသလား'

'လောကုတ္တရာဒုက္ခဆိုတာက ကြားဖူးနားဝထက် မပိုတာ ဆိုတော့ ခွဲကြတော့တာပေါ့ ဘုရား'

'လောကီ၊လောကုတ်ဆိုပြီး ခွဲနေတာက မသိသူနဲ့သိသူ ဆိုတာမျိုးပဲ'

'ဘယ်လိုလဲ ဘုရား'

'မသိသူအမှန်က တမျိုး၊ သိသူအမှန်က တမျိုး၊ သည်လို အမှန်က နှစ်မျိုးရှိတာ မဟုတ်ဘူးပဲ'

'ရှင်းပါဦး ဘုရား'

'မသိသူအမှန်ဆိုတာ အမှန်ဟုတ်လို့လား'

'မသိလို့ မှန်တယ်ထင်နေတာမျှပဲပေါ့ ဘုရား'

'မှန်တယ်ထင်တာဟာ အမှားကိုအမှန်လုပ်တာ မဟုတ်ဘူး လား'

'ဟုတ်တာပေါ့ ဘုရား'

'အမှားကို အမှန်လုပ်တော့ အမှန်ဖြစ်မှာလား၊ အမှားဖြစ်မှာ လား'

'အမှန်မဖြစ်ဘဲ၊ အမှားပဲဖြစ်မှာပါ ဘုရား'

'သည်တော့ မသိသူ့အမှန်၊ သိသူ့အမှန်လို့ အမှန်က နှစ်မျိုး ရှိနိုင်သေးတော့ရဲ့လား'

'အမှန်က တမျိုးတည်းပဲပေါ့ ဘုရား'

'လောကီဒုက္ခ၊လောကုတ်ဒုက္ခ နှစ်မျိုးခွဲသိတာလည်း သည်လိုပဲပေါ့'

'အဲဒါလည်း နည်းနည်းရှင်းပါဦး ဘုရား'

'လောကီနဲ့လောကုတ်က မသိသူနဲ့သိသူလိုပဲပေါ့'

'မသိသူကပြောတဲ့အမှန်ဟာ အမှန်မဟုတ်သလို လောကီသားက ဒုက္ခပြောချက်လည်း ဒုက္ခမဟုတ်ဘူးလို့ဘဲ ဆိုလိုတာလား ဘုရား'

'ဒါပေါ့'

'မသိသူပြောတဲ့ဒုက္ခလည်း ဒုက္ခမဟုတ်ဘူးပြောလို့ မဖြစ်ဘူး ထင်ပါတယ် ဘုရား'

'အဲသည်လိုထင်ချင်ယင် မသိဘူးစာရင်းပဲ ဝင်တော့မပေါ့'

'ဝင်ကာမှဝင်ရော့ပဲ ဘုရား'

'လောကီသားကပြောတဲ့ ဒုက္ခလည်း ပြောစမ်းပါဦး'

'ဆိုးရွားတဲ့ ခံစားချက်အမျိုးမျိုးတွေပေါ့ ဘုရား'

'ဟုတ်ပါ့'

'အဲဒါတွေဟာ ဒုက္ခမဖြစ်ဘူးလား ဘုရား'

'အဲဒါတွေဟာ ကြိုက်စရာမကောင်းတာတော့ သေချာပါတယ်'

'ကြိုက်စရာမကောင်းတာတွေ ဖြစ်နေတာဟာ ဆိုးရွားတာပဲ မဟုတ်ဘူးလား ဘုရား'

'ဆိုးရွားတာဖြစ်ယင်တော့ အဲဒါတွေဟာ ဒုက္ခဟုတ်တာ ပဲပေါ့'

'သည်အဖြစ်တွေဟာ မဆိုးရွားဘူးလား ဘုရား'

'ဆိုးရွားတယ် ထင်ရတာလောက်ပါ၊ မဆိုးရွားပါဘူး ပြော ယင် ဘယ်လိုလဲ'

'ဘယ်လို မဆိုးရွားဘဲ–ဆိုးရွားတယ်ထင်ရတာလဲလို့ ပြန် မေးရမှာပေါ့ ဘုရား'

'ဟုတ်ပါ့'

'အဲဒါရှင်းပါဦး ဘုရား'

'အဲသည်အဖြစ်ဟာ ဆိုးရွားတယ်ဆိုယင် အဲသည်အဖြစ်မရှိ ယင် ကောင်းမလား မေးရမှာပဲ'

'အဲသည်အဖြစ်မရှိယင် ကောင်းမှာပေါ့ ဘုရား'

'အဲဒါဟုတ်–မဟုတ် စစ်ကြည့်ရအောင်'

'စစ်ပါဘုရား'

'မီးလောင်တာဖြစ်ဖြစ် ရန်သူလေယာဉ် ဗုံးကြဲလာတာ ဖြစ်ဖြစ် ဖြစ်ယင် အချက်ပြဥသြဆွဲတယ် မဟုတ်လား'

'ဟုတ်ပါတယ် ဘုရား'

'အဲဒါကြားရတာ ခံစားချက်ကောင်းမလား ဆိုးမလား'

'ဆိုးတာပေါ့ ဘုရား'

'သည်လိုခံစားချက်ဆိုး မဖြစ်အောင် အချက်ပေးဥသြမဆွဲ ဘဲထားယင် ကောင်းမလား'

'ဘယ်လိုလဲ ဘုရား'

'အချက်ပေးဥသြသံကြားရလို့ ဒုက္ခဖြစ်တာကို မဖြစ်စေဘို့အတွက် ဥသြသံ မပေးဘဲထားတာပဲ'

'မကောင်းပါဘူး ဘုရား'

'ဘယ်လိုလဲ'

'အချက်ပေးဥသြသံမရှိယင် ပိုဒုက္ခရောက်မှာကြောင့်ပဲ ဘုရား'

'ဥသြသံက ခံစားချက်ဆိုးတယ် မဟုတ်လား'

'ဥသြသံကပေးတဲ့ ခံစားချက်ဆိုးက အချက်ပြခံစားချက်ဆိုးပဲ ဘုရား'

'ဟုတ်တယ်၊ ငြိမ်းနိုင်သတ်နိုင် တိမ်းရှောင်နိုင်အောင် အချက်ပြတာ ကြားရတဲ့ ခံစားချက်ဆိုးပဲ'

'အချက်ပြမကြားယင် ခံစားချက်ဆိုးမဖြစ်ပေမယ့် အဖြစ်ဆိုးနဲ့ ရင်ဆိုင်ရမှာ မလွှဲဘဲ ဘုရား'

'ဘယ်လိုအဖြစ်ဆိုးလဲ'

'မီးလောင်ခံရတာတို့၊ ဗုံးကြဲခံရတာတို့ပေါ့ ဘုရား'

'အဲဒါတော့ မလွှဲဘဲ'

'မီးလောင် ဗုံးအကြဲခံရတဲ့အဖြစ်က အချက်ပြ ခံစားဆိုးထက် ပိုဆိုးတာပေါ့ ဘုရား'

'ဒါသိယင် အချက်ပြခံစားချက်ဆိုးဖြစ်တဲ့ နာတာဟာ

မပျက်အောင်ပြင်ဖို့ အချက်ပြတာဖြစ်လို့ ဆိုးဝါးတဲ့ဒုက္ခမဟုတ်တာ သိသာတယ် မဟုတ်လား'

'သည်လိုဆိုတော့ ခံစားချက်ဆိုးကို ဒုက္ခ-လို့ မပြောရဘူးပေါ့ ဘုရား'

## ၃၇။ လောကီသားဆိုတာ ဒုက္ခများအောင် လုပ်နေသူ

'ခံစားချက်ဆိုးကို ဒုက္ခလို့သိလို့ ဘာထူးမှာလဲ'

'ဘာဖြစ်လို့လဲ ဘုရား'

'ခံစားချက်ရဲ့သဘောက အကောင်းအဆိုး အမျိုးမျိုးရှိနိုင်တာပဲ'

'အဆိုးသိတော့ အဆိုးမဖြစ်အောင် ရှောင်နိုင်တာပေါ့ ဘုရား'

'လူက ဒါကိုလွတ်အောင် မရှောင်နိုင်ဘူး'

'ဘာဖြစ်လို့လဲ ဘုရား'

'အဲဒါက လူရဲ့သဘာဝပစ္စည်း ဖြစ်လို့ပဲ'

'**သဘာဝ**ဆိုတာ ဘာလဲ ဘုရား'

'**သူ့ဟာသူ ဖြစ်တာ**ပေါ့'

'လူကလုပ်ယူလို့ မရတာလား ဘုရား'

'ဒါပဲ'

'ခံစားချက်ဆိုးကို လူလုပ်ယူလို့ မရဘူးလား ဘုရား'

'ဟုတ်တယ်'

'ခံစားချက်ကောင်းကိုကော လူက လုပ်ယူလို့ရမလား ဘုရား'

'မရဘူး'

'ခံစားချက်ဆိုးတွေ ပါးရှားပပျောက်ပြီး ခံစားချက်ကောင်းတွေ များပြားကျရောက်အောင် လုပ်သူတွေကို ဘယ်လိုပြောမလဲ ဘုရား'

'ဒုက္ခတွေ ပွားများနေသူတွေပဲပေါ့'

'ဘုရား....'

'အဲဒါ လောကီသားတွေ ဆိုတာရဲ့ အဓိပ္ပါယ်ပဲ'

'ဘယ်လိုလဲ ဘုရား'

'**လောက**-ဆိုတာရဲ့အနက်က **ဒုက္ခ**-လို့ရတယ်၊ **အီ(ဤ)**-ဆိုတာရဲ့အနက်က **ရှိတာ**-လို့ရတယ်၊ နှစ်ခုပေါင်းတော့ '**ဒုက္ခရှိတာ**' ပေါ့'

'ဒါဆို လောကီသားဆိုတာ ဒုက္ခများအောင် လုပ်နေသူတွေပေါ့ ဘုရား'

'ဟုတ်တယ်'

'အဲသည် လောကီသားရဲ့ လောကအမြင်ဟာ ခံစားချက်ဆိုးတွေဟာ ဒုက္ခပဲလို့မြင်တာဆိုတော့ အဲသည်အမြင်မမှန်လို့ သူတို့ ဒုက္ခများသူ ဖြစ်ရတာလား ဘုရား'

'အမှန်ပဲ'

## ၃၈။ ဒုက္ခဆိုတာ သဘာဝအာရုံတွေကို ပစ်တာ–နှစ်တာလုပ်လို့ ရှုံးသွင်းရတဲ့အဖြစ်တွေ

'ဒုက္ခများသူ လောကီသားအဖြစ်က လွန်မြောက်အောင် ဘယ် လိုအမြင်မျိုး မြင်ရမှာလဲ ဘုရား'

'အာရုံတွေကို ပစ်စရာနဲ့နှစ်စရာအမြင်မျိုး မမြင်အောင် ရှောင်ရမှာပဲ'

'သိမြင်စရာ၊ ခံစားစရာ၊ မှတ်သားစရာ၊ တုံ့ပြန်စရာ၊ ရှင်သန်ရပ်တည်စရာ၊ ဒါတွေဟာ သဘာဝအာရုံတွေဆိုတော့ ဒါတွေ မှာ ပစ်တာနဲ့နှစ်တာတွေ မလုပ်ရဘူးလား ဘုရား'

'ဟုတ်တယ်'

'ဘာဖြစ်လို့လဲ ဘုရား'

'အစွန်းရောက်တဲ့ အမှုတွေဖြစ်ဖို့ အကြောင်းတွေ ဖြစ်လို့ပဲ'

'ဘယ်လို အစွန်းရောက်တဲ့အမှုဖြစ်ဖို့အကြောင်း ဖြစ်မှာလဲ ဘုရား'

'သည် သဘာဝအာရုံတွေကို ပစ်တော့ ရှုံးသွပ်တာပေါ့'

'ရှုံးသွပ်တော့ ဘယ်လို အစွန်းရောက်တဲ့အမှုဖြစ်တာလဲ ဘုရား'

'ဘဝအမျိုးမျိုးတွေ ဖြစ်တာတွေဟာ အစွန်းရောက်မှုဖြစ်တာ တွေပဲ'

'ဘဝဆိုတာ အမှုကံတွေ မဟုတ်ဘူးလား ဘုရား'

'ဟုတ်ပါတယ်'

'ဘယ်လိုအမှုတွေ ဖြစ်လို့လဲ ဘုရား'

'သိမြင်၊ခံစား၊မှတ်သား၊တုံ့ပြန်၊ရှင်သန်ရပ်တည်တဲ့ သဘာဝတွေကို မသိမြင်၊မခံစား၊မမှတ်သား၊မတုံ့ပြန်၊မရှင်သန်ရပ်တည် စေတဲ့ အမှုတွေနဲ့ ပိုလွန်သိမြင်၊ပိုလွန်ခံစား၊ပိုလွန်မှတ်သား၊ပိုလွန်တုံ့ပြန်နဲ့ ပိုလွန်ရှင်သန်ရပ်တည်စေတဲ့ အမှုတွေဖြစ်တဲ့ ဘဝတွေ ဖြစ်တာပဲ'

'ဒါတွေဟာ သဘာဝထက် အယုတ်အလွန် ဖြစ်စေတာတွေပေါ့ ဘုရား'

'ဟုတ်တယ်'

'အဲသည်လိုဖြစ်အောင် လုပ်တာတွေဖြစ်လို့ အမှု-ခေါ်တာလား ဘုရား'

'အမှန်ပဲ'

'ဒါကို ဘဝ-လို့ ဘယ့်ကြောင့်ခေါ်ရတာလဲ ဘုရား'

'သဘာဝမဟုတ်ဘဲ ဖြစ်တဲ့အဖြစ် ဖြစ်လို့ပဲ'

'ဘယ့်ကြောင့် ဘဝမဖြစ်စေချင်ရတာလဲ ဘုရား'

'ပိုရှုးသွပ်မှာစိုးတာကြောင့်ပေါ့'

'ပိုရှုးသွပ်တာ ဒုက္ခလားဘုရား'

'ဟုတ်တယ်'

'ဘယ်လို ဒုက္ခဖြစ်တာလဲ ဘုရား'

'ပိုရှုးသွပ်တော့ ပိုပြီး အရှုးအလုပ်တွေလုပ်ပြီး အရှုးအဖြစ်တွေ ပိုဖြစ်တာပဲ'

'ဟုတ်မှာပါ ဘုရား'

'အဲသည်လိုလုပ်ဖို့ ကောင်းမလား၊မကောင်းဘူးလား'

'မကောင်းပါဘူး ဘုရား'

'သည်လို **မလုပ်ကောင်းဘူး**ဆိုတဲ့ အဓိပ္ပါယ်ရှိတဲ့စကားလုံးကို **ဒုက္ခ**–လို့ မဂဓဘာသာမှာ ပြောရတယ်'

'မလုပ်ကောင်းတဲ့အလုပ်ကို လုပ်တာမှ ဒုက္ခ–လားဘုရား'

'ဟုတ်တယ်'

'ခံစားချက်ဆိုးကို ဒုက္ခလို့ မပြောရဘူးလား ဘုရား'

'ပြောရပါတယ်'

'သည်လိုဆိုတော့ ဒုက္ခအနက်က နှစ်မျိုးလား ဘုရား'

'ဟုတ်တယ်'

'ဘယ်လိုလဲ ဘုရား'

**'ခံစားချက်ဆိုးဒုက္ခက သဘာဝဒုက္ခ၊ မလုပ်ကောင်းဒုက္ခက အရိယဒုက္ခ** ဖြစ်လို့ပဲ'

'ဘာဖြစ်လို့ သည်လိုဖြစ်ရတာလဲ ဘုရား'

'မလုပ်ကောင်းဒုက္ခကို မလုပ်ကောင်းမှန်း ပိုင်းခြားသိမှ အရိယာဖြစ်စေတာ ဖြစ်ပြီး၊ သဘာဝဒုက္ခကို ပိုင်းခြားသိပေမဲ့ အရိယာမဖြစ်စေနိုင်လို့ပဲ'

'သဘာဝအာရုံတွေကို ပစ်စရာအမြင်နဲ့ နှစ်စရာအမြင်လို့ မြင်တာ ရှုးသွပ်တာဆိုတော့ သည်လိုရှုးသွတ်တဲ့အမြင်မျိုး ဘာ့ကြောင့်ဖြစ်တာလဲ ဘုရား'

'အာရုံမှာ ယစ်မူးလို့ပဲ'

'ယစ်မူးတာနဲ့ ရှူးရသလားဘုရား'

'ယစ်မူးတော့ အာရုံရဲ့ပမာဏအမှန်နဲ့ လွဲချော်သိပြီး သိတဲ့အတိုင်းလုပ်လို့ ရှူးသွတ်တဲ့အမြင် ဖြစ်တာပဲ'

'ဒါတော့ ဖြစ်မှာပဲ ဘုရား'

'လွဲတော့ လွဲတာသိတာ ရှူးတာပဲပေါ့'

## ၃၉။ အရှူးအမြင်ကလွတ်အောင် မဂ်ပွားနည်း

'အဲသည်လို လွဲသိတာမဖြစ်အောင် ဘယ်လိုလုပ်ရမလဲ ဘုရား'

'မဂ်ပွားရမှာပဲ၊ ဒါပေမဲ့ မဂ်ပေါ်အောင် အဲဒါတွေမထဘို့ လုပ်ရတယ်'

'အဲဒါမထကြွအောင် ဘယ်လိုလုပ်ရမလဲ ဘုရား'

'လွဲသိတဲ့အမြင်နဲ့ ကိုယ်နှုတ်နှလုံးအမှု တခုခု လွန်ကျူးတာမျိုး မမှီဝဲမိအောင် စောင့်ရှောက်ရမှာပဲ'

'သဘာဝအာရုံမှာနစ်လို့ ရှူးသွပ်တာမျိုး မထကြွအောင် ဘယ်လို ကိုယ်နှုတ်နှလုံးလွန်ကျူးမှု မမှီဝဲဘဲ နေရမလဲ ဘုရား'

'အဆင်း၊အသံ၊အနံ့၊အရသာ၊အတွေ့ ချမ်းသာဖို့တွေ အာရုံပြုပြီး ကောင်း-မကောင်း ကိုယ်နှုတ်နှလုံး လွန်ကျူးတာတွေ မမှီဝဲဘဲ နေရမှာပဲ'

'အဲဒါတွေအာရုံပြုပြီး မကောင်းတဲ့ ကိုယ်နှုတ်နှလုံးလွန်ကျူးတာ လုပ်တတ်သလား ဘုရား'

'အကုသိုလ်ကံဆိုတာ အဲဒါပဲလုပ်ကြတာပေါ့'

'အဲဒါတွေအာရုံပြုပြီး ကောင်းတဲ့ကိုယ်နှုတ်နှလုံး လွန်ကျူးတာ ကျတာတွေက ဘယ်လိုတွေလဲ ဘုရား'

'ကာမကုသိုလ်ကံဆိုတာတွေဟာ အဲဒါတွေပဲ'

'ကာမအကုသိုလ်ကသာ မမှီဝဲရမှာ မဟုတ်ဘူးလား ဘုရား'

'ကာမကုသိုလ်ကံလည်း မမှီဝဲကောင်းဘူး'

'ဘာဖြစ်လို့လဲ ဘုရား'

'ကာမကုသိုလ်ကံကို ကိုယ်က ဖြစ်စေတာမှမဟုတ်ဘဲ၊ ရှုးသွပ်မှုက ဖြစ်စေတာဖြစ်လို့ မမှီဝဲကောင်းတာပေါ့'

'ကာမအကုသိုလ်ကံ မမှီဝဲကောင်းတာလည်း သည်လိုပဲလား ဘုရား'

'ဟုတ်တယ်'

'သည်လို မသိခဲ့ဘူး ဘုရား'

'ဘယ်လိုသိနေလို့လဲ'

'မကောင်းလို့ မမှီဝဲကောင်းဘူးလို့ အစဉ်အလာကပြောတဲ့အတိုင်း သိနေတာဘုရား'

'အကုသိုလ်ကံကလည်း ရှုးသွပ်မှုက ဖြစ်စေတာပဲ'

'လူလုပ်တာမဟုတ်တော့ လွန်တဲ့ကျူးတဲ့အလုပ်လို့ ပြောရတော့တာလား ဘုရား'

'အမှန်ပဲ'

'အဆင်း၊အသံ၊အနံ့၊အရသာ၊အတွေ့ ချမ်းသာတွေ စွဲလန်းတမ်းတပြီးလုပ်တဲ့ ဒုစရိုက်အလုပ်တွေနဲ့ သုစရိုက်အလုပ်တွေ အားလုံးပဲ မှီဝဲမှုရှောင်ရမှာပေါ့ ဘုရား'

'အဲဒါတွေဟာ သဘာဝအာရုံမှာနစ်လို့ ရှုံးသွပ်တာကဖြစ်စေတဲ့ အမှုတွေဖြစ်လို့ အားလုံးကို ရှောင်ရမှာပဲ'

'အာရုံငါးပါးကပေးတဲ့ ချမ်းသာကို တမ်းတပြီးလုပ်တဲ့ ဒုစရိုက်၊သုစရိုက် ကောင်-ဆိုးနှစ်တန်ကံတွေကို မှီဝဲမှုရှောင်ယင် အာရုံမှာနစ်လို့ ရှုံးသွပ်တာမျိုး မဖြစ်တော့ဘူးပေါ့ ဘုရား'

'မဖြစ်တော့ဘူး မပြောရဘူး၊ မထတော့ဘူးပဲ ပြောရမယ်'

'မထတော့ဘူးဆိုတော့ အရှုံးမထတော့ဘူးဆိုတာလို ဖြစ်မှာပေါ့ ဘုရား'

'ဟုတ်တယ်'

'နောင်မှာတော့ လွန်ကျူးဦးမှာလား ဘုရား'

'ထရင် ကျူးဦးမှာပဲ'

'မမှီဝဲရတာက မထအောင်လား ဘုရား'

'ဟုတ်တယ်'

'သဘာဝအာရုံတွေပစ်လို့ ရှုံးသွပ်တာမျိုးတွေ မထကြွအောင်က ဘယ်လို ကိုယ်နှုတ်နှလုံး လွန်ကျူးတာတွေ မမှီဝဲဘဲ နေရမှာလဲ ဘုရား'

'အဆင်း၊အသံ၊အနံ့၊အရသာ၊အတွေ့အာရုံ ကာမဂုဏ်ဒုက္ခတွေ အဖြစ်ခံနေရတဲ့ ကိုယ့်ကိုယ်ကို အဲသည်လိုအဖြစ်ခံရတဲ့ ကိုယ့်ကိုယ် မရှိအောင် လုပ်ဆောင်တဲ့ ကျူးလွန်မှုတွေကို မမှီဝဲဘဲ နေရမှာပါပဲ'

'အဲသည်လွန်ကျူးမှုတွေက ဘာတွေလဲ ဘုရား'

'*၆ကာမအမှတ်သညာမှန်းအောင် လုပ်တဲ့ လွန်ကျူးမှုနဲ့ *၇ရုပ်ကိုယ်ကာယမှန်းအောင် လုပ်တဲ့ လွန်ကျူးမှုတွေပဲ'

'အဲဒါတွေကို ဘယ့်ကြောင့် လွန်ကျူးတယ် ပြောရတာလဲ ဘုရား'

'အဲဒါတွေကို သဘာဝဝန်းကျင် အာရုံဖြစ်တဲ့ ရှုးသွပ်မှုက ဖြစ်စေတာ ဖြစ်ပြီး လူက မဖြစ်စေနိုင်တာကြောင့်ပဲ'

'ကာမအမှတ်သညာကို မှန်းအောင် ဘယ်လိုလုပ်တာလဲ ဘုရား'

'စိတ်ထိန်းတာပေါ့'

'စိတ်ကို အတိတ်၊အနာဂတ်မသွားစေဘဲ ပစ္စုပ္ပန်မှာပဲ နေစေတာလား ဘုရား'

'ဒါပေါ့'

'အဲဒါအောင်တော့ ဘာဖြစ်မှာလဲ ဘုရား'

'ကာမသညာ ပျောက်တာပေါ့'

'ကာမသညာပျောက်ယင် ဘာမှမသိတော့ဘူးပေါ့ ဘုရား'

'ကာမသညာ ဘာမှမပေါ်တော့ဘူး'

'သည်လိုဖြစ်တော့ လူက အသုံးကျပါ့ဦးမလား ဘုရား'

'အဲသည်လိုကြီး ဖြစ်သွားတာကို အတ္တကိလမထ လုပ်တယ် ပြောရတာပဲ'

---

*၆ ကာမသညာဝိရာဂ *၇ ရူသညာဝိရာဂ သို့မဟုတ် ပဋိဃသညာဝိရာဂ

'သည်လိုလုပ်တာ ကိုယ့်အခန်းကဏ္ဍ ညှိုးနွမ်းမေးမှိန်စေလို့လား ဘုရား'

'အစစ်ပဲ'

'ဒါကို ဘာလွန်ကျူးမှုလို့ ပြောမလဲဘုရား'

'ရူပါဝစရကုသိုလ် လွန်ကျူးမှုပေါ့'

## ၄၀။ ရုပ်ကို မစွဲငြိအောင်ချဉ်းကပ်နည်း

'ရူပကုသိုလ်ဆိုတာ ကောင်းသလားအောက်မေ့တာ ဘုရား'

'ဘယ်လိုသိလို့လဲ'

'ကာမလွန်ပြီဆိုတော့ မြင့်မြတ်ပြီလား–လို့ပါ ဘုရား'

'ကာမလွန်တာတော့ ဟုတ်တာပဲ'

'သည်လိုဆိုတော့ မမြတ်ဘူးလား'

'ဘယ်မြတ်မလဲ'

'ဘာဖြစ်လို့လဲ ဘုရား'

'ဒါကို လူကဖြစ်စေတာမှ မဟုတ်တာပဲ'

'ဘာကဖြစ်စေလို့လဲ ဘုရား'

'ရှုးသွပ်မှုကပဲ'

'ဘယ်လိုရှုးသွပ်တာလဲ'

'ရုပ်ကို အကောင်းထင်တာပေါ့'

'ဘယ်လိုအကောင်းထင်လို့လဲ ဘုရား'

'ရုပ်ဟာ ပြီးပြည့်စုံတယ်၊ ငြိမ်းချမ်းတယ်လို့ပဲ'

'ဒါက ရှုးတာလား ဘုရား'

'ဟုတ်တယ်'

'ဘယ်လိုဖြစ်လို့လဲ ဘုရား'

'ရုပ်မှာစွဲငြိတာခံနေရတယ် မဟုတ်လား'

'ရုပ်ရှုယင် ရုပ်စွဲငြိရမှာပဲ မဟုတ်ဘူးလားဘုရား'

'ဘယ်ဟုတ်မလဲ'

'မငြိအောင် ရုပ်ကို ဘယ်လိုချဉ်းကပ်ရမလဲ ဘုရား'

'အသုံးအလျောက်ပဲ ကပ်ပေါ့'

'အဆင်း၊အသံ....စတဲ့ အာရုံတိုင်းလည်း သည်လိုပဲကပ်ရမှာ လား ဘုရား'

'ဒါပဲပေါ့'

'အဆင်း၊အသံတခုခုဟာ အသုံးတည့်တာကြောင့် သတိ တရရ ဖြစ်နေတာ ငြိတာလား ဘုရား'

'သည်လို မဟုတ်ပါဘူး'

'**ငြိတယ်ဆိုတာ** ဘယ်လိုဟာလဲ ဘုရား'

'အဲသည် **အဆင်း၊အသံနဲ့နေရတာ ချမ်းသာတယ်လို့ စိတ်မှာ စွဲနေတာမျိုး**ပေါ့'

'ရုပ်ကလည်း အသုံးတည့်တာကြောင့် သတိတရရ နေတာ လောက် မဟုတ်ဘူးလား ဘုရား'

'ရုပ်က ဘာအသုံးကျလို့လဲ'

'ငြိမ်းအေးမှုမှာ အသုံးကျတယ်မဟုတ်လား ဘုရား'

'ဘာငြိမ်းအေးတာလဲ'

'ကာမကံတွေငြိမ်းတာပေါ့ ဘုရား'

'အပြတ်ငြိမ်းလို့လား'

'ပြတ်-မပြတ်တော့ မသိဘူးပေါ့ဘုရား'

'ကာမကံကို မဝေဖန်ဘဲနဲ့ အပြတ်မငြိမ်းပါဘူး'

'ရုပ်ရှုလို့တော့ ကာမကံဝေဖန်တာတော့ မဖြစ်ဘူးပေါ့ ဘုရား'

## ၄၁။ ရုပကံအပြစ်များ

'ရုပ်ရှုတာက ဘာရည်ရွယ်ချက်နဲ့လဲ'

'ငြိမ်းဖို့ပေါ့ ဘုရား'

'အခု ဘာမှမငြိမ်းတာ သိပြီနော်'

'အပြတ်မငြိမ်းတော့ မငြိမ်းဘူးပဲ ပြောရမှာပေါ့ ဘုရား'

'ဘာမှမငြိမ်းဘဲနဲ့ ငြိမ်းဖို့ရည်ရွယ်တာ ရူးသွပ်တာမဖြစ်ဘူး လား'

'ဘာမှမဖြစ်တာကို ဖြစ်လိမ့်နိုးဆိုတော့ ရူးသွပ်တယ် ပြောရ မှာပါ ဘုရား'

'အဲသည်ရူးသွပ်မှုနဲ့ ရုပ်ရှုတော့ ရုပ်ရှုတဲ့စိတ်ဖြစ်တာဟာ ရူးသွပ်က ဖြစ်စေတာလား၊ လူက ဖြစ်စေတာလား'

'ရူးသွပ်မှုကဖြစ်စေတာပဲ ပြောရမှာပါဘုရား'

**'ရုပ်ကို လူကရှုယင်-ကြိယာ၊ လူမဟုတ်သူကရှုယင် ကံ-ပဲ'**

'ဟုတ်ပါတယ် ဘုရား'

'ကံငြိမ်းအောင် ရုပ်ရှုတာဟာ ရှုပကံလုပ်မိလျက် ဖြစ်မနေဘူးလား'

'ဒါပေမယ့် ဘုရား....'

'ပြောပါ'

'ကာမကံဖြစ်ရတာကတော့ နည်းနည်းသက်သာတာပေါ့ဘုရား'

'အဲသည်လို ပြောလို့ပဲ ရမယ်'

'တကယ်မသက်သာလို့လား ဘုရား'

'သက်သာတယ်လို့ ဘယ်လိုပြောရမလဲ'

'ဘာဖြစ်လို့လဲ ဘုရား'

'မောင်းထောင်းနေရလို့ ရေမခပ်တာမျိုး ဖြစ်နေလို့ပေါ့'

'ဟုတ်တော့ ဟုတ်တယ်ဘုရား'

'အဲသည်လို သဘောပေါက်ရမှာပေါ့'

'ဥပမာပေါ်လာတယ် ဘုရား'

'ပြောပါ'

'ရွာစိုက်ခင်းစားပြီး ရွာနားနေသတဲ့ သမင်တွေကို ရွာမုဆိုးတွေကသတ်တာ ခံကြရသလို အဲဒါကဝေးရာ တောထဲသွားနေတဲ့သမင်တွေ ငတ်ပြတ်တာခံကြရတယ်-ဆိုတာမျိုးပေါ့ ဘုရား'

'ဟုတ်တယ်၊ ဘုရားဟောသုတ်တခု ရှိတာပဲ'

'အသတ်ခံပျက်စီးရတာနဲ့ အငတ်ခံပျက်စီးရတာဆိုတဲ့ မငြိမ်းချမ်းတာချင်း မထူးဘူးပေါ့ ဘုရား'

'ဟုတ်တယ်'

'ရူပကံကလည်း အများသတ်လို့ မသေပေမယ့် အားပြတ်လို့သေရမယ့်သမင်တွေလိုပေါ့ ဘုရား'

'အမှန်ပဲ'

## ၄၂။ အရူပကံအပြစ်များ

'ရူပါဝစရကုသိုလ်ဆိုတာ ငြိမ်းအောင်လုပ်မှာလိုလိုနဲ့ လူကိုနား လှည့်ပါးရိုက်တယ်ဆိုတာလိုမျိုးပဲ၊ အရူပကုသိုလ်ကံကလည်း သည်လို ပဲလား ဘုရား'

'အရူပါဝစရကုသိုလ်ဆိုတာလည်း သည်လိုပဲ'

'လောကီကုသိုလ်တွေထဲမှာ အမြင့်ဆုံးဆိုတော့ မြင့်မြတ်ကောင်းမွန်မယ်လို့ မှတ်ထင်ထားကြတာ ဘုရား'

'မြင့်မြတ်ကောင်းမွန်တာတော့ ကောင်းမွန်တာပဲ'

'ဘယ်လို မြင့်မြတ်ကောင်းမွန်တာလဲ ဘုရား'

'ကာမကံအမှုနဲ့ ရူပကံအမှုတွေ လွန်မြောက်တာဖြစ်တာပေါ့'

'ဒါတွေကလွန်တော့ တကယ် မြင့်မြတ်ကောင်းမွန်လို့လား ဘုရား'

'တကယ်မြင့်မြတ်တော့ ဘယ်ဟုတ်ပါ့မလဲ'

'ဘာဖြစ်လို့လဲ ဘုရား'

'သည်အမှုဖြစ်တဲ့ အရှုပကံကိုယ်တိုင်က ရှုးသွပ်မှုက ဖြစ်စေလိုက်တာ ဖြစ်လို့ပဲ'

'သည်အမှုဖြစ်အောင် ဘယ်လိုရှုးသွပ်တာလဲ ဘုရား'

'ကာယသညာကို စက်ဆုတ်တာပေါ့'

'ဘာဖြစ်လို့ စက်ဆုတ်တာလဲ ဘုရား'

'ကာယရှိနေတာ ဒုက္ခခံသူ ရှိနေလို့ပဲ'

'ဟုတ်တော့ ဟုတ်သားပဲ ဘုရား'

'ဘယ်လို ဟုတ်ရမှာလဲ'

'ကိုယ်ရှိလို့ ဒုက္ခရှိတယ်ဆိုတာ ဟုတ်တာပဲ မဟုတ်လား ဘုရား'

'သည်လိုပြောလို့ ဘယ်ဖြစ်မလဲ'

'ကိုယ်ရှိတိုင်း ဒုက္ခရှိလို့လား'

'အဲသည်လိုတော့ တွေးစရာရှိတာပေါ့ ဘုရား'

'ကိုယ်က ဒုက္ခလား'

'ဒါတွေ မကွဲတာဘဲ ဘုရား'

'ခေါင်းကိုက်ခံရတာပျောက်ဖို့ ခေါင်းဖြတ်တဲ့လုပ်ငန်းဟာ လူကောင်းတွေရဲ့အလုပ် ဟုတ်ပါ့မလား'

'လူကောင်းတွေကတော့ သည်လိုမလုပ်ကြဘူးပေါ့ ဘုရား'

'ခေါင်းဖြတ်ယင် ခေါင်းကိုက်တာက ရှိသေးလို့လား'

'သည်လိုတော့ ဘယ်ရှိတော့မလဲ ဘုရား'

'ဘာ့ကြောင့် ဒါကို လူကောင်းတွေက မလုပ်ကြတာလဲ'

'အကျိုးထက် အပြစ်က ပိုကြီးလို့ပါပဲ ဘုရား'

'ဘယ်လိုလဲ'

'ခေါင်းကိုက်နဲ့ ခေါင်းကိုက်ပျောက်တာဟာ အပြစ်နဲ့အကျိုး ပါ ဘုရား'

'ဟုတ်ပါ့'

'ခေါင်းပြတ်တာနဲ့ ခေါင်းရှိတာလည်း သည်လိုပဲ အပြစ်နဲ့ အကျိုးပါ ဘုရား'

'ဟုတ်သားပဲ'

'ခေါင်းကိုက်အပြစ်နဲ့ ခေါင်းပြတအပြစ် နှစ်ခုယှဉ်လိုက်ယင် ခေါင်းကိုက်အပြစ်က ငယ်ပြီး ခေါင်းပြတ်အပြစ်က အဆမတန်ကြီး ပါတယ် ဘုရား'

'ဟုတ်တာပေါ့'

'ခေါင်းကိုက်ပျောက်အကျိုးနဲ့ ခေါင်းရှိအကျိုးနှစ်ခုမှာလည်း ခေါင်းကိုက်ပျောက်အကျိုးဟာ ခေါင်းရှိအကျိုးနဲ့စာယင် မပြောလောက် အောင် နည်းပါတယ် ဘုရား'

'ဒါတွေကြောင်ပေါ့.....'

'အမိန့်ရှိပါ ဘုရား'

'ကိုယ်ရှိလို့ ဒုက္ခရောက်တယ်မြင်တာဟာ မှန်ကန်တဲ့အမြင် မဟုတ်ဘူး၊ အရူးမြင်အနှမ်းမြင်ဖြစ်တယ် ပြောရတာပဲ'

'အဲသည်ရူးသွပ်မှုက ဘယ်လိုကျူးမှုကံကို ဖြစ်စေတာလဲ ဘုရား'

'ကိုယ်ပျောက်လုပ်ငန်း အမှုကံကို ဖြစ်စေတာပေါ့'

'အဲဒါကို စာပေလို ဘယ်လိုပြောရမလဲ ဘုရား'

'အရှုပကသိုလ်ကံပေါ့'

'ငါမရှိ–သူမရှိ၊ ပုဂ္ဂိုလ်–သတ္တဝါ–ယောကျ်ား–မိန်းမ မရှိ ဖြစ်အောင်လုပ်မှုလား ဘုရား'

'ဒါပေါ့'

'အဲဒါ မဇ္ဈိမပဋိပဒါမဂ္ဂတရား မဟုတ်ဘူးလား ဘုရား'

'ဘုရားညွှန်ပြတဲ့တရားလို့ ပြောလိုတာလား'

'ဒါပေါ့ ဘုရား'

'ဘုရားညွှန်ပြတဲ့တရားတော့ မဟုတ်ဘူး၊ ဒါပေမယ့်...'

'ဘယ်လိုလဲ ဘုရား'

'ဘုရားညွှန်ပြတဲ့တရားလို့ အမှတ်အထင်ခံထားရတဲ့ တရားတော့ဖြစ်တယ် ပြောရမယ်'

'မသိတဲ့သူ နည်းနည်းပါးပါးကတော့ တခါတလေမှာ သည်လို မှားနိုင်မှာပဲပေါ့ ဘုရား'

'သည်လိုမဟုတ်ဘူး'

'ဘယ်လိုဖြစ်လို့လဲ ဘုရား'

'နည်းနည်းပါးပါးသူတွေက တခါတလေမှာမှ ဘုရားတရားလို့ ထင်မှတ်မှားကြတာ မဟုတ်တာပဲ'

'ဘယ်သူတွေက ထင်မှတ်မှားကြလို့လဲ ဘုရား'

'ဘုရားသာသနာရဲ့ တသာသနာတော်လုံးကပဲ'

'ဘယ်လောက်ကြာကြာ ထင်မှတ်ကြလို့လဲ ဘုရား'

'နှစ်ပေါင်းနှစ်ထောင့်သုံးရာကျော်အောင်ပဲ'

'ဖြစ်မှဖြစ်ရလေ ဘုရား'

'အံ့အားသင့်မနေနဲ့'

'အံ့အားမသင့်လို့ဖြစ်မလား ဘုရား'

'သည်နေ့ ဘုရားရဲ့ တသာသနာလုံး ငါ၊သူ၊ပုဂ္ဂိုလ်၊သတ္တဝါ၊ ယောကျ်ား၊မိန်းမ မရှိဆိုတဲ့ တောအုပ်ကြီးကဖုံးအုပ်တာ ခံနေရပြီ'

'ကိုယ်ပျောက်တရားဟာ ဘုရားတရားဖြစ်နေတာပေါ့ ဘုရား'

'အမှန်ပဲ'

## ၄၃။ ဘုရားတရားအစစ်အမှန်ဟာ အဋ္ဌကထာ၊ဋီကာ၊ဂဏ္ဌိစတာတွေနဲ့ လက်ရှိပါဠိတော်ကိုပင် ကျော်တယ်

'တသာသနာတော်လုံးက သည်လောက် နှစ်ကာလတွေ တရှည်တလျား ခံယူလာတော့ ကိုယ်ပျောက်တရားဟာ ဘုရားရဲ့တရား ဖြစ်နေရော့လား ဘုရား'

'မတွေးကောင်းတွေးကောင်း တွေးတာပဲ'

'တွေးချင်စရာမဖြစ်လို့လား ဘုရား'

'တကမ္ဘာလုံးက တသာသနာတော်လုံးပဲ သာသနာ့သက် တမ်း နှစ်ဆယ့်ငါးရာစုမှာ နှစ်ဆယ့်သုံးရာစုလောက် ကိုယ်ပျောက် တရားကို သာသနာတရားလုပ်လာတာဆိုတော့ မတွေးဘဲ မနေချင်စရာ ဟုတ်ပါတယ်'

'ဘယ်လိုတွေးတွေး ကိုယ်ပျောက်တရားဟာ ဘုရားတရား ဖြစ်မလာနိုင်ဘူးလား ဘုရား'

'ဘုရားရဲ့တရားကို သိယင်တော့ ဘယ်လိုတွေးတွေးပဲ ကိုယ်ပျောက်တရားဟာ ဘုရားတရား ဖြစ်မလာနိုင်ဘူး'

'အဋ္ဌကထာ၊ဋီကာ၊ဂဏ္ဌိတွေရဲ့ အကူကိုယူပြီး တွေးယင်ကော ဖြစ်မလာနိုင်ဘူးလား'

'ဘုရားရဲ့တရားအသိက သူတို့နှောက်လို့ မပျောက်ပါဘူး'

'ကိုယ်ပျောက်ဘက် ယိမ်းယိုင်သလိုရှိတဲ့ ဘုရားဟော ဆိုတာတွေရဲ့ အကူကို ယူရင်ကောဘုရား'

'ဘုရားရဲ့ တရားအသိဟာ အဲဒါကိုလည်း မပင်မပန်း ကျော်လွှားမှာပါ'

'ပါဠိတော်ကိုလည်း ကျော်လွှားမယ်ပြောတာလား ဘုရား'

'ဟုတ်ပါ့'

'ဖြစ်မလား ဘုရား'

'ဘာ့ကြောင့် သည်လိုထင်တာလဲ'

'ပါဠိတော်မှကျော်ယင် ကိုယ်ကြိုက်တာအမှန်ယူမယ် ပြောသလို ဖြစ်နေမှာပေါ့ ဘုရား'

'အဲသည်လို ထင်နိုင်ပါတယ်'

'ထင်တဲ့အတိုင်း ဟုတ်လည်းမနေဘူးလား ဘုရား'

'မဟုတ်ပါဘူး'

'ဘယ်လိုလဲ ဘုရား'

'ကိုယ်ကြိုက်တာနဲ့ ယူမှာမဟုတ်လို့ဘဲ'

# အခန်း(၃)

## အရို ထေထာထေနှာ ဝီးဆင်းယောရုံ အရိုင်း

# အခန်း(၃)
# အရိယာသာသနာစီးဆင်းလာပုံသမိုင်း

## ၄၄။ ပါဠိတော်တိုင်း ဘုရားတရားအစစ်အမှန် ဟုတ်မဟုတ် စစ်ဆေးနည်း

'ပါဠိတော်လည်းကျော်တယ်၊ ကိုယ်ကြိုက်နဲ့လည်း မယူဘူးဆိုတာ နားမလည်စရာဘဲ ဘုရား'

'ဒါနားလည်ဖို့ နည်းနည်းကြိုစားရမယ်'

'ဘာတွေကိုလဲ ဘုရား'

'ပါဠိတော်ဟာ စာလုံးပေါ်ရောက်တာ ဘုရားမရှိတဲ့နှစ်လေးရာလောက်မှဖြစ်တာ အောက်မေ့ဖို့ပဲ'

'ဒါတော့ သိနေတာပဲ ဘုရား'

'သာမန်သိရုံနဲ့ မလုံလောက်ဘူး'

'ထူးခြားတဲ့ဝိသေသဖြစ်အောင် ဘယ်လိုသိရမလဲ ဘုရား'

'ခေါင်းထဲထည့်ပြီး အထပ်ထပ်ဝေဖန်သိနဲ့ သိအောင်ပေါ့'

'ဘယ်လို ဝေဖန်ခွဲခြမ်းရမလဲ ဘုရား'

'နှစ်တရာအတွင်းမှာ ဘုရားရဲ့တရားတွေကို နှုတ်ဆောင်နဲ့ ဆောင်ကြသူတွေ ဦးရေဘယ်လောက် ပြောင်းမလဲနဲ့ နှစ်လေးရာဆိုယင် ဘယ်လောက်ပြောင်းခဲ့မလဲလို့ ဝေဖန်ကြည့်သင့်တယ်'

'နှစ်အစိတ်သုံးဆယ်လောက် တဆက်ပြောင်းရင် ဆယ့်သုံး လေးငါးဆက်လောက် ပြောင်းမှာပေါ့ ဘုရား'

'အဲသည်လိုပြောင်းပြီး ဆောင်ကြတာမှာ ဆောင်တဲ့ပုဂ္ဂိုလ် အဖွဲ့ အစည်းတွေဟာ တစုတဖွဲ့တည်းလား၊ အကွဲကွဲအပြားပြားလား လည်း ကြည့်ရမယ်'

'နှစ်တရာအတွင်းမှာပဲ တလုံးတစည်းတည်းရှိပြီး နောက် နှစ်သုံးရာမှာတော့ အကွဲကွဲအပြားပြားဖြစ်တာ သိရတာပဲ ဘုရား'

'ပြီးတော့ သင်္ဂါယနာတွေလည်း ကြည့်ရမယ်'

'ဘယ်လိုကြည့်ရမှာလဲ ဘုရား'

'သင်္ဂါယနာတခုနဲ့တခု ဘာတွေပိုတယ်၊လိုတယ်ပေါ့'

**'ပဌမသင်္ဂါယနာမှာ ဓမ္မနဲ့ဝိနယကိုတင်ပြီး၊ ဒုတိယမှာ ဝိနယပဲ တင်ပုံရခါ၊ တတိယမှာ ဓမ္မပဲတင်ပြီး အဲသည်ဓမ္မထဲမှာ အဘိဓမ္မ အပိုပါလာတာ မှတ်ရတာနဲ့၊ စတုတ္ထမှာ ဓမ္မထဲရောဝိနယထဲပါ ရှေးက လိုတာတွေထည့်ပြီး သင်္ဂါယနာတင်တယ်လို့ တန်ဖိုးဖြတ်ကြတာ** သိရ ပါတယ် ဘုရား'

'ဒါ့ကြောင့် ဘုရားရဲ့တရားကို လေ့လာတဲ့အခါ ဘုရားရဲ့ တရားချည်း လေ့လာလို့ မရဘူး'

'ဘုရားတရားလေ့လာတာပဲ ဘုရား၊ ဘာတွေထည့်ပြီး လေ့လာစေချင်သေးလို့လဲ ဘုရား'

'ဘာတွေထည့်လေ့လာဖို့တော့ ဘယ်ဟုတ်မလဲ'

'ဘယ်လိုလဲ ဘုရား'

'ဘုရားတရား စီးဆင်းလာခဲ့ပုံသမိုင်းသိပြီး လေ့လာဖို့ မလိုဘူးလား'

'သမိုင်းအသိ မပါယင်တော့ ကိုယ့်မျက်စိအောက် ရောက်လာတာနဲ့ပဲ အနှစ်ရှာပေတော့ပေါ့ ဘုရား'

'မတွေ့တော့ ဘယ်လိုလုပ်မလဲ'

'သမိုင်းအသိမဲ့ယင်တော့ မတွေ့တာ ကိုယ့်ဉာဏ်မမီလို့ ဆိုပြီး နောင်ဘဝ...စတာတွေ ရွှေ့ရမှာပဲ ဘုရား'

'နောင်ဘဝရွှေ့ယင် မိစ္ဆာဒိဋ္ဌိဖြစ်မှာ မကြောက်ဘူး တဲ့လား'

'ကြောက်ရကောင်းမှန်းလည်း မသိတော့ဘူးပေါ့ ဘုရား'

'ဘယ်လိုလဲ'

'မိစ္ဆာဒိဋ္ဌိက အဲသည်လိုရွှေ့လိုက်မှ ဖြစ်လာတာမဟုတ်ဘဲ၊ အစကတည်းက ဖြစ်ပြီးသားလို့ မှတ်ယူလို့ပေါ့ ဘုရား'

'မိစ္ဆာဒိဋ္ဌိက အစကတည်းကဖြစ်ရအောင် ဘယ်တုန်းက စဖြစ် တာတဲ့လဲ'

'လူစဖြစ်ကတည်းကပေါ့ ဘုရား'

'လူဖြစ်စက အမှားအမှန်သိနိုင်အောင် မရင့်ကျက်သေး တာပဲ'

'မမွေးမီ ဘဝအဆက်ဆက်ကတည်းက မိစ္ဆာဒိဋ္ဌိဖြစ်လာတာတဲ့ ဘုရား'

'အဲဒါကိုက မိစ္ဆာဒိဋ္ဌိတမျိုးပါလား'

'ဒါတွေဟာ သမိုင်းအသိမဲ့ ဗုဒ္ဓဘာသာစာပေ လေ့လာရာက ဖြစ်ပွားတာတွေလား ဘုရား'

'အမှန်ပဲ'

'ဘုရားတရားစီးဆင်းမှုမှာ အုပ်ချုပ်သူပြောင်းတာတွေရော၊ တိုင်းပြည်နိုင်ငံ ပြောင်းတာတွေရော သိဖို့လိုမှာလား ဘုရား'

'သည်လောက်တောင် မကဘူး၊ တဂိုဏ်းတိုင်းက ဘုရားတရား ချဉ်းကပ်မှုဆိုင်ရာ နည်းလမ်းပြကျမ်းတွေလည်း သိဖို့လိုတယ်'

'ဒါတွေဟာ ကိုယ့်အကြိုက်နဲ့မဟုတ်ဘဲ ဘုရားပါဠိတော်ကျော်ပုံ နားလည်ရမယ့် ဟာတွေလား ဘုရား'

'ဟုတ်တယ်'

'အလွန်ရှည်လျား ရှုပ်ထွေးတာဆိုတော့ အားလုံးသိနိုင်ပါ့မလား ဘုရား'

'အဲဒါကြောင့် နည်းနည်းကြိုးစားရမယ် ပြောတာပေါ့'

'ဘယ်လိုကြိုးစားရမလဲ ဘုရား'

'ဘုရားရဲ့ တရားဆိုင်ရာတွေဟာ သည်လိုရှည်လျားရှုပ်ထွေးပေမယ့် ဘုရားရဲ့ ပင်မဟောပြောလိုချက် တရားဓမ္မဟာဘာလဲ? ဆိုတာ သိအောင် လေ့လာထိုက်တယ်'

## ၄၅။ ယနေ့သာသနာတော်ရဲ့ ဟာကွက်တရပ်

'အဲဒါမှခက်တာပဲ ဘုရား'

'ဒါ မခက်ပါဘူး'

'ဒါတွေသိဖို့ သဒ္ဒါ စသင်ရပြီဘုရား'

'အဲဒါ မှားပါတယ်'

'ရဟန်းငယ်၊ရှင်ငယ်ဆိုယင် သည်လိုပဲ စရတာပဲ မဟုတ်ဘူးလား ဘုရား'

'အဲဒါပဲ-မှားတယ်ပြောတာပဲ'

'ရဟန်းငယ်၊ရှင်ငယ်ဟာ တရားစာ စ,မသင်ယင် ဘာကို စ,သင်ရမှာလဲ ဘုရား'

'ရဟန်းငယ်၊ရှင်ငယ်မှာ ဥပဇ္ဈာယ်ဆိုတာ မရှိဘူးလား'

'စ,ဖြစ်တယ်ဆိုကတည်းက **ဥပဇ္ဈာယ်ယူရတယ်**ဆိုတော့ ရှိတာပေါ့ ဘုရား'

'အဲဒါက ဘာအသုံးချဖို့ ရှိရတာလဲ'

'**ဆရာလို့ ညွှန်ပြဖို့** လို့ ပြောရမလားပါပဲ ဘုရား'

'ဥပဇ္ဈာယ်နဲ့ ဘယ်လောက် မခွဲမခွါနေရမှာတဲ့လဲ'

'ရဟန်းသစ် (ငါးဝါ)မကျော်မချင်းပေါ့ ဘုရား'

'အဲသည်လိုကော နေကြရဲ့လား'

'မနေသူက များပါတယ်ဘုရား'

'နေသူကိုကော ဥပဇ္ဈာယ်က ဘာသင်သလဲ'

'စာပဲသင်မှာပါ၊ တချို့တော့ ဘာမှမသင်ဘဲတောင် နေချင်နေမှာပါ ဘုရား'

'ဟုတ်တာပဲ၊ ဥပဇ္ဈာယ်ဆီမှာလည်း သင်ပေးစရာတရားက စာပဲရှိမယ် မဟုတ်လား'

'အဲဒါ အမှန်ပါပဲ ဘုရား'

'တပည့်ဖြစ်သူ အရိယသစ္စာတရားရဖို့နဲ့ ဝိနည်းနဲ့ညီအောင် ဓမ္မဝိနယရှိအောင် ဆုံးမဖို့တာဝန်ဟာ ဥပဇ္ဈာယ်ဆရာရဲ့ တာဝန်ပဲ'

'ဥပဇ္ဈာယ်ကို ဓမ္မဝိနယနဲ့ညီအောင် အဆုံးအမပေးသူအဖြစ် အသုံးချရမှာလားဘုရား'

'ဒါပဲပေါ့'

'သည်တကွက်တည်းနဲ့ သာသနာတော်ရဲ့ဟာကွက် ပေါ်တာပါပဲ ဘုရား'

'ဘယ်လိုလဲ'

'ဘယ်ဥပဇ္ဈာယ်မှ အဲသည်တာဝန် ထမ်းရကောင်းမှန်းမသိဖြစ်လို့ပါ ဘုရား'

'သည်လိုလည်း မပြောလိုက်ပါနဲ့'

'ပြောတာ မလွန်ပါဘူး ဘုရား'

'ဥပဇ္ဈာယ်တိုင်း သိလို့လား'

'မသိပေမယ့် ပြောထိုက်တာသိပါတယ် ဘုရား'

'ဘယ်လိုလဲ'

'ဘယ်အဓွှေ၀ါသိက တပည့်ရဟန်း၊သာမဏေမှ အရိယ

သစ္စာ မသိကြဘဲ သာသနာမှာ အရိယာတရား အပျောက်ခံရတာ လက်တွေ့ သိနေရလို့ပါ ဘုရား'

'အကောင်သိလို့ အရိပ်မကြည့်ဘူး ဆိုလိုတာပေါ့'

## ၄၆။ ဓမ္မဝိနယဟာ ဖောင်ကို သွားလေရာ ရွက်သွားဖို့မဟုတ်

'တခုလောက် လျှောက်ကြည့်ချင်ပါသေးတယ် ဘုရား'

'ပြောပါဦး'

'ဥပဇ္ဈာယ်ရဲ့ ဓမ္မဝိနယအဆုံးအမကို ရတာနဲ့၊ စာသင်ရတာ လည်း သည်ဓမ္မဝိနယတွေပဲ ဖြစ်တော့ အဲသည်ကရတဲ့ ဓမ္မဝိနယ အဆုံးအမရတာ သည်နှစ်ခု ဘာထူးလို့လဲ ဘုရား'

'ထူးပြီပေါ့'

'ဘယ်လိုလဲ ဘုရား'

'ဥပဇ္ဈာယ်ရဲ့အဆုံးအမက ဓမ္မဝိနယနဲ့ ရဟန်းငယ်၊ သာမဏေတွေကို ပုံပေါ်အောင် ဖော်တာပဲ'

'ဟုတ်ပါ့ ဘုရား'

'စာသင်တာက ဓမ္မဝိနယအကြောင်းရေးထားတဲ့ စာတွေကို ရဟန်းသာမဏေတွေ တတ်အောင် ပုံဖော်တာပဲ'

'ဟုတ်ပါတယ် ဘုရား'

'အဲသည်ပုံနှစ်ခုရဲ့ ထူးခြားချက်ကြည့်ပေါ့'

'ဓမ္မဝိနယရှိတဲ့ ရဟန်းသာမဏေနဲ့ ဓမ္မဝိနယသိတဲ့ ရဟန်း သာမဏေလို့ ထူးမှာပါဘုရား'

'အဲသည်နှစ်မျိုးက ဘာထူးကြသလဲ'

'လောကနီတိဆရာစကားနဲ့ပဲ ပြောရမှာပါဘုရား'

'ပြောပါဦး'

'ပေါဋ္ဌကေသု=ပေတို့၌၊ သိပ္ပံ=အတတ်ပညာသည်ကား၊ နသိပ္ပံ =အတတ်ပညာမဟုတ်-လို့ပါပဲ ဘုရား'

'ဟုတ်ပြီ'

'စာမှာရှိတဲ့ ဓမ္မဝိနယဟာ ဓမ္မဝိနယမဟုတ်ပါဘူး ဘုရား၊ ရဟန်း၊သာမဏေဖြစ်တဲ့ လူမှာရှိတဲ့ ဓမ္မဝိနယကမှ ဓမ္မဝိနယဖြစ်ပါတယ် ဘုရား'

'ဒါကြောင့် ဘုရားက တရားကို ဖောင်လို့သဘောထားရမယ် ဟောတာ ဖြစ်မယ်'

'အဲဒါ အမိန့်ရှိပါဦးဘုရား'

'မြက်၊ကြိမ်၊သစ်သား...အစစတွေနဲ့လုပ်ထားတဲ့ ဖောင်ဟာ ဘေးရန်ရှိတဲ့ သည်ဘက်ကမ်းကနေ ဘေးရန်ကင်းတဲ့ ဟိုဘက်ကမ်း ရောက်အောင် ကျေးဇူးရှိတာတော့ အမှန်ပဲ'

'ဟုတ်ပါတယ် ဘုရား'

'သည်လို ကျေးဇူးများလှတဲ့ဖောင်ကို သွားလေရာမှာ ပခုံးထမ်း ခေါင်းရွက်ပြီး သယ်ပိုးနေကြဖို့ မဟုတ်ဘူး လို့ပါပဲ'

'ဖောင်ဆိုတာ ရေခြားနေတာဖြတ်ကူးဖို့မှာ အသုံးချရတဲ့ အရာပဲ ဘုရား'

'အဲဒါ သူ့ကျေးဇူးကြောင့် ဘေးရန်ကင်းရတယ်ဆိုပြီး သွား

လေရာမှာ ဝန်ထုပ်ဝန်ပိုးဖြစ်အောင် သယ်ပိုးသွားနေဖို့ ဟုတ်ပါ့မလား'

'အတော်မသင့်မြတ်တာပါ ဘုရား'

'သည်လိုပဲ ...'

'အမိန့်ရှိပါဦးဘုရား'

'ဘုရားက သူဟောပြောတဲ့တရားတွေဟာ ဒုက္ခတွေပိုင်းခြား သိပြီး အာသဝတွေကုန်ခါ နိဗ္ဗာန်ရောက်စေတာဖြစ်လို့ ကျေးဇူးများ တယ်ဆိုပြီး သည်တရားတွေကို တသယ်ပိုးပိုးနဲ့ ဖောင်ထမ်းသွားနေသူ လို မလုပ်ကြနဲ့ လို့ပဲ'

'ဘုရားက သူ့တရားတွေကို ဖောင်လိုသဘောထားဖို့ မိန့်သလား ဘုရား'

'အသေအချာ မှတ်တမ်းမှတ်ရာ ရှိတယ်'

'ဒါ-အတော်ကြီး အလေးအနက် စဉ်းစားစရာပဲ ဘုရား'

'ဘယ်လို စဉ်းစားချင်လို့လဲ'

'လူ့လောကမှာ ရှိသမျှလုပ်ငန်းကိုင်ငန်းနဲ့ ဓလေ့ထုံးစံ လူ့ယဉ်ကျေးမှု အထွေထွေဟာ လက်ဆင့်ကမ်းလာကြတာချည်းပဲ ဘုရား'

'ဟုတ်ပါ့'

'သူ့ ဆရာမိဘဝန်းကျင်ဆီက သူတတ်၊ သူတတ်တာကို သူ့ တပည့်သားသမီးဝန်းကျင်ကို သင်ပေးတာပဲ ဘုရား'

'သိသူတတ်သူမရှိတဲ့ ကျောက်စာ၊သိုက်စာ၊ တဘောင်စာ ကနေ တတ်သူသိသူဆိုတာ ရှာလို့ ခက်မှာပါ'

## ၄၇။ စာသင်တယ်ဆိုတာ လုပ်ငန်းရဲ့အနက်ကို သိနားလည်ဖို့ပဲ ဖြစ်တယ်

'အရိယသစ္စာ သိသူတတ်သူဆီက မဟုတ်ဘဲ တရားစာတွေ ဖတ်မှတ်သင်ယူလို့ အရိယသစ္စာသိသူဆိုတာ မရှိနိုင်တန်ရာပါဘူး ဘုရား'

'ဓမ္မစကြာလည်ပြီးသူ ဘုရားဆီက ဓမ္မစကြာလည်ပုံ နာရတဲ့ ပဉ္စဝဂ်ရဟန်းတွေ ဓမ္မစကြ် လည်နိုင်ကြတယ်၊ ပဉ္စဝဂ်ရဟန်းတွေထဲက တပါးဖြစ်တဲ့ အဿဇိရဟန်းက ဥပတိဿကိုပြောတော့ ဓမ္မစကြာလည်ပုံ ပြန်ပြောတာ မဟုတ်တော့ဘဲ သူနားလည်တဲ့အကျဉ်း ဖြစ်နေတယ် မဟုတ်လား'

'ရှေးအခါက ရန်ကုန်တက္ကသိုလ်ရဲ့ ပါမောက္ခချုပ်ကြီးဟာ ပါဠိဘာသာလည်းတတ်တော့ ဓမ္မစကြာကို အင်္ဂလိပ်လိုပြန်တယ်တဲ့ ဘုရား'

'သူ့အင်္ဂလိပ်လို ဓမ္မစကြာဖတ်ကြရတဲ့ အင်္ဂလိပ်တွေ ဓမ္မစကြာကပြောတဲ့ အရိယသစ္စာတရားတွေ ရသွားကြရော့လား'

'အင်္ဂလိပ်လိုပြန်ပေးတဲ့ ပါမောက္ခချုပ် ကိုယ်တိုင် ဓမ္မစကြာတရားရဲ့ အရိယသစ္စာအနက် သိတာမှမဟုတ်တော့ ဘယ်သူရပါ့မလဲ ပေါ့ ဘုရား'

'အဲသည်ပါမောက္ခချုပ်ကြီး အရိယာမဖြစ်ဘူးပြောဖို့ သက်သေ ရှိရဲ့လား'

'ရှိပါတယ် ဘုရား၊ သူက ခရစ်ယာန်ဆိုတော့ ခရစ်ယာန် သင်္ချိုင်းမှာပဲ ရှိပါတယ် ဘုရား'

'**အရိယာမဖြစ်သူဆီက အရိယာဖြစ်ကြောင်းစာတွေကို ဘယ်လိုသင်သင် အရိယာမဖြစ်ဘူး**ဆိုတာ ထင်ရှားတာပေါ့'

'အဲဒါ ဘယ်လိုဖြစ်တာလဲ ရှင်းပါဦးဘုရား'

'ထန်းမတက်တတ်သူ အိုးမလုပ်တတ်သူဆီက ထန်းတက်နည်း၊ အိုးလုပ်နည်း သင်တာလိုပေါ့'

'ဟုတ်ပါ့ ဘုရား'

'ထန်းတက်သမား၊ အိုးလုပ်သမားတွေရဲ့ သားသမီးတွေဆိုယင် ထန်းတက်နည်း၊ အိုးလုပ်နည်းလည်း သင်မနေရဘဲ မြူအိုးကောက်ယင်း အိုးဖုတ်ယင်း သူတို့လုပ်ချင်တော့ လုပ်သွားနိုင်ကြမှာပဲ မဟုတ်လား'

'အဲဒါမှာ ဘာ စာတလုံး တအုပ်ကိုမှ ကျက်ရမှတ်ရတာ မပါပါဘူး ဘုရား'

## ၄၈။ ဓမ္မစကြာရဲ့အနက် ဓမ္မပမာဏဟာ မြတ်စွာဘုရားပဲ

'အဲဒါ ဘယ်လိုဖြစ်တာ ထင်သလဲ'

'အမိန့်ရှိပါဦး ဘုရား'

'ထန်းတက်သမား၊ အိုးလုပ်သမားတွေရဲ့ အလုပ်တွေဟာ ထန်းတက်နည်း၊ အိုးလုပ်နည်းရဲ့ အနက်တွေ ဖြစ်နေလို့ပဲ'

'စာသင်တယ်ဆိုတာလည်း အဲသည်အနက်တွေပေးဖို့ပဲ မဟုတ်လား ဘုရား'

'စာသင်ပေးသူ့ဆီမှာမှ အဲသည်အနက်အသိက ရှိတာပဲ'

'စာထဲမှာမရှိဘူးလား ဘုရား'

**'စာက သင်္ကေတတွေပဲ'**

'သင်ပေးသူက အဲသည်အနက်မသိယင်ကော ဘုရား'

'စာထဲက အရိယသစ္စာပဲ သိတော့တာပေါ့'

'ဥပစ္ဈာယ်ရဲ့အဆုံးအမလည်း သင်္ကေတပဲ မဟုတ်ဘူးလား ဘုရား'

'ဟုတ်ပါတယ်'

'အဲဒါကျတော့ ဘယ့်ကြောင့်သိတာလဲ ဘုရား'

'ဥပစ္ဈာယ်ရဲ့အဆုံးအမ ဓမ္မဝိနယတွေက သင်္ကေတတွေပဲ၊ အဲသည်သင်္ကေတတွေရဲ့ အနက်က ဥပစ္ဈာယ်ဆရာပဲ'

**'ဥပစ္ဈာယ်ဆရာက သူဆုံးမတဲ့ ဓမ္မဝိနယရဲ့အနက်**လား ဘုရား'

'ဟုတ်တယ်'

'မြတ်စွာဘုရားဟောကြားတဲ့ ဓမ္မစကြာတရား အသံတော်တွေကို ပဥ္စဝဂ်ရဟန်းတွေကြားတာ သင်္ကေတတွေပဲ'

'အနက်က ဘယ်ဟာလဲ ဘုရား'

'မြတ်စွာဘုရားပေါ့'

'မြတ်စွာဘုရားရဲ့အဖြစ်ဟာ ဓမ္မစကြာရဲ့အနက်လား ဘုရား'

'အဲဒါ အမှန်ပဲ'

'ဒါကြောင့် ဘုရားက တရားသိယင် သူ့ကိုသိတယ် ပြောတာလား ဘုရား'

'ဓမ္မစကြာဟောချက်ကို ပဉ္စဝဂ်တွေအားလုံး အတူနာကြားနေကြပေမယ့် သည်ဟောချက်အတိုင်း ဘုရားမှာဖြစ်နေတာကို အတူသိကြတာမဟုတ်ဘဲ တချို့ကစောပြီး နောက်ကျသူက နောက်မှ သိတာပဲ'

'တရားရဲ့အနက်ကို ဘုရားဆီမှာ ရှာမတွေ့လို့လား ဘုရားမသိ ဖြစ်ပြီး တရားလည်းမသိတာ ဖြစ်တာလား ဘုရား'

'တရား လွဲသိယင်လည်း ဘုရားမတွေ့ဘူး၊ ဘုရား လွဲသိပြန်ယင်လည်း တရားမတွေ့ဘူးပဲ'

'သည်တော့ ဘုရားဆိုတာ ဓမ္မပမာဏပဲလား ဘုရား'

'ဟုတ်တယ်၊ ဥပဇ္ဈာစရိယဆိုတာလည်း သည်လိုပဲ'

'ဘယ်လိုလဲ ဘုရား'

'ပုဂ္ဂိုလ်အကောင်ကြီး မဟုတ်ဘူး

'ဘာလဲ ဘုရား'

'ဓမ္မပမာဏပဲ'

'ဒါဆို...ဥပဇ္ဈာယ်ဆရာရဲ့ ဓမ္မပမာဏရှာမတွေ့ဘဲ ဘယ်ကျောင်းထိုင်ဆရာ၊ ဘယ်စာတတ်ပေတတ်ဆရာ၊ ဗေဒင်-ဆေးဝါးဆရာ၊ ဘယ် သံဃာရဲ့ဆရာ၊ ဘာတံဆိပ်ရဆရာ၊ ဘယ်လိုအနေကောင်းတဲ့ ဆရာ.... အစစတွေပဲ တွေ့နေတဲ့ အန္ဓေဝါသိကဟာ အရိယသစ္စာအစော် မနံနိုင်သူပေါ့ ဘုရား'

'အစစ်ပဲ'

## ၄၉။ အရိယသစ္စာတရားရဖို့ နည်းလမ်းများ

'ဥပဇ္ဈာယ်ဆရာဟာ အရိယသစ္စာသိသူ မဟုတ်ယင်လည်း အဲသည်ဆရာရဲ့ အန္တေဝါသိကတွေလည်း အရိယသစ္စာနဲ့ ဝေးသူတွေပေါ့ ဘုရား'

'အဲဒါလည်းဝေးတာပဲ၊ အဲဒါကတော့ တော်သေးတယ်'

'ဘယ်လိုလဲ ဘုရား'

'နိဿယစရိယ၊ ဓမ္မာစရိယနဲ့ ကလျာဏမိတ္တဖြစ်သူတွေက အရိယသစ္စာသိသူတွေ ဖြစ်နေကြယင် အဲသည်သူတွေဆီက အရိယသစ္စာအနက်တွေ မြင်နိုင်လို့ပဲ'

'တပည့်တော်တို့ ဒကာ၊ဒကာမတွေ အရိယသစ္စာတရားရဖို့လည်း ဆက်မိန့်ပါဦးဘုရား'

'အဲဒါလည်း ဆည်းကပ်ကိုးကွယ်မှုနဲ့ ပတ်သက်တယ်'

'ဒါသိဖို့လည်း အလွန်ပဲ လိုအပ်ပါတယ် ဘုရား'

'ဒကာ၊ဒကာမရဲ့ အဆည်းကပ်အကိုးကွယ်ခံရသူဟာ အရိယာ ဖြစ်ဖို့ပေါ့'

'ဘာဖြစ်လို့လဲ ဘုရား'

'ဆည်းကပ်ကိုးကွယ်ရခြင်းရဲ့ ပန်းတိုင်က အရိယာဖြစ်ဖို့ မဟုတ်လား'

'အာသဝက္ခယံ ဝဟံတို့၊ နိဗ္ဗာနသဿ ပစ္စယောတို့၊ သံသာရ ဝဋ္ဋဒုက္ခတော မောစနတ္ထာယတို့ ဆိုနေကြတာဆိုတော့ အရိယာဖြစ်ဖို့ပဲပေါ့ ဘုရား'

'အရိယာအဖြစ်က ဖြစ်ရော့လဟယ်လို့ လုပ်လို့ ဖြစ်လာတာမှ မဟုတ်တာပဲ'

'ထင်ရှားပါတယ် ဘုရား'

'ဖြစ်ချင်သူက တရားနာရမှာပဲ'

'ကိုယ့်ဟာကိုယ် အားထုတ်လို့ မရဘူးလား ဘုရား'

'လုပ်ရော့မယ်'

'ဘယ်လိုလဲ ဘုရား'

'ဘာသိလို့ ဘာအားထုတ်မှာလဲ'

'တရားဆိုတာကို အားထုတ်မှာပေါ့ ဘုရား'

'တရားက အများကြီးရှိတာ၊ ဘာတရား အားထုတ်မှာလဲ'

'ဘယ်လိုများတာလဲ ဘုရား'

'ပွားများရမယ့်တရား၊ ပိုင်းခြားအသိခံရမယ့်တရား.... အစစ တရားတွေပေါ့'

'တခုခု အားထုတ်မှာပေါ့ ဘုရား'

'ပွားရမယ့်တရား အားမထုတ်ဘဲ ပိုင်းခြားအသိခံရမယ့် တရား သွားပြီးပွားမိမှ ထိုင်နေအကောင်းသား ထသွားမှအကျိုးမှန်းသိ ဖြစ်မယ်'

'သည်လိုလည်း ရှိသေးလား ဘုရား'

'အဲဒါတွေပဲ ပွားနေကြတာပဲ'

'သည်တော့ ဘာဖြစ်လဲ ဘုရား'

'ဒုက္ခ ရကြတာပေါ့'

'ပွားရမယ့်တရား ပွားယင်ကောဘုရား'

'ဘာသိအောင်ပွားရမယ် မသိဘဲ ဘယ်လိုပွားမှာလဲ'

'ပွားချင်တာ ပွားယင်ကောဘုရား'

'ဒုက္ခလွတ်အောင်လုပ်တာ လုပ်လို့ ဒုက္ခပဲထပ်ဖြစ်တာကြီး ခံရမှာပေါ့'

'တရားရချင်သူဟာ တရားနာရတာနဲ့လွဲလို့ မရဘူးလား ဘုရား'

'ဘုရားပဲ သည်လိုရမယ်'

'ဒကာ၊ဒကာမကတော့ တရားနာတာလွတ်ပြီး တရားရတယ်ဆိုတာ မရှိရဘူးလား ဘုရား'

'တရားနာတာလွတ်ပြီး မပြောနဲ့ နာကာမျှနဲ့တောင် တရားက မရသေးဘူးဘဲ'

'ဘာလိုသေးလို့လဲ ဘုရား'

**'တရားဟောသူက အရိယာဖြစ်ဖို့ လိုတယ်'**

'အရိယာမဟုတ်သူက ဟောတဲ့တရား နာရလို့ တရားမရနိုင်ဘူးလား ဘုရား'

'ဟုတ်တယ်'

'တရားပဲ၊ ဘယ်သူဟောဟော အတူပဲမဟုတ်ဘူးလား ဘုရား'

‘တရားချင်းက အတူပါပဲ’

‘အရိယာကဟောတာ ဟုတ်တာနဲ့မဟုတ်တာမှာ ဘာဖြစ်လို့ ထူးရတာလဲ ဘုရား’

‘ဟောပြောချက်တရားတွေက ဘယ်သူဟောဟော သင်္ကေတတွေချည်းပါပဲ’

‘ဟုတ်တာပေါ့ ဘုရား’

**‘သင်္ကေတရဲ့အနက်က ဟောသူဆီမှာမှ ရှိတယ်’**

‘တရားရဲ့အနက်ကို တရားထဲမှာ ရှာလို့မရဘဲ ဟောသူ့ဆီမှာ ရှာရမှာလား ဘုရား’

‘ဒါပဲ’

‘ဘယ်လိုရှာရမှာလဲ ဘုရား’

‘သူဟောတဲ့တရားက လူတို့လုပ်နိုင်တဲ့ ကျင့်ဝတ်သိက္ခာထက် လွန်တဲ့ ကျင့်ဝတ်သိက္ခာလား၊ လူ့ထုံးစံအတိုင်းပဲလား ကြည့်ပြီး လွန်တဲ့ကျင့်ဝတ်သိက္ခာဆိုယင် အဲဒါ သူ့ဆီမှာရှိရဲ့လား လို့ပဲ’

‘လူ့ဓလေ့ထုံးတမ်း ကျင့်ဝတ်သိက္ခာနဲ့ လွန်တဲ့ကျင့်ဝတ်သိက္ခာ ဘယ်လိုခွဲသိမလဲ ဘုရား’

‘ကိုယ်က လူဖြစ်တော့ လူ့ဓလေ့ထုံးတမ်းကျင့်ဝတ်က သိပြီးသားပေါ့’

‘ဟုတ်ပါတယ် ဘုရား’

‘အဲသည်ထက်ပိုလွန်တဲ့ ကျင့်ဝတ်သိက္ခာဆိုယင် မတွေ့ဘူးတော့လည်း မသိဘူးပေါ့’

'အမှန်ပါပဲ ဘုရား'

'အဲသည် မတွေ့ဘူးတဲ့ လူ့ဓလေ့ထက်လွန်တဲ့ ကျင့်ဝတ်သိက္ခာရဲ့အနက်ကို ဘယ်မှာရှာမှာလဲ'

'ရှာစရာနေရာတောင် မသိပါဘူး ဘုရား'

'အဲဒါ ဟောသူ့ဆီမှာ ရှာရမှာပဲ'

'ဟောသူ့ဆီမှာ ဘယ်လိုရှာမှာလဲ ဘုရား'

'ဟောသူရဲ့ ရူပပမာဏ၊ သဒ္ဒပမာဏ၊ လူခပမာဏ... အစစတွေ သိနိုင်သလို ဓမ္မရှိရင် ဓမ္မပမာဏကော မမြင်သိနိုင်ဘူးလား'

'လူတယောက်ဟာ လူတယောက်မှာရှိတဲ့ ပမာဏအမှန်ကို သိနိုင်မှာတော့ အမှန်ပဲ ဘုရား'

'ဟုတ်တာပေါ့'

'သိတာကိုပြောဖို့ သင်္ကေတ မသိသေးယင်သာ မပြောဘဲ မသိဘဲ နေရမယ်ပေါ့ ဘုရား'

'အမှန်ပဲ'

## ၅၀။ အမြင့်ဆုံးလူ့ဂုဏ်ရည်သိက္ခာရှိသူ ဆရာကိုဆည်းကပ်ရမယ်

'ကိုးကွယ်ဆည်းကပ်မှုနဲ့စပ်ပြီး စိစစ်ဖို့ အများကြီးလိုတာ ပေါ်လွင်ပါတယ် ဘုရား'

'ဆရာများလို့ သားသေတယ်-ဆိုရိုးရှိပေမယ့် ဆရာများလို့ သားသေတာ တွေ့ဖူးကောင်းမှ တွေ့ဖူးလိမ့်မယ်'

'ဘာကိုဆိုလိုတာလဲ ဘုရား'

'**ဆရာမှားလို့ အများသေတာကတော့ မတွေ့ချင်အဆုံး တွေ့ဖူးရမယ်** ဆိုတာပါပဲ'

'ကိုးကွယ်ဆည်းကပ်ရမယ့် ဆရာကို မစိစစ်တာလောက် မဟုတ်ဘဲ စိစစ်ရကောင်းမှန်း မသိတာအပြင် ဘယ်လိုစိစစ်ရမလဲ ဆိုတာအထိ မသိနေကြတာပါ ဘုရား'

'သည်တော့လည်း အကိုးကွယ်ခံတွေက မင်းမူရောပေါ့'

'ကိုယ်ကကိုက အမင်းမူခံချင်နေကြတာပါ ဘုရား'

'သည်တော့ အကိုးကွယ်ခံနဲ့ ကိုးကွယ်သူလို့ လူတန်းစား တွေ ဖြစ်သွားမှာပေါ့'

'အဲဒါဖြစ်နေတာပဲ ဘုရား'

'မြွေဟာ ပင့်ကူရဲ့ ဦးနှောက်ဖောက်စားတာ ခံရသလို ဖြစ်မှာပေါ့'

'အဲသည်အတိုင်းပါပဲ ဘုရား'

'သူတို့က ကိုယ့်တာဝန်ကို ဘာတွေထမ်းဆောင်လို့လဲ'

'သူတို့က ဘာတာဝန်ရှိသူတွေလဲ ဘုရား'

'**ဥတ္တရိမနုဿဓမ္မ ဖြန့်ဝေဖို့**ပေါ့'

'အဲဒါရဲ့ မြန်မာလိုအဓိပ္ပါယ် မိန့်ပါဦးဘုရား'

'**လူ့အမြင့်ဆုံးဂုဏ်ရည်သိက္ခာ**တွေ ဖြန့်ဝေဖို့ပါ'

'အဲဒါကို သူတို့တောင် ဆောင်နေကြတဲ့ပုံ မရှိပါဘူးဘုရား'

'ဘာတွေ့ရလို့လဲ'

'သူတို့တွေက အမျိုးမျိုးပဲ ဘုရား'

'ပြောကြည့်စမ်းပါဦး'

'ပိဋကတ်အတွေ့အကြုံ များသူတွေလည်း ပါတယ်ဘုရား'

'ဆက်ပါဦး'

'အရွတ်အဖတ် သရဇ္ဈာယ်များသူ ဘုရား'

'ဟုတ်ပြီ'

'အဟောအပြောများသူလည်း ပါတယ်ဘုရား'

'ပြောပါဦး'

'အသင်အကြားများသူပေါ့ ဘုရား'

'အဲဒါတွေက အခု ဆည်းကပ်ကြရတဲ့ ဆရာတွေလား'

'ထိပ်တန်းထားရတဲ့ ဆရာတွေပါ ဘုရား'

'ပိဋကတ်ဗဟုသစ္စများသူ ဆည်းကပ်တော့ ဘယ်မှာဘာဆိုတယ်လို့ ဗဟုသုတများသူ ဒကာ၊ဒကာမပဲ ဖြစ်မှာပေါ့'

'သရဇ္ဈာယ်များသူ ဆည်းကပ်သူက ဘာဖြစ်မှာလဲ ဘုရား'

'အရွတ်အဖတ်များတဲ့ ဒကာ၊ဒကာမပဲ ဖြစ်မှာပေါ့'

'အဟောအပြောများသူ ဆည်းကပ်ယင်ကော ဘုရား'

'ဘုရားဟောအကွက်တွေ စိတ်ပြီးသိသူပဲ ဖြစ်မှာပဲ'

'အသင်အကြားများသူ ဆည်းကပ်သူအတွက် မိန့်ပါဦး ဘုရား'

'အတတ်အသိများသူပဲ ဖြစ်မှာပဲ'

'သူတို့ဆီက အမြင့်ဆုံးလူ့ဂုဏ်ရည်သိက္ခာတော့ မရနိုင်ဘူးပေါ့ ဘုရား'

'သူတို့တောင် အမြင့်ဆုံးလူ့ဂုဏ်ရည်သိက္ခာ ရှိနေကြသူတွေ မဟုတ်ကြဘူး မဟုတ်လား'

'တကယ်တော့ ဒကာ၊ဒကာမတွေ ဆည်းကပ်ကိုးကွယ်ရမယ့် ဆရာဟာ ဘာတွေမရှိရှိ အမြင့်ဆုံးလူ့ဂုဏ်ရည်သိက္ခာရှိသူ ဖြစ်ရမယ်ပေါ့ ဘုရား'

'ဒါရှိမှ ဆည်းကပ်ကိုးကွယ်ရသူတွေ ဒါရမှာပေါ့'

'သာသနာတော်ဆီက ရစရာက ဒါပဲမို့လား ဘုရား'

'ဒါပဲပေါ့'

## ၅၁။ အမြင့်ဆုံးလူ့ဂုဏ်ရည်သိက္ခာရှိသူ ဟုတ်-မဟုတ် စူးစမ်းနည်း

'ဆည်းကပ်ကိုးကွယ်ခံတွေဆီမှာ ဒါရှိလား၊မရှိလား သိဖို့မလွယ်ဘူး မဟုတ်လား ဘုရား'

'သည်လို မဟုတ်ပါဘူး'

'ဘယ်လိုသိရမှာလဲ ဘုရား'

'စူးစမ်းရမှာပေါ့'

'စူးစမ်းခွင့်တောင် မရဘူး ပြောရမလားဘဲ ဘုရား'

'အဲဒါ အလွယ်ပြောတာပဲ'

'ဘာဖြစ်လို့လဲ ဘုရား'

'မစူးစမ်းရဘူးလို့ ဘယ်သူက အာဏာထားလို့လဲ'

'သည်လိုတော့ မဟုတ်ဘူးပေါ့ ဘုရား'

'ဘယ်လိုလဲ'

'အုပ်စုနဲ့ ရောပါသွားတယ်ပဲ ပြောရမှာပါ ဘုရား'

'ကိုယ်ပါချင်လို့ ပါတာတော့ မတတ်နိုင်ဘူးပေါ့'

'အုပ်စုအားကို ကိုယ်က မလှန်နိုင်တာပါ ဘုရား'

'အုပ်စုအားကိုလှန်ဖို့ အားမထုတ်တာ မဟုတ်ဘူးလား'

'အားလည်းမထုတ်မိဘူးပေါ့ ဘုရား'

'အားမှမထုတ်တာ မလှန်နိုင်ဘူးပြောလို့ ဖြစ်ပါ့မလား'

'အခုလိုသိတော့ အားထုတ်ရမှာပေါ့ ဘုရား'

'သာသနာဆည်းကပ်တာ သာသနာ့အမွေရဖို့ဆိုတော့ ပျော်ပျော်ပါးပါး မေ့မေ့လျော့လျော့နဲ့ ပေါ့နေဖို့တော့ တော်ပါ့မလား'

'ဆည်းကပ်ကိုးကွယ်ခံတွေဆီမှာ အမြင့်ဆုံးလူ့ဂုဏ်ရည်သိက္ခာ ဝင်နေရဲ့လား၊မနေဘူးလား သိဖို့ ဘယ်လိုစူးစမ်းရမလဲ ဘုရား'

'သူတို့ဆီမှာ ဂုဏ်ရည်သိက္ခာတွေ ရှိတဲ့အတိုင်း ပြော-ပြု-နေတွေ ဖြစ်မှာပဲ'

'ဖြစ်မှာပါ ဘုရား'

'အဲသည် ပြောပြုနေတွေဖြစ်စေတဲ့ ဂုဏ်ရည်သိက္ခာတွေဟာ သာမန်လူတွေဆီမှာ တွေ့နိုင်တာတွေလား လေ့လာရမယ်'

'သာမန်လူတွေဆီမှာ တွေ့နိုင်တာဆိုယင် သူလည်း လူတွေထဲက လူပဲပေါ့ ဘုရား'

'ဒါပေါ့'

'ဂုဏ်ရည်သိက္ခာဆိုတာ ပြောပြုနေတွေကိုဖြစ်စေတဲ့ အသိအမြင် အရည်အချင်းတွေရဲ့ နာမည်တွေလား ဘုရား'

'ဟုတ်တယ်'

'ဂုဏ်ရည်သိက္ခာရဲ့ အတက်အကျအတိုင်း ပြောပြနေရဲ့ အနိမ့်အမြင့်လည်း ဖြစ်မှာလားဘုရား'

'ဒါပဲ'

'သူ့ရဲ့အစားက သူများလိုမဟုတ်ဘူး၊ အဝတ်ကလည်း သူများလို မဟုတ်ဘူးဆိုယင်ကော ဘုရား'

'ဘာကိုမြင်ပြီး သူများနဲ့မတူတဲ့ စားဝတ်နေရှိတာလဲ သိအောင် လုပ်ရမယ်'

'မြင်တာက သူများမြင်သလိုပဲ ဆိုယင်ကောဘုရား'

'အဲဒါဆိုရင် လူ့ဂုဏ်ရည်သိက္ခာထက် မပိုသူပဲ'

'အဲဒါဆိုယင် လူထဲကလူပဲလား ဘုရား'

'ဟုတ်တယ်'

'သူ့မှာ ဆောင်မှုရှောင်မှုတွေ ရှိမယ်၊ အဲဒါတွေ ဘယ့်ကြောင့် ဆောင်တယ်၊ရှောင်တယ်ဆိုတာတွေဟာ လူတွေမြင်သလိုပဲဆိုယင် အဲသည်သူကို ကိုးကွယ်ဆည်းကပ်လို့ ဘာမှမရနိုင်ဘူးလား ဘုရား'

'အမှန်ပဲ'

'ဘယ်လိုမြင်တယ်ဆိုတာတွေဟာ လူတွေမြင်တာထက် ထူးပေမယ့် အဲသည်အမြင်တွေဟာ လူတွေက ရှောင်ရဆောင်ရမယ် မြင်တာတွေ မရှောင်မဆောင်သူဆိုယင်ကော ဘုရား'

'အဲသည်သူ့လည်း ကိုးကွယ်ဆည်းကပ်ထိုက်သူ မဟုတ်ဘူးပေါ့'

'ဘာဖြစ်လို့လဲ ဘုရား'

'လူ့ဂုဏ်ရည်သိက္ခာ ကျလို့ပေါ့'

'အဲသည်သူ ကိုးကွယ်ဆည်းကပ်ယင် ကိုးကွယ်ဆည်းကပ်သူပါ လူ့ဂုဏ်ရည်သိက္ခာ ကျမှာမို့လား ဘုရား'

'ဟုတ်တယ်၊ ကိုးကွယ်ဆည်းကပ်တယ်ဆိုတာ သူ့ဆီက လမ်းညွှန် ယူဖို့မဟုတ်လား'

'ဟုတ်ပါတယ် ဘုရား၊ လူတွေက ဂုဏ်ရည်သိက္ခာကို ဆောင်တဲ့အခါ ဘယ်လိုအမြင်တွေနဲ့ ဆောင်တာမို့လဲ ဘုရား'

'အပို-အလို အမြင်တွေနဲ့ပဲ'

'အဲသည် အမြင်နှစ်မျိုးအပြင်က အမြင်နဲ့ ဆောင်ရွက်သူ မရှိဘူးလား ဘုရား'

'မရှိဘူး'

'အဲသည် အမြင်နှစ်မျိုးအပြင်က အမြင်ဆိုတာ ရှိလို့လား ဘုရား'

'ရှိတယ်'

'အဲသည်အမြင်က ဘာအမြင်လဲ ဘုရား'

'**တည့်တည့်အမြင်**ပေါ့'

'အံ့သြစရာပဲ ဘုရား'

'ဘယ်လိုလဲ'

'အတည့်အမြင်နဲ့ လူတွေမဆောင်ကြဘဲ အပိုအလိုအမြင်တွေနဲ့ ဆောင်ကြတယ် ဆိုတာကိုပေါ့ ဘုရား'

'မအံ့သြနဲ့'

'သံသယတောင် ဖြစ်ရပါတယ်ဘုရား'

'ပုံစံနည်းနည်းထုတ်ကြည့်ပေါ့'

'ခိုးတာရှောင်၊ ပေးတာဆောင်တဲ့သူတွေရဲ့ အမြင်တွေ ပြောကြည့်ပါ ဘုရား'

'အပါယ်မရောက်လိုတာနဲ့ သုဂတိ ရောက်လိုတာကြောင့်ပဲ မဟုတ်လား'

'ဟုတ်ပါတယ် ဘုရား'

'အလိုနဲ့လုပ်ကြတာ မဟုတ်ဘူးလား'

'အမှန်ပါပဲ ဘုရား'

'အပိုအမြင်နဲ့ ခိုးမှုရှောင်၊ပေးမှုဆောင်တဲ့ အလုပ်လုပ်ပုံလည်း မိန့်ပါဦး ဘုရား'

'အဲသည် ရှောင်စရာ၊ဆောင်စရာတွေ မသိတော့အောင်နဲ့ မရှိတော့အောင် အမြင်တွေပွားပြီး လုပ်တာပေါ့'

'အဲသည်လိုလုပ်တာ တော်အောင်လျော်အောင် လုပ်တာကြီး ဖြစ် မလား ဘုရား'

**'အရုပ်ကလုပ်သလို စေတနာမဲ့ကြီး**ပေါ့'

'အဲဒါ ပိုတဲ့အမြင်နဲ့ လုပ်ပုံပေါ့ ဘုရား'

'ဟုတ်တယ်'

## ၅၂။ ဘုရားစကားနားထောင်ကြတာ မဟုတ်ဘူး

'**ဗုဒ္ဓဘာသာဟာ လောကထက်လွန်တဲ့ဘာသာ** ဖြစ်လျက်နဲ့ ဗုဒ္ဓ ဘာသာဝင်လုပ်နေသူတွေ လောကထဲက မထွက်နိုင်တာ ညံ့ပြလို့ ပေါ့ ဘုရား'

'ဟုတ်တာပေါ့'

'တခြားအကြောင်း ရှိသေးလားဘုရား'

'ရှိတယ်'

'အဲဒါ ဘာလဲဘုရား'

'**ညံ့တဲ့အထဲက ဆွဲထုတ်သူ မရှိ**တာပဲ'

'ဆွဲထုတ်ဖို့ တာဝန်ရှိသူကလည်း ညံ့လို့ပေါ့ ဘုရား'

'ဒါပဲ'

'အခုလို ဝေဖန်ချက်ချခံရတာဟာ **ညံ့တာထဲအိပ်ပျော်နေတာ အနှိုးခံရတာ**လို့ မှတ်ယူပါတယ် ဘုရား'

'ထတော့ပေါ့'

'ကြားရတာတွေဟာ အကျိုးများလိုက်တာ ဘုရား'

'အကျိုးတော့များပေမယ့် စကားကြောက အပြင်ကို အတော်ကြီး ရောက်နေပြီ'

'**ပိဋကတ်မှာလာပေမယ့် ကျော်သင့်ကျော်ရမှာနဲ့စပ်ပြီး သာသနာတော်စီးဆင်းမှုကို ဆွေးနွေးတင်ပြလာတာတွေ**ပဲ ဘုရား'

'**သာသနာထဲ အစွန်းရောက်အယူ ဝင်လာတာရဲ့သမိုင်း**လို့ ပြောရမှာပဲ'

'**သာသနာကွယ်ပနေပုံ ဝေဖန်ချက်တွေ**ပေါ့ ဘုရား'

'**ကိုယ်ပျောက်အမြင်**ကို မင်္ဂအမြင်အဖြစ် ပါဠိတွေညွှန်ပြနေပေမဲ့ တရားသိသူဟာ အဋ္ဌကထာ၊ဋီကာပါဠိနဲ့ ပါဠိတော်ပါဠိဖြစ်လည်း ကျော်မှာ-ဆိုတာ ပြောခဲ့တာပဲ'

'တရားသိသူက ရူပ၊အရူပကုသိုလ်ကံတွေ သိတော့ ကျော်ထံ့တာပေါ့ ဘုရား'

'သာသနာ့ဝန်ထမ်းသူတွေဟာ ဘုရာ့စကား နားမထောင်ကြတော့ 'မိဘစကားနားမထောင် သားတကောင်နဲ့ တိုးလို့တွဲလွဲ' ဆိုတာလို ဖြစ်နေကြတာပဲ ဘုရား'

'နားမထောင်တာ မဟုတ်ဘဲ နားလည်လွဲတာ ဖြစ်နေမလား'

'နားမထောင်တာပါ ဘုရား'

'ဘယ်လိုလဲ'

'ဘုရားက သူဟောပြောတဲ့တရားတွေကို ဖောင်လို သဘောထားရမယ်လို့ ပြောဆိုညွှန်ပြခဲ့တယ် မဟုတ်ဘူးလားဘုရား'

'အဲဒါ ဘာဖြစ်လို့လဲ'

'နားမထောင်ကြတာပေါ့ ဘုရား'

'ဘယ်လိုဖြစ်လို့လဲ'

'**ပရိယတ္တိ ဟိ သာသနဿ မူလံ**=သာသနာမှာ ပရိယတ်ဟာ အရင်းမူလပဲ-လို့ **ပရိဘာသာ**တွေလုပ်ပြီး ဆောင်ကြတယ်ဘုရား'

'အဲဒါ မဟုတ်လို့လား'

'ပရိယတ်ဟာ သာသနာ့မူလတော့ ဟုတ်တာပေါ့ ဘုရား'

'ဟုတ်ယင် ဘာပြောဖို့လိုလို့လဲ'

'လိုတာပေါ့ ဘုရား'

'ပြောပါဦး'

'ပရိယတ်ရဲ့အရက ဘုရားဟောတရားတွေ လုပ်ကြတာပဲ ဘုရား'

'ဘုရားမဟောဘဲ ပရိယတ်က ဘယ်ကရမှာလဲ'

'ဘုရားမဟောဘဲနဲ့တော့ မရဘူးပေါ့ ဘုရား'

'ဘုရားဟောမှ ဘုရားဟော-ပြောတာပဲ မဟုတ်ဘူးလား'

'ဘုရားဟောတာဟာ ဘုရားဟောလို့ ပြန်ပြောဖို့ဟောတာ ဟုတ်လို့လား ဘုရား'

'ဒါတော့ စဉ်းစားစရာပဲ'

'မစဉ်းစားပါနဲ့ ဘုရား'

'ဘာလုပ်ရမှာလဲ'

'ဘုရားက ပရိယတ်အဖြစ် တရားဟောတာဟာ ဘုရား အသင်ကြားခံရသူကို တရားရသွားဖို့ပဲ ဟောတာ မဟုတ်ဘူးလား ဘုရား'

'ဒါ ဟုတ်တာပေါ့'

'ဒါဆိုယင် ဘုရားက တရားဟောတာဟာ သူ့တရားနာသူကို ဘုရား သည်လိုဟောတယ်လို့ ပြန်ပြောတတ်ဖို့ သင်ကြားတာ မဟုတ်ဘူး မဟုတ်လား ဘုရား'

'တရားဟောတာ တရားကို ပြန်ပြောတတ်ဖို့ သင်ကြားတာ မဟုတ်ပါဘူး'

'သည်တော့ ဘုရား....'

'ဘာပြောချင်သလဲ'

'ဇဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ(ဗာရာဏသိယံ) ဝိဟရတိ...အစရှိတာတွေ သင်ပေးတာဟာ ပရိယတ် မဟုတ်လောက်ဘူးလားလို့ပါ ဘုရား'

'ဒါကို ဘာလုပ်တာလို့ ပြောမလဲ'

'ရှေးစကားပြောတာလို့ ပြောရမှာပေါ့ ဘုရား'

'ရှေးက ပြောခဲ့တဲ့စကားကို ပြန်ပြောတာတော့အမှန်ပဲ'

'သမိုင်းဘာသာရပ်ဟာ ရှေးကအဖြစ်အပျက်တွေအကြောင်း သင်တဲ့ ဘာသာရပ်ပဲ ဘုရား'

'သည်နေ့စာသင်တာဟာ ပရိယတ် မဟုတ်တော့ဘူးလား'

'တခြားပညာရပ်တခုခု သင်ကြားနေတာတွေ အခုလည်း ရှိတာပဲ၊ အဲဒါတွေနဲ့ ချိန်ထိုးကြည့်ပေါ့ ဘုရား'

'လုပ်စမ်းပါဦး'

'သင်္ချာဘာသာရပ်ကို သင်ပေးမယ်ဆိုပါတော့ ဘုရား'

'ဟုတ်ပြီ'

'တစ်ကနေ တဆယ်အထိ ဂဏန်းဆယ်လုံးသိအောင် သင်ပြီး၊ တဆယ့်တစ်ကျတော့ တစ်တစ်လို့ ရေးဖို့နဲ့ တရာ့တစ်ကျတော့ တစ်သုညတစ်လို့ရေးတတ်ဖို့ သင်မှာပဲမဟုတ်လား ဘုရား'

‘ဒါပေါ့’

‘သည်လို ဂဏန်းရေးနည်းကို ရှေးက ဘယ်သူထွင်ခဲ့တာဆိုတာ လုပ်နေသေးလို့လား ဘုရား’

‘အင်း....’

## ၅၃။ ပြောသူနဲ့နာသူတို့သာ အလျင်ကတည်းက သိနေတဲ့စကားကိုယ်ကအဆက်အစပ်မသိယင် ပြောသူ့စကား ကိုယ်အနက်မထင်နိုင်ဘူး

‘ငါ-သည်လိုကြားဖူးတယ်၊ တချိန်က ဘုရားဟာ သာဝတ္ထိဇေတဝန်မှာနေတယ်....ဆိုတာမျိုးနဲ့ အဲဒါကိုနားလည်ဖို့ စကားအစိတ်တွေရဲ့အနက်နဲ့ အပေါင်းတွေရဲ့အနက်တွေ ဖော်ပြ၊ စကားတွေတလုံးနဲ့တလုံး စပ်ဟပ်ပြ သင်ကြားတာဟာ တရားကို ပရိယတ်လို့ဆိုတဲ့ သင်ကြားတာ မဟုတ်ဘဲ စာပေကို ဒါမှမဟုတ် သမိုင်းကို ပရိယတ်လို့ဆိုရတဲ့ သင်ကြားတာလုပ်တာ မဟုတ်ဘူးလား ဘုရား’

‘အဲဒါမှခက်တော့တာပဲ’

‘အဲသည်အခက်ကိုပြေအောင် ဖြည့်ပါဦးဘုရား’

‘အဲသည်သင်ကြားချက် ပရိယတ်က ဘုရား ဘာပြောတယ်ဆိုတာတော့ သိစေတာပဲ မဟုတ်ဘူးလား’

‘သိစေတာပေါ့ ဘုရား’

‘ဘုရားက သိစေတာတွေဟာ တရားတွေပဲ မဟုတ်လား’

‘ဟုတ်ပါတယ် ဘုရား’

'သည်တော့ တရားသင်တဲ့ ပရိယတ်လို့ပဲ မပြောထိုက်ဘူးလား'

'အဲသည်လို ထင်စရာတော့ ရှိပါတယ်ဘုရား'

'ထင်ရတာလောက်ပဲလား'

'သည်အထင်မှန်၊မမှန်သိဖို့ နည်းနည်းစစ်ကြည့်ရအောင်ဘုရား'

'လုပ်ပါ'

'ပုဂံက သမိုင်းတခုပေါ့ ဘုရား'

'ပြောပါဦး'

'မွန်ဘုရင်က ကျန်စစ်နဲ့ရည်ငံနေတဲ့ မင်းသမီးခင်ဦးကို အနော်ရထာအတွက်ဆက်လို့ မင်းသမီးကို ပုဂံသယ်လာရာ လမ်းမှာ ကျန်စစ်နဲ့ ခင်ဦးတို့ မှားကြတာသိပြီး ပုဂံမှာ အနော်ရထာက ကျန်စစ်ကိုပြစ်ဒဏ်ပြုရတယ်လို့ သင်ကြားတာ နားလည်ရတယ်ဆိုပါတော့ဘုရား'

'ပုံစံက ရှည်လှချည်လား'

'ရှည်မှ ပြည့်စုံအောင်ပြောလို့ရမှာပဲ ဘုရား'

'ဘာတွေပြောမှာလဲ'

'မွန်ဘုရင်က သမီးကို အနော်ရထာပေးတာ သိရလို့လည်း သိရသူမှာ ဘာမှမခံစားရဘူး ဘုရား'

'ဘာခံစားချင်လို့လဲ'

'ပေးရလို့ ခံစားမှု၊ အပေးခံရလို့ ခံစားမှု၊ ရလို့ ခံစားမှုတွေထဲက တခုခုပေါ့ ဘုရား'

'ဘယ်-ဒါတွေခံစားရပါ့မလဲ'

'ဘာဖြစ်လို့လဲ ဘုရား'

'ကိုယ်က ပေးသူမှမဟုတ်တာ၊ အပေးခံရသူလည်း ကိုယ်တိုင်မှ မဟုတ်တာ၊ ရသူကလည်း ကိုယ်မှ မဟုတ်တာ'

'ပြီးတော့လည်း ဘုရား'

'ပြောနိုင်ပါတယ်'

'ကျန်စစ်ဟာ သူ့ချစ်သူကို သူ့အရှင်အား အပေးခံရတာ ဝမ်းနည်းတာ၊ မထိန်းနိုင်လို့ မှားတာ၊ အရှင်သိလို့ အရှင်ရဲ့ အရေးယူခံရတာ ဒါတွေလည်း ဒါကိုသိအောင် အသင်ခံရလို့ သိသူမှာ မခံစားရဘူး ဘုရား'

'ကျန်စစ်မှာဖြစ်တာ သိတာပဲ၊ ကိုယ်က ကျန်စစ်မှမဟုတ်တာ ဘယ်ခံစားရမလဲ'

'သည်လိုပဲပေါ့ ဘုရား'

'ဘယ်လိုဆိုတာ လုပ်ပါဦး'

'ဇဝံ မေ သုတံ ဧကံ သမယံ....အစချီတဲ့ အနတ္တလက္ခဏသုတ်ကို သင်ယူလိုက်တာ အဆုံးမှာ ပဉ္စဝဂ္ဂီယာ ဘိက္ခူ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသု-လို့အထိပေါ့ ဘုရား'

'အဲဒါ ဘာဖြစ်သလဲ'

'ဘုရားက ပဉ္စဝဂ်ရဟန်းတွေကို တရားဟောတာတဲ့ ဘုရား'

'ဟုတ်သားပဲ'

'ဘုရားက ခန္ဓာငါးပါး ဘယ်လိုထင်သလဲ-မေးတော့ အနိစ္စ၊ဒုက္ခ၊အနတ္တမြင်တယ် ပြောကြတော့ သည်လိုမြင်ယင် ခန္ဓာတွေကို ငါ-ငါ့ဟာနဲ့ ငါ့ဂုဏ်ရည်မဟုတ်လို့ ရှုကြ၊ ဒါမြင်ယင် လွတ်မြောက်တာပဲဆိုပြီး အာသဝတွေက ပဉ္စဝဂ်တွေ လွတ်မြောက်ကြတယ် သိရတာပဲ ဘုရား'

'ဒါသိတာ ဘာမှားလို့လဲ'

'ဘာမှ မမှားပါဘူး ဘုရား'

'ဘာပြောစရာ ရှိသေးလို့လဲ'

'ရှိတာပေါ့ ဘုရား'

'ပြောပါ'

'တပည့်တော်တို့တော့ အာသဝမလွတ်ကြဘူး ဘုရား'

'ဘယ်လွတ်မှာလဲ'

'ဘာဖြစ်လို့လဲ ဘုရား'

'တရား ကိုယ့်ဟောတာမှ မဟုတ်တာပဲ'

'ပဉ္စဝဂ်တွေကို ဟောပေမယ့် ဟောတဲ့တရားအကုန်ကို နာကြားရတာပဲ ဘုရား'

'အားလုံးကြားရပေမယ့် ဟောသူက ကြားရသူတိုင်းကို လွတ်ကြဖို့ ရည်ရွယ်ပြီး ဟောတာ မဟုတ်ဘူးပဲ'

'သူလွတ်စေချင်သူကို ရည်ရွယ်ပြီးဟောတာ ဖြစ်လို့လား ဘုရား'

'သည်လိုလည်း မဟုတ်ဘူး'

'အဲဒါ ဆက်အမိန့်ရှိပါဦး ဘုရား'

'သူ့ပြောချက်ကိုနားလည်နိုင်တဲ့ အနေအထား ရှိနေသူကို နားလည်ဖို့ ရည်ရွယ်ဟောတာပဲ'

'ဟောချက်ကိုကြားရပေမယ့် နားလည်နိုင်တဲ့အနေအထား ရှိသူ မဟုတ်တော့ ဟောသူက ကိုယ့်ရည်ရွယ်ဟောတာ မဟုတ်ဖြစ်လို့လား ဘုရား'

'အရပ်ထဲ စကားပြောတာတောင်မှ ကိုယ့်ပြောတဲ့စကား မဟုတ်ယင် လုံးစေ့ပါငြားစေ့ နားမလည်တတ်ကြဘူး မဟုတ်လား'

'အဲဒါက ဘယ်လိုဖြစ်တာလဲ ဘုရား'

'ကိုယ့်ပြောတဲ့စကားမဟုတ်တော့ ပြောချက်စကားကို ကြားပေမယ့် အဲသည် ကြားတဲ့စကားကို နားမလည်တာက ပြောသူရဲ့ ပြောရခြင်း အကြောင်းနိဒါန်း ကိုယ့်ဆီမှာမရှိတာကြောင့်ပဲ'

'အနုသန္ဓေ စပ်လို့မရလို့ နားမလည်တာပေါ့ ဘုရား'

'အနုသန္ဓေ စပ်တယ်ဆိုတာ ပြောပါဦး'

'ပြောသူနဲ့နာသူသာ သိနေတဲ့ အဖြစ်နဲ့ နောက်ထပ်ပြောလိုက်တဲ့စကားနဲ့ စပ်တာပေါ့ ဘုရား'

'ဟုတ်ပြီ'

'အနတ္တလက္ခဏာတရားဟောသူ ဘုရားနဲ့ အဲသည်တရားနာသူ ပဥ္စဝဂ်ရဟန်းအစုတို့သာ သိပြီး နှစ်ဘက်အသိညီနေတဲ့ အသိနဲ့ အနတ္တလက္ခဏာတရားနဲ့ အနုသန္ဓေဖြစ်နိုင်ကြလို့ အာသဝကုန်ကြတာပေါ့ ဘုရား'

'ဟုတ်တယ်'

'ဘုရားက ဒါကြောင့် သူ့တရားကို ဖောင်လိုသဘောထားဖို့ မိန့်တာလား ဘုရား'

'ဟုတ်စရာ ရှိတယ်'

## ၅၄။ သင်္ဂါယနာတင်ရခြင်းများရဲ့ ရည်ရွယ်ချက်

'ဘုရားက သူမရှိတဲ့နောက်မှာ ဘယ်သူ့ ဆရာအဖြစ် ထားရမလဲ လို့ အာနန္ဒာကမေးတာ ခံရတဲ့အခါ တရားပေါ့လို့ ပြောခဲ့ကြောင်း မှတ်သားရဖူးတာ ဘုရား'

'ဟုတ်သားပဲ'

'အဲသည်တော့လည်း သူဟောခဲ့တဲ့တရားတွေကို ဆရာအရာ ထားပြီး ဆောင်ယူပို့ချနေရတာ မဟုတ်ဘူးလား ဘုရား'

'သည်လိုတော့ ဘယ်ဟုတ်မလဲ'

'ဘုရားက **ဓမ္မောစ ဒေသိတော**=တရားတွေ ညွှန်ပြပြီးပြီ။ **သော ဝေါ မမစ္စယေန သတ္ထာ**=ဒါ မင်းတို့ရဲ့ဆရာ ငါမရှိတဲ့နောက် ဆရာပေါ့လို့ မိန့်ခဲ့တာပဲ ဘုရား'

'ဟုတ်ပါတယ်'

'အဲဒါက ဘယ်လိုလဲ ဘုရား'

'အရိယသစ္စာတွေကို ရစေတာတွေဟာ ညွှန်ပြပြီးတာတွေပါ။ အဲဒါတွေဟာ သူမရှိတဲ့နောက် ဆရာလို့ ပြောခဲ့တာ ဖြစ်ရမှာပါ'

'ဘုရားက အရိယသစ္စာရအောင် ပြောပုံဟောပုံ ဇာ၊သည်၊ ၍....မလွဲ ဟောချက်တွေဟာ ညွှန်ပြချက်တွေ မဟုတ်ဘူးလား ဘုရား'

**'တရားကိုညွှန်ပြပြီးပြီ–လို့ပြောတာဟာ ဟောပြောချက်တွေ ပြုလုပ်ပြီးပြီ ဆိုတာမျိုး ဖြစ်ဖို့အကြောင်းမရှိပါဘူး'**

'သာသနာမှာ အရိယာအဖြစ် ရောက်ပြီးကြသူတွေရဲ့ အဖြစ်တွေဟာ တရားကို ညွှန်ပြပြီးပြီဆိုတဲ့ ဘုရားရှင်စကားရဲ့ အနက်တွေလို့ ဆိုလိုတာလား ဘုရား'

'ဒါပဲ'

'သည်လိုဆိုတော့ ဘုရား...'

'ဘာပြောစရာရှိသေးလဲ'

'ဘုရားမရှိတဲ့နောက် လပိုင်းလောက်အကြာမှာပဲ ဘုရားရဲ့ သာဝကကြီးတွေက ဘုရားဟောခဲ့သမျှ တရားတွေကို စုဆောင်းတဲ့ လုပ်ငန်း သင်္ဂါယနာအဖြစ် လုပ်ခဲ့ကြတယ် မဟုတ်လား ဘုရား'

'ဟုတ်ပါတယ်'

'အဲဒါ အနက်ဖော်ဖို့ မလိုဘူးလား ဘုရား'

'လိုမှာပါ'

'အဲဒါက ဘယ်လိုလဲ ဘုရား။ ထင်ရှားတဲ့ခေါင်းဆောင် တဦး ကွယ်လွန်ယင် သူများလိုပဲ မေ့မေ့ပျောက်ပျောက် ထားကြတာ မျိုး လူတွေ လုပ်ကြသလား ဘုရား'

'ဒါမျိုး လူမှာ ထုံးစံမရှိဘူးပဲ'

'ဂူ၊ဗိမာန်တွေလုပ်မယ်၊ သမိုင်းတွေရေးမယ်၊ စကားတွေ

စုမယ်၊ ဒါတွေလုပ်ကြတာ သည်နေ့အထိ ရှိပါတယ် ဘုရား'

'သင်္ဂါယနာဟာ အဲဒါရဲ့ တစိတ်တပိုင်း ဖြစ်မှာပါ'

'ဘုရားဟောပြောချက်တွေ အပျောက်အရှတွေမဖြစ်ခင် စုစုစည်းစည်း လုပ်တာလား ဘုရား'

'အဲဒါချည်းတော့ မကဘူး'

'ဆက်မိန့်ပါဦး ဘုရား'

'ဘုရားရဲ့သာဝက သံဃာတွေဟာ ဘုရားရှိစဉ်က ဘုရားလက်အောက်မှာ နေခဲ့တာပဲ'

'ဟုတ်တာပေါ့ ဘုရား'

**'ဘုရားမရှိတော့ ဘယ်သူ့လက်အောက်မှာနေရကြောင်း** အသိပေးရဖို့ လိုတာပေါ့'

'ကိုယ့်ဟာကိုယ်နေသလို မဖြစ်အောင်ပေါ့ ဘုရား'

'ဒါပေါ့၊ ဘုရားကလွန်တော်မူလို့ မရှိတော့ပေမယ့် **ဘုရားညွှန်ပြခဲ့တဲ့ ဓမ္မပုံက မပျောက်မပျက် ရှိနေတယ် မဟုတ်လား'**

'ရှိတာပေါ့ ဘုရား'

'ဘုရားရှိတုန်းက သာဝကသံဃာဟာ ဘုရားကိုတွေ့လို့ရသလို ဘုရားမရှိတော့ တွေ့စရာမရှိသလို ဖြစ်မယ် မဟုတ်လား'

'ဘယ်သူ့အားပြုရမယ်မသိ ဖြစ်ရမှာပေါ့ ဘုရား'

'ဘုရားရှိစဉ်ကလည်း ဘုရားဉာဏ်တော်နဲ့ သည်ဉာဏ်တော်တွေအရ ပြောပြနေဝိညတ်တွေပဲ ဘုရား-လို့ပြောရတာ မဟုတ်လား'

'သူရဲ့ ပုပ်မယ့်အကောင်ကြီးဟာ ဘာလုပ်မှာလဲ-ဆိုတာမျိုး*[၈] ဘုရား သက်ဝင်ရှင်သန်စဉ်က မိန့်ခဲ့တယ်လို့ မှတ်ရဖူးပါတယ် ဘုရား'

'ဘုရားလွန်တော်မူပြီးပေမဲ့ ဘုရားဉာဏ်တွေနဲ့ ပြောပြနေလုပ်ရှားခဲ့တဲ့ ဝိညတ်တွေဟာ မပျောက်မပျက်ရှိတာပဲ မဟုတ်လား'

'ဟုတ်ပါတယ် ဘုရား'

'ဝိညတ်တွေ ကွင်းခဲ့ပေမယ့် အဲဒါတွေက ပြန့်ပြန့်ကျဲကျဲဖြစ်နေတော့ ပျောက်လွယ်ပျက်လွယ် အရှိခံနိုင်ရတာပဲ'

'သင်္ဂါယနာက သည်လို ရည်ရွယ်ချက်ကြီးကြီးနဲ့ လုပ်ခဲ့တာလား ဘုရား'

'အဲဒါလည်း ပါမှာပဲ'

'နောက် ဘာတွေ ပါဦးမလဲ ဘုရား'

**'ဘုရားမရှိတဲ့နောက် သာဝကသံဃာဟာ ဘုရားမရှိတော့ပေမယ့် ရှိစဉ်က ဉာဏ်တော်အရ ပြောပြနေလှုပ်ရှားမှု ဝိညတ်တွေကိုပဲ ဦးထိပ်မှာထားပြီး နေထိုင်ကြမယ်ဆိုတဲ့အကြောင်း အညီအညွတ် ကတိပြုကြေငြာကြတာဟာ သင်္ဂါယနာပါပဲ'**

**'သင်္ဂါယနာမှာ ဓမ္မနဲ့ဝိနယပြန်တမ်းထုတ်တယ်ဆိုတာ သံဃာရဲ့ ဦးထိပ်ထားရာ ဓမ္မဟာ ဘာဖြစ်တယ်၊ဝိနယဟာဘာ ဖြစ်တယ်လို့**

---

*[၈] အလံ ဝက္ကလိ၊ ကိံ တေ ဣမိနာ ပူတိကာယေန ဒိဋ္ဌေန၊ ယော ခေါ ဝက္ကလိ ဓမ္မံ ပဿတိ၊ သော မံ ပဿတိ။ ယော မံ ပဿတိ၊ သော ဓမ္မံ ပဿတိ။ ဓမ္မံ ဟိ ပဿန္တော မံ ပဿတိ၊ မံ ပဿန္တော ဓမ္မံ ပဿတိ။

(**ခန္ဓဝဂ္ဂသံယုတ္တ၊** ထေရဝဂ္ဂ၊ ဝက္ကလိသုတ္တ)

**ကတိပြု ကြေငြာတာ**ပဲပေါ့ ဘုရား'

'ဟုတ်တယ်'

'နောက်သင်္ဂါယနာတွေကျတော့ရော ဘုရား'

'သံဃာဟာ ကာလ၊ဌာန၊ပုဂ္ဂလတွေအလျောက် ဝိနယနဲ့ ဓမ္မတွေမှာ လျှော့တာတွေပိုတာတွေဖြစ်တော့ အငြင်းမပွားရအောင် **သံဃာလုံး ဆိုင်ရာ ဝိနယဓမ္မပြန်တမ်း**ထုတ်ပြီး သည်ဝိနယဓမ္မတွေဟာ သံဃာရဲ့ ဦးထိပ်ထားရာတွေပဲ ဆိုတာမျိုး လုပ်တာတွေပဲပေါ့'

# အခန်း(၄)
# အရိယာသို့ ပေါက်မြောက်ရသည့် လမ်း

# အခန်း(၄)
# အရိယာတို့ လျှောက်ကြရမည့်လမ်း

## ၅၅။ ဘုရားတပည့်သာဝကတွေ လုပ်ရမယ့်လုပ်ငန်း

'ပြောနေတဲ့ အကြောင်းတွေလည်း တော်တော်စုံနေပြီ ဆိုတော့ ပြောယင်းအကြောင်း ပြန်သွားပေးပါဦး ဘုရား'

'ပိဋကဟာ ဘုရားရဲ့ဝိညတ်တော်တွေဖြစ်လို့ ဦးထိပ်ထားနိုင်အောင် လေ့လာရမှာဖြစ်ပေမယ့် အဲဒါလေ့လာတာဟာ တသက်ကုန်တဲ့အထိ ဒါမှမဟုတ် တသက်နဲ့မလောက်အောင် လေ့လာရတာမဖြစ်ဘို့လိုတာပဲ'

'ဘာဖြစ်လို့လဲ ဘုရား'

'သံဃအလုပ်ဟာ ဒါပဲလို့ထင်ပြီး ဒါနဲ့ပဲ အားကုန်ခံသွားကြတာမျိုး မဖြစ်ဘို့ပဲ'

'ဘာလုပ်ဖို့ ရှိသေးလို့လဲ'

'သံဃာဟာ ဆရာဖြစ်ယင် ကိုယ့်မှာရှိတဲ့ ပဋိဝေဓကို

တပည့်ဖြစ်သူ ပဋိပတ်လုပ်နိုင်အောင် ပရိယတ်အဖြစ် လမ်းပြသွန်သင်ပေးဖို့ လိုသလို၊ တပည့်ဖြစ်ယင်လည်း ဆရာ့ကိစ္စကြီးငယ်တွေ ဆောင်ရွက်ပြီး ဆရာက သူသိပြီးဖြစ်တဲ့ ပဋိဝေဓကို ကိုယ့်ကို ပဋိပတ်လုပ်နိုင်အောင် ပရိယတ်အဖြစ် လမ်းပြသွန်သင်တာကို ခံယူဖို့ လိုအပ်ပါတယ်'

'အဲဒါကြောင့် သံဃာငယ်တွေကို ဥပဇ္ဈာယ်ဆရာ၊နိဿျည်းဆရာတွေထံမှာကပ်ပြီး ငါးနှစ်နေရမယ်ညွှန်းတာ ဖြစ်မှာပေါ့ဘုရား'

'ဟုတ်တယ်'

'ပရိယတ်ဆိုတဲ့စကားကို ဘုရားရဲ့ ပြောပြုနေဝိညတ်ဖြစ်တဲ့ သမိုင်းတွေလို့ အသိမှားပြီး လိုက်စားစေကြတာပဲ ဘုရား'

'သမိုင်းလေ့လာလို့ ပရိယတ်ရဖို့ မလွယ်ပါဘူး၊ ပရိယတ်ရယင် သမိုင်းက အလွယ်လေ့လာရမှာပါ'

'အခုတော့ ပရိယတ်လုပ်ပေးနိုင်သူ **သပ္ပုရိသဥပဇ္ဈာယ်ကို ရှာရမှန်း မသိကြတော့ဘူး**ပေါ့ ဘုရား'

'မသိသူက ပြောစရာမရှိဘူး'

'ဘာဖြစ်လို့လဲ ဘုရား'

'မသိသူက မသိသူကိုလည်း မသိဘူး၊ သိသူကိုလည်း မသိဘူးဆိုတော့ ဘာမှမသိသူပေါ့'

'ဟုတ်ပါတယ်ဘုရား'

'သိသူကသာ သိသူကိုရော၊မသိသူကိုပါ သိသူဖြစ်တော့ တာဝန်က သိသူမှာပဲရှိတယ် မဟုတ်လား'

'အမှန်ပါပဲ ဘုရား'

'သည်တော့...'

'အမိန့်ရှိပါ ဘုရား'

'နောက်စကား ပြန်ဆက်ရမယ်'

'ဆက်ပါ ဘုရား'

## ၅၆။ အတည့်လမ်း လျှောက်လှမ်းနည်း

**'ကိုယ်ပျောက်ကံဖြစ်တဲ့ ရူပါရူပကုသိုလ်ကံတွေဆိုယင် ဘယ် စာပေပိဋကတွေမှာလာလာ ဝမ်းမသာမိဘဲ ရွံ့ရှာစက်ဆုတ်စရာ စကားတွေ အဝင်ခံရတာလို့ မြင်အောင်လုပ်ရမယ်'**

'အကုသိုလ်ကံတွေ မှီဝဲချင်စိတ်မရှိအောင် အသင်အကြား ပရိယတ်ရလို့ မမှီဝဲအောင်အကျင့်လုပ်တဲ့ ပဋိပတ်လုပ်နိုင်တယ် ဘုရား'

'ကောင်းတာပဲ'

'ကာမကုသိုလ်ကံလည်း သည်လိုပါပဲဘုရား'

'ဘယ်လိုလဲ'

'အများသူငါတွေက ဂုဏ်ပြုသြဘာလုပ်တာ ခံရလို့ ကောင်း တယ်ထင်ထားခဲ့ပေမယ့် မှီဝဲချင်စိတ်မရှိအောင် ပရိယတ်ပေးတာခံရ လို့ မမှီဝဲမိအောင်ကျင့်တဲ့ ပဋိပတ်လည်း လုပ်နိုင်ပါပြီ ဘုရား'

'ကောင်းပေသားပဲ'

'ရူပ၊အရူပကုသိုလ်ပဋိပတ်လည်း အပါယ်တံခါးကို ဒါပွားမှ ပိတ်နိုင်မှာလို့ အသင်ကြားခံရပြီး၊ ပွားတော့လည်း သိသိသာသာ

ထူးခြား တော့ အပဟုတ်မှတ်ပွားရာက **စိတ်ပျောက်ကိုယ်ပျောက်ဖြစ်တာ ပြတဲ့ ပရိယတ်**ရတော့ ဒါ-ဒို့လုပ်ငန်းမဟုတ်ပါလားဆိုပြီး ဒါမမှီဝဲဘဲ နေတဲ့ အကျင့်ပဋိပတ်လည်း ကျင့်နိုင်ပြီပေါ့ ဘုရား'

'အစွန်းတရားတွေကို လွတ်အောင်ရှန်းနိုင်တဲ့ အကျင့်ပဋိပတ် ကျင့်နေမှတော့ ပဋိဝေဓ ရောက်တော့မှာပဲ'

'ဘယ်ရောက်မှာလဲ ဘုရား'

'ရောဂါရကြောင်းကျင့်မိလို့ ရောဂါရနေသူဟာ ရောဂါရ ကြောင်း တွ မကျင့်တော့ယင် အဲသည်ရောဂါတွေ ပျောက်ကုန်ကြတယ် မဟုတ်လား'

'ဟုတ်တာပေါ့ ဘုရား'

'ရောဂါပျောက်တော့ ဘယ်ရောက်သလဲမေးယင် ဘယ်လို ဖြေမလဲ'

'ရောဂါငြိမ်းတာဆီရောက်တယ် ဖြေရမှာပေါ့ ဘုရား'

'ဟုတ်တာပဲ'

'အစွန်းရောက်တွေမှီဝဲတော့ ဘာဖြစ်လို့လဲ ဘုရား'

'မှားတဲ့အမြင်တွေ၊အတွေးတွေ ဖြစ်တာပေါ့'

'မမှီဝဲတော့ မှားတဲ့အမြင်အတွေးတွေ ပျောက်မှာပေါ့ ဘုရား'

'မှားတဲ့အမြင်အတွေးပျောက်သူ ဘာဖြစ်မှာလဲ-မေးယင် ကော ဘယ်လိုဖြေမလဲ'

'အဲဒါတွေပျောက်ယင် မှန်တဲ့အမြင်တွေ၊အတွေးတွေ ရောက် မှာပေါ့ ဘုရား'

'အဲဒါတွေရောက်တော့ ဘာဖြစ်သလဲဆိုယင်ကော'

'မှန်တဲ့ အမြင်အတွေးရောက်တော့ ပြောမှား၊ပြုမှား၊နေမှားနဲ့ ကြိုးစား၊နိုးကြား၊စိတ်ထားမှားတွေကို မှားမှန်းသိတာ ဖြစ်တာပေါ့ ဘုရား'

'အမှားမှန်းသိခံရတဲ့အရာတွေ လုပ်ယင် တော်မလား'

'မတော်ဘူးပေါ့ ဘုရား'

'သည်အသိတွေဟာ အစွန်းရောက်တွေလုပ်နေယင် သိပါ့မလား'

'မသိနိုင်တာပဲ ဘုရား'

'အစွန်းရောက်တွေမမှီဝဲလို့ ဖြစ်လာတာတွေဟာ လူလျှောက်လှမ်းဖို့လမ်း ဖြစ်သလား၊မဖြစ်ဘူးလား'

'လမ်းဖြစ်တာပေါ့ ဘုရား'

'အစွန်းလမ်းမဟုတ်တော့ သည်လမ်းကို ဘာလမ်းလို့ ပြောမလဲ'

'**အတည့်လမ်း**–ပေါ့ ဘုရား'

'အစွန်းလမ်းမမှီဝဲသူဟာ ဘယ်လမ်းပေါ်ရောက်သလဲ'

'အတည့်လမ်းပေါ်ရောက်တာ သေချာပါတယ်ဘုရား'

'အတည့်လမ်းကို ဘုရားရဲ့ဝေါဟာရနဲ့ပြောရင် **မဇ္ဈိမလမ်း**–လို့ ခေါ်တယ်'

'အဲဒါဆိုယင် မဂ်လမ်းပေါ်ရောက်တာပဲ ဘုရား'

## ၅၇။ မဂ်လမ်းနှင့် အရိယသစ္စာစကား လေးပါးတပြိုင်နက်လည်ပုံ

'သည်လမ်းပေါ် ပဌမဆုံးရောက်တာဖြစ်တဲ့အတွက် သည်မဂ်ဟာ **ပဌမမဂ်**လား ဘုရား'

'ဒါပေါ့'

'သည်လမ်းရောက်သူဟာ သည်လမ်းအစိတ်အပိုင်း အင်္ဂါရှစ်ချက် ဝင်တယ်ဆိုတာ ဘာတွေလဲ ဘုရား'

'ကံသင်္ခါရတွေရဲ့ မှားတာတွေ မြင်တာ၊ သည်မြင်တာအတိုင်း တွေးတာ၊ သည်တွေးတာအတိုင်း (အမှားက)လွတ်အောင် ပြောတာ၊ပြုတာ၊နေတာ၊ သည်လိုတွေအတိုင်း ကြိုးစားတာ၊ နိုးကြားတာ၊ စိတ်ထားတာတွေပေါ့'

'ဒါတွေဟာ မဂ္ဂင်လို့ဆိုရတဲ့ သည်လမ်းရဲ့ အစိတ်အပိုင်းတွေလား ဘုရား'

'ဒါပဲ'

'သည်မဂ္ဂင်တွေက ကံတွေရဲ့အပြစ်တွေမြင်တာဆိုတော့ သည် မဂ္ဂင်ပွားလို့ သိရတဲ့ သည်အပြစ်တွေဟာ ဒုက္ခအရိယသစ္စာလား ဘုရား'

'ဟုတ်တာပေါ့'

'သစ္စာလေးချက်က တပြိုင်နက်ပေါ်တယ် ကြားဖူးတာ ဘုရား'

'ဟုတ်သားပဲ'

'သမုဒယအရိယသစ္စာက ဘယ်လိုပေါ်လို့လဲ ဘုရား'

'ဒုက္ခအရိယသစ္စာသိတော့ ဘာဖြစ်သလဲကြည့်ပေါ့'

'ဘာကြည့်ရမှာလဲ ဘုရား'

'သည်ဒုက္ခအရိယသစ္စာကို ဖြစ်ပေါ်စေချင်သလား၊ မဖြစ်ပေါ်စေချင်ဘူးလား ဆိုတာပေါ့'

'ဒုက္ခကို အပြစ်အဖြစ်သိမှတော့ ဖြစ်ဖို့ ဘယ်လိုလားတော့မလဲပေါ့ ဘုရား'

'ဒုက္ခက မဖြစ်ချင်ဘဲ ဖြစ်မလား၊ ဖြစ်ချင်မှ ဖြစ်မှာလား'

'မဖြစ်ချင်ယင်တော့ မဖြစ်လောက်ပါဘူး၊ ဖြစ်ချင်မှပဲ ဖြစ်မှာပါ ဘုရား'

'ဖြစ်ချင်တာက ဒုက္ခဖြစ်ကြောင်းပေါ့'

'ဟုတ်တာပေါ့ ဘုရား'

'ဒုက္ခရဲ့အပြစ်မြင်တော့ ဖြစ်ချင်တာပယ်တာဟာ ဒုက္ခသိတာနဲ့ အတူလား၊သီးခြားလား'

'ဒုက္ခသိတာနဲ့-မဖြစ်ချင်တာ အတူပါဘုရား'

'ဒုက္ခမဖြစ်ချင်တာက သမုဒယအရိယသစ္စာပဲ'

'မဂ္ဂ၊ဒုက္ခ၊သမုဒယ သည်အရိယသစ္စာတွေ တပြိုင်တည်းဖြစ်တာ သိရပါပြီဘုရား'

'ဟုတ်ပြီ'

'နောက်သစ္စာတချက်က ဘယ်လိုပေါ်မှာလဲ ဘုရား'

'ဒုက္ခမဖြစ်ယင် ဒုက္ခက ဆက်ဖြစ်ဦးမလား'

'မဖြစ်ချင်ယင်တော့ ဒုက္ခကလည်း မဖြစ်တော့မှာပေါ့ ဘုရား'

'ဟုတ်တာပေါ့'

'အဲသည်တော့ နောက်ဆုံးသစ္စာက ဘယ်လိုပေါ်တာလဲ ဘုရား'

'ဒုက္ခဖြစ်တာကို ဒုက္ခအရိယသစ္စာလို့ပြောပြီး၊ ဒုက္ခမဖြစ်တာကိုတော့ ဘယ်လိုပြောမလဲ'

'ဒုက္ခငြိမ်းတယ်ပဲ ပြောစရာရှိတာပေါ့ ဘုရား'

'အဲဒါလည်း အရိယသစ္စာတပါးပဲ'

'ဘာအရိယသစ္စာလဲ ဘုရား'

'ဒုက္ခငြိမ်းအရိယသစ္စာပေါ့'

'သည်လိုရှိလို့လား ဘုရား'

'နိဗ္ဗာန်ဆိုတာ ရှိတယ်မဟုတ်လား'

'သည်လိုတော့ရှိတာပေါ့ ဘုရား'

'အဲဒါ ဒုက္ခနိရောဓအရိယသစ္စာပဲ'

'သည်လိုဆိုတော့ ဒုက္ခမဖြစ်ချင်တာနဲ့ ဒုက္ခမဖြစ်တာနဲ့ တပြိုင် နက်ဖြစ်တာပဲ၊ ဒါကြောင့် သစ္စာလေးချက်တပြိုင်နက်ဖြစ်တာ ပေါ်ပါပြီ ဘုရား'

'အစွန်းလမ်းမမှီဝဲတော့ မဂ္ဂင်ပေါ်တယ်နော်'

'ဟုတ်ပါတယ် ဘုရား'

'မဂ္ဂင်ပေါ်တော့ အစွန်းလမ်းတွေကို ဒုက္ခလို့သိတယ်'

'အမှန်ပါပဲ ဘုရား'

'ဒုက္ခသိလို့ အစွန်းလမ်း မမှီဝဲချင်ဘဲ ဖြစ်ပါတယ် ဘုရား'

'အစွန်းလမ်းမမှီဝဲချင်လို့ အစွန်းလမ်းကလွတ်'

'ဒါလည်း ဟုတ်ပါတယ် ဘုရား'

'အစွန်းလမ်းကလွတ်သူဟာ သူ့အနေနဲ့ ဘယ်လမ်းကို လျှောက်တော့မှာလဲ'

'အမှန်လမ်းပေါ့ ဘုရား'

**၅၈။ သောတာပန်**

'ဒါကြောင့် သည်သူဟာ ရိုးသားဖြူစင်သူ၊ မရိုးသား မဖြူစင်သူ ဘယ်သူဖြစ်မလဲ'

**'ရိုးသားဖြူစင်တဲ့လမ်းပေါ် လျှောက်နေသူဆိုတော့ ရိုးသား ဖြူစင်သူ** လို့ ပြောရမှာပါဘုရား'

'သည်သူဟာ အယင်က သည်လို ရိုးသားဖြူစင်ဘူး သလား၊ အခုမှ အစဆုံး ရိုးသားဖြူစင်ဘူးသူလား'

'အယင်ကလည်း သည်လိုရိုးသားဘူးမလားပဲ ဘုရား'

'အဲဒါ စစ်ကြည့်ရအောင်'

'စစ်ပါ ဘုရား'

'အယင်က အစွန်းရောက်တွေအားလုံးကို မမှီဝဲဘဲ ရှိဘူး ရဲ့လား'

'ရှိဘူးမှာပါ ဘုရား'

'အစွန်းရောက်အားလုံး မမှီဝဲတာဟာ အစွန်းရောက်မှန်း သိပြီး မမှီဝဲဘူးတာလား၊ အကြောင်းမသင့်လို့ မမှီဝဲဘူးတာလား'

'သိလို့တော့ မဟုတ်ပါဘူး ဘုရား'

'အခု အစွန်းမမှီဝဲတာကလည်း အကြောင်းမသင့်လို့လား'

'အပြစ်သိပြီးပါ ဘုရား'

'အခုမှ အစွန်းလမ်းသိပြီး မမှီဝဲလို့ အမှန်လမ်းပေါ် ရောက်တာဆိုတော့ သည်လိုရောက်လို့ ဖြူစင်သူဖြစ်တာဟာ ပဌမဆုံးဖြူစင်သူလို့ **ပဌမဆုံးဖြူစင်သူ** မပြောထိုက်ဘူးလား'

'ပဌမဆုံးဖြူစင်သူ ဖြစ်မှာပါဘုရား'

'သည်လိုဖြူစင်အောင် မမှီဝဲရမယ့်အစွန်းကို ကိုယ်တိုင်သိတာလား၊ သူများညွှန်ပြတာရလို့ သိတာလား'

'သူများပြလို့ပေါ့ ဘုရား'

'သူများပြတာက ဆက်ပြီး တရားကိုကိုယ်တိုင်နားလည်ပြီး သိတာလား၊ ပြတာလောက်သိတာလား'

'ကိုယ်တိုင်နားလည်ပြီးသိတာပါ ဘုရား'

'ဒါကို ပါဠိလိုဝေါဟာရ ပြောရအောင်'

'အမိန့်ရှိပါဘုရား'

'သောတာပန်-ဆိုတာ ကြားဖူးမှာပဲ'

'ကြားဖူးတာပေါ့ ဘုရား'

'သောတ-ဆိုတာ နား-ပဲ'

'မှန်ပါဘုရား'

'အာပန္န-ဆိုတာ ရောက်ခြင်း-ပေါ့'

'**နားရောက်တယ်-ဆိုတာ နားလည်တာ**ကိုပြောတာပဲ မဟုတ်လား ဘုရား'

'ဟုတ်တယ်၊ အဲဒါ သောတာပန်ပဲ'

## ၅၉။ သောတာပန်ဖြစ်အောင် ဘာကိုအားထုတ်ရသလဲ

'အဲသည် သောတာပတ္တိပုဂ္ဂိုလ်က ဘာကိုအားထုတ်လို့ ရတာလဲ ဘုရား'

'အားထုတ်ခဲ့ရတာတွေ ပြန်စဉ်ကြည့်ပေါ့'

'နောက်ဆုံးပိတ်တော့ တရားဟာ ဘာဖြစ်တယ်လို့ အလှည့် အပြောင်းမရှိ နားလည်မှုဖြစ်သွားတဲ့အဖြစ် ရှိသူဟာ သောတာပတ္တိ ပုဂ္ဂိုလ် ဖြစ်တာပဲ ဘုရား'

'ဟုတ်သားပဲ'

'အဲဒါက သောတာပတ္တိဖိုလ်လို့ ပြောရမလား ဘုရား'

'နားလည်ပြီးသူဆိုတော့ နားလည်နေတဲ့အဖြစ် မဟုတ် တော့ဘူးပေါ့'

'ဘွဲ့ရတယ်ဆိုတာနဲ့ ဘွဲ့ရပြီးနေတယ် ဆိုတာလိုလား ဘုရား'

'တူပါတယ်'

'သိသူဆိုတဲ့အဖြစ် ရောက်သူဟာ မသိသူဆိုတဲ့အဖြစ်ကို မကျော်လွှားဘဲနဲ့ မဖြစ်ဘူးပေါ့ ဘုရား'

'ဟုတ်တယ်'

'တရားနားလည်သူ–ဆိုတဲ့ သောတာပန်အဖြစ် ရောက်ဖို့လည်း တရားနားလည်သူအဖြစ်ကို ကျော်လွှားရမှာပဲပေါ့ ဘုရား'

'တရားနားမလည်သူအဖြစ်ကို ဖြတ်ကျော်နေတာက သောတာပတ္တိမဂ်ပုဂ္ဂိုလ်၊ ဖြတ်ကျော်ပြီးသွားလို့ တရားနားလည်သူအဖြစ် ဖြစ်နေတာက သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်ပေါ့'

'ဒါတွေဟာ အထူးခွဲနေရမှာ မဟုတ်တာတွေ ခွဲနေရတာပဲ ဘုရား'

'စာမေးပွဲအောင်လိုက်တာနဲ့ စာမေးပွဲအောင်သူ ဖြစ်နေတာမျိုးဆိုတော့ ခွဲဖို့လိုလှတာ မဟုတ်တာပဲ'

'သည်လိုဆိုတော့ သောတာပတ္တိဖိုလ်ဆိုတာ သောတာပတ္တိမဂ် ရပြီးသူရဲ့ နာမည်ပေါ့ ဘုရား'

'ဒါပဲပေါ့'

## ၆၀။ သောတာပန်ရဲ့ ဖိုလ်ဝင်စားမှု

'သည်တော့ သောတာပတ္တိဖိုလ်ရသူ ပုဂ္ဂိုလ်က ဘာတွေလုပ်နေမှာလဲ ဘုရား'

'အဲသည်လို မမေးရဘူးပဲ'

'ဘယ်လိုမေးရမှာလဲ ဘုရား'

'ဘာတွေလုပ်နေသလဲဆိုတာ အရပ်ဆန်တယ်၊ ဘာသာသံပါအောင် ဘာတွေပွားနေသလဲ၊ ဘာတွေ အားထုတ်နေသလဲ ဖြစ်ရမယ်'

'အဲဒါကို ဘယ်လိုဖြေမလဲ ဘုရား'

'ရေဒီယိုတလုံးရတယ် ဆိုပါတော့'

'ဟုတ်ပါ့ ဘုရား'

'အဲသည်ရေဒီယိုကို ရသူက ဘာသုံးမလဲ'

'ဖွင့်မှာပေါ့ ဘုရား'

'ဟုတ်တာပေါ့'

'သောတာပတ္တိမဂ်ရသူဟာ ဘာပွားမှာလဲဘုရား'

'အဲသည်ရတာကို ဝင်စားမှုတွေ ပွားမှာပါ့'

'ဝင်စားတယ်ဆိုတဲ့ ဘာသာရေးအသုံးအနှုန်းက နားလည်ဖို့ ခက်တာပဲ ဘုရား'

'ဘာလိုလို-လို့တော့ ဖြစ်တာပေါ့'

'အဲဒါက ဘာလဲ ဘုရား'

'အရပ်ထဲက ပြောကြတဲ့အတိုင်းပါပဲ'

'ဘယ်လိုပြောလို့လဲ ဘုရား'

'ဘယ်သူက ဘယ်သူ့ကိုစိတ်ဝင်စားနေတယ်ဆိုတာမျိုး ရှိတာပဲ'

'အဲဒါက ညွတ်ညွတ်ရှိုင်းရှိုင်း အောက်မေ့တာရဲ့နာမည်ပဲ ဘုရား'

'အဲသည်လိုပါပဲ'

'ပြောပါဦး ဘုရား'

'တရားမသိသူအဖြစ်က ကျော်ဖြတ်ခဲ့ရတာအပေါ်မှာ

ဖြစ်ဖြစ်၊ ကျော်ဖြတ်ပြီးနေတာ ဖြစ်ဖြစ်၊ ကျော်ဖြတ်ပြီးလို့ မသိမှု ငြိမ်းအေးသွားတာဖြစ်ဖြစ်ပေါ့၊ ဒါတခုခုမှာ ညွတ်ညွတ်ရှိုင်းရှိုင်း အောက်မေ့မှုရှိတာကို ဝင်စားတယ်-ပြောရတာပါပဲ'

'အဲသည်ဝင်စားတာကို ဈာန်ဖြစ်တယ် ပြောမလား ဘုရား'

'ပြောရမှာပေါ့'

'ဘာဈာန်လဲ ဘုရား'

'သူဝင်စားတာက အဖြစ်အပျက်အကြောင်းမှ မဟုတ်တာ ဆိုတော့ လောကုတ္တရာဈာန်ပေါ့'

'အဖြစ်အပျက်မရှိဘူးဆိုတာ အနိစ္စလက္ခဏာ အဝင်ခံရတဲ့ အရာမဟုတ်ဘူးလို့ ပြောတာလား ဘုရား'

'ဟုတ်တယ်'

'အဲသည် ဝင်စားတာက ဈာန်ဆိုတော့ ဈာန်က ပဌမဈာန် စတာတွေရှိတယ် ဆိုတော့ ဘာဈာန်လဲ ဘုရား'

'ပါဝင်တဲ့ ဈာန်အင်္ဂါတွေအလျောက် ငါးပါးနဲ့ဝင်စားယင် ပဌမ ဈာန်ပေါ့၊ ၄ပါး,၃ပါး,နှစ်ပါးတွေနဲ့ ဝင်စားယင် ဒုတိယ....အစစ ဈာန်တွေပေါ့'

'ဒါတွေက ဖိုလ်ဈာန်တွေပေါ့ ဘုရား'

'ဟုတ်တယ်'

## ၆၁။ သောတာပတ္တိမဂ်ပုဂ္ဂိုလ်ရဲ့ ဝင်စားမှု

## (က) သောတာပတ္တိမဂ်ပုဂ္ဂိုလ်ဟာ တရားသိသူကို ချဉ်းကပ်မှုကစပြီး ဝင်စားမှုစရတယ်

'သည်ဖိုလ်ရဲ့အကြောင်း မဂ်ဖြစ်တဲ့ တရားမသိမှုကို ကျော်လွှားတုန်းကလည်း ဈာန်တွေဝင်မှာပဲလား ဘုရား'

'ဟုတ်တယ်'

'အဲသည် သောတာပတ္တိမဂ်ဈာန်ဖြစ်အောင် ဘယ်လိုပွားတယ်ဆိုတာ ထင်ထင်ရှားရှားသိချင်တာ ဘုရား'

'ပြန်ကြည့်တာ လုပ်ရမှာပဲ'

'အားထုတ်ခဲ့ရတာကို ပြန်ဖြန့်ပြပါဦး ဘုရား'

'အစကနေ ပြန်ဖြန့်ပြမယ်နော်'

'ကောင်းလှပါတယ် ဘုရား'

'တရားနဲ့ထင်ရှားသူ သပ္ပုရိသကိုပေါင်းရတယ် မဟုတ်လား'

'ဘယ်လိုလဲ ဘုရား'

'တရားရထားတယ်၊ တရားရှိနေတယ်၊ တရားသိနေတယ်- သည်လိုထင်သူကို ပြုစုစောင့်ရှောက်မှုတွေ မလုပ်ခဲ့ဘူးလား၊ စားရေး၊ ဝတ်ရေး၊နေရေး၊ကျန်းမာရေးတွေနဲ့ပေါ့'

'လုပ်တာပေါ့ ဘုရား'

'အဲဒါတွေက ချစ်လို့လုပ်တာလား'

'မဟုတ်ရပါဘူး ဘုရား'

'ကြောက်လို့များ လုပ်တာလား'

'သည်လိုလည်း မဟုတ်ပါဘူး ဘုရား'

'မသိနိုးနားနဲ့ လုပ်နိုင်လို့လုပ်တာလား'

'ဘယ်ဟုတ်ပါ့မလဲပေါ့ ဘုရား'

'ကိုယ်နှင့် ဦးကြီး၊ဦးလေး...အစစ ဆိုင်နေလို့ မတော်လို့များ လုပ်တာလား'

'သည်လိုလည်း မရှိပါဘူး ဘုရား'

'သူများကို အလုပ်အကျွေးပြုတယ်ဆိုတာ လွယ်တာ မဟုတ်ဘဲ ဘာရည်ရွယ်ချက်နဲ့ လုပ်တာလဲ'

'သူတရားသိတာ ဖြန့်နိုင်အောင်၊ မသိသေးတာသိဖို့ အားထုတ်နိုင်အောင်၊ ကိုယ့်ကို တရားနဲ့ချီးမြှောက်ချင်အောင်၊ အားဖြည့်တဲ့ အနေနဲ့ သည်လိုရည်ရွယ်ပြီး လုပ်တာပါ ဘုရား'

'သည်လို ပြုစုစောင့်ရှောက်မှုတွေဟာ ဓလေ့ထုံးစံအရ ဖြစ်နေတာတွေဆိုယင်တော့ လုပ်တာလို့ မပြောလောက်ပေမယ့် သည်လိုမဟုတ်ယင် လုပ်တာပဲပေါ့'

'ကြောင့်ကြမဲ့ဖြစ်တာတွေ မဟုတ်ပါဘူး ဘုရား'

'သည်အလုပ်တွေကို သောတာပတ္တိမဂ်ရဖျာန်ဖြစ်အောင် လုပ်ရတဲ့ အလုပ်ဆိုယင် မှားမလား'

'ဝေးလိုက်တာ ဘုရား'

'အိမ်ဆောက်တဲ့ လက်သမားဟာ အိမ်ဖြစ်အောင် တပ်ဆင်တာမှ အိမ်ဆောက်တာလား၊ လွှဖြတ်တာ၊ ဆောက်ထွင်းတာ၊ ရွှေဘော်ထိုးတာတွေဟာ အိမ်ဆောက်တာမဟုတ်ဘူးလား'

'သည်လိုတော့ ဟုတ်ပါတယ် ဘုရား'

'တရားသိတယ်လို့ ထင်ရှားသူ၊ သပ္ပုရိသကို ပြုစုစောင့်ရှောက်တာလည်း သောတာပတ္တိမဂ်ချာန်ရဖို့ လုပ်ရတဲ့အလုပ်ပဲ ဖြစ်တယ်'

'ဒါမလုပ်ဘဲနဲ့တော့ မရနိုင်တာ ဟုတ်ပါတယ်ဘုရား'

## (ခ) တရားကိုကိုယ်တိုင်သိသူ ဟောတဲ့တရား(သဒ္ဓမ္မ)ကို နာကြားရမယ်

'နောက်အလုပ်တခုက တရားသိနေတယ်လို့ ထင်ရှားသူ သပ္ပုရိသရဲ့ ကိုယ်တိုင်သိထားတဲ့တရားကို နာယူတာဟာ ဒုတိယ အလုပ် ဖြစ်တယ်'

'သပ္ပုရိသဟောတဲ့တရားဆိုယင် ပြီးပြီမဟုတ်လား ဘုရား'

'ဘာဖြစ်လို့လဲ'

'ကိုယ်တိုင်သိထားတဲ့တရားလို့ ပြောတာ ကြားရလို့ပါဘုရား'

'ဟုတ်တယ်'

'ကိုယ်တိုင်သိထားတဲ့တရား မဟုတ်ယင် မဖြစ်ဘူးလား ဘုရား'

'အဲဒါဆိုယင် အနက်မရှိတဲ့တရား ဖြစ်မှာပေါ့'

'အနက်မှတ်ပြီး ဟောပြောတဲ့တရား ဆိုယင်ကော ဘုရား'

'အဲဒါ ဓမ္မပဲ ဟုတ်တယ်'

'သဒ္ဓမ္မနဲ့ ဓမ္မက ဘာထူးသေးလို့လဲ ဘုရား'

'သဒ္ဓမ္မက သံ+ဓမ္မဆိုတဲ့ နှစ်ပုဒ်ပေါင်းပဲ၊ သံ-ဆိုတာက ကိုယ် တိုင်-လို့ အနက်ထွက်တယ်၊ ဓမ္မ-ဆိုတာက ဆောင်အပ်တဲ့ အရာပေါ့။ **ကိုယ်တိုင်ဆောင်အပ်တဲ့အရာဟာ သဒ္ဓမ္မပဲ**'

'အသဒ္ဓမ္မတော ဝါ အသန္တိဋ္ဌတော ဝါ ...ဆိုတာ ကိုယ်တိုင် မဆောင်အပ်တဲ့တရားဘေးမှ၎င်း၊ ကိုယ်တိုင်မမြင်ရတဲ့ဘေးမှ၎င်းလို့ ပရိတ်မွန်းနိဒါန်းမှာ ပါတာတွေကို အဲသည်လို အနက်ပေးရမလား ဘုရား'

'ဒါမှ မှန်တယ်'

'ကျက်မှတ်ပြီးဟောတဲ့ တရားဟာ အဓိပ္ပါယ်မရှိတဲ့တရား လား ဘုရား'

'ဟုတ်တယ်'

'ဘာဖြစ်လို့လဲ ဘုရား'

'ဆိုလိုချက်မရှိတာကို အဓိပ္ပါယ်မရှိဘူး ပြောတာပဲ၊ အဲသည် တရားက ကျက်ထားတာဆိုတော့ ဆိုလိုချက်မရှိဘူး မဟုတ်လား'

'ကျက်ရတဲ့စာမှာ ဆိုလိုချက်ရှိတယ်မဟုတ်လား ဘုရား'

'ကျက်မှတ်ပြီး ဟောပြောတာကို နာယူကြသူတွေအတွက် ဆိုလိုချက် ထုတ်သေးလိုလား'

'သူများကိုပြောတဲ့စကား ကြားရသူဟာ ကိုယ့်ပြောတာ မဟုတ်တော့ ပြောသူရဲ့ဆိုလိုချက် မသိသလိုဖြစ်တော့ အဓိပ္ပါယ်မရှိဘူး ပြောတာလားဘုရား'

'ဟုတ်တယ်'

'အဲဒါ နာရသူဟာ အသဒ္ဓမ္မဘေး အသင့်ခံရတာလား ဘုရား'

'သည်လိုပဲ ပြောရမှာပဲ'

'အဲသည်သူဟာ အသန္ဒိဋ္ဌိဘေး၊ အသပ္ပုရိသဘေးတွေလည်း အသင့်ခံရသူပဲ ဖြစ်မှာပါ ဘုရား'

'အဲသည်လို ဖြစ်ကုန်ကြမှာပဲ'

'သောတာပတ္တိမဂ်ရချန်ရဖို့ လုပ်ရတဲ့အလုပ်ဟာ နှစ်ခု ရှိခဲ့ပါပြီ ဘုရား'

'တရားရတယ်လို့ထင်ရှားသူ သပ္ပုရိသရဲ့ ကိုယ်တိုင်သိ တရားနာရတာဟာ သောတာပတ္တိမဂ်ရဖို့ မလွဲမသွေလုပ်ရတဲ့အလုပ် ဖြစ်တယ်နော်'

'ဟုတ်ပါတယ် ဘုရား'

## (ဂ) နာကြားထားတဲ့ တရားအနက်ကို ဓမ္မပုံပေါ်အောင် ဆရာ့အပေါ်ယုံကြည်ပြီး ဆင်ခြင်နှလုံးသွင်းရမယ်

'နောက်လုပ်ရတာလည်း ရှိသေးတယ်'

'အမိန့်ရှိပါဦး ဘုရား'

'အဲသည် နာကြားထားရတာတွေရဲ့အနက်ကို ဆင်ခြင်နှလုံးသွင်းတဲ့ လုပ်ငန်းပဲ'

'နာကြားရတာက စကားသံတွေပဲ မဟုတ်ဘူးလား ဘုရား'

'ဟုတ်တာပေါ့'

'စကားပဲဘုရား၊ နားထောင်ယင် ကြားတာနဲ့တပြိုင်နက် စကားရဲ့အနက်တွေက သိပြီးသားဖြစ်မယ် မဟုတ်လားဘုရား'

'ဖြစ်သူမှပဲ ဖြစ်မယ်'

'စကားရဲ့ဆိုလိုချက်အနက် မသိသူမှပဲဖြစ်မယ်လို့ ဆိုလိုတာလား ဘုရား'

'မဟုတ်ဘူး'

'စကားလုံးတွေရဲ့ ဆိုလိုချက်အနက် သိသူလည်း ဟောပြောသူရဲ့ ဆိုလိုချက်အနက် မသိဘဲနေနိုင်သလား ဘုရား'

'ဟုတ်တယ်'

'စကားလုံးတွေက ဆိုလိုတဲ့အနက်နဲ့ ဟောပြောသူရဲ့ ဆိုလိုချက်အနက် တူရမှာပဲမဟုတ်ဘူးလား ဘုရား'

'မဟုတ်ဘူး'

'ဘယ်လိုလဲ ဘုရား'

'စကားလုံးရဲ့အနက်က အဘိဓာန်တွေမှာ ရှိပြီးသားတွေပဲ'

'ဟုတ်တာပေါ့ ဘုရား'

'အဲသည်စကားလုံးတွေ ပေါင်းစပ်လို့ထွက်မယ့် အနက်ကို

လည်း သဒ္ဒါကျမ်းတွေက သတ်မှတ်ပြီးသားတွေပဲ'

'ဟုတ်တာပေါ့ ဘုရား'

'အဘိဓာန်တွေ၊ သဒ္ဒါတွေတတ်ရုံနဲ့ ပြောသူရဲ့ပြောလိုချက် အနက် ဖော်နိုင်တာ မဟုတ်ဘူး'

'အဲဒါ နားမလည်စရာပဲ ဘုရား'

'နားမလည်ချင်စရာ ဖြစ်ချင်ယင် ဖြစ်မှာပဲ'

'ပုံစံကလေး နည်းနည်းထုတ်ပါဦး ဘုရား'

'ထုတ်ကြည့်မယ်နော်'

'လုပ်ပါဦးဘုရား'

'ရေဟာ မီးကိုငြိမ်းစေတယ်'

'ဟုတ်ပါ့ ဘုရား'

'အဲသည်ရေထဲမှာ ဓာတ်တွေရှိတယ်'

'အမိန့်ရှိပါ ဘုရား'

'အဲသည်ဓာတ်တွေဟာ မီးကို လောင်စေတတ်ကြတာတွေ ချည်းပဲ'

'မီးကိုငြိမ်းနိုင်တဲ့ရေအဖြစ် စုနေကြတဲ့ဓာတ်တွေက မီးလောင်စေတယ်လား ဘုရား'

'ဟုတ်တယ်'

'မီးရယ်၊ရေရယ် လောင်တာရယ်၊ငြိမ်းတာရယ် အားလုံးနဲ့ သဒ္ဒါစည်းတွေလည်း သိပေမယ့် နားလည်ဖို့တော့မလွယ်တာ တွေ့ရ ပါတယ် ဘုရား'

'ရေဟာ မီးငြိမ်းစေယင် *[၆] ရေထဲကဓာတ်တွေက မီး တောက်ဖို့ အားပေးတာ ဖြစ်စရာမရှိဘူး မဟုတ်လား'

'သဒ္ဒါစည်းအရ သည်လိုပဲ နားလည်ရမှာပါ ဘုရား'

'ပြောသူကို တကယ်သိပြီးပြောတယ်လို့ မယုံယင် သည် အသိကို ပေးတဲ့ ပြောစကားနားထောင်သူဟာ သည်စကားလုံးရဲ့ အနက်ကို မသိနိုင်တော့ဘူး'

'သည်စကားနားထောင်သူဟာ သည်စကားရဲ့အနက် မသိ နိုင်ပါဘူး ဘုရား'

'သည်စကားအနက်ကို သိအောင် ဘာလုပ်ရမလဲ'

'ဆရာ့ကို ယုံရမှာပါပဲ ဘုရား'

'ဘာဖြစ်လို့လဲ'

'သည်စကားရဲ့အနက်က ကိုယ်မသိပေမဲ့ ဆရာ့ဆီမှာ သိတာ–ရှိလို့ပါပဲ ဘုရား'

'ဆရာ့ဆီမှာ ဘယ်လိုရှိတာလဲ'

'ရေကို ဓာတ်နှစ်မျိုးရအောင် ခွဲဖူးတာနဲ့ အဲသည်ဓာတ်တွေ မီးရှို့ကြည့်လို့ လောင်ဖူးတာတွေပေါ့ ဘုရား'

'ဆရာ့ကိုမယုံဘဲ ပြောစကားသက်သက်ပဲ ကြားသူဟာ အဘိဓာန်တွေ သဒ္ဒါတွေ တတ်ကာမျှနဲ့ စကားနားမလည်နိုင်တာပဲ'

'စကားရဲ့ ဆိုလိုချက်အနက်ဟာ ပြောသူ့ဆီမှာရှိတာ နည်း နည်းပေါ်လွင်ပါပြီ ဘုရား'

'ရေဟာ ဓာတ်ပေါင်းပစ္စည်းပဲဆိုတဲ့ စကားတောင် အနက်

ပေါ်ဖို့ မလွယ်ဘူး'

'ဘာဖြစ်လို့လဲ ဘုရား'

'ရေဖြစ်အောင်ပေါင်းနေတဲ့ ဓာတ်တွေကို သိပြီးမဖြစ်လို့ပဲ'

'သည်ဓာတ်တွေရဲ့အနက်ဟာ ပြောသူ့ဆီမှာပဲ ရှိလို့ပေါ့ ဘုရား'

'ဟုတ်တယ်'

'အသိတခုရဖို့ဟာ မလွယ်ဘူး ပြောရမလိုပဲ ဘုရား'

'သိသူက သူသိတာပြောတာကို ပြောသူနဲ့ပေါင်းပြီးပုံဖော်မှ ပြောတာက ပုံပေါ်မှာ မဟုတ်လား'

'စကားတွေနဲ့ စကားပြောသူကို ပေါင်းစပ်ဆင်ခြင်မှ ပြောသူရဲ့ ပြောတဲ့ ပုံမြင်မယ်ပေါ့ ဘုရား'

'ဟုတ်တယ်'

'ရိုးရိုးစကားတွေမှာလည်း သည်သဘောတော့ ရှိတာပဲ ဘုရား'

## (ဃ) မမွေပုံပေါ်လျှင် ဆရာ့နှုတ်မှုနာယူပြီး အဲသည်မမွေကို ကိုယ့်အဖြစ်ရောက်အောင် လုပ်ရမယ်

'သိသူပြောတဲ့ ကိုယ်တိုင်သိတဲ့ပုံရိပ်ဖြစ်တဲ့ စကားအနက်ဟာ

---

*[၉] သိပ္ပံပညာတွေ့ရှိချက်အရ ရေထဲတွင် အောက်စီဂျင်(Oxygen)ဓာတ်၁ဆနှင့် ဟိုက်ဒြိုဂျင်(Hydrogen)ဓာတ်၂ဆ ပေါင်းစပ်ဖွဲ့စည်းထား၏။ အောက်စီဂျင်ဓာတ်သည် မီးလောင်မှုကိုအားပေး၍ ဟိုက်ဒြိုဂျင်ဓာတ်သည် ကိုယ်တိုင်မီးလောင်၏။

ဓမ္မပုံပဲ'

'နာသူက ဓမ္မပုံကို မြင်တာပေါ့ ဘုရား'

'အဲသည် ဓမ္မပုံကို နာသူကမြင်ပြီးနောက်လည်း လုပ်စရာ တခု ရှိသေးတယ်'

'အမိန့်ရှိပါဦး ဘုရား'

'အဲသည်ဓမ္မကို ကိုယ့်အဖြစ်လည်း ရောက်အောင်ပေါ့'

'ကိုယ်မှာလည်း အဲသည်ဓမ္မလို ဓမ္မဖြစ်အောင်လား ဘုရား'

'ဟုတ်တယ်'

'သောတာပတ္တိမဂ်ဈာန်ရအောင် ပွားများမှုလုပ်ငန်းတွေဟာ ဒါတွေလား ဘုရား'

'အဲဒါတွေပွားများတော့ ဘာဖြစ်လာလို့လဲ'

'အဲသည်ဓမ္မကို အတုလိုက်လုပ်တော့ ကိုယ့်မှာလည်း အဲသည်ဓမ္မ ဖြစ်တာပေါ့ ဘုရား'

'အဲဒါ ဘာဖြစ်တာလဲ'

'တရားဆိုတာ ဒါပဲ-လို့ နားလည်တာ ဖြစ်တာပေါ့ ဘုရား'

'အဲဒါမဖြစ်ခင်က တရားဓမ္မဆိုတာ ဘာလို့ နားလည် နေလို့လဲ'

'ကာမ၊ရူပ၊အရူပ ဖြစ်ကြတဲ့ ကုသိုလ်အမျိုးမျိုးတွေလို့ ပေါ့ ဘုရား'

'အခုတော့ အဲဒါတွေက တရားဓမ္မ မဟုတ်ကြတော့ဘူး လား'

'လူကို ရိုးသားသူအရိယာဖြစ်နိုင်ဖို့ ဘုရားဟောပြောတဲ့ တရားဓမ္မ မဟုတ်တော့ရုံမက အနှောင့်အယှက်တွေပေါ့ ဘုရား'

'တရားသိသူလို့ ထင်ရှားသူ သပ္ပုရိသက ဒါကို ကိုယ်တိုင် သိတဲ့တရားအဖြစ် ဟောသလား'

'ဟုတ်ပါတယ် ဘုရား'

'အဲဒါတွေ သူ့မှာရှိနေတာလည်း နှလုံးသွင်းကြည့်လို့ တွေ့ရ သလား'

'ဟုတ်ပါတယ် ဘုရား၊ သူ့အပေါ်မှာ အဲသည်အနက်တွေ ထင်လာပါတယ် ဘုရား'

'သည်တော့ သူ့ ယုံသွားပြီပေါ့'

'သူ့ကို ယုံတာတောင်မကဘဲ အားပါကျသွားတာ ဘုရား'

'သူ့လို လိုက်ကြည့်တာ၊တွေးတာ...အစစတွေ လုပ်ရော့ လား'

'ဟုတ်ပါတယ် ဘုရား၊ သည်လိုလုပ်တော့ ကြည့်တတ်၊ တွေးတတ်၊ပြောပြနေ-ကြိုးစား၊နိုးကြား၊စိတ်ထားတတ်သူ ဖြစ်လာ တာပါပဲ ဘုရား'

**၆၂။ သောတာပန်ဆိုတာ ယောဂအစွန်းကနေ မရွှံ့မဆီ အလှည့် အပြောင်း(ပဋိပဒါ)လုပ်လို့ အရိယသစ္စာလေးပါးဆိုက်သူပဲ**

'သောတာပန်ဖြစ်အောင် ပွားများအားထုတ်ရတာတွေက

မနည်းပါလား'

'ကြားဖူး၊မှတ်ဖူးတာတွေတော့ မပါဘူးပေါ့ ဘုရား'

'ဘာတွေလဲ'

'ဥဇုံ ကာယံ ပဏိဓာယ(=ကိုယ်ကိုဖြောင့်မတ်အောင်ထား၍)၊ ပလ္လင်္ကံ အာဘုဇိတွာ(=ပလ္လင်ကို ဖွဲ့နေပြီး)...ဆိုတာတွေပေါ့ ဘုရား'

'ဒါတွေဟာ ဘာဖြစ်လို့ မလုပ်ရတာလဲ'

'ဒါတွေက ယောဂဆိုင်ရာရဲ့ နိဒါန်းတွေပဲ ဘုရား'

'အခုပွားများတာလည်း ယောဂနဲ့ ဘယ်လောက်ကွာလို့လဲ'

'ကွာပြီပေါ့ ဘုရား'

'လုပ်ပါဦး'

'ယောဂက ရုပ်နဲ့ရုပ်မဲ့အာရုံ တခုခုဆီမှာ စိတ်ကိုကပ်ထားတဲ့လုပ်ငန်း လုပ်တာပဲ ဘုရား'

'ဟုတ်ပြီ'

'ဒါက တရားမဟုတ်ဘဲ တရားလုပ်နေတာတွေကို သိတဲ့ဆီအရောက်သွားတဲ့လုပ်ငန်းပဲ ဘုရား'

'ဟုတ်တယ်၊ **မဈ္ဈိမပဋိပဒါဆိုတာ မဈ္ဈိမဆီ အလှည့်အပြောင်းအလုပ်ရဲ့ နာမည်ပဲ**'

'ယောဂအစွန်းတွေကနေ မဈ္ဈိမလမ်းဆီ လှည့်ပြောင်းလို့လား ဘုရား'

'ဒါပဲ'

'အလှည့်အပြောင်းပဋိပဒါက အစွန်းတွေပဲ သိနေရာကနေ အလယ်အလတ်အသိ သိရုံပဲရှိနေတာပေါ့ ဘုရား'

'ဟုတ်တယ်'

'ဒါသိတော့ ဘာဖြစ်သလဲ ဘုရား'

'အစွန်းအသိတွေဖြစ်ကြတဲ့ ကာမချမ်းသာငြိတာနောက် လိုက်နေရတဲ့ ယောဂနဲ့ ကိုယ်ပန်းနွမ်းနောက်လိုက်တဲ့ ယောဂတွေရဲ့ အပြစ်မကင်းတာတွေ မြင်တာပေါ့'

'သည်လိုမြင်တော့ ဘာဖြစ်သလဲ ဘုရား'

'အပြစ်ရှိတဲ့ သည်အစွန်းလမ်းသွားရတာကို မလိုလားတာ ဖြစ် တာပေါ့'

'အဲသည်လို မလိုလားတော့ ဘာဖြစ်ဦးမှာလဲ ဘုရား'

'မလိုလားတော့ အဲသည်အစွန်းတွေကျင့်တာ ငြိမ်းတာပေါ့'

'ငြိမ်းတော့ ဘာဖြစ်သေးလဲ ဘုရား'

'ငြိမ်းတော့ အစွန်းလွတ်တဲ့ အမြင်အတွေးစတာတွေပဲ ဖြစ်တော့တာပေါ့'

'ဟုတ်ပြီ ဘုရား'

'ဘာတွေ ဟုတ်တာလဲ'

'တရားနားပေါက်ရတယ်-ဆိုတဲ့ သောတာပတ္တိရောက်သူ ဟာ အစွန်းကံတွေရဲ့ အပြစ်တွေကို မြင်၊တွေး-ပြော၊လုပ်၊နေ-ကြိုးစား၊နိုးကြား၊စိတ်ထားဖြစ်တဲ့ လူ့အခြင်းအရာတွေ ပေါ်မယ်ဘုရား'

'ဒါ အလယ်အလတ်လမ်း မဂ္ဂအရိယသစ္စာပဲ'

'အဲဒါရဲ့ အာရုံအဖြစ် အစွန်းကံတွေရဲ့အပြစ်တွေဟာ အမြင်ခံ အတွေးခံဖြစ်မယ် ဘုရား'

'ဒါ ဒုက္ခအရိယာသစ္စာ အသိခံရတာပဲ'

'အဲသည် အမြင်ခံအာရုံတွေအပေါ် အာသဝတွေ မပေါ်ဘဲ ရှိမယ် ဘုရား'

'ဒါ ဒုက္ခသမုဒယအရိယာသစ္စာ အပယ်ခံရတာပဲ'

'အဲသည် အာသဝမရှိလို့ အစွန်းတွေအပေါ် အမှိုဝဲငြိမ်းတာပဲ ပေါ့ ဘုရား'

'အဲဒါ ဒုက္ခနိရောဓအရိယာသစ္စာ ရောက်တာပေါ့'

'ဒါတွေ တပြိုင်နက်ဖြစ်တာဟာ ပဋိပဒါလို့ဆိုရတဲ့ အလယ် အလတ်တရားသိမှု အလှည့်အပြောင်း ဖြစ်တာပဲပေါ့ ဘုရား'

'ဟုတ်ပါ့'

'အဲသည် လှည့်ပြောင်းပြီးမှုအတိုင်း ဖြစ်နေတာ အလယ် အလတ် တရားသိသူ၊ တရားနားလည်သူ၊ သောတာပတ္တိဖိုလ်ပုဂ္ဂိုလ် သောတာပန်ပေါ့ ဘုရား'

'ဟုတ်ပါတယ်'

## ၆၃။ ဘုံသုံးပါးကံဟာ လူ့လွတ်မြောက်မှု မပေးနိုင်လို့ အစွန်းလမ်း ဖြစ်

'ဘုံသုံးပါးကံတွေကို  ဘယ့်ကြောင့် အစွန်းလို့ ပြောရတာလဲ

ဘုရား’

‘လမ်းမဟုတ်လို့ပေါ့’

‘လူတွေ သွားနေကြတာပဲ၊ အဲဒါ လမ်းမဟုတ်ဘူးလို့ ဘယ်လိုပြောမလဲ ဘုရား’

‘လမ်းတော့ လမ်းပေါ့၊ ဒါပေမယ့် ပန်းတိုင်မရောက်စေနိုင်တဲ့လမ်းဆိုယင် လမ်းမဟုတ်ဘူးပဲ ပြောရတယ်၊ လမ်းပျက်လမ်းမှားလို့လည်း ပြောရမယ်’

‘အဲသည် ဘုံသုံးပါးကံလမ်းတွေက ပန်းတိုင်မရောက်စေနိုင်ဘူးလား ဘုရား’

‘ဟုတ်တယ်’

‘ပန်းတိုင်ဆိုတာ ဘယ်ဟာမို့လဲ ဘုရား’

‘**လွတ်မြောက်မှု**-ပေါ့’

‘အဲဒါက **လူ့ပန်းတိုင်**လား ဘုရား’

‘ဟုတ်တယ်’

‘အဲဒါ ဘယ်သူကသတ်မှတ်ပြီး ပြောလို့လဲ ဘုရား’

‘လူတိုင်းကပေါ့’

‘အဲဒါကို လူတွေလိုလားရဲ့လား ဘုရား’

‘ဟုတ်တယ်’

‘သူတို့ လွတ်လပ်မှုကို ရှာဖွေကြိုးစားကြလို့လား ဘုရား’

‘ကြိုးစားကြတယ်’

‘လူတွေဆီမှာ သည်လိုတွေ မတွေ့ဘူးမဟုတ်လား ဘုရား’

'တွေ့ရပါတယ်'

'ဘယ်လိုတွေလဲ ဘုရား'

'သူတို့တွေ စားဝတ်နေရေးတွေ ကောင်းဖို့၊ ပျော်ရွှင်ချမ်းမြေ့ကြဖို့ လုံးပမ်းနေကြတာတွေပေါ့'

'အဲဒါတွေဟာ လွတ်မြောက်မှုလား ဘုရား'

'ဒါတော့ မဟုတ်ဘူး'

'မဟုတ်တာတွေ ကြိုးစားကြတာပဲ ဘုရား'

'ဟုတ်တယ်ထင်လို့ လွဲကြိုးစားကြတာပါ'

'ဘယ်လို ဟုတ်တယ်ထင်တာလဲ ဘုရား'

'စားဝတ်နေ....အစစတွေ ပြည့်စုံယင် လွတ်လပ်လိမ့်မယ်လို့ပေါ့'

'ဒါကြောင့် စားဝတ်နေတွေ ကြိုးစားတာလည်း လွတ်လပ်မှုလိုချင်လို့လို့ ဆိုလိုတာလား ဘုရား'

'အဲဒါ အဟုတ်ပဲ'

'သည်လိုဆိုတော့ လူတိုင်း လွတ်လပ်မှုလိုချင်တယ် ဆိုတာ လက်မခံနိုင်စရာ မရှိတော့ပါဘူး ဘုရား'

'အဲသည် ဘုံသုံးပါးကံတွေ လုပ်တာလည်း လွတ်လပ်မလားလို့ပဲ'

'သည်ကံတွေဟာ လွတ်လပ်မှုပန်းတိုင် ရောက်မလား လုပ်တာလို့ ဆိုလိုတာပေါ့ ဘုရား'

'ဟုတ်တယ်'

‘အဲသည် ပန်းတိုင်ရောက်တဲ့လမ်း မဟုတ်လို့ အစွန်းလမ်းလို့ မိန့်တာလား ဘုရား’

‘ဒါပဲ’

‘ဘုံသုံးပါးကံလမ်းတွေက ဘာဖြစ်လို့ ပန်းတိုင်မရောက်စေတာလဲ ဘုရား’

‘လည်နေလို့’

‘ပန်းတိုင်ဆီမသွားဘဲ လည်နေတယ်လား ဘုရား’

‘ဟုတ်တယ်’

‘ဘာဖြစ်လို့ လည်တာလဲ ဘုရား’

‘နည်းနည်း ရှည်မှာပဲ’

‘အမိန့်ရှိပါဘုရား’

## ၆၄။ ဇရာမရဏာနှိပ်စက်ယင် အာသဝယိုစီးတတ်လို့ ဘုံသုံးပါကံ လူ့ပန်းတိုင်ကို မရောက်စေနိုင်

‘ကံ-ဖြစ်ဖို့အတွက် ကိုယ်၊နှုတ်၊နှလုံးတွေက အသုံးချခံရတယ်’

‘ကိုယ်နှုတ်နှလုံးတွေနဲ့ ကံက လုပ်ရလို့လား ဘုရား’

‘ဟုတ်တယ်’

‘ပြီးတော့လည်း ကံ-ဖြစ်ဖို့ ကိလေသာတွေက တွန်းအားပေးတာ ခံရတယ်’

'ကိလေသာဆိုတာ ဘာလဲဘုရား'

'စိတ္တဇ-လို့ ပြောရအောင်'

'ရှုံးသွပ်မှုလား ဘုရား'

'ဟုတ်တယ်'

'ကံ-ကို ရှုံးသွပ်မှုက ဖြစ်စေတာလား ဘုရား'

'အမှန်ပဲ'

'ဘုံသုံးပါးကံ ဖြစ်စေတာ ရှုံးသွပ်မှုရဲ့လက်ချက်လား ဘုရား'

'မယုံလို့လား'

'သေချာစေချင်လို့ပါ ဘုရား'

'လူမှာဖြစ်တဲ့ ရှုံးသွပ်မှုဟာ လူမဟုတ်ဘူးနော်'

'ရှုံးသွပ်မှုဟာ လူမဟုတ်ယင် ဘာလဲ ဘုရား'

'ရောဂါပေါ့'

'လူမှာဖြစ်မှတော့ လူပဲ ထင်မိတာ၊ ရောဂါဟာ လူမှာဖြစ်ပေမယ့် လူမဟုတ်တာ အမှန်ပါပဲ ဘုရား'

'ရောဂါကြောင့်ဖြစ်တဲ့ ကိုယ်နှုတ်နှလုံးလှုပ်ရှားမှု ကံတွေဟာ ပုံမှန် ကိုယ်နှုတ်နှလုံးလှုပ်ရှားမှုတွေ ဖြစ်ပါ့မလား'

'ရောဂါကြောင့်ဖြစ်တာဆိုတော့ ပုံမှန်မဖြစ်ဘဲ ရောဂါနဲ့ အလျော် အပိုအလိုတွေ သူဖြစ်ချင်သလို ဖြစ်ကြမှာပါ ဘုရား'

'သည်လိုဖြစ်လို့ ဘုံသုံးပါးကံကို သင်္ခါရဆိုပြီး လွန်ကျူးမှုလို့ ဗမာလိုတွေ ပြောရတာ'

'ဟုတ်မှာပါ ဘုရား'

'လွန်ကျူးလုပ်ရှားယင် လူမှာ လွန်ကျူးလုပ်ရှားတဲ့အဖြစ် (ဇာတိ) လက်ကျန်ကြွင်းခဲ့တယ်'

'လူဟာ အပတ်များစွာ ချာချာလှည့်ရာက ရပ်လိုက်ပေမယ့် လူက ချာချာလည်နေတယ်လို့ ဖြစ်သလိုမျိုးလား ဘုရား'

'နည်းနည်း ပုံတူပါတယ်'

'ချာချာလှည့်တာကတော့ ကိလေသာကြောင့် မဟုတ်ဘူးပေါ့ ဘုရား'

'ရှုံးသွပ်မှုကြောင့်ဖြစ်တဲ့ လွန်ကျူးမှုက လွန်ကျူးပြီးလည်း လွန်ကျူးတဲ့ဖြစ်ရပ် ကျန်ခဲ့တယ်'

'ဟုတ်မှာပါ ဘုရား'

'အဲသည်ဖြစ်ရပ်က ကြာတော့ မှုန်ဝါး ပျောက်ပျက်လာတယ်'

'ဖြစ်ရမှာပေါ့ ဘုရား'

'အဲသည်လိုဖြစ်လို့ မကျူးလွန်ခင်ကဆီ ပြန်ရောက်သွားမယ် အောက်မေ့သလား'

'ပြန်မရောက်ဘူးလား ဘုရား'

'မရောက်ဘူး'

'ဘာဖြစ်သလဲ ဘုရား'

'လွမ်းဆွတ်ပင်ပန်းတာတွေ ဖြစ်တယ်'

'ချစ်ခင်သူနဲ့ မပေါင်းရတာကြာတော့ ချစ်ခင်သူကို မေ့မေ့

ပျောက်ပျောက် မဖြစ်ဘဲ **လွှမ်းပြီးတမ်းတတာ**တွေ ဖြစ်သလိုလား ဘုရား'

'အဲဒါ ဘာဖြစ်တာခေါ်တယ် ထင်သလဲ'

'အမိန့်ရှိပါဦး ဘုရား'

'**ဇရာမရဏာနှိပ်စက်လို့ အာသဝယိုစီးတာ**-လို့ပေါ့'

'ချစ်သူကို ပြန်တွေ့ချင်ဇောတွေ စောတော့တာပေါ့ ဘုရား'

'လွန်ကျူးခဲ့တာမျိုး ပြန်ပြီးလွန်ကျူးလို့ ဇောပဲစောတယ် ဆိုတဲ့ ရှူးသွပ်မှုစိတ္တဇ ပြန်ဖြစ်တာပေါ့'

'သည်ကံတွေက သည်လိုလည်နေလို့ ပန်းတိုင်မရောက်တာလား ဘုရား'

'ရှူးသွပ်လို့ အလွန်အကျွံတွေလုပ်တယ်၊ လုပ်လို့ အကြွေးအကျတွေ ဖြစ်တယ်၊ ဖြစ်လို့ ရှူးသွပ်တယ်ဆိုတော့ ဘယ်လို လွတ်မြောက်တော့မလဲ'

'**ရှူးသွပ်တာရယ်၊ အလွန်အကျွံလုပ်တာရယ်၊ အကြွေ-အကျတွေ ဖြစ်တာရယ်၊ သည်သုံးခုက တခုကိုထောက်ပြီး နောက်တခု ဖြစ်တာပဲ** ဘုရား'

'စက်ဖြစ်ပြီး လည်တော့တာပေါ့'

## ၆၅။ မဇ္ဈိမပဋိပဒါဟာ ကိလေသာသတ်တဲ့ကံ ဖြစ်တယ်

'**မဇ္ဈိမပဋိပဒါကလည်း ကံ**ပဲ မဟုတ်ဘူးလား ဘုရား'

'ဟုတ်တယ်'

'သူလည်း လွန်ကျူးတာပဲ မဟုတ်ဘူးလား ဘုရား'

'သင်္ခါရတော့ မဟုတ်ဘူး'

'ဘယ့်ကြောင့် သင်္ခါရ မဟုတ်တာလဲ ဘုရား'

'ကိလေသာကြောင့်ဖြစ်တာ မဟုတ်ဘဲ၊ **ကိလေသာသတ်တာ** ဖြစ်လို့ပဲ'

'အဲသည်ကံက ဝိပါက်မဖြစ်စေဘူးလား ဘုရား'

'ဖြစ်စေတယ်'

'အဲသည်ဝိပါက်က ကိလေသာ ဘယ့်ကြောင့် မဖြစ်စေတာလဲ ဘုရား'

'ဝိပါက်မှာ အနုသယကိလေသာ မရှိတော့ ထကြွလာတဲ့ ပရိယုဋ္ဌာနကိလေသာဆိုတာ ဖြစ်စရာမရှိလို့ မဖြစ်စေတာပါပဲ'

'အဲသည်မှာ အနုသယကိလေသာ ဘယ့်ကြောင့်မရှိတာလဲ ဘုရား'

'ဝိပါက်ကိုဖြစ်စေတဲ့ ကံက ကိလေသာလွန်ကျူးမှု မဟုတ်ဘဲ ကိလေသာသတ်မှု ဖြစ်လို့ပဲ'

'သောတာပတ္တိမဂ်ကုသိုလ်ကံက ဘာကိလေသာကို သတ်လို့လဲ ဘုရား'

'ဒိဋ္ဌိကိလေသာနဲ့ ဝိစိကိစ္ဆာကိလေသာတွေကိုပေါ့'

'အဲဒါတွေက ဘယ်လိုဖြစ်နေကြလို့လဲ ဘုရား'

'ကံသင်္ခါရတွေဟာ လူ့အတွက်ကောင်းတယ်၊ အကျိုးများ

တယ်လို့ အမြင်များတာနဲ့ ကောင်းမှာထင်တယ်၊ အကျိုးများမှာပေါ့-သည်လို ထင်တာတွေဖြစ်တဲ့ မိစ္ဆာဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာတွေ ဖြစ်တာပဲ'

'ကံသင်္ခါရတွေက သည်အမြင်အထင်နဲ့ တခြားဖြစ်နေရော့လား ဘုရား'

'သူတို့ မမှီဝဲဘဲနဲ့ သူတို့ကို ဝေဖန်လိုက်တော့ သည်အမြင်အထင်တွေနဲ့ တခြားဖြစ်တာ သိတာပဲ'

'သိတော့ နဂိုရ်က အမြင်အထင်တွေကို ကြွက်ခြေခတ်တော့တာလား ဘုရား'

'ဟုတ်တယ်'

'ကံသင်္ခါရတွေအပေါ် သည်လို မြင်ထင်တော့ အဲသည်ကံသင်္ခါရတွေကို မလုပ်တော့ဘူးလား ဘုရား'

'လုပ်မှာပဲ'

'အဲသည် အမြင်အထင်ကြောင့် လုပ်လိုတဲ့အာသာတော့ မရှိတော့ဘူးပဲ'

'ဒိဋ္ဌာသဝနဲ့လုပ်မှာ မဟုတ်ဘူး ဆိုလိုတာလား ဘုရား'

'ဟုတ်တယ်'

## ၆၆။ ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာကိလေသာ မရှိပေမယ့် ဖြစ်နေသေးတဲ့ ကံသင်္ခါရများ

'အမြင်အထင် မများတော့ဘူးဆိုယင် ကံသင်္ခါရတွေ လုပ်

စရာ မရှိတော့ဘူး မဟုတ်လား ဘုရား'

'မဟုတ်ဘူး'

'သည်ကံသင်္ခါရတွေ လုပ်လို့ ရစရာရှိသေးလို့လား ဘုရား'

'ရှိတယ်'

'ဘာတွေလဲ ဘုရား'

'အာရုံငါးပါးတွေလည်း ရမှာပဲ'

'ဘာအာရုံတွေလဲ ဘုရား'

'စားစရာ၊ဝတ်စရာ၊နေစရာ၊သုံးစရာ....အစစအာရုံတွေ ပေါ့'

'ကံသင်္ခါရတွေလုပ်ယင် ဒါတွေ ဘယ်လိုရနိုင်တာလဲ ဘုရား'

'ကာမကံသင်္ခါရတွေက ဒါတွေဦးတည်လုပ်တော့ ဖြစ် လာတာတွေပေါ့'

'ဒါတွေရယင် ဒါတွေကလည်း ပစ်ဖို့တော့ မလွယ်ဘူး ပေါ့ ဘုရား'

'သည့်ထက်မလွယ်တာတောင် ရှိသေးတယ်'

'အမိန့်ရှိပါဦး ဘုရား'

'ကိုယ့်မှာ ထူးခြားတဲ့အဖြစ် ဖြစ်နေတာပဲ'

'အဲဒါကိုလည်း ကံသင်္ခါရက ဖြစ်စေလို့လား ဘုရား'

'ဟုတ်တယ်'

'ဘယ်လို ထူးခြားတဲ့အဖြစ်တွေ ဖြစ်နေတာလဲ ဘုရား'

'အချိန်သုညဖြစ်သွားတဲ့ အဖြစ်တွေနဲ့ နေရာသုညဖြစ်သွားတဲ့ အဖြစ်တွေပဲ'

'ဒါတွေဖြစ်တော့ ဘာအသုံးကျမှာမို့လဲ ဘုရား'

'သူ့ဟာနဲ့သူတော့ အသုံးကျတာပေါ့'

'ဘယ်လိုလဲ ဘုရား'

'ရုပ်ကနေ စိတ်ကိုခွါနိုင်တယ်ဆိုယင် ဆင်းရဲဖြစ်နေတဲ့ရုပ်ကို ခွါနေနိုင်တာ မဖြစ်ဘူးလား'

'သည်လိုဆိုတော့ သဘောကျစရာပဲ ဘုရား'

'ကိုယ်ကိုတောင် ပျောက်အောင်ဖျောက်နိုင်တယ်ဆိုတော့ ပိုမကောင်းဘူးလား'

'ကိုယ် တကယ်ပျောက်သလား ဘုရား'

'အဲသည်သခ်ါရလုပ်သူမှာ ပျောက်တာပေါ့'

'သူ့အသိထဲပဲ ပျောက်တာလား ဘုရား'

'ဒါပေါ့'

'ဒါတော့ ဘာလုပ်မှာလဲပေါ့ ဘုရား'

'ဒုက္ခငြိမ်းဖို့ လုပ်မှာပေါ့'

'ဘယ်လိုငြိမ်းမှာလဲ ဘုရား'

'သူ့အသိမှာ သူ့ကိုယ်ရှိမှ အဲသည်ကိုယ်မှာဖြစ်တဲ့ အဖြစ်ဆိုတာက သူ့ကို နှိပ်စက်နိုင်တာ မဟုတ်ဘူးလား'

'ဒါတော့ဟုတ်တာပေါ့ ဘုရား'

'သူ့အသိထဲမှာ သူ့ကိုယ်မရှိယင် သူ့ကိုယ်မှာဖြစ်တဲ့ အဖြစ်

ဆိုးက သူ့ကို ဘယ်လိုနှိပ်စက်မလဲ'

'သည်လိုဆိုတော့ ဒါလည်း ကောင်းတာပဲပေါ့ ဘုရား'

'အဲဒါတွေ ရနေသူက အဲဒါတွေကို ဘယ်လွယ်လွယ်နဲ့ ပစ်နိုင်ပါ့မလဲ'

'သည်အဖြစ်တွေက ကိုယ်တွေဖြစ်နေတာက ဖြစ်နေ၊ ကိုယ့်ဟာ ဖြစ်နေတာက ဖြစ်နေ၊ သည်လိုဖြစ်နေတော့ ဒါတွေကို ဘယ်လို စွန့်ခွါမလဲ'

'အဲဒါ နည်းနည်း ဆက်မိန့်ပါဦး ဘုရား'

'သူ့သင်္ခါရကြောင့် ရရှိပိုင်ဆိုင်နေတာတွေဟာ ယောဂအရ သူ့ဟာတွေ ဖြစ်နေတယ်၊ ပြီးတော့ အဲသည်ပိုင်ဆိုင်မှုတွေနဲ့ ပံ့ပိုးခံထားရလို့ အဲသည်သူနဲ့ ဥပဓိကလည်း မြင့်မောက်နေတယ်'

'ဟုတ်တာပေါ့ ဘုရား'

'ဒါကို ဘယ်လို လွယ်လွယ်နဲ့ ခါထုတ်နိုင်ပါ့မလဲပေါ့'

'ဒါတွေက လူကလုပ်လို့ဖြစ်တာတွေ မဟုတ်မှန်း သိပြီးသား မဟုတ်ဘူးလား ဘုရား'

'သိပြီးသားပါပဲ၊ ဒါပေမဲ့ အဲဒါတွေက လူမှာ အသုံးကျနေတာတွေက အသုံးချမိလျက် ရှိနေတော့ ဒါတွေနဲ့ မွေ့လျော်နေတယ် မဟုတ်လား'

'ဘိန်းစားလိုလား ဘုရား'

'ဟုတ်တယ်၊ အများက ဝိုင်းတားတာခံရပြီး ကိုယ့်ကိုယ်နဲ့ ဖြစ်တာလည်း မဟုတ်တဲ့ ဘိန်းပင်ကထွက်တဲ့ အစေးကလေး မျိုလိုက်

မှ ဖြစ်လာတဲ့ စိတ်ပျော်မှုကို သိပေမယ့် အဲသည်ဘိန်းကို ဖြတ်နိုင်ခဲ့တယ် မဟုတ်လား'

'အလွန်ပေါ်လွင်သွားပါပြီ ဘုရား'

'ဟုတ်ပြီ'

'အဲသည်တော့ အဲသည်သင်္ခါရတွေ မဖြစ်တော့အောင် ဘယ်လို လုပ်ရမလဲ ဘုရား'

'အဲသည်လိုပြောရမှာ မဟုတ်ဘူး'

'ဘယ်လိုပြောရမလဲ ဘုရား'

'သင်္ခါရတွေငြိမ်းအောင် ဘယ်လိုလုပ်ရမလဲ ပြောရမယ်'

'မဖြစ်တာနဲ့ငြိမ်းတာ တူမှာပဲ မဟုတ်ဘူးလား ဘုရား'

'မတူတတ်ဘူး'

'ဘယ်လိုလဲ ဘုရား'

'မဖြစ်တာက ခဏမဖြစ်တာလည်း ပါမယ်၊ ငြိမ်းတာကတော့ ဘယ်တော့မှ မဖြစ်မှာပေါ့'

'ဟုတ်ပြီဘုရား၊ သင်္ခါရတွေငြိမ်းအောင် ဘယ်လိုလုပ်ရမလဲ ဘုရား'

## ၆၇။ ကံသင်္ခါရအမျိုးမျိုး

'သင်္ခါရတွေက အမျိုးမျိုးဖြစ်နေတော့ တခါတည်းနဲ့ငြိမ်းအောင်တော့ လုပ်လို့ရမှာ မဟုတ်ဘူး'

'သင်္ခါရတွေ အမျိုးမျိုးဆိုတာ ဘယ်လိုဖြစ်လို့လဲ ဘုရား'

'တချို့သင်္ခါရတွေက အာရုံငါးပါးရလိုမှုနဲ့လွန်ကျူးတာ ဖြစ်ပေမယ့် အလွန်ကျူးခံသူတွေက မကျေနပ်ကြတာတွေ ဖြစ်တယ်'

'ဒါက ကာမအကုသိုလ်ကံသင်္ခါရ ဆိုတာတွေလား ဘုရား'

'ဟုတ်တယ်'

'တချို့သင်္ခါရတွေကျတော့ အာရုံငါးပါးရလိုမှုနဲ့ လွန်ကျူးတာ ဖြစ်ပေမယ့် အလွန်ကျူးခံရသူတွေ ကျေနပ်နေကြတာတွေပဲ'

'ဒါက ကာမကုသိုလ်ကံသင်္ခါရတွေလား ဘုရား'

'ဟုတ်တယ်'

'တချို့သင်္ခါရကံတွေကျတော့ အာရုံငါးပါးရလိုသူကို လွန်မြောက်လိုကြမှုတွေနဲ့ လွန်ကျူးကြတာတွေ ဖြစ်တယ်'

'အဲဒါတွေက ဘာတွေလဲ ဘုရား'

'အာရုံငါးပါးနဲ့ အာရုံငါးပါးသိတာကို ဖျက်ဆီးတဲ့ လွန်ကျူးမှုတွေပေါ့'

'အာရုံငါးပါးသိတာကို ဘယ်လိုဖျက်ဆီးမှာလဲ ဘုရား'

'အချိန်ရပ်သွားအောင် လုပ်ရမှာပေါ့'

'အချိန်က ဘယ်လိုရပ်မှာလဲ ဘုရား'

'အာရုံရဲ့ အဖြစ်အပျက်မြန်နှုန်းနဲ့ ညီအောင် သိတာကိုမြန်နှုန်းလုပ်ယင် အချိန်က ရပ်သွားမှာပါ' *၁၀

'သည်တော့ ဘာအဓိပ္ပါယ်ရှိတော့မှာလဲပေါ့ ဘုရား'

'ဘာဖြစ်လို့လဲ'

‘ဘာမှမသိတော့လို့ပေါ့ ဘုရား’

‘ဘာမှမသိပေမယ့် ဘာမှအဓိပ္ပါယ်မရှိတာတော့ ဘယ်ဟုတ်မလဲ’

‘ဘာမှမသိမှတော့ ဘာအဓိပ္ပါယ်ရှိသေးလို့လဲ ဘုရား’

‘သိရတာက မငြိမ်းဘူးဆိုယင် မသိတာက ငြိမ်းတယ်ဆိုတဲ့ အဓိပ္ပါယ်ထွက်မနေဘူးလား’

‘ဟုတ်ပါတယ် ဘုရား’

‘ဒါ အဓိပ္ပါယ်ပေါ့’

‘အာရုံငါးပါးကိုကော ဘယ်လိုဖျက်ဆီးမှာလဲ ဘုရား’

‘နေရာပျောက်သွားအောင် လုပ်မှာပဲ’

‘နေရာက ဘယ်လိုပျောက်မှာလဲ ဘုရား’

‘အတွင်း-အပြင်၊အနီး-အဝေးဆိုတာတွေဟာ နေရာပြတွေပဲ’

‘ဟုတ်ပါ့ ဘုရား’

---

*[၁၀] မှတ်ချက်။ ဥပမာအားဖြင့် အဝေးပြေး အမြန်လမ်းမပေါ်တွင် ကားခုစီး ကီလို၁၅၀နှုန်းဖြင့် မောင်းနှင်နေသည်ကို နောက်က ကားခုစီးဖြင့် အပြင်းလိုက်၍ ရှေ့ကားကိုမီသောအခါ နောက်ကားသည် ရှေ့ကားနှင့်အတူ ကီလို၁၅၀နှုန်း အပြိုင် မောင်းသောအခါ ကား၂စီးသည် ရပ်တံ့နေသကဲ့သို့ဖြစ်ခါ တစီးမှတစီးသို့ လွယ်လင့် တကူ ကူးပြောင်းသွားလာနိုင်၍ အတွင်းအပြင် အနီးအဝေးမရှိတော့ဘဲ တစီးတည်း ပမာဖြစ်သကဲ့သို့ အချိန်လည်းမရှိ(သုညဖြစ်)၊ နေရာလည်းမရှိ(သုညဖြစ်၍) လှုပ်ရှားမှုအားလုံး ရပ်သွားကာ ငြိမ်သက်နေသကဲ့သို့ ထင်ရခြင်းဖြစ်သည်။အလားတူ (ရပ်ရှင်များတွင် မီးရထားကို ကားဖြင့်အမီလိုက်၍ အရှိန်တူသောအခါ သရုပ်ဆောင် သူသည် ကားပေါ်မှ မီးရထားပေါ်သို့ လွယ်လင့်တကူ ကူးသွားနိုင်ခြင်းမျိုး ဖြစ်သည်)။ အလားတူ ဤအမြင်ကိုယူ၍ ကမ္ဘာမြေအထက် မိုင်၂၂,၃၀၀တွင်ထားရှိသော ဂြိုဟ်တု

'ဒါတွေဟာ တခုကိုတခုက ထောက်ဆဖြစ်တည်နေတာတွေပဲ'

'ကြိယာဝိသေသလောက်ပဲလား ဘုရား'

'ဒါပဲပေါ့'

'ဒါရဲ့အဓိပ္ပါယ်က ကာမနဲ့ပဋိဃ ကင်းဖို့ပဲပေါ့ ဘုရား'

'ဟုတ်တာပေါ့'

'ကံသင်္ခါရတွေ အမျိုးမျိုးဟာ ပေါ်လွင်ပါပြီ ဘုရား'

'သည်တော့ အသိဉာဏ်တစ်ချက်တည်းနဲ့တော့ ဘယ်မှာငြိမ်း လို့ ရမလဲပေါ့'

'ဘယ်လောက်ငြိမ်းရမလဲ ဘုရား'

'အကုသိုလ်ကံသင်္ခါရတွေ တခါငြိမ်းရမယ်၊ ကာမကုသိုလ်ကံနဲ့ ရူပါရူပကုသိုလ်ကံ သင်္ခါရတွေကိုလည်း နောက်တခါစီငြိမ်းရမယ်'

## ၆၈။ သကဒါဂါမိကံ (ဝါ) အကုသိုလ်ကံသင်္ခါရ ငြိမ်းသတ်နည်း

'အကုသိုလ်ကံသင်္ခါရတွေငြိမ်းဖို့ ဘာတွေလုပ်ကြရမလဲဘုရား'

'အကုသိုလ်ကံရဲ့ အမှန်အနေအထားကို သိရမှာပဲ'

---

များသည် ကမ္ဘာလည်သောအမြန်နှုန်းနှင့်အတူ ကမ္ဘာကို ရပ်ကြည့်ထိုင်ကြည့်နေသကဲ့သို့ လှည့်ပတ်နေနိုင်သဖြင့် ယင်းအမြင့်တွင် ဆက်သွယ်ရေးဂြိုဟ်တု ၃လုံးကို လွှတ်တင်၍ ထိုရပ်နေသကဲ့သို့ဖြစ်သော ဂြိုဟ်တုများက တကမ္ဘာလုံးကို ခြုံငုံ၍ ဆက်သွယ်မှုလုပ်ငန်းကို ယနေ့ဆောင်ရွက်ပေးလျက် ရှိသည်။

'သည်လိုသိတာဖြစ်အောင် ဘာတွေလုပ်ရမလဲ ဘုရား'

'အကုသိုလ်ကံကို ဝေဖန်ရမယ်'

'ဝေဖန်တယ်-ဆိုတာ ဗမာစကားမဟုတ်တာကို ဗမာမှုပြု ထားတဲ့စကား ဖြစ်တော့ တကယ့်အနက် မသိပါဘူး ဘုရား'

'ဗမာမှာ ဝေဖန်တယ်ဆိုတာ အပြစ်တင်တာမှာ သုံးလေ့ရှိ တယ်၊ အဲဒါ မမှားလှဘူး၊ တကယ်ကတော့ ခွဲခြမ်းစိတ်ဖြာမှုပြုတာ- လို့ အဓိပ္ပါယ်ထွက်တယ်၊ သည်လိုလုပ်တော့ အပြစ်ရှိယင် အပြစ်သိလာ မယ် မဟုတ်လား'

'ဝေဖန်မှုရှိရှိ သိတတ်၊တွေးတတ်တဲ့အကျင့် လုပ်ရမယ်ပေါ့ ဘုရား'

'ဟုတ်တယ်၊ ဒါမှ အဲသည် အကုသိုလ်ကံလုပ်ငန်းဖြစ်တဲ့ ကိုယ်နှုတ်နှလုံးမှုတွေ မပြုမိမှာ မဟုတ်လား'

'ဟုတ်ပါတယ် ဘုရား'

'သည်လိုမပြုမိယင် မပြုမိတဲ့ရှာန်တွေ ပွားမှာပဲ'

'အဲသည် မပြုမိတဲ့ရှာန်တွေက ဘယ်လိုလဲ ဘုရား'

'အဲသည်ကံတွေကို မပြုသင့်ပုံတွေနဲ့ မပြုမိဖို့သတိမေ့တာ တွေ မပြုမိတာတွေမှာ အပြစ်အဖြစ် ဝိတက်၊ဝိစာရ...အစစ ဈာန်အင်္ဂါ တွေ ဖြစ်စေတာတွေပေါ့'

'ဒါတွေက ဘာဖြစ်လို့ ပွားရတာလဲ ဘုရား'

'အသိဉာဏ်တွေဝင်လာအောင်လို့ပဲ'

'ဘယ်လိုအသိဉာဏ်လဲ ဘုရား'

'သည်ကံတွေဟာ ရှေးက ဘယ်လောက်ဖြစ်ခဲ့တယ်၊ ဘယ်လို ဆိုး-ဆာတယ်၊ ပြီးရင် သည်ကံတွေပဲ ပြန်လုပ်လိုတယ်လို့ သိတဲ့ အသိဉာဏ်တွေပေါ့'

'အဲသည်ဉာဏ်တွေဖြစ်ယင်တော့ သည်ကံတွေ လုပ်မရ လောက်တော့ဘူးပေါ့ ဘုရား'

'ဟုတ်တယ်၊ အကုသိုလ်ကံတွေ ငြိမ်းတာပေါ့'

'ငြိမ်းတော့၊ ကိုယ်နှုတ်နှလုံးတွေက ဘာဖြစ်ကြသေးလဲ ဘုရား'

'မှန်သွားတာပေါ့'

'ကိုယ်နှုတ်နှလုံးအမှုတွေ သမ္မာသွားပြီပေါ့ ဘုရား'

'ဟုတ်တယ်'

'အားလုံး သမ္မာသွားပြီလား ဘုရား'

'ဘယ်ဟုတ်မလဲ'

'ဘယ်လိုလဲ ဘုရား'

'မဝေဖန်ရသေးတဲ့ ကံတွေကတော့ အကြောင်းသင့်ယင် ဖြစ်ဦးမှာပေါ့'

'ဒါတွေက အကုသိုလ်ကံတွေငြိမ်းဖို့ အလုပ်တွေပေါ့ ဘုရား'

'ဟုတ်ပါ့'

'ဒါပဲလုပ်ရမှာလား ဘုရား'

'ဒါပဲလုပ်ရမှာတော့ ဟုတ်တယ်'

'မိန့်စရာ ကျန်သေးလို့လား ဘုရား'

‘ဟုတ်တယ်’

‘အဲဒါလည်း ဆက်မိန့်ပါဦး ဘုရား’

‘ဒါလုပ်ယင် ဒါနဲ့အတူဖြစ်တာတွေလည်း သိမှ ဖြစ်မှာကြောင့်ပဲ’

‘ဘာတွေလဲ ဘုရား’

‘အကုသိုလ်ကံကို ဝေဖန်တာလုပ်တော့ အဲဒါနဲ့တပြိုင်နက် အဝေဖန်ခံရတယ်ဆိုတဲ့ အကုသိုလ်ကံရဲ့ အခန်းကဏ္ဍလည်း သိဖို့လိုတာပေါ့’

‘ဝေဖန်တဲ့ အသိတရားနဲ့ အဝေဖန်ခံတရား၊ သည်နှစ်ပါးဟာ တပြိုင်နက် ဖြစ်နေတယ်ပေါ့ ဘုရား’

‘ဟုတ်တယ်’

‘မြင်တဲ့စိတ်ဖြစ်တဲ့အခါ အဲသည်မြင်စိတ်ရဲ့ အမြင်ခံရူပါရုံဟာ မြင်စိတ်နဲ့တပြိုင်နက် ဖြစ်နေတာမျိုးလား ဘုရား’

‘ဟုတ်တယ်၊ အဝေဖန်ခံအကုသိုလ်ကံက အာရုံ(အာရမ္မဏ)၊ ဝေဖန်တဲ့အခါ ဉာဏ်က အာရမ္မဏိက၊ သူတို့နှစ်ခု တပြိုင်နက်ဖြစ်ကြတယ်’

‘ဒါတော့ နားလည်ပါပြီ ဘုရား’

‘နားမလည်တာပြောပါ’

‘သည်အကုသိုလ်ကံငြိမ်းဖို့ လုပ်ရတဲ့အလုပ်ကို ဘာအလုပ်လို့ ပြောရမလဲ ဘုရား’

'ဒါကို သကဒါဂါမိကုသိုလ်ကံအလုပ်လို့ ပြောရမယ်'

'သည်ကံကလည်း ကံပဲ၊ ကာမရူပါရူပကံတွေကလည်း ကံပဲ ဆိုတော့ ကံချင်းအတူပဲလား ဘုရား'

'သိပ်မထူးလို့ ကံ-လို့ပြောတာပေါ့'

'သိပ်မထူးယင် ဘယ်လို နည်းနည်းထူးလို့လဲ ဘုရား'

'သည်ကံက ကိလေသာကြောင့်ဖြစ်တဲ့ကံ မဟုတ်ဘူး၊ ဒါကြောင့် သည်ကံက သင်္ခါရလို့ အမည်မရတဲ့ကံပဲ'

'သင်္ခါရ အမည်ရတာနဲ့မရတာ ဘာထူးလို့လဲ ဘုရား'

'သင်္ခါရ အမည်ရတာတွေက လူကဖြစ်စေတဲ့ကံတွေ မဟုတ်ကြဘဲ၊ သင်္ခါရအမည်မရတဲ့ကံက လူကဖြစ်စေတဲ့ကံဖြစ်တာ ထူးတာပဲ'

'သည်ကံက ဘယ့်ကြောင့် သကဒါဂါမိကံလို့ နာမည်ရတာလဲ ဘုရား'

'သကဒါဂါမိအနက် သိဖို့လိုတယ်'

'အဲသည်အနက်က ဘယ်လိုလဲ ဘုရား'

'တကြိမ်တလေပဲလာတယ်လို့ ရတယ်'

'ဘယ်ကိုလာတာ ပြောတာလဲ ဘုရား'

'ကာမကံလုပ်တဲ့ဆီကိုပေါ့'

'ဘာဖြစ်လို့ သည်လိုဖြစ်တာလဲ ဘုရား'

'ကာမမှာ ကံက အကြမ်းအားဖြင့် နှစ်မျိုးနှစ်စား ရှိတယ်'

'အမိန့်ရှိပါဦးဘုရား'

'အကုသိုလ်အမျိုးအစားဖြစ်တဲ့ ကံနဲ့ ကုသိုလ်အမျိုးအစား ဖြစ်တဲ့ ကံ-လို့ပဲ'

'အကုသိုလ်ကံ-ဆိုတာက လိုချင်ဇောနဲ့လုပ်တဲ့ မကောင်းမှုဖြစ် လို့ ကာမအကုသိုလ်ကံ ပြောရတာလား ဘုရား'

'ဟုတ်တယ်'

'ကုသိုလ်ကံ-ဆိုတာကလည်း လိုချင်ဇောနဲ့ပဲလုပ်တဲ့ ကောင်းမှု ဖြစ်နေလို့ ကာမကုသိုလ်ကံ ပြောတာလား ဘုရား'

'အဲသည်လို ကာမကံအမျိုးမျိုး ရှိတဲ့အနက်က အကုသိုလ်

ကာမကံမှာ သကဒါဂါမ်က မလာမရောက်တော့ပေမယ့် တချို့ဖြစ်တဲ့ ကာမကုသိုလ်ကံပြုဖို့ဆီကို ရောက်တတ်သေးတာဖြစ်လို့ ဒါကို သကဒါဂါမိလို့ ပြောရတာပဲ'

'သည် သကဒါဂါမိကုသိုလ်ကံလုပ်တော့ ဘာဖြစ်သလဲ ဘုရား'

'ဒါဖြေဖို့ မေးကြည့်ရမယ်'

'မေးပါဘုရား'

## ၆၉။ လောကုတ္တရာရဲ့အာရုံသည် လောကီကံဖြစ်သည်

'ကံတွေဟာ ပြုဖို့ဖြစ်လာပြီဆိုယင် အာရုံပြုတာ ဖြစ်မယ်'

'အဲဒါ ရှင်းအောင်မိန့်ပါဦး ဘုရား'

'ကာမကံတွေထဲက တခုခုပြုမယ်ဆိုယင် အာရုံငါးပါး ကာမ ဂုဏ်တရားတွေကို အာရုံပြုတယ်'

'အမိန့်ရှိပါ ဘုရား'

'ရူပကံတခုခု ပြုမယ်ဆိုယင် ရုပ်အာရုံကိုပဲ အာရုံပြုမှာပဲ'

'ဆက်မိန့်ပါ ဘုရား'

'အရူပကံတခုခု ပြုယင်တော့ ရုပ်မဲ့အာရုံကို အာရုံပြုတယ်'

'လောကုတ္တရာကံတွေထဲက ကံတခုခုပြုယင်တော့ ဘာအာရုံကို အာရုံပြုမလဲ ဘုရား'

'ကံအာရုံတွေကို အာရုံပြုတယ်'

'ကာမ၊ရူပ၊အရူပကံတွေကတော့ ကာမ၊ရူပ၊အရူပအာရုံတွေကို အာရုံပြုတယ်ပြောပြီး၊ လောကုတ္တရာ ကုသိုလ်ကံကျတော့ ကံသင်္ခါရတွေကို အာရုံပြုတယ် ဖြစ်ရသလား ဘုရား'

'လောကုတ္တရာကံက လောကုတ္တရာအာရုံကို အာရုံပြုတယ်လို့ မဖြစ်လို့လား'

'ဒါပေါ့ ဘုရား'

'ကံအာရုံကို အာရုံပြုတာဟာ လောကုတ္တရာအာရုံပြုတာနဲ့ တူ ပါတယ်'

'လောကုတ္တရာဖြစ်လို့လား ဘုရား'

'သည်လိုတော့ မဟုတ်ပါဘူး'

'ဘယ်လိုလဲ ဘုရား'

'အဲသည်ကံတွေက ဒုက္ခတွေဖြစ်တာဆိုတော့ အဲသည်ကံတွေက လောကီတွေပဲ'

'လောကီကံတွေက လောကုတ္တရာအာရုံဖြစ်သလား ဘုရား'

'သည်လိုမေးစရာ ဖြစ်တာပေါ့'

'ဘယ်လိုလဲ ဘုရား'

'အဲသည်ကံတွေရဲ့ အဖြစ်တွေဟာ ဒုက္ခတွေပဲ'

'ဟုတ်ပါတယ် ဘုရား'

'အဲသည်ဒုက္ခတွေက အသိခံရတာတွေ ဖြစ်တဲ့အခါ ဒုက္ခ

---

*[၁၁] မှတ်ချက်။ ဤအလားတူ ရောဂါကုသသူဆရာနေရာ ရောက်နေသော လောကုတ္တရာဉာဏ်သည် ရောဂါနှင့်တူသော ကာမရူပါရူပကံသင်္ခါရ(ဒုက္ခ)ကို အာရုံပြု၍ ရောဂါဖြစ်သော ဒုက္ခ၏လက္ခဏာကိုကြည့်ခါ ဘယ်လိုဆေးချက်သွင်းရမလဲဟု ဒုက္ခဖြစ်သော လောကီကံသင်္ခါရများကို အာရုံပြုခြင်း ဖြစ်သည်။

ဖြစ်ပါဦးမလား'

'နားမလည်ပါဘူး ဘုရား'

'ခေါင်းကိုက်၊ဗိုက်နာဖြစ်သူဟာ ဒုက္ခရောက်တာပဲ'

'ဟုတ်တာပေါ့ ဘုရား'

'ဒါကို ကုသပေးမယ့်သူက ခေါင်းကိုက်၊ ဗိုက်နာသိတာဟာ ဒုက္ခရောက်မလား'*၁၁

'ဆရာကတော့ ဒုက္ခဘယ်ရောက်မလဲပေါ့ ဘုရား'

'ရောဂါဖြစ်သူ ငွေကြေးကုန်ကျမှာပဲ'

'ဟုတ်တာပေါ့ ဘုရား'

'ရောဂါကုသူက ငွေကြေးကုန်ကျဦးမလား'

'ရတောင်ရဦးမှာပါ ဘုရား'

'ကံသင်္ခါရတွေဟာ ဒုက္ခရောက်တာတွေ ဖြစ်ပေမယ့် သိသူရဲ့ အာရုံအဖြစ် အယူခံရတဲ့အခါ ဒုက္ခကလွတ်မြောက်ဖို့တွေ ဖြစ်နေတယ်'

'နားမရှင်းစရာပဲ ဘုရား'

'ကံဟာ ဒုက္ခဖြစ်ပေမယ့် အဲသည်ကံကိုသိသူဟာ ဒုက္ခလွတ်စေတယ်လို့ သိပေးပေါ့'

'ဒါကြောင့် ကံအာရုံကို လောကုတ္တရာအာရုံလို့ ပြောတာလား ဘုရား'

'ဒါပေါ့'

'ကံအာရုံကိုသိတော့ သိသူမှာ ဘယ်လို လောကုတ္တရာဖြစ်စေတာလဲ ဘုရား'

'ကံအာရုံကြည့်တော့ ကံအာရုံကို သိမှာပေါ့'

'ဟုတ်တာပေါ့ ဘုရား'

'အဲသည်သိတဲ့ ကံအာရုံမှာ ဘာလက္ခဏာတွေ ရှိသလဲ'

'ပျက်စီးခြင်း၊ဆိုးဝါးခြင်း၊အသုံးမကျခြင်းတွေ ရှိတာပဲ ဘုရား'

'အဲဒါတွေမြင်သူဟာ ပျော်မလား၊ပျင်းမလား'

'ဒါတွေကို ပျင်းမုန်းတာတွေ ဖြစ်ပြီပေါ့ ဘုရား'

'သည်လိုဖြစ်သူဟာ အဲသည်ကံတွေကို စွဲငြိနေဦးမလား'

'စွဲငြိကို စွန့်ပြီပေါ့ ဘုရား'

'အဲသည်ကံတွေက စွဲမှုဖြစ်တာလား၊ မစွဲဘဲ ဖြစ်တာလား'

'စွဲမှု ဖြစ်တာတွေပါ ဘုရား'

'အစွဲမရှိတော့ သည်ကံတွေက လွတ်မြောက်တာပေါ့'

'ဟုတ်တာပေါ့ ဘုရား'

'သည်**ကံတွေကြောင့်ထင်လာတဲ့ အကောင်ပလောင်**တွေကို ဘာလို့ ခေါ်မလဲ'

'**လောက**လို့ ခေါ်မှာပေါ့ ဘုရား'

'သည်လောကကလွတ်တာကို ဖြစ်စေတဲ့ အာရုံဖြစ်လို့ **လောကုတ္တရာအာရုံ**ပဲပေါ့'

'ကံအာရုံဟာ ကံကလွတ်စေတာဖြစ်လို့ လောကုတ္တရာအာရုံ ဖြစ်တာ ထင်ရှားပါပြီ ဘုရား'

## ၇၀။ ကံသံသရာလည်ယင် လူဟာ စရိုက်တွေဝင်ပြီး လူ့ဇာတ် ပျောက်သွားတယ်

'သကဒါဂါမိကုသိုလ်ကံက ဘယ်ကံသင်္ခါရကို အာရုံပြု တာလဲ ဘုရား'

'ကာမအကုသိုလ်ကံသင်္ခါရကိုပေါ့'

'အဲသည်ကံသင်္ခါရက ဘယ်လိုဖြစ်နေလို့လဲ ဘုရား'

'လူကို အနှောင့်အယှက် ပြုနေတယ်'

'ဘယ်လိုနှောင့်ယှက်တာလဲ ဘုရား'

'လူမှာရှိတဲ့ ကိုယ်နှုတ်နှလုံးတွေကို လူက မပိုင်စိုးအောင်ဘဲ'

'ဘယ်သူက ပိုင်စိုးထားလို့လဲ ဘုရား'

'အဲသည် ကံသင်္ခါရကပေါ့'

'အဲသည်ကံသင်္ခါရက ခဏဖြစ်တာမဟုတ်ဘူးလား ဘုရား'

'ဒါတော့ ဒါပေါ့….'

'သည်လိုဆိုတော့ သူပိုင်စိုးတုန်းပဲ သူပိုင်မှာပဲ ဘုရား'

'သည်လိုမဟုတ်ဘူး'

'ဘယ်လိုလဲ ဘုရား'

'သူပိုင်စိုးပြီးယင် သူမရှိလည်း လူက ပြန်မပိုင်ဘူး'

'ဘယ့်ကြောင့်လဲ ဘုရား'

'သူပိုင်စိုးထားတာက မပျက်လို့ပေါ့'

'သူ့ဘာသာသူ မပျက်တော့ဘူးလား ဘုရား'

'သည်လိုတော့ ဘယ်ဟုတ်မလဲ'

'သူ့ဘာသာသူပျက်ယင် သူ့ပိုင်စိုးမှုက လွတ်ပြီမဟုတ်ဘူးလား ဘုရား'

'မဟုတ်ဘူး'

'ဘယ်လိုဖြစ်သေးလို့လဲ ဘုရား'

'သူ့ဘာသာသူ ပျက်တဲ့အခါ မနေတတ်မထိုင်တတ်တွေကို သူက ဖြစ်စေတယ်'

'အဲဒါ ဘာဖြစ်တာလဲ ဘုရား'

'လွမ်းဆွတ်တမ်းတတာတွေ ဖြစ်တာပေါ့'

'အဲဒါတွေထလာယင်တော့ အခက်ပဲ ဘုရား'

'ဘာဖြစ်လို့လဲ'

'အဲသည်အကုသိုလ်ကံ ထပ်လုပ်မှာပေါ့ ဘုရား'

'အဲသည်အတိုင်း လုပ်တာပဲ'

'သည်တော့ ကံကြောင့် ဝိပါက်ဖြစ်၊ ဝိပါက်ကြောင့် ကံဖြစ် ဆိုပြီး ဖြစ်တော့မှာပေါ့ ဘုရား'

'ဟုတ်တယ်၊ ကံက စက်ဖြစ်သွားတာပဲ'

'ဒါကြောင့် သူပိုင်စိုးပြီးယင် အလိုလိုနဲ့ လူက ပြန်မပိုင်ဘူး ပြောတာလား ဘုရား'

'ဒါပေါ့'

'အဲသည် အကုသိုလ်ကံက လူ့ကိုယ်နှုတ်နှလုံးတွေကို ပိုင်စိုးတဲ့အခါမှာ စိတ်ပြောင်းသွားလို့လား ဘုရား'

'စိတ်ပဲပြောင်းတာ မကဘူး၊ ရုပ်ပါပြောင်းတယ်'

'ရုပ်ပြောင်းယင် လူရုပ်ပေါ်ပါဦးမလား ဘုရား'

'ဘယ်ပေါ်တော့မလဲ'

'အဲသည်တော့ ဘာရုပ်ပေါ်မလဲ ဘုရား'

'**ပြောလို့ နားလည်စရာမကောင်းတဲ့ရုပ်**ပဲ ပေါ်တယ်'

'အဲဒါတွေက ဘာတွေလဲ ဘုရား'

'**ဘီလူးတို့၊ သရဲတို့၊ တစ္ဆေတို့၊ ခွေးတို့၊ နွားတို့၊ လူကြောက်**တို့ တွေပေါ့'

'အဲဒါတွေက ဘာဖြစ်လို့ နားလည်စရာ မကောင်းတာလဲ ဘုရား'

'**စရိုက်တွေ ဟန်တွေက ပြောင်းသွားတာ** ဖြစ်လို့ပဲ'

'ပုံစံတခုလောက် ထုတ်လို့မရဘူးလား ဘုရား'

'ခွေးရူးပြန်တဲ့လူကို ကြားဖူးမှာပဲ'

'လူကိုပြန်ကိုက်တယ်လို့ ကြားဖူးပါတယ် ဘုရား'

'အဲသည်လိုစရိုက် ဝင်သွားတာပဲ'

'သည်လိုဆိုတော့ လူဇာတ်ပျောက်သွားတာ ခံရတာပဲ ဘုရား'

'ဘယ်စရိုက်ဝင်သွားသွား သည်လိုချည်းပဲ'

'စိတ်ပျက်ကြောက်ရွံ့စရာပဲ ဘုရား'

'တကယ် စရိုက်အဝင်ခံရသူက စိတ်ပျက်ကြောက်ရွံ့ရကောင်းမှန်း မသိဘူး'

'ဘာဖြစ်လို့လဲ ဘုရား'

'အဲဒါက သူ့ဘဝဖြစ်နေလို့ပဲ'

'ပိုဆိုးတာပေါ့ ဘုရား'

'ဘာ့ကြောင့်လဲ'

'လူပြန်ဖြစ်ချင်စိတ် မပေါ်နိုင်တော့လို့ပေါ့ ဘုရား'

'အမှန်ပဲ'

## ၇၁။ သကဒါဂါမ်အရိယာ၏ အရိယသစ္စာလေးပါး

'ကာမအကုသိုလ်ကံက သကဒါဂါမိကုသိုလ်ကံနဲ့ မြင်ရတဲ့ အခါ အတော်ဆိုးတာပဲ ဘုရား'

'ပျက်စီးနေတာလည်း မတွေ့နိုင်ဘူးလား'

'အထင်အရှားပေါ့ ဘုရား'

'အသုံးမကျ ဖြစ်တာကော'

'တွေ့နိုင်ပါတယ် ဘုရား'

'သည်လက္ခဏာတွေ ရှိနေတဲ့ သည်ကာမအကုသိုလ်ကံဟာ

လူတွေအနေနဲ့ လုပ်သင့်တာလား၊ မလုပ်သင့်တာလား’

‘မလုပ်သင့်တာပေါ့ ဘုရား’

‘**မလုပ်သင့်တာကို ပါဠိတော်ဟာရမှာ ဒုက္ခ**’လို့ ခေါ်ရတယ်’

‘သည်ကံတွေက ဒုက္ခအမှန်တွေပေါ့ ဘုရား’

‘ဟုတ်တယ်၊ အမှန်ကို ပါဠိမှာ ‘သစ္စာ’လို့ ခေါ်တယ်’

‘ဒုက္ခသစ္စာ-ဆိုတာ သည်ကံပေါ့ ဘုရား’

‘သည် ဒုက္ခသစ္စာက သိသူကို အဲသည်ဒုက္ခကံကို မလုပ်ဘဲ ရှိးသားသူအရိယာ ဖြစ်စေနိုင်တာဖြစ်လို့ ‘ဒုက္ခအရိယသစ္စာ’လို့ ခေါ်တယ်’

‘သည်ဒုက္ခအရိယသစ္စာက ဘာအရိယသစ္စာကို ဖြစ်စေတာလဲ ဘုရား’

‘သကဒါဂါမ်အရိယာကို ဖြစ်စေတဲ့ ဒုက္ခအရိယသစ္စာပဲ’

‘သည်ဒုက္ခအရိယသစ္စာကို သိတာကြောင့် ဘယ်လို သကဒါဂါမ်အရိယာ ဖြစ်တာလဲ ဘုရား’

**'အကုသိုလ်ကံလုပ်သူဟာ အကုသိုလ်အကျိုးက ဇရာမရဏ ဖြစ်တော့ အဲသည်အကုသိုလ်ကံအကျိုး မှေးမှိန်ပျောက်ကွယ်သွားလို့ လွမ်းဆွတ် တသနေတာဟာ အကုသိုလ်ကံထဲ မျောနေလို့ပဲ'**

'ဟုတ်တာပေါ့ ဘုရား'

'သကဒါဂါမိကုသိုလ်ကံက အကုသိုလ်ကံနဲ့ဝိပါက်

သံသရာကို အာရုံအဖြစ်ယူပြီး သခ်ိန်းစာယူလိုက်တော့ သည်အကု

သိုလ်ကံဟာ ကြောက်မက်ဖွယ်ပဲလို့ မြင်ပြီး သူမှေးမှိန်ပျောက်ကွယ်တ ာကို မလွမ်း မတမ်းတော့ဘူးပေါ့'

'အကုသိုလ်ကံကိုဝေဖန်တဲ့ သကဒါဂါမ်ကံနဲ့ကြည့်တော့ အကုသိုလ်ကံထဲ မမျောနိုင်ဖြစ်ပြီး အဲသည်အကုသိုလ်ကံကို စက်ဆုတ်တာလား ဘုရား'

'ဟုတ်တယ်၊ အကုသိုလ်ကံလုပ်ချင်စိတ်တွေ မထမကြွ တော့တာပဲ'

'အဲသည်ထကြွတဲ့ လုပ်ချင်စိတ်ဟာ အကုသိုလ်ကံဖြစ်ဖို့ အကြောင်း မဟုတ်ဘူးလား ဘုရား'

'အကြောင်းသမုဒယ အစစ်ပေါ့'

'သည့်လိုဆိုတော့ သည်ထကြွစိတ်ဟာ သမုဒယသစ္စာ ခေါ်ရ မလား ဘုရား'

'ဒါပယ်ယင် အရိယာဖြစ်တာမို့ သမုဒယသစ္စာလို့လောက် မခေါ်ရဘူး'

'ဘယ်လိုခေါ်ရမလဲ ဘုရား'

'**သမုဒယအရိယသစ္စာ**-လို့အထိ အပြည့်အစုံခေါ်ရမယ်'

'အဲဒါပယ်လို့ ဖြစ်တဲ့အရိယာက ဘာအရိယာလဲ ဘုရား'

'**သကဒါဂါမိမဂ်ကုသိုလ်ကံ**လုပ်လို့ ဒုက္ခအရိယသစ္စာသိပြီး ပယ်တဲ့ သမုဒယအရိယသစ္စာဖြစ်လို့ **သကဒါဂါမ်အရိယာ**ပေါ့'

'သကဒါဂါမ်အရိယာဟာ အကုသိုလ်ကံ ဖြစ်ပါဦးတော့ မလား ဘုရား'

'ဘာဖြစ်လို့လဲ'

'အကုသိုလ်ကံရဲ့အကြောင်းဖြစ်တဲ့ စိတ်ထကြွမှုတွေ ပယ်ပြီး ဖြစ်လို့ပေါ့ ဘုရား'

'ဟုတ်တာပေါ့၊ အကြောင်းမရှိယင် အကျိုးလည်း မရှိနိုင် တော့ဘူးပေါ့'

'သကဒါဂါမ်ဟာ အကုသိုလ်ကံ ဘယ်တော့မှ မဖြစ်နိုင် တော့ဘူးပေါ့ ဘုရား'

'သကဒါဂါမ်ဟာ အကုသိုလ်ကံတွေရဲ့ ငြိမ်းရာကို ရောက် သွားသူပဲ၊ ဘယ်တော့ဖြစ်ပါတော့မလဲ'

'အဲသည်ငြိမ်းရာလည်း အမှန်ဆိုတော့ သစ္စာပဲပေါ့ ဘုရား'

'ဟုတ်တယ်၊ ဒါဟာ အကုသိုလ်ကံဒုက္ခတို့ရဲ့ ငြိမ်းရာအမှန် ဖြစ်တဲ့အတွက် **ဒုက္ခနိရောဓအရိယသစ္စာ**လို့ ခေါ်ရမယ်'

'သည် ဒုက္ခနိရောဓအရိယသစ္စာဟာ နိဗ္ဗာန်ပေါ့ ဘုရား'

'ဟုတ်တယ်၊ သကဒါဂါမ်အရိယာရဲ့ နိဗ္ဗာန်ဟာ ဒါပဲ'

## ၇၂။ အနာဂါမ်အရိယာဖြစ်ဖို့ ကာမအမြင်ကလွတ်တဲ့ လောကုတ္တရ ပုညကြိယာပွားရမယ်

'သောတာပန်ရဲ့ ဒုက္ခ၊သမုဒယ၊နိရောဓ၊ မဂ္ဂအရိယသစ္စာတွေကို သိ၊ပယ်၊ဆိုက်၊ပွားနဲ့ မတူဘူးပဲ ဘုရား'

'ဟုတ်တာပေါ့'

'အနာဂါမ်အရိယာကလည်း သောတာပန်၊ သကဒါဂါမ်အရိယာတွေရဲ့ အရိယသစ္စာလေးပါးနဲ့ သိပယ်ဆိုက်ပွားကြပုံတွေ မတူဘူးလား ဘုရား'

'မတူကြဘူး'

'အနာဂါမ်အရိယာရဲ့ အရိယသစ္စာလေးပါးနဲ့ သိပယ်ဆိုက်ပွားကိစ္စများ လုပ်ကြပုံ အမိန့်ရှိပါဦး ဘုရား'

'သကဒါဂါမ်အရိယာဟာ အကုသိုလ်ဒုက္ခရဲ့ ငြိမ်းရာရောက်ပြီးသူဖြစ်တော့ အကုသိုလ်ကံဒုက္ခတော့ မရောက်တော့ဘူးပေါ့'

'ဟုတ်ပါတယ် ဘုရား'

'အကုသိုလ်ကံဒုက္ခ ငြိမ်းပေမဲ့ ဒုက္ခခပ်သိမ်း ငြိမ်းသေးတာ မဟုတ်ဘူး'

'ဘယ်ဒုက္ခကံတွေ မငြိမ်းသေးလို့လဲ ဘုရား'

'သကဒါဂါမ်အရိယာအတွက် အနီးကပ်မငြိမ်းတဲ့ဒုက္ခက ကာမ ကုသိုလ်ကံ ဒုက္ခပဲ'

'ဒါကိုငြိမ်းဖို့ မလုပ်ဘူးလား ဘုရား'

'လုပ်ရပြီပေါ့'

'သူက ဘာတွေလုပ်မှာလဲ ဘုရား'

**'လောကုတ္တရ ပုညကြိယာ**တွေပေါ့'

'ပုညကြိယာပဲဘုရား၊ လောကုတ္တရပုညကြိယာလို့ ရှိရသေးလား ဘုရား'

'ပုညကြိယာဆယ်ပါးဟာ ပွားချင်တိုင်း ပွားနေကြတာ မဟုတ်ဘူးလား'

'ဟုတ်တာပေါ့ ဘုရား'

'ကာမသတ္တဝါ ကာမသားတွေကော မပွားကြဘူးလား'

'ပွားမှာပဲပေါ့ ဘုရား'

'အဲသည်တော့ အဲသည်ပုညကြိယာကို ဘာပုညကြိယာ

ခေါ် မလဲ’

‘ကာမသားကပွားတဲ့ ပုညကြိယာဖြစ်လို့ ကာမပုညကြိယာလို့ ခေါ်စေချင်တာလား ဘုရား’

‘ခေါ်စေချင်တာ မဟုတ်ဘူး၊ ခေါ်ရတာ ဖြစ်တယ်’

‘ရွှေပင်နားလို့ ရွှေကျေးဖြစ်တာလို ကျေးကတော့ သည်ကျေးပဲ မဟုတ်ဘူးလား ဘုရား’

‘မဟုတ်ပါဘူး’

‘ဘယ်လိုလဲ ဘုရား’

‘ကာမသားက ကာမအမြင်ပဲရှိမှာ မဟုတ်လား’

‘ဟုတ်တာပေါ့ ဘုရား’

‘ပုညကြိယာတွေဖြစ်တဲ့ ဒါန၊သီလ၊ဘာဝနာ။အပစာယန၊ဝေယျာဝစ္စ၊ပတ္တိဒါန၊ပတ္တာနုမောဒန၊ဓမ္မသဝန၊ဓမ္မဒေသနာ၊ဒိဋ္ဌိဇုကမ္မတွေကို လုပ်တဲ့အခါ ဘယ်အမြင်နဲ့လုပ်မလဲ’

‘ကာမအမြင်နဲ့ပြု ဒါန၊သီလ၊ဘာဝနာ....အစစတွေကို လုပ်မှာပေါ့ ဘုရား’

'ရူပသတ္တဝါ ရူပသားဖြစ်တဲ့ ရူပလူက ကာမအမြင်ရှိသေး လား'

'ဒါလွန်ပြီပေါ့ ဘုရား'

'သူက ဘာအမြင်ရှိသလဲ'

'သညာဝိရာဂအမြင်ဖြစ်တဲ့ ရူပအမြင်ပေါ့ ဘုရား'

'ရူပအမြင်ရှိတဲ့ ရူပသားကပြုတဲ့ ပုညကြိယာနဲ့ ကာမအမြင် ရှိတဲ့ ကာမသားပြုတဲ့ ပုညကြိယာ တူနိုင်ပါ့မလား'

'ကွဲမှာပါ ဘုရား'

'အရူပသတ္တဝါ အရူပသား အရူပလူကကော ပုညကြိယာ မပြုဘဲ နေမလား'

'ပြုမှာပါပဲ ဘုရား'

'သူကကော ဘယ်အမြင်ရှိသူလဲ'

'အရူပအမြင် ရှိမှာပါ ဘုရား'

'အဲသည်အမြင်နဲ့ပြုတဲ့ ပုညကြိယာတွေနဲ့ ကျန်သူတွေပြုတဲ့

ပုညကြိယာတွေ တူနိုင်ပါ့မလား'

'မတူနိုင်တာ ထင်ရှားပါပြီ ဘုရား'

'**သကဒါဂါမ်အရိယာ**က ကံတွေကလွတ်အောင် ကျင့်နေတဲ့ သေက္ခလောကုတ္တရာသား လောကုတ္တရာလူပဲ'

'ဟုတ်ပါတယ် ဘုရား'

'သူရဲ့ လောကအမြင်က ဘယ်လိုလဲ'

'**ဥပါဒါန်လောကက လွတ်မြောက်အောင် လေ့လာဖို့အမြင် ရှိသူ**ပါ ဘုရား'

'သည်လိုအမြင်ရှိသူရဲ့ ပုညကြိယာနဲ့ တခြားအမြင်ရှိသူပြုတဲ့ ပုညကြိယာ တူနိုင်ပါ့မလား'

'မတူနိုင်ပါဘူး ဘုရား'

'သကဒါဂါမ်အရိယာက ကာမအမြင်နဲ့ ပုညကြိယာတွေ မမှီဝဲဘူး'

'သူက ဘာမှီဝဲသလဲ ဘုရား'

**'လောကကိုစောင့်ရှောက်တဲ့အမြင်နဲ့ ပုညကြိယာတွေကို ပြုလုပ် မှီဝဲတယ်'**

'ကာမအမြင်နဲ့ မှီဝဲပုံကလေး နည်းနည်းသိပါရစေဦး ဘုရား'

'ပုညကြိယာဆိုတာ ဒါန၊သီလ....အစစ သရုပ်တွေရှိတယ် မဟုတ်လား'

'ဟုတ်တာပေါ့ ဘုရား'

'ဒါနပဲလုပ်လုပ်၊ သီလပဲလုပ်လုပ်၊လုပ်တာတိုင်းရဲ့ ဦးတည်ချက်အမြင်က အာရုံငါးပါးအကောင်းစားတွေ ရဖို့ချည်း လုပ်တာပဲ'

'ဒါက ကာမအမြင်နဲ့ မှီဝဲတာပေါ့ ဘုရား'

'ဒါပေါ့'

'လောကကိုစောင့်ရှောက်ဖို့အမြင်နဲ့ပြုတဲ့ ပုညကြိယာတွေကို သကဒါဂါမ်အရိယာက ဘယ်လိုမှီဝဲသလဲ ဘုရား'

'ဘာရဖို့အတွက် ရည်ရွယ်ချက်နဲ့မှ ဒါန၊သီလ...အစစကို မပြုသလို ဘာရဖို့မှမဟုတ်တဲ့ ရည်ရွယ်ချက်နဲ့လည်း ဒါနသီလအစစကို မပြုဘဲ ပြုလုပ်လိုက်တာရဲ့ ဖြစ်ထွန်းမယ့် ကောင်းကျိုးကိုမြင်ပြီး

ဒါန၊သီလ...အစစ ပြုတာပဲ'

'နားတောင် သိပ်မလည်ချင်ချင်ပဲ ဘုရား'

'သူတဦးကို အစား၊အဝတ်တခုခု ပေးတယ်ဆိုပါတော့'

'ဟုတ်ပြီ ဘုရား'

'ကိုယ် အကျိုးစီးပွားရဖို့ ပေးတာ မဟုတ်ရဘူး'

'မှန်ပါ ဘုရား'

'ဘာမှ ရည်ရွယ်ချက်မရှိဘဲပေးတာလည်း မဟုတ်ရဘူး'

'ကိုယ်ရဖို့မဟုတ်ဘဲ ရည်ရွယ်ရယင် သူရဖို့များဖြစ်မလား ဘုရား'

'ကိုယ်မဟုတ်ယင်-သူ၊ ဒါပဲရှိလို့လား'

'သည်လိုတော့လည်း မဟုတ်ပါဘူး ဘုရား'

'ဘာရည်ရွယ်မျှော်မြင်ပြီး လုပ်မလဲ ဘုရား'

'သူပေးတာရပြီးဖြစ်ပွားမယ့် ကောင်းမွန်မှုအဆက်ဆက်

တွေ မြော်မြင်ပြီး လုပ်တာပေါ့'

'ဟာ ....ဘုရား'

'ဘာဖြစ်လို့လဲ'

'အဲဒါ လောကကောင်းမွန်ဖို့ စောင့်ရှောက်တာလား ဘုရား'

'မဟုတ်ဘူးထင်လို့လား'

'ဘယ်ထင်နိုင်တော့မှာလဲပေါ့ ဘုရား'

'ဘာဖြစ်လို့ အံ့အားတသင့် ဖြစ်နေတာလဲ'

'သည်လို မတွေးဘူးလို့ပါ ဘုရား'

'ဒါက အရိယာရဲ့အတွေးပဲ'

'သီလ၊ဘာဝနာ၊အပစာယန၊ဝေယျာဝစ္စတွေမှာလည်း သည်လို ရည်ရွယ်မြော်မြင်မှုနဲ့ပဲ လုပ်မှာလား ဘုရား'

'ဒါပဲပေါ့'

'သည်ပုညကြိယာတွေဟာ တကယ်တော့ စာရိတ္တဝါရိတ္တ

သီလ စာရင်းဝင်တွေပဲ ဘုရား'

'ဟုတ်တာပေါ့'

'ဒါတွေဟာ သမ္မာဝါစာ၊သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ စာရင်းထဲ ဝင်မှာပေါ့ ဘုရား'

'ဟုတ်တယ်'

'အဲဒါတွေက ဝိရတီတွေပဲ ဘုရား'

'ဟုတ်တယ်'

'ဝိရတီဆိုရင် ဘာတွေကို ဝိရတီရမလဲ ဘုရား'

**'ကာမအမြင်နဲ့ လုပ်နေတာတွေကိုပေါ့'**

**'ဝိရမိတဗ္ဗတွေ**က ဒါတွေလား ဘုရား'

'ဒါပေါ့'

## ၇၃။ အနာဂါမ်အရိယာ၏ အရိယသစ္စာလေးပါး

‘သကဒါဂါမ်ပြုလုပ်တဲ့ ပုညကြိယာက ပုထုဇဉ်ပြုတဲ့ ပုည ကြိယာနဲ့ ပြုလုပ်ခြင်းရည်ရွယ်ချက် မြော်မြင်မှုချင်း ခြားတာပဲ ဘုရား’

‘ဟုတ်တယ်’

‘ကာမပုညကြိယာဖြစ်တဲ့ ဝိရတီတွေရဲ့ ဝိရမိတဗ္ဗတွေနဲ့လည်း သကဒါဂါမ်ရဲ့ ပုညကြိယာဝိရတီတွေလည်း အခြားကြီးခြားတာပဲ ဘုရား’

‘ဒါပေါ့’

‘သကဒါဂါမ်ဟာ အနာဂါမ်ဖြစ်ဖို့ သည်ဝိရတီတွေ ဆောက်တည်ပြီး ဒါတွေကိုပဲ ကြိုးစား၊သတိထား ဈာန်ပွားမှာလား ဘုရား’

‘ဟုတ်တယ်’

‘သည်တော့ သည်ဝိရမိတဗ္ဗတရားတွေရဲ့ ပျက်စီး၊ဆိုးဝါး၊ အကျိုးမများပုံတွေ ဈာန်အဖြစ်ဝင်စားပြီး ဒါတွေရဲ့ သံသာရဒုက္ခစက်ကို ပုဗ္ဗေနိဝါသာနုဿတိ၊ ဒိဗ္ဗစက္ခု၊ အာသွက္ခယ အဘိညာဉ်တွေပေါက်ပြီး အမြင်အတွေး မှန်တာတွေ ဖြစ်မှာလား ဘုရား’

'ဒါတွေဟာ ကာမကုသိုလ်ပုညကြိယာတွေကို ဝေဖန်မှု ဝိဘဇ္ဇလုပ်လို့ ဖြစ်ပွားလာတဲ့ အနာဂါမ်အဖြစ် ရောက်စေတာတွေပဲ'

'အနာဂါမိမဂ်ဖြစ်အောင် သကဒါဂါမ်အဖြစ်နဲ့ ရပ်တည် ရှုကြည့်ပုံတွေပေါ့ ဘုရား'

'ဟုတ်တယ်'

'အနာဂါမိမဂ်ရဲ့ မဂ္ဂအရိယသစ္စာဖြစ်ပုံဟာ သည်လိုတွေလား ဘုရား'

'ဟုတ်ပါတယ်'

'အနာဂါမိမဂ်က ဒုက္ခသိပုံ၊ အနာဂါမိမဂ်ရဲ့ ဒုက္ခအရိယ သစ္စာ ဖြစ်ပုံပေါ့ ဘုရား၊ အဲဒါလည်း အမိန့်ရှိပါဦး ဘုရား'

**'အနာဂါမိမဂ်ရဲ့ ဒုက္ခအရိယသစ္စာ အရကောက်က ကာမ ကုသိုလ်တွေပဲ'**

'အဲဒါကို သူက ဘယ်လို ပိုင်းပိုင်းခြားခြားသိမှု(ပရိဇာနန) လုပ်တာလဲ ဘုရား'

'ကာမကုသိုလ်မှာ ပုညကြိယာတွေ အားလုံးပါတယ်နော်'

'ဟုတ်ပါတယ် ဘုရား'

'သည်ပုညကြိယာတွေကို လုပ်ရခြင်းဆိုင်ရာအမြင်ကတော့ ကာမပဲ'

'ဘယ်လို ကာမဖြစ်တာလဲ ဘုရား'

'လိုချင်တာ-ဖြစ်တာပေါ့'

'ဘာလိုချင်တာလဲ ဘုရား'

'အာရုံငါးပါးဆိုင်ရာ အကောင်းစားတွေပေါ့'

'အခုလိုချင်တာလား နောင်လိုချင်တာလား ဘုရား'

'အားလုံးပဲ'

'အဲဒါတွေလိုချင်လို့ ပုညကြိယာတွေလုပ်တော့ ပုညကြိယာတွေက ကာမပုညကြိယာတွေ ဖြစ်ရော့လား ဘုရား'

'အဲဒါတွေလုပ်ရခြင်း အမြင်စိတ်ဓာတ်ကို **စေတနာ**-ပြောရတာပဲ'

'ကာမစိတ်ဓာတ်နဲ့လုပ်လို့ ကာမစေတနာပုညကြိယာ

ဖြစ်ပြီး၊ ကာမပုညကြိယာ ပြောရတာလား ဘုရား’

‘ဟုတ်တယ်’

## ၇၄။ သဘာဝ၊ နာနာဘာဝ၊ ဝိနာဘာဝ

‘အဲသည် ကာမပုညကြိယာတွေဖြစ်တဲ့ ကာမကုသိုလ်တွေက ဘယ်လို ဒုက္ခဖြစ်တာလဲ ဘုရား’

‘ကာမပုညကြိယာဖြစ်တဲ့ ကာမကုသိုလ်ပြုသူဟာ ကာမကုသိုလ်ရဲ့ ပုံပြောင်းပစ်တာကို ခံရတယ်’

‘ဘယ်လို ပုံပြောင်းပစ်တာလဲ ဘုရား’

‘သိမှု၊ခံစားမှု၊မှတ်သားမှု၊တုံ့ပြန်မှုနဲ့ (ရှင်သန်)တည်ရှိမှုတွေဟာ **သဘာဝ** မဟုတ်လား’

‘ဟုတ်တာပေါ့ ဘုရား’

‘သည်သဘာဝတွေကို သူ့အတိုင်း မဖြစ်စေတော့ဘူး’

'ဘယ်လို ဖြစ်စေလို့လဲ ဘုရား'

'ကာမကုသိုလ်ပြုတုန်းက သိမှုနဲ့ ခံစား၊မှတ်သား၊တုံ့ပြန်၊ ရှင်သန်(တည်ရှိ)မှုတွေအတိုင်း ဖြစ်ကြရလို့ သဘာဝတွေ ပြောင်းလဲကုန်တာ ခံကြရတယ်'

'**သဘာဝပျောက်တော့** ဘာဖြစ်တာမှတ်လို့ ဘုရား'

'ဖြစ်တယ်'

'ဘယ်လိုဖြစ်တာလဲ ဘုရား'

'**သဘာဝမဖြစ်တော့ နာနာဘာဝ**တွေ ဖြစ်ကြတယ်'

'သည်လိုဖြစ်တယ်ဆိုလည်း လူဟာ လူပဲမဟုတ်ဘူးလား ဘုရား'

'ဘယ်ဟုတ်မလဲ'

'လူက လူမဟုတ်တော့ဘူးလား ဘုရား'

'လူ့သဘာဝပျောက်ပြီဆိုတော့ လူ့သဘာဝနဲ့သီးခြားဖြစ်တဲ့-ဘဝတွေ ဖြစ်ပြီဆိုတော့ လူမဟုတ်တော့ဘူးပေါ့'

'ဘာကောင်တွေဖြစ်တာလဲ ဘုရား'

'**နတ်**တွေပဲ'

'နတ်က ဘယ်လိုဖြစ်တာလဲ ဘုရား'

'နတ်အသိ နတ်ခံစားမှုနတ်မှတ်သားနတ်တုံ့ပြန်နတ်ရှင်သန် (တည်ရှိ) ခန္ဓာတွေ ဖြစ်တာပေါ့'

'သည်တစ်လံမျှလောက် အကောင်ကြီးပေါ်မှာပဲ လာဖြစ်နေကြတာလား ဘုရား'

'ဒါပေါ့'

'သေပြီးမှ အဲသည်ဘဝတွေပြောင်းတာ မဟုတ်ဘူးလား ဘုရား'

'သေပြီးမှပြောင်းတာ ဘယ်သူသိဖူးလို့လဲ'

'ဘဝပြောင်းတယ်-ဆိုတာ မသေခင် ဘဝပြောင်းရတာပေါ့ ဘုရား'

'**မသေခင်မှာ လူသိထင်ရှား ဘဝပြောင်း**လို့ လူက နစ်နာရတာပဲ'

'လူမှာ လူ့သဘာဝစိတ်နဲ့ ခံစားမှု...အစစတွေ လုံးလုံးမရှိတော့ဘူးလား ဘုရား'

'ပြောင်းသွားမှတော့ ဘယ်ရှိတော့မှာလဲ'

'သူက လူလိုသိလို့ ခံစား....အစစတွေ ပြုလို့မရတော့ဘူးပေါ့ ဘုရား'

'လူလို သိရ,ခံစားရ....အစစတွေ အသိပေးချင်သလောက်ပေး၊ သူ့အနေနဲ့ သိလို့ ခံစား....အစစတွေ ဖြစ်လို့မရတော့ဘူး'

'သည်လိုဖြစ်တာက မပျက်တော့ဘူးလား ဘုရား'

'မပျက်တော့ဘူး ဘယ်ရှိပါ့မလဲ'

'ပျက်လို့ တော်သေးတာပေါ့ ဘုရား'

'ပျက်တာကို ကောင်းတယ်ချီးမွမ်းတာလား'

'လူ့သဘာဝမဟုတ်တာတွေ ပျက်တာ ချီးမွမ်းရမှာပဲ မဟုတ်ဘူးလား ဘုရား'

'မချီးမွမ်းထိုက်ဘူး'

'ဘာဖြစ်လို့လဲ ဘုရား'

'လူ့သဘာဝမဟုတ်တဲ့ နာနာဘာဝတွေပျက်လို့ လူ့သဘာဝ ပြန်ဖြစ်မလာလို့ပဲ'

'ဖြစ်ရမှာ မဟုတ်ဘူးလား ဘုရား'

'အဲသည်အထင်ပျောက်အောင် သိစရာတခုပြောမယ်'

'နားထောင်ပါ့မယ် ဘုရား'

'ဘိန်းစားသူက ဘိန်းဖိမ်ယစ်မယ်'

'ဟုတ်တာပေါ့ ဘုရား'

'ဘိန်းဖိမ်ယစ်တာပျောက်ယင် ဘိန်းငတ်သူမဖြစ်ဘူးလား'

'ငတ်သူဖြစ်ပါတယ် ဘုရား'

'ဘိန်းမစားခင်ကလူဟာ ဘိန်းငတ်သလား'

'ဘယ်ငတ်မလဲပေါ့ ဘုရား'

'သည်တော့ ဘိန်းမစားခင်ကလူ ဖြစ်သေးတော့ရဲ့လား'

'နာနာဘာဝတွေပျက်ပြီး သဘာဝလူမဖြစ်တော့ ဘာဖြစ်သလဲ ဘုရား'

**'ပျက်သွားတဲ့ နာနာဘာဝကို လွမ်းတပူဆွေး မှန်းမျှော်နေသူ**တွေပဲ ဖြစ်မှာပေါ့'

'အဲဒါကို ဘာဘဝလို့ပြောမလဲ ဘုရား'

'**ဝိနာဘာဝ**လို့ခေါ်တဲ့ ဘဝပဲ'

'နာနာဘာဝနဲ့ကင်းပြီးဖြစ်တဲ့ ဝိနာဘာဝလား ဘုရား'

'ဒါပဲ'

'အဲဒါမှ လူက ပိုခံရတောတာ့တာပဲ ဘုရား'

'ဟုတ်တယ်'

'သည်တော့ ဒါတွေ ဘယ်လို ဘဝဇာတ်သိမ်းကြမှာလဲ ဘုရား'

'ဇာတ်သိမ်းဖို့တော့ မမျှော်နဲ့ထဲကပဲ'

'သည်လိုပဲ ဖြစ်နေရတော့မှာလား ဘုရား'

'မဟုတ်ပါဘူး'

'ဘယ်လိုဖြစ်မှာလဲ ဘုရား'

'ဝိနာဘာဝအဖြစ်မှာ ခံစားချက်တွေက ဆိုးလွန်းတော့ အဲသည် ခံစားချက်ဆိုးဖျောက်ဖို့ဆိုယင် ဘာလုပ်ရလုပ်ရဆိုတဲ့ **မိုက်ကန်းမှုအဝိဇ္ဇာတွေဝင်လာ**တာပေါ့'

'အဲဒါ **အဝိဇ္ဇာသဝ**ဖြစ်တာလား ဘုရား'

'ဒါပေါ့'

'သည်လိုဆိုတော့ **ကာမာသဝ**တွေလည်း ထကြွသောင်းကျန်းလာတော့မှာပဲပေါ့ ဘုရား'

'ထကြပြီပေါ့'

'သည်လိုဖြစ်ယင် ကာမကုသိုလ်တွေပဲ ပြန်ဖြစ်စေတော့မှာပေါ့ ဘုရား'

'ကာမာသဝထကြွတယ်ဆိုတဲ့ စိတ်ရှုးမပေါက်ယင် ကာမကုသိုလ်ကံက လုပ်လို့ရတာမှ မဟုတ်တာပဲ'

**'အနာဂါမိမဂ်နဲ့ အသိခံရတဲ့ ဒုက္ခအရိယသစ္စာဖြစ်တဲ့ ကာမ**

**ကုသိုလ်ကံတွေက အသုံးမကျတဲ့ ဆိုးဝါးလှတဲ့ ပျက်စီးမှုကြီးပဲ** ဘုရား'

'ဒါတွေဟာ **အနာဂါမိမဂ်ရဲ့ ဒုက္ခအရိယာသစ္စာ အဖြစ်**တွေပဲ'

'အနာဂါမိမဂ်က ကာမကုသိုလ်သံသရာဒုက္ခကို အမှန်အတိုင်း လက္ခဏာတွေသိမြင်တော့ ဘာဖြစ်မှာလဲ ဘုရား'

'အဲသည် ကာမကုသိုလ်တွေအပေါ်မှာ မက်မောတွေ ကွာကျကြတာပေါ့'

'ကာမကုသိုလ်ကို သူမမက်တော့ဘူးလား ဘုရား'

'ဟုတ်တယ်၊ အပြစ်မြင်မှတော့ ဘယ်မက်တော့မလဲ'

'ကာမကုသိုလ်က ကာမကုသိုလ်ကို မက်မောရာကနေ လွန်ကျူးတဲ့အဖြစ် ကာမကုသိုလ်ပြုမိတာ မဟုတ်ဘူးလား ဘုရား'

'ဟုတ်တာပေါ့'

'မက်မောမှုမရှိတော့ဘူးဆိုတော့ ကာမကုသိုလ်ရဲ့အကြောင်းကို ပယ်တာလား ဘုရား'

'ဒါပေါ့'

'ကာမကုသိုလ်ရဲ့ အကြောင်းသမုဒယ ပယ်တာဆိုတော့ ဒါဟာ **အနာဂါမိမဂ်မှာပယ်တဲ့ သမုဒယအရိယသစ္စာ** ပယ်တာလား ဘုရား'

'ဟုတ်တယ်'

'သည်လိုပယ်ယင် သည်ကာမကုသိုလ် ဖြစ်လို့မရတော့ဘူးပေါ့ ဘုရား'

'အကြောင်းမှ မရှိတော့တာ ဘယ်ဖြစ်လို့ရတော့မလဲ'

'အဲသည်ကာမကုသိုလ် ငြိမ်းတာပေါ့ ဘုရား'

'ဒါပေါ့'

'ဒါဟာ **အနာဂါမိမဂ်ရဲ့ နိရောဓအရိယသစ္စာ**ပေါ့ ဘုရား'

'ဟုတ်တယ်'

'အနာဂါမ်ရဲ့ မဂ္ဂအရိယသစ္စာ၊ဒုက္ခအရိယသစ္စာ၊ သမုဒယအရိယသစ္စာ၊ နိရောဓအရိယသစ္စာ၊ ဒါတွေဟာ သောတာပန် သကဒါဂါမ်တို့ရဲ့ အရိယသစ္စာတွေနဲ့ အားလုံးသီးခြားတွေပဲ ဘုရား'

'ဒါပေါ့'

'ကောင်းလိုက်တာ ဘုရား'

'ကောင်းနိုင်ပါစေပေါ့'

## ၇၅။ အရဟံအရိယာ၏ ဒုက္ခနိရောဓဂါမိနီပဋိပဒါအရိယသစ္စာ

## (ဝါ) မဂ္ဂအရိယသစ္စာ

'ဆက်လည်း လျှောက်ထားခွင့်ပေးပါဦး ဘုရား'

'ပြောပါ'

**'ရဟန္တာရဲ့ အရိယသစ္စာလေးပါး**လည်း သိချင်ပါတယ် ဘုရား'

'ဟုတ်ပါတယ် ဘုရား'

**'အရဟံရဲ့ မဂ္ဂအရိယသစ္စာ**ကို သိပါရစေဘုရား'

'အရဟံရဲ့ မဂ္ဂအရိယသစ္စာဖြစ်ဖို့ အနာဂါမ်အဖြစ်နဲ့ လုပ်

ရမယ်'

'ဘာကိုလုပ်ရမလဲ ဘုရား'

'သီလပေါ့'

**'အနာဂါမ်က သီလစောင့်ရမှာ**လား ဘုရား'

'ဒါပဲပေါ့'

'အနာဂါမ်စောင့်တဲ့သီလကို အနာဂါမ်စောင့်တဲ့ဥပုသ်လို့ ပြောယင် ရမလားဘုရား'

'ဥပုသ်ဆိုတာ တရားကပ်ပြီးနေတဲ့ အနေရဲ့နာမည်ဆိုတော့ အနာဂါမ်က တရားကပ်နေတာဖြစ်လို့ **အနာဂါမ်ဥပုသ်**လို့ ပြောလို့ရပါတယ်'

'အနာဂါမ်ဆောင်တဲ့ ဥပုသ်သီလက ဘာတွေလဲ ဘုရား'

**'စာရိတ္တဝါရိတ္တတွေဖြစ်တဲ့ ပုညကြိယာတွေ**ပါပဲ'

'အဲဒါတွေက အနာဂါမ်ဖြစ်ပြီးလို့ ရပြီးနေပြီမဟုတ်ဘူးလား ဘုရား'

'ရပြီးတာပြီးပေမယ့် မရသေးတာ ကျန်သေးတယ်'

'ဘယ်လိုစာရိတ္တဝါရိတ္တဖြစ်တဲ့ ပုညကြိယာတွေ ကျန်တာလဲ ဘုရား'

'အနာဂါမ်ပြီးတဲ့ စာရိတ္တဝါရိတ္တဖြစ်တဲ့ ပုညကြိယာတွေက ကာမအမြင်ရည်ရွယ်ချက်နဲ့ပြုတဲ့ ပုညကြိယာတွေပဲ'

'ဟုတ်ပါတယ် ဘုရား'

**'မဟဂ္ဂတအမြင်ရည်ရွယ်ချက်တွေနဲ့ ပြုတဲ့ စာရိတ္တဝါရိတ္တ ပုညကြိယာတွေကို အနာဂါမ်က ဝေဖန်လို့ မပြီးသေးဘူးပဲ'**

'အနာဂါမ်က စာရိတ္တဝါရိတ္တသီလတွေ ဖြစ်ကြတဲ့ ပုညကြိယာတရားတွေကို ဘယ်အမြင်ရည်ရွယ်ချက်တွေနဲ့ စောင့်သုံးဥပုသ်ပြုနေကြမလဲ ဘုရား'

**'လောကာနုကမ္ပအမြင် လောကာနုကမ္ပရည်ရွယ်ချက်**တွေနဲ့ပေါ့'

'သကဒါဂါမ်ရဲ့ လောကာနုကမ္ပအမြင်မျိုးပဲလား ဘုရား'

'ဟုတ်တယ်'

'အဲသည်လိုဆိုတော့ ဥပုသ်ချင်းအတူပဲလား ဘုရား'

'မတူဘူး'

'ဘယ်လိုလဲ ဘုရား'

'သကဒါဂါမ်က လောကာနုကမ္မအမြင်နဲ့စောင့်တဲ့ စာရိတ္တဝါရိတ္တဖြစ်တဲ့ ပုညကြိယာက တမျိုး၊ အနာဂါမ်က လောကာနုကမ္မအမြင်နဲ့ စောင့်တဲ့ စာရိတ္တဝါရိတ္တပုညကြိယာက တမျိုးဖြစ်လို့ပဲ'

'သကဒါဂါမ်ရဲ့ လောကာနုကမ္မအမြင်နဲ့စောင့်တဲ့ စာရိတ္တဝါရိတ္တ ပုညကြိယာက ဘာတွေဖြစ်လို့လဲ ဘုရား'

'ကာမအမြင်နဲ့ပြုတဲ့ ပုညကြိယာတွေကို (ဝိရမိတဗ္ဗ)ရှောင်ဖွယ်ထားပြီး လောကာနုကမ္မအမြင်နဲ့ပြုတဲ့ ပုညကြိယာပဲ'

'အနာဂါမ်ရဲ့ လောကာနုကမ္မအမြင်နဲ့စောင့်တဲ့ ပုညကြိယာက ဘာတွေ ရှောင်စရာ(ဝိရမိတဗ္ဗ)ထားပြီးပြုတဲ့ ပုညကြိယာလဲ ဘုရား'

'မဟဂ္ဂတအမြင်နဲ့ပြုတဲ့ ပုညကြိယာတွေကို ရှောင်စရာ(ဝိရမိတဗ္ဗ)ထားပြီးပြုတဲ့ ပုညကြိယာတွေပေါ့'

## ၇၆။ ရူပက ကာမသညာကို အသိမဲ့နဲ့ဖျက်တယ် အရူပက ကာမနဲ့ ရူပသညာကို အရှိမဲ့နဲ့ဖျောက်တယ်

'မဟဂ္ဂတအမြင်နဲ့ပြုတဲ့ ပုညကြိယာက ဘယ်လိုပြုတာလဲ ဘုရား'

'မဟဂ္ဂတမှာ ရူပမဟဂ္ဂတ၊ အရူပမဟဂ္ဂတဆိုပြီး နှစ်မျိုးရှိတယ်'

'ဟုတ်ပါတယ် ဘုရား'

'**ရူပမဟဂ္ဂတ**က ရုပ်ကိုပဲအာရုံပြုပြီး အထွေထွေဖြစ်ပွားမှုတွေ *အသိမဲ့*အောင်နေပြီး **ကာမသညာဖျက်**တာပဲ'

---

*[၁၂] သညာ=မှတ်သိခြင်း=မှတ်ဉာဏ်။ ရူပအကျင့်သည် ရုပ်ဟူသော ဖြစ်တည်မှုတစ်ခုတည်းသက်သက်ကိုသာ စူးစိုက်သောသညာဖြင့် မှတ်သိသောအခါ အခြားသော သိစရာအာရုံများကို အာရုံ မယူတော့သဖြင့် အသိမဲ့ခါ အာရုံငါးပါးအပေါ် မှတ်ဉာဏ်များ တစထက်တစ ပျက်သုဉ်းသွား၍၊ အရူအပအကျင့်သည် ဖြစ်တည်မှုရုပ်ကိုပင် အရှိမဲ့(လဟာ=အာကာသ)အမြင်ဖြင့် စူးစိုက်သောသညာဖြင့် မှတ်သိသဖြင့် အာရုံငါးပါးကို မှတ်သိသော မှတ်ဉာဏ်အပြင် အရှိမဲ့ကို မှတ်သိနေသော မှတ်ဉာဏ်ပင် ပျက်သုဉ်းသွားသည်ကို ဆိုလိုသည်။

'အမိန့်ရှိပါ ဘုရား'

'**အရူပမဟဂ္ဂုတ**က ရုပ်မဟုတ်တာတွေကို အာရုံပြုပြီး ရုပ်နဲ့ အထွေထွေဖြစ်ပွားမှုတွေ **အရှိမဲ့**အောင်နေပြီး **ကာမ၊ရူပသညာတွေ ပျောက်**တာပဲ'

'သည်လို သညာတွေပျောက်နေသူဟာ ပုညကြိယာတွေ ဖြစ်တဲ့ ဒါနသီလ....အစစတွေ ဘယ်လိုပြုမလဲ ဘုရား'

'ကာမ,ရူပသညာတွေ ပျောက်နေတော့ ပေးစရာတွေကို မပေး ချင်တဲ့ တွန့်တိုမှုကလည်း မရှိဘူး မဟုတ်လား'

'မရှိရတော့ဘူးပေါ့ ဘုရား'

'တဦးဦးက အသုံးပြုချင်တယ်ဆိုယင် သုံးခွင့်ပေးတာမျိုး ပေါ့'

'ပစ္စည်းရသူကို မသုံးသပ်ဘူးလား ဘုရား'

'ဟုတ်တယ်'

'ပေးရတဲ့ကိုယ့်ကိုယ်ကိုလည်း အဖတ်မဆယ်ဘူးလား ဘုရား'

'အဲဒါလည်း ဘယ်လုပ်မလဲ'

'ပစ္စည်းအတိုင်းအထွာကိုကော တန်ဖိုးထားရဲ့လား ဘုရား'

'ဒါလည်း ဘယ်ထားမလဲ'

'အဲသည်လိုဆို တော်ပါ့မလား ဘုရား'

'မတော်ဘူးသာ ထင်ရမယ်၊ သူတို့ကတော့ '**မုတ္တစာဂီ အနုဒ္ဒတော**'-ဆိုတာ သည်လိုမှလို့အထိ မှတ်ယူတယ်'

'ဗမာလိုက ဘယ်လိုအဓိပ္ပါယ်လဲ ဘုရား'

'**မတုန့်မလှုပ် လွတ်လွတ်စွန့်ကြဲပေးကမ်းမှု**-ပေါ့'

'ဟုတ်တော့ ဟုတ်သားပဲဘုရာ့'

'သည်လိုဟုတ်လို့ ဒါကို မကျော်နိုင်ကြတာပဲ'

'အနာဂါမ်ဥပုသ်က ဒါကိုကျော်ရမှာလား ဘုရား'

'ဟုတ်တယ်'

'ပေးကမ်းတဲ့ဖြစ်ပွားချက်က အဆင့်ဆင့်ဖြစ်ပွားတဲ့ ဖြစ်ပွား

ချက်တွေကိုမြင်ပြီး ပေးတော့ ကျော်တာပေါ့ ဘုရား'

'ဒါပေါ့'

'သီလလည်း လုပ်ပါဦး ဘုရား'

'သတ်ဖြတ်၊ခိုးဆိုးတွေရှောင်လို့ ဖြစ်ပွားချက်က အဆင့်ဆင့် ဖြစ်ပွားချက်တွေကို မြင်ပြီး သတ်ဖြတ်,ခိုးဆိုးတွေရှောင်တဲ့ သီလပေါ့'

'ဘာဝနာပုညကြိယာကို လောကာနုကမ္ဘအမြင်နဲ့ ဘယ်လို ဘာ ဝနာမှုပြုမလဲ ဘုရား'

'ဒါနသီလတွေ ဖြစ်ထက်ဖြစ်ဖို့ သတိ၊ဝီရိယ၊သမာဓိထားလို့

ဖြစ်ပွားချက်က အဆင့်ဆင့်ဖြစ်ပွားချက်တွေ မြင်ပြီး၊ အဲသည် သတိ၊ ဝီရိယတွေ ထားတာပေါ့'

'အပစာယန၊ဝေယျာဝစ္စ....အစစတွေလည်း သည်လိုပဲ လော ကာနုကမ္ဘအမြင်နဲ့ပဲ ဖြစ်စေမလား ဘုရား'

'ဒါပေါ့'

## ၇၇။ အရဟံအရိယာ၏ အရဟတ္တမဂ်အင်္ဂါများ

'သည်ဓမ္မတွေကပ်နေတဲ့ ဥပုသ်ကို ကြိုးစားပြီး အယုတ်၊ အလွန် မဖြစ်အောင်နဲ့ ယုတ်ဖို့၊လွန်ဖို့ဆီ ရောက်စေနိုင်တဲ့စိတ်ဓာတ် မဖြစ်အောင် ဝီရိယနဲ့သတိတွေထားပြီး နေမလား ဘုရား'

'အဲသည်လောက်နေတာ မကဘူး'

'ဘယ်လိုနေမလဲ ဘုရား'

'အနာဂါမ်ရဲ့ ဓမ္မကပ်ရောက်မှုဥပုသ်က **မဟဂ္ဂတအမြင်က လွတ်တဲ့အမြင်** ဖြစ်တော့ အဲသည်မဟဂ္ဂတအမြင် ဖြစ်တဲ့ ရုပ်အမြင်နဲ့ ရုပ်မဲ့ အမြင်နဲ့ပြုတဲ့ ပုညကြိယာတွေကို ဝေဖန်ပြစ်တင်မှု ဝိဘဇ္ဇလုပ်တဲ့ စိတ်တွေ ပွားတယ်'

**'အဲသည်စိတ်ဟာ သမာဓိရဲ့နာမည်**လား ဘုရား'

'ဟုတ်တယ်'

'အဲသည်စိတ်တွေ ကူးတာကို သမာဓိဖြစ်တယ် ပြောရ မလား ဘုရား'

'သမာဓိဖြစ်တယ်တောင် မကဘူး၊ **ဈာန်ပွားတယ်**အထိ ပြောလို့ ရတယ်'

'အဲဒါ ဘာဈာန်လဲ ဘုရား'

'**အရဟတ္တဈာန်မဂ်ဈာန်**ပေါ့'

'အရဟတ္တမဂ်လည်း မဖြစ်သေးဘူး မဟုတ်လား'

'စကားစဉ်မို့ မရောက်သေးတာပဲ'

'အကျင့်အစဉ်က အရဟတ္တမဂ်ထဲ ရောက်နေလို့လား ဘုရား'

'ဟုတ်တယ်'

'အဲသည်ဈာန်က ပဌမဈာန်၊ဒုတိယဈာန်.....အစစဈာန် ဘယ်လို ခွဲရမှာလဲ ဘုရား'

'ခုနကအာရုံကို တွေးတဲ့အခါ စိတ်ချည်းမဟုတ်ဘူး'

'ဘာတွေပါလို့လဲ ဘုရား'

'ဝိတက်၊ဝိစာရ၊ပီတိ၊သုခ၊ဧကဂ္ဂတာ-ဒါတွေ ငါးပါးလုံးပါတဲ့စိတ်နဲ့

တွေးခေါ်မြော်မြင်တာဆိုယင် **အရဟတ္တမဂ်ပဋ္ဌမစျာန်**ပေါ့'

'ဝိတက်မပါတဲ့ လေးပါးနဲ့တွေးတော့ **ဒုတိယစျာန်**လား ဘုရား'

'ဒါပဲပေါ့'

'ဥပေက္ခာ၊ဧကဂ္ဂတာနဲ့ပဲတွေးတော့ **ပဉ္စမအရဟတ္တမဂ်စျာန်** ပေါ့ ဘုရား'

'ဟုတ်တယ်'

**'ဒါတွေ အထပ်ထပ်ပွားနေတာဟာ လောကုတ္တရ အရဟတ္တ မဂ်စျာန်တွေ ပွားနေတာ**ပေါ့ ဘုရား'

'ဒါပေါ့'

'သည်စျာန်တွေပွားတာဟာ သတိ၊ဝီရိယတွေ ပွားနေ တာလည်း ဖြစ်တယ် ဘုရား'

'ဖြစ်တာပေါ့'

'အရဟတ္တမဂ်သီလဖြစ်တဲ့ မဟာဂ္ဂတာကို ဝိရမိတဖွဲ့ရှောင် ရှားပြီး ပြုတဲ့ ပုညကြိယာမှုတွေ ပွားနေပြီးသားလည်းဖြစ်တယ် ဘုရား'

'ဟုတ်တယ်'

'ဒါကို ဘယ်သူက ပွားနေတာလဲ ဘုရား'

'အနာဂါမ်ပုဂ္ဂိုလ်ကပေါ့'

'သူက အရဟံမဖြစ်သေးဘူးလား ဘုရား'

'ဟုတ်တယ်'

'ဘာဖြစ်လို့လဲ ဘုရား'

'အရဟတ္တမဂ် အစိတ်အပိုင်းအားလုံးစုံအောင် မဖြစ်သေးလို့ပဲ'

'ဘယ်တော့ဖြစ်မှာလဲ ဘုရား'

'အဲသည်သီလနဲ့သမာဓိတွေ ပွားဖန်များတော့ ဖြစ်မှာပဲ'

'ဘယ်လိုဖြစ်လာမှာလဲ ဘုရား'

'အရဟတ္တမဂ်ရဲ့ အင်္ဂါအစိတ်အပိုင်းဖြစ်တဲ့ မဟဂ္ဂတကို ဝိရမိတဗ္ဗရှောင်ရှားပြီးပြုတဲ့ ပုညကြိယာသီလတွေကို အာရုံအဖြစ်ထားခါ ပွားများတဲ့ အရဟတ္တမဂ်အင်္ဂါဖြစ်တဲ့ စျာန်တွေ ပဉ္စမစျာန်အထိ

ပွားသူမှာ အသိထူးတွေ ပေါက်တယ်’

‘**အသိထူးဆိုတာ အဘိညာဉ်**လား ဘုရား’

‘ဟုတ်တယ်’

‘ပဋ္ဌမဈာန်အထိပွားတယ်ဆိုတာ ဥပေက္ခာဖြစ်အောင် တည်ပြီး အရဟတ္တမဂ်သီလရဲ့ ရန်သူဖြစ်တဲ့ မဟာဂ္ဂတအမြင်ရဲ့ အပြစ်တွေကို တွေးတာလား ဘုရား’

‘ဒါပေါ့’

‘ဒါရဲ့အပြစ်တွေက တွေးဖန်များယင် အာရုံမှာ အတွေးစိတ်ကို တင်ပေးရတဲ့ဝိတက်ဆိုတာ မလိုတော့ဘဲ ဖြစ်လာမှာထင်ပါတယ် ဘုရား’

‘အဲသည်အတိုင်းပဲ’

‘သည့်ထက်တွေးဖန်များယင် အာရုံမှာ တွေးစိတ်တွေ သုံးသပ်တာလည်း လွန်သွားမယ်ပဲ မဟုတ်လား ဘုရား’

‘လွန်မှာပဲပေါ့’

‘သည့်ထက်သည် တွေးဖန်များလာယင် နှစ်သိမ့်နိုင်တာ

ချမ်းမြေ့နိုင်တာတွေတောင် ကျောခိုင်းခံလာရမှာပဲ မဟုတ်ဘူးလား ဘုရား'

'ဟုတ်တယ်၊ ပြည့်ဝတည်ငြိမ်တာပဲ ဖြစ်မယ်'

'ဒါတွေက သည်လို အစဉ်အတိုင်းဖြစ်မှာလား ဘုရား'

'ဘယ်ဟုတ်မလဲ'

'ဘယ်လိုလဲ ဘုရား'

'ဖြစ်စဉ်တွေရှိတာ မကျော်အောင် ပြောတာပေါ့'

'တကယ့်အဖြစ်က ဘယ်လိုလဲ ဘုရား'

'သိတောင်သိလိုက်မှာ မဟုတ်ဘူး ဖြစ်မယ်'

'ဘာမသိလိုက်တာလဲ ဘုရား'

'ပြည့်ဝတည်ငြိမ်တဲ့အတွေးဆီ ရောက်တာကိုပေါ့'

## ၇၈။ အရဟံအရိယာ ပေါက်မြောက်သော အဘိညာဉ်များ

'အရဟတ္တမဂ်ရသူတိုင်းတော့ အဲသည်ရောက်မှာပဲလား ဘုရား'

'ရောက်ရုံတောင် မကရဘူး'

'ဘယ်လိုလဲ ဘုရား'

'အဲသည်ကကျော်ပြီး အဘိညာဉ်တောင် ပေါက်ရတယ်'

'အဲသည် ဈာန်နဲ့အဘိညာဉ်တွေ မရောက်မပေါက်ဘဲ အရဟတ္တမဂ်ရောက်လို့ မရဘူးလား ဘုရား'

'ဒါက အရဟတ္တမဂ်ရဲ့ အင်္ဂါတွေပဲ၊ ဒါတွေမပြည့်ဘဲ အရဟတ္တမဂ်ဆိုတာ ဖြစ်လို့ဘယ်ရမလဲ'

'အဘိညာဉ်တွေက ဘာတွေလဲ ဘုရား'

'**ပုဗ္ဗေနိဝါသာနုဿတိ၊ ဒိဗ္ဗစက္ခု၊ အာသဝက္ခယ**တို့ပဲ'

'ဒါတွေက ဈာန်ကနေတက်လာတဲ့ အသိတွေပေါ့ ဘုရား'

'ဟုတ်တယ်'

'စျာန်က မဟဂ္ဂတရဲ့အပြစ်တွေရှုတော့ **ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်** ဖြစ်တယ်ဆိုတဲ့ အဲသည် မဟဂ္ဂတအမြင်ရဲ့ အပြစ်တွေ ရှေးက ဖြစ်ဘူးတာပဲ အောက်မေ့နိုင်တာများ ဖြစ်မလား ဘုရား'

'ဟုတ်တာပေါ့'

'**ဒိဗ္ဗစက္ခု**လည်း မဟဂ္ဂတအမြင်နဲ့လုပ်တဲ့ ပုညကြိယာရဲ့ ဝိပါက် တွေဖြစ်တဲ့ နာနာဘာဝ၊ဝိနာဘာဝတွေပဲမြင်တာ ဖြစ်မလား ဘုရား'

'အမှန်ပဲ'

'**အာသဝက္ခယအဘိညာဉ်** ဖြစ်ပုံလည်း မိန့်ပါဦး ဘုရား'

'မဟဂ္ဂတအဖြစ်ကို သာယာတဲ့ ရူပတဏှာ၊အရူပတဏှာ ဆိုတာတွေ ရှိတယ်'

'ဟုတ်ပါ့ ဘုရား'

'ဒါတွေဟာ ဘဝါသဝ၊ အဝိဇ္ဇာသဝတွေပဲ'

'အမိန့်ရှိပါဦး ဘုရား'

‘မဟဂ္ဂတသတ္တဝါဖြစ်တဲ့ နာနာဘာဝ ဗြဟ္မာသတ္တဝါ အဖြစ် အမျိုးမျိုးတွေ ပျက်စီးလို့ဖြစ်တဲ့ ဝိနာဘာဝတွေကို စက္ခုဉာဏ်အလင်း ပေါက်တော့ ဒါတွေ **ဖြစ်ချင်အာသာလို့ဆိုတဲ့ ဘဝါသဝ၊အဝိဇ္ဇာသဝတွေ**

**ယိုစီးလို့ မရတော့ဘဲ ကုန်ဆုံးတာရဲ့အာမည်ဟာ အရဟတ္တမဂ်ရဲ့ အာသွ ကွယအဘိညာဉ်**ပေါ့’

‘သည်အဘိညာဉ်သုံးပါးက မဂ်တိုင်းပေါက်တာပဲ မဟုတ် ဘူးလား ဘုရား’

‘မဂ်လေးပါးမှာ တပါးတိုင်း ပေါက်တာပေါ့’

‘ပဌမမဂ်ကပေါက်တဲ့ အဘိညာဉ်၃ပါးနဲ့ ဒုတိယ....အစစ မဂ်က ပေါက်တဲ့ အဘိညာဉ်သုံးပါးလည်း မတူကွဲပြားတယ် မဟုတ် ဘူးလား ဘုရား’

‘မဂ်တခုတိုင်းက ပေါက်တဲ့ အဘိညာဉ်တိုင်း တမျိုးစီပဲ’

‘မဂ်တခုက သူပေါက်ရမယ့် အဘိညာဉ် အစုံပေါက်ပြီးတာ ဟာ ပြည့်စုံတဲ့အမြင်အတွေး ဖြစ်တာပဲလား ဘုရား’

‘ဟုတ်တယ်’

'ဒါတွေပေါက်လာပြီဆိုယင် အရဟတ္တမဂ် ဖြစ်တော့ပြီပေါ့ဘုရား'

'အနာဂါမ်အဖြစ်က ပြတ်ပြီး အရဟံအဖြစ် ရောက်တော့တာပဲ'

## ၇၉။ အရဟံအရိယာ၏ ဒုက္ခအရိယသစ္စာ

'အရဟတ္တမဂ် အင်္ဂါရပ်တခုတိုင်းရဲ့ အလုပ်ဟာ တခြားမဂ်အင်္ဂါ ရပ်တခုတိုင်းရဲ့ အလုပ်နဲ့ မတူကြဘူးဘုရား'

'အရဟတ္တမဂ်မှလား တခြားမဂ်အင်္ဂါရပ်တခုတိုင်းလည်း ကျန် တဲ့ မဂ်အင်္ဂါရပ်တခုတိုင်းရဲ့ အလုပ်နဲ့ တူကြလို့လား'

'ဟုတ်ပါတယ် ဘုရား'

'အမြင်အတွေးမှန်အထိ အရဟတ္တမဂ်အင်္ဂါတွေဖြစ်ပုံ ပြောခဲ့တာနော်'

'ဟုတ်ပါတယ် ဘုရား'

'အဲသည် အမြင်အတွေးမှန်တော့ ဘာဖြစ်မလဲ'

‘အပြော၊အပြု၊အနေတွေ မမှားတော့ဘူးပေါ့ ဘုရား’

‘အဲဒါတွေ မှန်တော့ကော’

‘ကြိုးစားမှု....အစစတွေ မမှားတော့တာပေါ့ ဘုရား’

‘သည်တော့ သည်အရဟတ္တမဂ် အင်္ဂါရှစ်ချက်ဟာ ဘယ်အင်္ဂါက စသလဲ၊ ဘယ်အင်္ဂါက ပဓာနလဲ’

‘သူတို့က စက်ဖြစ်နေတော့ ဘယ်သူ စ,တယ်၊ပဓာနဖြစ်တယ် ပြောစရာ မရှိလောက်ပါဘူး ဘုရား’

‘အဲဒါ အမှန်ပဲ’

‘သည်တော့ အစမရှိဘူး ပြောရမလား ဘုရား’

‘သည်လိုတော့လည်း မဟုတ်ဘူး’

‘ဘယ်လိုလဲ ဘုရား’

‘အရဟတ္တမဂ်သီလတွေ ဘယ်သူဖြစ်ဖြစ် ကျင့်သုံးနိုင်၊ ပွားများနိုင်မလား’

‘ဘယ်ဖြစ်မလဲ ဘုရား’

'ဘယ်သူပဲ လုပ်နိုင်တာလဲ'

'အနာဂါမ်ပဲ လုပ်နိုင်တာပေါ့ ဘုရား'

'သည်လိုဆိုတော့ **အနာဂါမ်ရဲ့မဂ္ဂင်တွေက အရဟံရဲ့ သီလမဂ္ဂင်တွေကို ဖြစ်စေတာ**ပေါ့'

'ဟုတ်ပါ့ ဘုရား'

'အဲသည်အထဲမှာ အမြင်၊အတွေးအင်္ဂါတွေ ပါတယ်နော်'

'ပါပါတယ် ဘုရား'

'အဲဒါတွေက အရဟံရဲ့ သီလမဂ္ဂင်တွေ ဖြစ်စေတယ် ပြောရမှာပဲ'

'ဟုတ်ပါ့ ဘုရား'

'အရဟံရဲ့ သီလမဂ္ဂင်တွေက အမြင်၊အတွေးတွေ ပြန်ဖြစ်ပြီး သီလတွေ မြဲတော့တာပေါ့'

'ဟုတ်ပါတယ် ဘုရား'

'အဲသည် အရဟံမဂ်ရဲ့အာရုံဖြစ်တဲ့ တရားဆီ သွားကြည့်

ရအောင်လား’

‘အမိန့်ရှိပါ ဘုရား’

‘အဲဒါဟာ အရိယသစ္စာလို့ပြောတော့ **ဒုက္ခအရိယသစ္စာ**ပဲ’

‘အဲသည် ဒုက္ခအရိယသစ္စာ အရကောက်ဖို့ပဲ လိုမှာပါ ဘုရား’

**‘ရူပါရူပဖြစ်ကြတဲ့ မဟဂ္ဂတကုသိုလ်ကံတွေ**ပေါ့’

‘ဒါတွေဟာ ကာမအာရုံငြိစွန်းမှုက လွတ်တာတွေဆိုတော့ ကောင်းတာတွေလို့ အတော်မှတ်ယူထားကြတာ ဘုရား’

‘ကာမအာရုံဟာ နှိပ်စက်ဖိစီးခံနေရတာပဲ သိကြတာဆိုတော့ ဒါကို အကောင်းမှတ်တာပေါ့’

‘ရူပ၊အရူပကုသိုလ်ကံတွေကို လူတွေက ဘယ်လိုတွေ ပြုကြတာလဲ ဘုရား’

**၈၀။ ရူပ၊အရူပကုသိုလ်ကံနှင့် ဗြဟ္မာ၏ နာနာဘာဝအဖြစ်**

'ရူပကုသိုလ်ကံကို စပြောကြရအောင်'

'ရူပကုသိုလ်ကံကို လူတွေ ဘယ့်ကြောင့်လုပ်ကြတာလဲ ဘုရား'

'ကာမအာရုံထဲကျွံနေသူ မဖြစ်ကြစေချင်လို့ပဲ'

'ဘာဖြစ်လို့ မကျွံစေချင်ကြတာလဲ ဘုရား'

'ကာမအာရုံထဲကျွံတာ နှစ်မျိုးရှိတဲ့အနက်က ကောင်းတာထဲ ကျွံရင် မထောင်းတာလှပေမဲ့ ကောင်းတာကနေ မကောင်းတာဘက် လဲကျသွားတာ ခံရတတ်တော့ အဲသည်ခံရသူဟာ လူလုံးမလှဖြစ်တယ်၊ သည်တော့ ဒါကြောက်ပြီး ကာမကျွံတာ မဖြစ်ချင်တာပဲ'

'သည်တော့ သူက ကာမတွေကိုမက်စက်မှုတဏှာ ပြတ်ရော့လား ဘုရား'

'ကာမအပြစ်တွေကို အပြစ်မြင်ဝေဖန်တာမျိုး မလုပ်နိုင်တော့ မပြတ်ဘူး၊ အဲသည်တဏှာကို ခွါတာပေါ့'

'ရူပကံက ဘယ်လိုပွားသလဲ ဘုရား'

'စိတ်ကို ဟိုဟိုသည်သည် မကူးစေဘဲ ရုပ်အာရုံတခုမှာ ကပ်ထားတာပေါ့'

'ရရော့လား ဘုရား'

'ရတယ်လို့ မဟုတ်လှပေမယ့် လုပ်ဖန်များတော့ အတော်ကြီးတော့ ဖြစ်တော့တာပေါ့'

'သည်လောက်ဖြစ်တော့ ရူပကံ စဖြစ်ပြီလား ဘုရား'

'လုပ်နေတာဆိုပေမဲ့ ရူပတော့ မဖြစ်သေးဘူး'

'ရူပကံဖြစ်ကြောင်း ဘာနဲ့တိုင်းတာလဲ ဘုရား'

'ကာမတဏှာကွာတာနဲ့ တိုင်းရတာပေါ့'

'ကာမတဏှာ ဘယ်လိုကွာလို့လဲ ဘုရား'

**'အာရုံအမျိုးမျိုး စိတ်ရောက်တာကို မလိုလားတာဟာ ကာမ တဏှာ ခွါတာပဲ'**

'အာရုံအမျိုးမျိုးကို စိတ်ဝင်စားမှုမှာ ငြိနေတာဟာ ကာမ တဏှာလား ဘုရား'

‘အဲသည်မှာ စိတ်ဝင်စားကို စိတ်ဝင်စားမှန်းမသိအောင် ငြိနေတာဆိုတော့ အဲဒါ ကာမတဏှာပေါ့’

‘အဲသည်တဏှာက ဘယ်တော့ ကွာမှာလဲ ဘုရား’

‘ရုပ်သဘောရှုရာမှာ ရုပ်သဘောသက်သက်ပဲ မြင်တဲ့အခါပေါ့’

‘ရူပကံဖြစ်တဲ့အခါ ဈာန်ဝင်မလား ဘုရား’

‘ဝင်တယ်’

‘အဲဒါ နည်းနည်း အမိန့်ရှိပါဦး ဘုရား’

‘ရုပ်အာရုံမှာ စိတ်ကိုတင်ပေးရတယ်၊ သုံးသပ်ရတယ်... ဆိုတာတွေဟာ ဈာန်ရဲ့ အင်္ဂါအစိတ်အပိုင်းတွေပဲ’

‘ဝိတက်၊ဝိစာရတွေပေါ့ ဘုရား’

‘ဒါတွေပါတော့ ပဌမဈာန်ပဲ’

‘ဒါတွေ တခုချင်းလျှော့သွားတာ ဒုတိယဈာန်တွေပဲ’

‘သုခ၊ကေဂ္ဂတာနဲ့ ဥပေက္ခာ၊ကေဂ္ဂတာပဲ ဈာန်အင်္ဂါပါတဲ့

ရူပကံတွေဟာ စတုတ္ထနဲ့ ပဉ္စမရူပကံတွေပေါ့'

'အရူပကံလည်း မိန့်ပါဦး ဘုရား'

'ရူပကံက အထွေထွေအာရုံကို ရုပ်အာရုံပေါ်အောင် ရှုသလို အရူပကံက ရုပ်အာရုံကို အာကာသအာရုံပေါက်အောင် ရှုတာပဲ'

'ရုပ်အာရုံပေါ်တော့ အထွေထွေအာရုံငြိမ်းပြီး၊ အာကာသ အာရုံပေါ်တော့ ရုပ်အာရုံငြိမ်းတာပေါ့ ဘုရား'

'ပြောနိုင်ပါတယ်'

'ပြောနိုင်ရုံပဲလား ဘုရား'

'ဟုတ်တယ်'

'ဘယ်လိုလဲ ဘုရား'

'တကယ့် အထွေထွေအာရုံနဲ့ ရုပ်အာရုံတွေ ငြိမ်းကြတာ မဟုတ်လို့ပေါ့'

'ဘာငြိမ်းတာလဲ ဘုရား'

'အဲသည်အာရုံတွေကိုသိတဲ့ သညာ*၁၂တွေပဲ ငြိမ်းကြတာပဲ'

‘ဝိညာဏဥ္စာ၊အာကိဉ္စညနဲ့ နေဝသညာနာသညာတွေကော အမိန့်ရှိပါဦး ဘုရား’

‘အာကာသ အာရုံပြုတော့ အာရမ္မဏိကဝိညာဉ်လည်း အာကာသလို အဆုံးမဲ့ ဖြစ်တာပေါ့၊ ဝိညာဏကို အာရုံအဖြစ်ထားပြီး ဖြစ်ပျက်ရှုတော့ ဖြစ်ပျက်ဆုံးရာ နတ္ထိကိဉ္စိဖြစ်တော့ အာကိဉ္စညပေါ့၊ ဒါကို အမြတ်ဆုံးအဖြစ် အာရုံထားတော့ နေဝသညာနာသညာပေါ့’

‘သည်ရူပ၊အရူပကံတွေဟာ ဘာ့ကြောင့်ဖြစ်တာလဲ ဘုရား’

‘ရူပတဏှာ၊အရူပတဏှာကြောင့်ပဲ’

‘အဲဒါ မိန့်ပါဦး ဘုရား’

‘ရုပ်ဟာ ပြည့်ဝတယ်၊ အပိုအလိုတွေးစရာ ကာမဓာတ် မရှိဘူး၊ ရုပ်မဲ့ဟာ ဘာမှကိုမရှိဘူး၊ သည်လိုမြင်တော့ ရုပ်ကိုစွဲ၊ ရုပ်မဲ့ကိုစွဲပြီး အဲသည်အာရုံတွေနဲ့ပဲ နေချင်အာသာ ဖြစ်တာပါပဲ’

‘ရူပါရူပကံတွေလုပ်တော့ လုပ်သူမှာ ဘာတွေဖြစ်မှာလဲ ဘုရား’

‘ရူပါရူပကံက ရုပ်ဓာတ်နဲ့နာမ်ဓာတ်နဲ့တူတဲ့ ရုပ်ဓာတ်တွေ၊ နာမ်ဓာတ်တွေ ဖြစ်ကြမှာပေါ့’

'အဲဒါတွေက အယင်က လူမှာရှိပြီးသားတွေ မဟုတ်ဘူးလား ဘုရား'

'အဲသည်ကံတွေမလုပ်ခင်က လူမှာ အဲဒါတွေ မရှိကြဘူး'

'လူမှာ လူ့ရဲ့ဓာတ်မဟုတ်တဲ့ ဓာတ်တွေ ဖြစ်နေပြီလား ဘုရား'

'ဟုတ်တယ်'

'အဲဒါ ဘာခေါ်မလဲ ဘုရား'

'**နာနာဘာဝ** ခေါ်ရမှာပေါ့'

'အဲဒါက တစ္ဆေသရဲမှာ ခေါ်တာမှတ်တာ ဘုရား'

'အဲသည်မှာလည်း ခေါ်လို့ရလို့ပေါ့'

'အခု နာနာဘာဝက ဘာကောင်လဲ ဘုရား'

'ကံတွေတုန်းက ရှောင်ခဲ့တဲ့ အာရုံအထွေထွေက ငြိမ်းတာတွေ ဆိုတော့ **ဗြဟ္မသတ္တဝါ** ခေါ်ရမှာပေါ့'

'ဗြဟ္မာဆိုတာ အကောင်းမဟုတ်ဘူးလား ဘုရား'

‘ကောင်းလား၊မကောင်းလား ဆုံးဖြတ်ပေါ့၊ သူတို့မှာ အာရုံခံ အင်္ဂါတွေတော့ ချို့တဲ့နေကြတယ်’

‘သည်လိုဆိုတော့ **လူစဉ်မမီတော့ဘူး**ပေါ့ ဘုရား’

‘ပြီးတော့လည်း **ဝိနာဘာဝ**အဖြစ်လည်း ပြောင်းလဲဦးမှာ’

‘အဲဒါက ဘယ်လိုဖြစ်မှာလဲ ဘုရား’

‘ဗြဟ္မ မရဏာဖြစ်တော့ ဗြဟ္မအဖြစ်လွှမ်းပြီး တမ်းတပူဆွေး ရတာပေါ့’

‘သည်လိုဆိုတော့ ဗြဟ္မကံ ပြန်လုပ်ချင်စိတ်တွေ ထကြွ တာဆီ ပြန်သွားတာပါလား ဘုရား’

‘သည်လို ချာချာလည်နေတဲ့ ဗြဟ္မအဖြစ်ဟာ အသုံးကျပါ့မလား၊ ကောင်းကော ကောင်းပါ့မလား၊ တိုးတက်လည်း တိုးတက်ပါ့မလား’

‘ဒါတွေ ဘာမှမဖြစ်နိုင်ပါဘူး ဘုရား’

‘အာရုံခံအင်္ဂါတွေ ချို့တဲ့နေကြတဲ့ အဖြစ်ကတော့ လိုလားချင် စရာ ရှိရဲ့လား’

'ဗြဟ္မာဆိုယင် မြင့်မြတ်သူအဖြစ်လို့ ကြားဖူးထားတာနဲ့ တော့ တခြားစီပဲ ဘုရား'

**'ရူပါရူပကံတွေရဲ့ အကြောင်းကိလေသာ၊ အကျိုးဝိပါက်၊ လည်ပတ်မှုသံသရာ၊ ဖြစ်ပွားမှုသတ္တဝါနဲ့ သူတို့ရဲ့လက္ခဏာတွေမြင်တာ ခံရတော့ သည့်ရုပါရူပကံတွေကို မက်မောတာဖြစ်မလား၊ ငြီးငွေ့တာ ဖြစ်မလား'**

'စိတ်ပျက်ငြီးငွေ့တာပဲ ဖြစ်ပြီပေါ့ ဘုရား'

'ဒါဟာ **အရဟတ္တမဂ်ပုဂ္ဂိုလ်ရဲ့အသိမှာ ဖြစ်ပွားတဲ့ ဒုက္ခအရိယသစ္စာ**ပဲ'

'ဒုက္ခအရိယသစ္စာ ပိုင်းခြားသိတယ်ဆိုတာ အရဟတ္တမဂ် ဆိုယင် အရဟတ္တမဂ်ရဲ့ အသိခံရမယ့် ဒုက္ခအရိယသစ္စာထိုက်တဲ့ တရား ကို သည်လိုအချက်တွေနဲ့ ပိုင်းပိုင်းခြားခြား သိရမှာလား ဘုရား'

'ဒါပေါ့၊ ဒါပေမယ့်...'

'အမိန့်ရှိပါ ဘုရား'

'စိတ်ဆိုတာ လျှင်မြန်တယ်ဆိုတာ သိပြီးသား မဟုတ်လား'

'သိပါတယ် ဘုရား'

'အခုပြောခဲ့သလို တခုချင်း ဖြေးဖြေးနှေးနှေးဖြစ်နေမှာ မဟုတ်ဘဲ သိမှာနော်'

'ဘယ်လိုလဲ ဘုရား'

'တစ်ချက်တည်းနဲ့ ဒါတွေအကုန်ပါအောင် သိမယ်ပေါ့'

'အဲဒါမျိုး ကြားဖူးတဲ့စကားပုံမှီးပြီး သဘောယူနိုင်ပါတယ် ဘုရား'

'ဘာကြားဖူးတာလဲ'

**'ပွဲကြည့်ယောက်ျား၊ ရှောက်သီးစား၊ ဝဲယားညှော်နံ'** - ဆိုတာပါ ဘုရား'

'အဲဒါကို ဖြန့်ပါဦး'

'ယောက်ျားဟာ ပွဲကပြတဲ့ အဆင်းလည်းကြည့်တယ်၊ အသံလည်း နားထောင်တယ်၊ ချဉ်သီးအရသာလည်း ခံတယ်၊ ညှော်နံ့လည်း ရတယ်၊ ဝဲယားတဲ့အတွေ့လည်း တွေ့တယ်၊ ဒါအားလုံး တချိန်တည်း ဖြစ်တယ်ပေါ့ ဘုရား'

'ဟုတ်ပြီ'

'ရုပ်ရုပကံဖြစ်တဲ့ အသိခံစရာတွေ ဖြန့်ပြနေပေမဲ့ တပြိုင်နက် သိနိုင်တာ ပေါ်လွင်ပါတယ် ဘုရား'

'သည်လိုဆိုယင် အရဟတ္တမဂ် ဒုက္ခအရိယသစ္စာပြချက် လုံလောက်ပြီနော်'

'ပြည့်စုံပြီပေါ့ ဘုရား'

## ၈၁။ အရဟံအရိယာ၏ ဒုက္ခသမုဒယအရိယသစ္စာ

'**အရဟတ္တမဂ်ရဲ့ သမုဒယအရိယသစ္စာ**အကြောင်း ပြောကြရအောင်'

'အမန့်ရှိပါ ဘုရား'

'ရုပ်ရုပကံသံသရာရဲ့ လက္ခဏာတွေမြင်သူက အဲသည်ကံတွေ လိုလားအာသာ ပေါ်ပါဦးမလား'

'ဝေးပါသေးရဲ့ပေါ့ ဘုရား'

'ရူပါရူပကံက သူ့ဟာသူ ဖြစ်နိုင်အား ရှိရဲ့လား'

'ဘယ်ရှိမှာလဲ ဘုရား'

'ရူပါရူပကံတွေကို လူက ဖြစ်အောင်လည်းလုပ်နိုင်ရဲ့လား'

'မလုပ်နိုင်ပါဘူး ဘုရား'

'ရူပါရူပကံကို ဘာကဖြစ်စေတာလဲ'

'ကိလေသာကပါ ဘုရား'

'ဘာကိလေသာတွေလဲ'

'ရူပတဏှာနဲ့ အရူပတဏှာ ကိလေသာတွေပေါ့ ဘုရား'

'ရူပကံလုပ်သူဟာ ရူပကံ စွဲလမ်းမက်မောလို့ပေါ့၊ အရူပကံ လုပ်သူလည်း အရူပကံကို တန်ဖိုးထား မြတ်နိုးလို့ပဲပေါ့'

'အမှန်ပါပဲ ဘုရား'

'ရူပါရူပတဏှာဆိုလို့ ရူပါရူပကို ဆာလောင်တဲ့တဏှာ

တခုတည်းလို့ မှတ်လို့မရဘူးနော်'

'ဘာဖြစ်လို့လဲ ဘုရား'

'သည်လို တခုတည်းခွဲပြီး ဖြစ်လေ့မရှိတာကြောင့်ပဲ'

'ဘာတွေ ပါဦးမှာလဲ ဘုရား'

'တခြား ယှဉ်ဘက်ကိလေသာတွေရောပေါ့'

'အဲဒါတွေက ဘာတွေလဲ ဘုရား'

'**အဝိဇ္ဇာတို့ မာနတို့ ဥဒ္ဓစ္စ**တို့ပေါ့'

'သည်လိုဖြစ်လျက်နဲ့ ဘာကြောင့် တဏှာလို့ ပြောရတာလဲ ဘုရား'

'လိုရင်းပေါ့'

'အဲသည်ကိလေသာတွေကို ဘယ်သူမွေးပေးတာ ထင်လဲ'

'အမိန့်ရှိပါဦး ဘုရား'

'ရူပါရူပကံတွေပေါ့'

[redacted]



‘အဲသည်ကိလေသာတွေကြောင့် ရူပါရူပကံတွေဖြစ်တယ် ဆိုပြီး အဲသည်ကိလေသာတွေရဲ့ မိဘဟာ အဲသည်ကံတွေ ပြန်ဖြစ်ရော့ လား ဘုရား’

‘ဟုတ်တယ်’

‘မုံ့လုံးစက္ကူကပ် သီချင်းလို ဖြစ်ပြီလား ဘုရား’

‘ဘယ်လိုလဲ’

‘သီချင်းအဆုံးက သီချင်းအစ ပြန်ဖြစ်တာပေါ့ ဘုရား’

‘စက်ဆိုတာ သည်လိုပဲဖြစ်တယ်’

## ၈၂။ ကိလေသာဆိုတာ သူများဆီကကူးတာ

‘ရူပါရူပကိလေသာနဲ့ ကံတို့ လည်ပတ်နေမှုစက်က ဘယ်က စဖြစ်တယ်ဆိုယင် ဘယ်လိုပြောမလဲ ဘုရား’

‘သူများဆီက ကူးတာပေါ့’

'ဘယ်လိုကူးတာလဲ ဘုရား'

'မြင်ရာကြားရာကပေါ့'

'ဘယ်လိုမြင်,ကြားတာလဲ ဘုရား'

'ရုပ်ရုပ်ကံပွားနေသူကို မြင်ဘူးကြားဘူးတာနဲ့ ရုပ်ရုပ်ကံကို သည်လိုပွားရတယ်ဆိုတာ ကြားဘူးတာတွေပေါ့'

'အဲဒါနဲ့ ကိုယ့်ဆီကူးလာရော့လား ဘုရား'

'အဲဒါတွေကို သူက အရသာခံကြည့်တာပေါ့'

'မြင်ရတာ၊ကြားရတာနဲ့ သင်ကြားခံရတာတွေကို အရသာခံတာလား ဘုရား'

'ဟုတ်တယ်'

'သူက ဘယ်လို အရသာခံမှာလဲ ဘုရား'

'ကောင်းတာပဲ-လို့ပေါ့'

'သည်တော့ ဘယ်လိုကူးမှာလဲ ဘုရား'

'အဲဒါ နည်းနည်း စ,ကူးတာပဲ'

'ဘယ်လိုဖြစ်လို့လဲ ဘုရား'

'ရူပါရူပကံကို ကိုယ်တိုင်မလုပ်ဖူးဘူး မဟုတ်လား'

'မလုပ်ဖူးဘူးပေါ့ ဘုရား'

'လုပ်ဖူးသူပဲ ကောင်းရမှာ မဟုတ်လား'

'ဟုတ်တာပေါ့ ဘုရား'

'မလုပ်ဖူးပေမဲ့ ကောင်းတာ ဘယ်လိုကောင်းတယ် ခံစားရလဲ'

'ရူပါရူပကံလုပ်တာကို တအားစိတ်ဝင်စားလို့ဖြစ်မယ် ထင်ပါတယ် ဘုရား'

'ဟုတ်တာပဲ'

'သည်တော့လည်း ရူပါရူပကံကို အစမ်းလုပ်ကြည့်တဲ့အထိ ဖြစ်မှာပါ ဘုရား'

'ဟုတ်တယ်၊ လုပ်ကြည့်ယင်တော့ လုပ်ဖူးသူဖြစ်ပြီး ထပ်

လုပ်ချင် တဲ့ ဆာလောင်တာ အဖြစ်ခံရမှာပဲ'

'ရူပါရူပသံသရာစက်ထဲ ဘယ်လိုဝင်တယ်ဆိုတာ သိသာပါပြီ ဘုရား'

'ရူပါရူပကံလုပ်ခြင်းထဲမှာပဲ ရူပါရူပကံပြုမှု စိတ္တဇကိလေသာ ပါနေပြီဆိုတော့ ဒါနဲ့၊ ဒါ့အကျိုး ပျက်တော့လည်း ရူပါရူပကိလေသာပဲ ထပ်ဖြစ်တာပေါ့'

**'ရူပါရူပကံတွေကို မပြုတော့ဘဲ ပြုပြီးတဲ့ ရူပါရူပကံနဲ့ ဝိပါက်တွေကို ဝိဘဇ္ဇလုပ်တယ်ဆိုပြီး အပြစ်တင်ဝေဖန်တာ လုပ်တော့ ရူပါရူပကံတွေအပေါ် အာသာမရှိတော့တာပေါ့** ဘုရား'

'ရူပါရူပကံတွေရဲ့အကြောင်းက ရူပါရူပတဏှာတွေနော်'

'ဟုတ်ပါတယ် ဘုရား'

'ရူပါရူပကံတွေ အဆိုးတွေမြင်တော့ အဲသည်တဏှာတွေ ပေါ် ပါဦးမလား'

'မပေါ်တော့ဘူးပေါ့ ဘုရား'

'သည်တော့ **ရူပါရူပကံတွေရဲ့အကြောင်း**

**ရူပါရူပတဏှာတွေ ဟာ အရဟတ္တမဂ်နဲ့ ပယ်သတ်ရမယ့် ဒုက္ခသမုဒယအရိယသစ္စာ**တွေပဲ'

'အရဟတ္တမဂ်က ရူပါရူပကံတွေရဲ့အပြစ်တွေ သိတော့ ရူပါရူပတဏှာတွေ မပေါ်စေတာဟာ သမုဒယအရိယသစ္စာ ပယ်တာ ပေါ့ဘုရား'

'ဟုတ်တယ်'

## ၈၃။ အရဟံအရိယာ၏ ဒုက္ခနိရောဓအရိယသစ္စာ

'**အရဟတ္တမဂ်ရဲ့ ဒုက္ခနိရောဓအရိယသစ္စာ**ကို ဆက်မိန့်ပါဦး ဘုရား'

'**ရဟန္တာရဲ့နိဗ္ဗာန်** နော်'

'ဟုတ်ပါတယ် ဘုရား'

'အရဟတ္တမဂ်ရဲ့အာရုံဖြစ်တဲ့ ရူပါရူပကံတွေကိုဖြစ်စေတဲ့ ရူပါ ရူပတဏှာတွေ အကြွင်းမဲ့ချုပ်သွားလို့ အဲသည်တဏှာတွေရှိမှ

ဖြစ်လို့ရတဲ့ **ရူပါရူပကံသံသရာ ချုပ်ငြိမ်းတာဟာ ရဟန္တာရဲ့နိဗ္ဗာန်**ပဲ'

'ရူပါရူပကံသံသရာ ချုပ်ငြိမ်းတယ်ဆိုတာ ရူပါရူပကံလည်း မပြုဘူး၊ ရူပါရူပတဏှာလည်း မရှိဘူး၊ ရူပါရူပကံကို အကောင်းထင်တာလည်း မရှိတာရဲ့ နာမည်မဟုတ်လား ဘုရား'

'ဟုတ်တာပေါ့'

'အဲဒါဟာ နိဗ္ဗာန်ဖြစ်တယ်ဆိုတော့ ဘာနိဗ္ဗာန်လဲ ဘုရား'

'အရဟံပုဂ္ဂိုလ်ရတဲ့ နိဗ္ဗာန်ဟာ ရဟန္တာနိဗ္ဗာန်ပဲပေါ့'

'သဉပါဒိသေသ၊အနုပါဒိသေသဆိုပြီး နိဗ္ဗာန်ကို နှစ်မျိုးခွဲရတယ် ကြားဖူးလို့ပါ ဘုရား'

'ခွဲနိုင်ပါတယ်'

'ဒါကဘာလဲ ဘုရား'

'အနုပါဒိသေသနိဗ္ဗာန်ပေါ့'

'အမိန့်ရှိပါဦး ဘုရား'

**'သောတာပန်၊သကဒါဂါမ်နဲ့ အနာဂါမ်တို့ရောက်ကြတဲ့**

**နိဗ္ဗာန်တွေဟာ ဥပါဒါန်တွေချုပ်ကြပေမဲ့ ချုပ်တဲ့ဥပါဒါန်ပဲ ချုပ်တာ၊ ကျန်တဲ့ ဥပါဒါန်တွေက ကျန်ကြသေးတယ်** မဟုတ်လား'

'ဟုတ်တာပေါ့ ဘုရား'

'အဲဒါတွေကို **သဉပါဒိသေသနိဗ္ဗာန်**လို့ ပြောရတယ်'

'**အရဟတ္တမဂ်**ကတော့ နောက်ဆုံးကျန်တဲ့ ဥပါဒါန်ကို အကုန် ဖြုတ်တာဆိုတော့ **ဥပါဒါန်အကြွင်း မကျန်တော့တဲ့ နိဗ္ဗာန်ဖြစ်လို့ အနုပါဒိသေသနိဗ္ဗာန်** ပြောရတာပဲ'

'သည်ကိုယ်တွေ၊ စိတ်၊စေတသိက်တွေကြွင်းတာ မဟုတ်ဘူးပေါ့ ဘုရား'

'**သည်ကိုယ်တွေစိတ်တွေဟာ ပဟာတဗ္ဗတရားမှ မဟုတ်တာပဲ၊ ကြွင်းတယ်ပြောစရာမှ မရှိတာပဲ**'

'အရိယသစ္စာနဲ့စပ်ပြီး မိန့်မြွက်ခဲ့တာ ကုန်ကုန်စုံစုံဖြစ်ခဲ့ပြီလို့ အောက်မေ့ပါတယ် ဘုရား'

'ဒါဆိုရင် ဝမ်းသာရတာပဲ'

'ဒါကလေးကို နိဂုံးချုပ်ပါဦး ဘုရား'

'နိဂုံးလိုချင်သေးလည်း ပြောတာပေါ့'

'အမိန့်ရှိပါ ဘုရား'

ပြီး၏။



ဉာဏ

(၇-၁၀-၀၅)

# အခန်း(၅)

# အရိယသစ္စကထာ နိဂုံး

# အခန်း(၅)

## အရိယာသစ္စာကထာ နိဂုံး

'**အရိယသစ္စကထာ**ဟာ တင်စားတဲ့စကားနဲ့ပြောယင် **ခြသေ့ဆီ**ပဲ'

'အမိန့်ရှိပါဦး ဘုရား'

'အဲသည်အဆီဟာ **နာရဏီရွှေခွက်နဲ့ပဲ တန်တယ်**လို့ သိရတယ်'

'**ရွှေအနှစ်နဲ့လုပ်ထားတဲ့ခွက်**ပေါ့ ဘုရား'

'ဟုတ်တယ်'

'ဆက်မိန့်ပါဦး ဘုရား'

'အရိယသစ္စကထာဟာ ထည့်စရာဖြစ်သလို အထည့်ခံခွက်နဲ့ တူတာက စာပေပုံစံပဲ'

'နားလည်ပါပြီ ဘုရား'

'သည်မှာ စာပေပုံစံက မြေခွက်...'

'ဘာဖြစ်လို့ ရွှေခွက်မလုပ်တာလဲ ဘုရား'

'မလုပ်တတ်လို့'

'အရိယသစ္စကထာ ခြသေ့်ဆီတွေ ယိုထွက်ကုန်မှဖြင့် ဘုရား'

'ကိုယ်လုပ်တတ်တာနဲ့ လုပ်ရတာဖြစ်လို့ ရသလောက်ပဲ ယူကြ ဖို့ အားနာစွာနဲ့ပဲ အသိပေးရပါတယ်'



ဉာဏ

၁၀-၁၀-၀၅

E:U Nna(Myaing)\Ariyasicca Kathar\Ariyasicca kathar.pm6
2005 Oct. 11th13:00hr.